www.burmeseclassic.com



၁၉၉၀ ပြည့်နှစ် အမျိုးသားစာပေဆုရစာအုပ်

## ချစ်စံဝင်း

# ဆန်ဖွပ်သည့်အဘိုးအို

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း
စတုတ္ထအကြိမ်

ထုတ်ဝေကာလ
၂၀၀၁ ခုနှစ်၊ ဇူလိုင်လ

မျက်နှာဖုံးဒီဇိုင်း
နေလတ် (ဆေး-၁)

စောင်ရေ
၁၀၀၀

တန်ဖိုး ၂၃၀၀ ကျပ်

စာအုပ်ချုပ် - ကိုမြင့်၊ ၃၄ လမ်း

မျက်နှာဖုံးပုံနှိပ်သူ
ဦးကျော်စိန် (၀၂၉၁၉)၊ ကျောက်စိမ်းအော့ဖ်ဆက်
၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးကျော်စိုး (၀၄၂၅၀)၊ စိုးအော့ဖ်ဆက်
၇၈ (B)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်မော်မော်၊ ပန်းမျိုးတစ်ရာစာပေ (၀၂၀၃၇)
တိုက် ၂၃၃၊ အခန်း (၁၄)၊ ၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်။

၁၉၉၀ ပြည့်နှစ် အမျိုးသားစာပေဆုရစာအုပ်

# ဆန်ဖွပ်သည့်အဘိုးအို

## ချစ်စံဝင်း

စတုတ္ထအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

## သင်သေသွားသော်

ဩော်. . . လူပြည်လူ့လောက၊ လူ့ဘဝကား-
အိုရနာရ၊ သေရဦးမည်
မှန်ပေသည်တည့်။

သို့တပြီးကား၊ သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။

သင်၏မျိုးသား၊ စာစကားလည်း
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။

သင်ဦးချ၍၊ အမျှဝေရာ
စေတီသာနှင့်၊ သစ္စာအရောင်
ဉာဏ်တန်ဆောင်လည်း
ပြောင်လျက် ဝင်းလျက် ကျန်စေသတည်း။

ဇော်ဂျီ၏ ကဗျာပေါင်းချုပ်မှ

## "မာတိကာ"


| အမှတ်စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | - | နိဒါန်း | ၉ |
| ၁ | - | နုနယ်သူတို့၏ အလှန်နက်ခင်း | ၂၃ |
| ၂ | - | အပြုံးထား၍ ရက်စက်သူ | ၄၁ |
| ၃ | - | အိုဖို့အတွက် ဖျိုလေဦး | ၅၅ |
| ၄ | - | ဇာတ်မင်းသားကြီးနှင့် ကျေးလူသိ တပည့် | ၆၃ |
| ၅ | - | သစ္စာရှိတပည့်နှင့် ကိုယ်ပျောက်ဆရာကြီး | ၈၅ |
| ၆ | - | နှစ်မည်သောဒုက္ခကို ဖန်တီးသူ | ၁၀၁ |
| ၇ | - | မရှုမမြင်လိုတော့ပြီ | ၁၁၁ |
| ၈ | - | ဘယ်မှာလဲ အလှတရား | ၁၂၁ |
| ၉ | - | တစ်နှစ်အချိန်ဆွဲလိုသည့် မမ | ၁၃၇ |
| ၁၀ | - | သူရောက်မလာမီ<br>ကောင်းရာကို လုပ်ဆောင်လော့ | ၁၅၉ |
| ၁၁ | - | မရပ်မနား တစ်သွားတည်းသွားနေသူ | ၁၇၁ |
| ၁၂ | - | သစ္စာမဲ့သောခန္ဓာ | ၁၈၅ |
| ၁၃ | - | အောင်ငိုမိပါမည် | ၁၉၇ |


www.burmeseclassic.com

www.burmeseclassic.com


| | | | |
|---|---|---|---|
| ၁၄ | - | အိုဇာတာ | ၂၀၉ |
| ၁၅ | - | မန္တလေးဘူတာ စကြိုခုံးမှာ | ၂၂၃ |
| ၁၆ | - | စောင့်နေသော စစ်ကိုင်းမင်းအောင် | ၂၃၇ |
| ၁၇ | - | ပိုက်ကျုံးရပ်မှ မင်းကွန်းသို့ | ၂၄၉ |
| ၁၈ | - | ဇရာပိုသည့် တံငါအို | ၂၆၃ |
| ၁၉ | - | ကျွန်တော့်ဒါနပါသော ဦးမင်းအောင်အလှူ | ၂၇၃ |
| ၂၀ | - | ဘိုးလှမြင့်၏ ဘဝတာဝန် | ၂၈၉ |
| ၂၁ | - | ဖောင်လုပ်သား ဦးဝင်းအောင် | ၃၀၇ |
| ၂၂ | - | သူရောက်မလာမီ အလုပ်လုပ်ကြစို့ | ၃၂၅ |
| ၂၃ | - | အချိန်ရှိခိုက် လှုံလစိုက် | ၃၄၅ |
| ၂၄ | - | ဆန်ဖွပ်သည့် အဘိုးအို | ၃၅၉ |
| | - | နိဂုံး | ၃၆၇ |


BURMESE CLASSIC .com

# နိဒါန်း

ကျွန်တော်သည် ၁၉၈၆ - ခုနှစ်က ဤခရီးနီးသလား ဟူသောစာအုပ်ကို ထုတ်ဝေခဲ့ပါသည်။ ထိုအခါက ယင်းစာအုပ်၏အဆက် စာအုပ်နှစ်အုပ်ကို ဆက်၍ ရေးသားပါမည်ဟု ဆိုခဲ့သော်လည်း လက်တွေ့တွင် အကြောင်းမညီညွတ်၍ မရေးသားနိုင်ခဲ့ပါ။

ယခု ရေးသားတင်ပြသည့် ဆန်ဖွပ်သည့်အဘိုးအို စာအုပ် သည် ဤခရီးနီးသလား စာအုပ်၏ အဆက်ဖြစ်ပါသည်။ ဤခရီးနီးသလား ဟူသောစာအုပ်သည် သေခြင်းတရား အကြောင်းကို ရေးသားထားသော စာအုပ်ဖြစ်၍ ယခု ဆန်ဖွပ်သည့်အဘိုးအို စာအုပ်မှာ အိုခြင်းတရား အကြောင်းကို ရေးသားထားသောစာအုပ် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နာခြင်းတရားအကြောင်းနှင့်ပတ်သက်၍ ခုတင်နံပါတ် ၅-ဟူသောစာအုပ်ကို ဆက်လက်ထုတ်ဝေမည် ဖြစ်ပါသည်။

ကျွန်တော်သည် သေခြင်း၊ အိုခြင်းနှင့် နာခြင်းအကြောင်းတို့ကို တင်ပြရေးသားရာတွင် ရည်ရွယ်ချက်တစ်ရပ် ရှိပါသည်။ ကျွန်တော်၏ မိတ်ဆွေရင်းချာတစ်ဦးဖြစ်သူ ကျားပျံ ဦးအုန်းမောင်က ဤခရီးနီးသလား စာအုပ်ကို ပြည်မြို့ ထန်းပေါက်မှ ရင်းနှီးသူ ဦးလှမောင်အား လက်ဆောင်ပေးရာ "ကျုပ်ဟာကျုပ် ခြံစိုက်နေတာ အကောင်းသား၊ ခင်ဗျားစာအုပ်ဖတ်ပြီး ဘာဆက်လုပ်ရမှန်းတောင်မသိ ဖြစ်ရတယ်ဗျာ" ဟုဆိုကြောင်း ဦးအုန်းမောင်က မကြာခဏ ပြောပြပါ၏။

ကျွန်တော်သည် သေခြင်း၊ အိုခြင်း၊ နာခြင်းအကြောင်း စာအုပ်များကို ရေးသားရာတွင် ကြောက်အောင်၊ လန့်အောင် ရေးသား ခြင်းမဟုတ်ပါ။ ကျွန်တော်သည် ဤစာအုပ်များကို ရေးသားခြင်းသည် သတိရှိဖို့၊ မမေ့မလျော့ဖို့ အဓိကဦးတည်ရေးသားခြင်း ဖြစ်သည်။

တစ်ဖန် ဤစာအုပ်များကို ကျွန်တော်သည် ရေးသားရာတွင် ကျွန်တော်သည် နိဗ္ဗာန်ရောက်သည်အထိ ရည်ရွယ်၍ ရေးသားခြင်းလည်း မဟုတ်ပါ။ ဤမျှလောက်



အထိလည်း ကျွန်တော်၏ ကလောင် သည် တတ်စွမ်းနိုင်မှု မရှိပါ။

သို့သော် လူတို့တွင် အကြောင်းကြောင်းတို့ကြောင့် မေ့လျော့ခြင်းများ ရှိကြပါ၏။

လူသည် (ယောဗ္ဗန မဒ) အရွယ်နုပျိုမှုကို အကြောင်းပြု၍ မေ့လျော့မှုဖြစ်ကာ အမှတ်တမဲ့ နေတတ်သောသဘောရှိ၏။ လူတို့သည် (အာရောဂျ မဒ) ကျန်းမာနေစဉ် ကျန်းမာမှုကို အကြောင်းပြု၍ အမှတ်မထင်မေ့တတ်သောသဘော ရှိ၏။ လူတို့သည် (ဇီဝိတ မဒ) အသက်ကြီးသည်ကို အကြောင်းပြု၍ မိမိသည် မသေတော့မလောက် ထာဝရအသက်ကို ရထားသည့်အလားမှတ်ထင်ကာ အသက်ရှည်မှုကို အစွဲပြု၍ မေ့လျော့စွာ ရှိတတ်သော သဘောတာရှိ၏။

ထိုမှတစ်ပါးလည်း လူတို့သည် မိမိမြတ်နိုးသော သက်ရှိဖြစ် သည့် မိဘဆွေမျိုး ဇနီးခင်ပွန်း သားသမီးတို့အား လည်းကောင်း၊ သက်မဲ့ဖြစ်သည့် ပစ္စည်းဥစ္စာ၊ ရတနာ၊ ငွေကြေးရှိန် သိက္ခာတို့အား လည်းကောင်း ထာဝရ မခွဲမခွာရတော့မည့်အရာသဖွယ် တွယ်တာကာ ထိုတွယ်တာမှုကို အကြောင်းရင်းခံ၍လည်း မေ့လျော့တတ်သောသဘော ရှိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



လူတို့သည် ထိုကဲ့သို့မေ့လျော့တတ်သောသဘော ရှိသော်လည်း လောကသဘာဝတရားတွင်ကား-

၁။ လူသည် အိုခြင်းသဘောရှိ၍ ထိုအိုခြင်းသဘောကို သူသည် လွန်မြောက်နိုင်စွမ်းမရှိ။

၂။ လူသည် နာခြင်းသဘောရှိ၍ ထိုနာခြင်းသဘောကို သူသည် လွန်မြောက်နိုင်စွမ်းမရှိ။

၃။ လူသည် သေခြင်းသဘောရှိ၍ ထိုသေခြင်းသဘောကို သူသည် လွန်မြောက်နိုင်စွမ်း မရှိ။

၄။ ထို့ပြင် လူသည် သူချစ်ခင်မြတ်နိုးတွယ်တာအပ်သော၊ သက်ရှိ သက်မဲ့ ဟူသမျှသော မိမိ၏မိဘ ဆွေမျိုး ဉာတိ ဇနီး သားသမီး ညီရင်း အစ်ကို မောင်ရင်းနှမ မိတ်ဆွေအပေါင်း အသင်းတို့နှင့် သာမက မိမိတစ်ဘဝတာ ရှာဖွေစုဆောင်းခဲ့ရသော အိုးအိမ်၊ စည်းစိမ်ချမ်းသာ၊ ရွှေငွေ၊ ရတနာမှအစ ရာထူး ဂုဏ်ထူး၊ အဆောင်အယောင်ဟူသမျှတို့နှင့် သေကွဲသော် လည်းကောင်း၊ ရှင်ကွဲသော်လည်းကောင်း တစ်နည်းမဟုတ်တစ်နည်း တစ်ချိန်ချိန် တစ်ခါခါတွင် မုချ ခွဲခွာရမည် ဖြစ်ပါ၏။ ထိုကဲ့သို့သော ခွဲခွာရမည့်



အရေးကို လူသည် ဟန့်တားနိုင်၊ ကာကွယ်နိုင်ခြင်းငှာ မတတ်နိုင်ပါ။

၅။ ထို့မှတစ်ပါးလည်း လူသည် သူပြုသမျှသောကုသိုလ်၊ အကုသိုလ်ကံတို့၏ အကျိုးအပြစ်ကို သူသာလျှင် ခံရ၏။ လူသည် သူစိုက်သည့်အတိုင်းသာ ရိတ်ရ၏။ သူသည် ကောင်းသောအလုပ်ကို လုပ်ပါက ကောင်းသော အကျိုးပေးမှုကို ခံစားရ၍ မကောင်းသောအလုပ်ကို လုပ်ပါက မကောင်းသောအကျိုးကို ခံစားရ၏။

လူ့ဘဝကို သုံးသပ်ရသော် လူသည် အိုရမည့်သူဖြစ်သော် လည်း အိုခြင်းတရားကို မေ့လျော့နေသူဖြစ်၏။ လူသည် နာရမည့်သူ ဖြစ်သော်လည်း နာခြင်းတရားကို မေ့လျော့နေသူဖြစ်၏။ လူသည် သေရမည့်သူ ဖြစ်သော်လည်း သေခြင်းတရားကို မေ့လျော့နေပါ၏။ လူသည် မိမိချစ်ခင်ရင်းနှီးသူများ၊ မိမိမြတ်နိုးတွယ်တာသောပစ္စည်းဥစ္စာများနှင့် သေကွဲမကွဲ၊ ရှင်ကွဲကွဲမည်မှာ သေချာနေသော်လည်း ဘယ်တော့မှ မကွဲမကွာတော့မည့်အလား စိတ်ထဲတွင် စွဲလမ်းထင်မှတ် ၍ မေ့လျော့စွာ နေတတ်၏။

ထို့ကြောင့် လူသည် သူ တစ်နေ့ မလွဲမသွေ ကြုံတွေ့ရမည့် အရာဟူသမျှကို အမြဲမေ့ထားတတ်သူဖြစ်၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လူသည် မေ့တတ်သောသဘော ရှိရှုံသာမက သူတစ်နေ့ မလွဲမသွေ ခွဲရမည့်အရာအားလုံးကို ထာဝရ မခွဲခွာရမည့် သူပိုင်ပစ္စည်း၊ သူပိုင်ဥစ္စာများသဖွယ် ထင်မှတ်ကာစုံမက်နေ၏။ လူသည် သားတယောက် သို့မဟုတ် သမီးတစ်ယောက်ရလျှင် ထိုသားနှင့် သမီးတို့အား ဘယ်တော့မှ မခွဲမခွာရှိနေမည့် သားသမီးဟုထင်မှတ်နေသော်လည်း မကြာမီပင် သားသည် အိမ်ထောင်ပြု၍ မိဘဖြစ်သူနှင့်ခွဲသွားတော့၏။ သမီးဖြစ်သူကား ရောဂါဖြစ်၍ ကွယ်လွန်ခဲ့ရ၏။ ထိုသို့ဆိုလျှင် မခွဲမခွာရှိနေမည်ဟု ထင်မှတ်နေခြင်းမှာ အဘယ်မှာ မှန်နိုင်ပါမည်နည်း။ ကျွန်တော်တို့သည် သေကွဲသော်လည်းကောင်း၊ ရှင်ကွဲသော်လည်းကောင်း ကွဲကြရမည့်သူများသာဖြစ်ပါ၏။

တစ်ဖန် လူတစ်ယောက်သည် အိုးအိမ်ခြံမြေ၊ စိန်ရွှေငွေ ရတနာတို့ဖြင့် ကြွယ်ဝလွန်းလှ၏။ သို့သော် သူပိုင်အိမ်သည် မတော်တဆ မီးသင့်၍လောင်ရ၏။ သူပိုင်မြေကို မင်းအာဏာပိုင်တို့က အချိန်မရွေးသိမ်းနိုင်၏။ စိန်ရွှေငွေရတနာတို့သည် ပျောက်ဆုံး လုယက်မှုခံရတတ်၏။ ထို့ကြောင့် အိုးအိမ်ခြံမြေ၊ ရွှေငွေရတနာတို့သည်လည်း မိမိနှင့် သေကွဲသော်လည်းကောင်း၊ ရှင်ကွဲသော်လည်းကောင်း ကွဲရမည့်အရာများချည်းသာဖြစ်သည်။



ထို့ပြင် လူပုဂ္ဂိုလ်များစွာတို့သည် ဂုဏ်ထူး ဂုဏ်ရှိန်တို့ဖြင့် ကြီးမားသော ရာထူးကြီးများရတတ်ကြ၏။ လူ့ဘဝ လူ့အသိုင်းအဝိုင်းတွင် မင်း၊ဘုရင်၊ ဧကရာဇ်၊ အကြီးအကဲ၊ ဥက္ကဋ္ဌ၊ ခေါင်းဆောင်၊ သမ္မတ၊ ဝန်ကြီးချုပ်၊ ဝန်ကြီး၊ အတွင်းဝန်၊ ညွှန်ကြားသူ၊ မန်နေဂျာ၊ ဒါရိုက်တာ၊ ခရိုင်ဝန်၊ မြို့ဝန်၊မြို့သူကြီး၊ ရွာသူ ကြီး၊ ဆယ်အိမ်ခေါင်း စသည်ဖြင့် အာဏာပိုင်များ၊ အရာတော်ထမ်းများ အမှုတော်ထမ်းများဟူ၍ ရှိကြရာ ထိုအရာတော်ထမ်း၊ အမှုတော်ထမ်း ရာထူးများ၊ဘွဲ့ထူးများ၊ နေရာများသည် တစ်ချိန်မဟုတ် တစ်ချိန် ရှင်လျက်သော်လည်းကောင်း၊ သေလွန်ရသောကြောင့် လည်းကောင်း စွန့်လွှတ်ရသော သဘောရှိပါ၏။

ထိုကဲ့သို့သော သဘောရှိပါလျက် ထိုသဘောသဘာဝများကို လူတို့သည်မေ့လျော့နေပြီး တကယ်တမ်း သေခြင်း၊ နာခြင်း၊ အိုခြင်း၊ မိမိမြတ်နိုးတွယ်တာသူနှင့် ကွေကွင်းရခြင်း၊ မချစ်မနှစ်သက်သူတို့နှင့် ပေါင်းသင်းရခြင်း စသည့် လောကသဘာဝတရားများနှင့် ကြုံတွေ့ရသော အခါတွင်မှသာ ထိုသူတို့သည် မိမိကိုယ်မိမိ ထိန်းမနိုင် သိမ်းမရ ကြီးစွာသော ပူပင်သောကများ ကြုံတွေ့ကာ ဆောက်တည်ရာမရ ဖြစ်ကြရကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



လောကဌ် ကမ္ဘာကျော် စစ်ဗိုလ်ချုပ်ကြီးများဖြစ်ကြသော နပိုလီယံ၊ ဟန်နီဘော စသောသူတို့သည် စစ်ရှုံးခဲ့ရ၏။ မိမိချစ်သူ ဇနီးအား မိမိအသက်ကဲ့သို့ ချစ်မြတ်နိုးသော ရိုမီယိုနှင့် တပ်ချ်မဟာကို တည်ဆောက်ခဲ့သော ရှားဂျဟာန်ဘုရင်မင်းမြတ်သည် အချစ်ရှုံး အချစ်ဆုံးရသူများဖြစ်၏။ ကုဋေရှစ်ဆယ်ကြွယ်ဝသောသူဌေးသည် သူတောင်းစား ဖြစ်ခဲ့ရ၏။

သို့သော် လူသည် သူမပြတ်ဆင်ခြင်အပ်သော တရားများ ဖြစ်သည့်-

၁။ သေခြင်း

၂။ နာခြင်း

၃။ အိုခြင်း

၄။ ကွေကွင်းရခြင်းနှင့်

၅။ ကိုယ်စိုက်သည့်အတိုင်း ရိတ်ရသည်။ ကိုယ့်ကြမ္မာကို ကိုယ်သာလျှင် ဖန်တီးသူဖြစ်သည်၊ ကိုယ်လုပ်သလိုသာ အကျိုးခံစားရသည်

ဟူသော တရားငါးပါးကိုကား ဆင်ခြင်သတိပြုကြခြင်းမရှိ။



အကယ်၍ မိန်းမ၊ ယောကျ်ား၊ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့သည် မမေ့မလျော့အပ်သည့် ဤတရားငါးပါးကို သတိရှိဆင်ခြင်ထား ကြပါက တကယ်တမ်း အိုနာ သေ ဘေးနှင့် တွေ့ကြုံရသည့်အခါတွင် သော်လည်းကောင်း၊ မိမိမြတ်နိုးချစ်ခင်တွယ်တာသော သက်ရှိသက်မဲ့ အရာတို့နှင့် သေကွဲရှင်ကွဲကွဲကြရသည့် အခါတွင် သော်လည်းကောင်း လူပုဂ္ဂိုလ်တို့သည် အထူးဆင်ခြင်နိုင်သဖြင့် သက်သာရာရကြပါ၏။

အဘိဏှသုတ်လာ မပြတ် ဆင်ခြင်အပ်သော ဤတရားငါးပါး ကို အမြဲဆင်ခြင်ပါက လောကဓံတရားနှင့် ကြုံတွေ့လာသောအခါ ကြံ့ကြံ့ခံနိုင်ရုံသာမက လောကလူ့ဘဝတွင် ထိုပုဂ္ဂိုလ်သည် ဘဝကို ပေါ့ဆစွာမနေတော့ဘဲ-

၁။ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ခြင်း၊

၂။ မလုပ်သင့် မလုပ်ထိုက်သည်များကို မလုပ်ခြင်း

တူသော အကျိုးတရားကြီးနှစ်ပါးကိုပါ ရရှိနိုင်ပါ၏။

ဤကိစ္စနှစ်ရပ်သည် အရေးကြီးလှပါ၏။ ဗုဒ္ဓဘာသာဝင်များအဖို့ လူ့ဘဝ လူ့အဖြစ်သည် အလွန်မှ ရခဲလှပါ၏။ ရခဲသော လူ့ဘဝ လူ့အဖြစ်တွင် သာသနာတော်

www.burmeseclassic.com

www.burmeseclassic.com



နှင့်ကြုံကြိုက်ရန် အလွန်မှ ခဲယဉ်းလှပါ၏။ သာသနာတော်နှင့် ကြုံကြိုက်သော်လည်း သာသနာတော်တွင် သက်ဝင်ယုံကြည်သူဖြစ်ရန် ခဲယဉ်းပါသေး၏။ လူ့ဘဝကိုလည်း၍ ဘုရားသာသနာတော်နှင့်လည်း ကြုံကြိုက်၍ သာသနာတော်အား သက်ဝင်ယုံကြည်သူ ဖြစ်ရသောဘဝတွင် ဖရေးအကြီးဆုံးအရာမှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်မိရန်နှင့် မလုပ်သင့် မလုပ်ထိုက်သည်များကို မလုပ်မိရန် ဖြစ်ပါသည်။

လုပ်သင့် လုပ်ထိုက်သော ကိစ္စများက ဘာတွေလဲ၊ မလုပ်သင့် မလုပ်ထိုက်သောကိစ္စများက ဘာတွေလဲဟု ဆိုပါက လောကလူ့ဘဝတွင် မိမိဘဝ တိုးတက်ရာ တိုးတက်ကြောင်းကိစ္စ၊ မှန်ကန်ရာ မှန်ကန်ကြောင်းကိစ္စ၊ တရားရာ တရားကြောင်းကိစ္စများသည် လုပ်ဆောင်ထိုက်သောကိစ္စများဖြစ်၍ မိမိဘဝ ဆုတ်ယုတ်ကျဆင်းစေသောကိစ္စ၊ မတရား မမှန်ကန်သည့်ကိစ္စ၊ အခြားသူတစ်ပါးအား ထိခိုက်နစ်နာစေသောကိစ္စ စသည်တို့သည် မလုပ်သင့် မလုပ်အပ်သောကိစ္စများ ဖြစ်သည်။

ထို့ကြောင့် လူ့ဘဝ လူ့အဖြစ်တွင် တရားမှန်တန်သောကိစ္စများကို လုပ်ဆောင်ရာ၌ မွေ့လျော်ပျော်ပိုက်ရန်လို၍ မတရား မမှန်ကန်သောကိစ္စများကို ဆောင်ရွက်



ရန်အတွက် မမွေ့မလျော် မပျော်ပိုက်ဘဲ ရွံရှာကြောက်ရွံ့ရန် လိုအပ်ပါ၏။ လုပ်သင့် လုပ်ထိုက်သောကိစ္စများကို လုပ်ဆောင်မိ၍ မလုပ်သင့် မလုပ်ထိုက်သော ကိစ္စများကို မလုပ်မိသော အကြင်ပုဂ္ဂိုလ်၏ဘဝသည် ထာဝရ ရှင်သန်နေမည် ဖြစ်ပါသည်။ ထာဝရ ရှင်သန်နေသော လူတစ်ဦး၏ ဘဝသည် ပစ္စက္ခ မျက်မှောက်ဘဝရော၊ သံသရာအကျိုးစီးပွားပါ ဖြောင့်ဖြူးနေတတ်ပါ၏။

ဘဝရှင်သန်ရေးတွင် လောကီပစ္စက္ခ မျက်မှောက်ဘဝ တိုးကက်ကြီးပွားရေးသည် အလွန်မှအရေးကြီးပါ၏။ ပစ္စက္ခဘဝ၌ ဖွံ့ဖြိုးတိုးတက်မှုမရှိသော သူတို့အတွက် တမလွန်ကောင်းကျိုးကို သယ်ပိုးရေးဆိုသည်မှာ အလွန်မှ အခွင့်အလမ်း နည်းပါးလှပါ၏။ ကျွန်တော်သည် ဤစာအုပ်များကို ရေးရာတွင် အဓိကအားဖြင့် နောင်တမလွန်အရေးထက် ယခုပစ္စက္ခအရေးကို အလေးအနက် မျှော်တွေးကာ ရေးသားခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်သည် သေခြင်း၊ အိုခြင်း၊ နာခြင်း၊ ကွေကွင်းရခြင်း ဟူသောအကြောင်း စာအုပ်များ ရေးသားရာတွင် ရှောင်လွှဲ၍မရသော ထိုတရားတို့ကို နေ့စဉ်သတိထားဆင်ခြင်၍ မိမိဘဝကို မိမိရှင်သန်အောင် ပြုစုရန် ရေးသားခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလှမောင်အဖို့ သေခြင်း၊ နာခြင်း၊ အိုခြင်း၊ ကွေကွင်းရခြင်း ဟူသောတရားများကို ကိုယ်တိုင်မကြုံရသေးဘဲ စာအုပ်ဖတ်ရှုရရုံဖြင့် ထိုမျှ ကြောက်ရွံ့ရသည်ဆိုပါက ထိုတရားများနှင့် လက်တွေ့ ကြုံရသောအခါ ဦးလှမောင်သည် အဘယ်သို့ရှိမည်နည်း။ ထိုအခါမျိုးတွင် ဦးလှမောင် မည်သူ့ကို အားကိုးအားထားပြုရမည်နည်း။ အားကိုးအားထားပြုရမည့်သူ မရှိပါ။ မိမိသာလျှင် အားကိုးအားထားပြုရမည့် တစ်ဦးတည်းသောပုဂ္ဂိုလ်ဖြစ်ပါ၏။

ထို့ကြောင့် ကျွန်တော်တို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ကွေကွင်းရခြင်းဟူသော တရားများမကြုံကြိုက်ရင်မဆိုင်မီကပင် ထိုတရားများကို နေ့စဉ်ဆင်ခြင်၍ သတိလက်လွှတ်မဖြစ်ပါက ထိုတရားများနှင့် ရင်ဆိုင်လာရသောအခါ များစွာမှ သက်သာရာ သက်သာကြောင်းကို ဖြစ်စေနိုင်ပါ၏။ ဤသည်ကို တရားရှိသည်ဟု ခေါ်ကြပါ၏။

ထိုအကြောင်းသည်ပင်လျှင် ဤစာအုပ် ရေးသားခြင်း၏ ကျွန်တော့်ရည်ရွယ်ချက် ဖြစ်ပါ၏။ သက်သာရာသက်သာကြောင်း သာမက ဘဝမုန်တိုင်း ပြင်းထန်သောအခါ အကြင်ပုဂ္ဂိုလ်သည် ဤတရားများကို လက်ကိုင်ထားပါက ကြံ့ကြံ့ခံနိုင်သော သဘောလည်း ရှိပါ၏။



ထိုမျှသာမက ဤတရားများကို သတိရှိသောသူသည် လောကကြီးပွားတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တည်ကြည်လေးနက်သောအောင်ပွဲရသမားလည်း ဖြစ်နိုင်ပါ၏။ ထိုတရားများကို လက်ကိုင်ထားကြသူများသည် အချိန်ကိုလည်း တန်ဖိုးထားသူများ ဖြစ်၍ ဘဝတွင် ဇယားနှင့် အလုပ်လုပ်ကြသူများ ဖြစ်ကြပါ၏။

ထိုသဘာဝတရားများကို လက်ကိုင်ထား၍ အချိန်ကို တန်ဖိုးရှိစွာ အသုံးပြုပြီး မိမိလုပ်ဆောင်သမျှသောကိစ္စများတွင် ဝီရိယကို ပံ့ပိုး၍ ပညာနှင့်ထိန်းသိမ်းလုပ်ဆောင်ပါက ထိုပုဂ္ဂိုလ်များသည် လောကဓံကို ကြံ့ကြံ့ခံနိုင်ရုံသာမက၊ ထိုပုဂ္ဂိုလ်တို့၏ဘဝသည် ရှင်သန်ထက်မြက်ရုံသာမက အောင်မြင်မှုကိုလည်း ရစမြဲဖြစ်ပါ၏။

လောကလူ့ဘဝ၌ လတ်တလော အရေးအကြီးဆုံးသည် ပစ္စုပ္ပန်သာလျှင် ဖြစ်ပါ၏။ ပစ္စုပ္ပန်ကာလသည် အနာဂတ်ကာလကို အဆုံးအဖြတ်ပေးသူဖြစ်၏။

မပြတ်ဆင်ခြင်အပ်သော တရားငါးပါးကို ဆင်ခြင်ခြင်းဖြင့် ပစ္စုပ္ပန်ကာလအတွက်ရော အနာဂတ်နှင့် သံသရာအတွက်ပါ အကျိုးရှိစေနိုင်ပါ၏။ ပစ္စုပ္ပန်ဘဝကို အကြောင်းမပြုဘဲ အနာဂတ်ရော၊ သံသရာတွင်ပါ အကျိုးတရားမဖြစ်ထွန်းနိုင်ပါ။ ထိုတရားငါးပါးကို သတိထား

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြင့် ယခုဘဝတွင် လုပ်သင့်သည်များကို လုပ်မိပြီး မလုပ်သင့်သည်များကို မလုပ်မိရန် ဤတရားငါးပါးကို လူတိုင်းသည် အလေးအနက်ထား ဆင်ခြင်အပ်ပါ၏။

အိုနာသေဘေးကို ကြောက်ရွံ့၍ လောကဥ္စ ဘာမျှမလုပ်နိုင် တော့ဘဲ ကြောက်ရွံ့နေရုံမျှဖြင့် မပြီးပါ။

အမှန်တကယ် ကြောက်ရွံ့သည်ဟု ဆိုပါက လုပ်သင့်သည်များကို လုပ်ဆောင်၍ မလုပ်သင့်သည်များကို မလုပ်ဆောင်ဘဲ ဘဝခရီးကို ရဲရဲဝံ့ဝံ့လျှောက်လှမ်းနိုင်ရန် ရည်ရွယ်၍ တင်ပြရပါသည်။

**ချစ်စဝင်း**

## ငနယ်သူတို့၏ အလှူ့နံနက်ခင်း

ကျွန်တော် အိပ်ရာမှ နိုးလာသည်။ မီးဖွင့်ပြီး နာရီကြည့်လိုက်တော့ ငါးနာရီထိုးနေ၏။ မနေ့က ကျွန်တော်ဘယ်မှမသွားခဲ့။ မန္တလေးနေ့က ပူလွန်း၍ အခန်းအောင်းနေခဲ့သည်။ အခန်းအောင်းပြီး စောစောအိပ်ရာဝင်၍ ဒီနေ့စောစောနိုးနေ၏။

မန္တလေးသို့ ကျွန်တော်ရောက်ခဲ့သည်မှာ တစ်ပတ်ကျော်ပြီဖြစ်သည်။ ရောက်စရက်များက ကိုပြေ၊ နဂါး၊ ရဲရင့်၊ မြည္ဂန်တွေ၊ ဆူထူနှင့် ဆုမွန်စာပေများသို့ သွား၍ စာအုပ်ဖိုးငွေရှင်းသည်။ နဂါးဆိုထွန်းဦးထံဝင်၍ သတင်းမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ မင်းကွန်းသို့သွားရန် စစ်ကိုင်းမင်းအောင်နှင့် ဝိုက်တျူးရပ်တွင် ချိန်းထားသည်။

ကျွန်တော်သည် စောစောနိုးနေရာမှ ပြန်မအိပ်လိုတော့၍ အိပ်ရာမှထကာ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ နံနက်ခင်းလေ နွေးနွေးက ကျုံးဘက်မှ ဝင်လာ၏။ ဝင်လာသောလေနွေးနွေး ကြောင့် နေသာသလိုရှိလာ၏။ တစ်ညလုံး အအေးစက်ဖွင့်ထား၍ အခန်းက အေးစက်နေသည်။

မန္တလေးဟိုတယ်တစ်ခုလုံးကား အိပ်ကောင်းနေဆဲ ဖြစ် ၏။ ဆင်ဝင်အောက်တွင်တော့ မီးတစ်လုံး လင်းနေသည်။ ကျွန်တော်သည် ဟိုတယ်ရှေ့ရှိ စကြံနှင့် မြက်ခင်းကို ကျော်ကာ ကျုံးဘက်ဆီသို့ ကြည့်လိုက်သည်။ ဟိုတယ်ရှေ့ရှိ ဘုရင့်နောင် လမ်းမကြီးပေါ်မှ နံနက်ခင်း လမ်းလျှောက်သူများ၏ အသံများကို ကြားလာရ၏။ တစ်ချိန်တည်းမှာပင် ထိုလမ်းမကြီးအတိုင်း ကား တစ်စီး မီးထိုး၍ မောင်းလာသည်။ မီးထိုးမောင်း လာသောကား ကျော်သွားသောအခါတွင်မူ မင်းသူရိန် အဆောက်အအုံဘက်မှ ဂျစ်မ မိသားစု၏ စုတ်ထိုးသံကို ဆက်တိုက်ကြားလာရသည်။

ကျွန်တော်သည် ယခုလို နံနက်ခင်းတွင် အများနည်းတူ ကျုံးပတ်၍ လမ်းလျှောက်လိုစိတ် ပေါ်လာ၏။ ထို့ကြောင့်လည်း



အထူးအထွေ မစဉ်းစားတော့ဘဲ အခန်းကိုပိတ်၊ သော့ကိုယူကာ မန္တလေးဟိုတယ်မှ ထွက်လာခဲ့သည်။

မန္တလေး၏ နံနက်ခင်းအလှကား နွေးထွေးသာယာသည်။ ဟိုတယ်ရှေ့ ဘုရင့်နောင် လမ်းမကြီးပေါ်တွင် စိန်ပန်းပင်ပုစုံ လှလှလေးများ တန်းစီ၍ပေါက်နေ၏။ ထိုစိန်ပန်းပင်များက သက်ကြီးပုများဖြစ်၍ ကိုင်းများက လူနှင့်မလွတ်ဘဲ ရှိနေသည်။ ထိုလမ်းကလေးကို ကျွန်တော်အလွန်သဘောကျ၏။ ကျွန်တော့် စိတ်ထဲတွင် ထိုလမ်းကလေးသည် အတော့်ကိုလှသ[illegible]ဟုလည်း ထင်၏။ ထိုလမ်းတွင် မန်ကျည်းပင်ပုလေးများကိုလည်း စိန်ပန်း ပင်ပုလေးများအကြားတွင် တွေ့ရ၏။

ကျွန်တော်သည် သက်ကြီးပုစိန်ပန်းပင်များကို ငုံ့ရှောင် ရင်း လမ်းတစ်ဖက် ကျုံးဘေးပလက်ဖောင်းဆီသို့ ကူးသွား၏။ ပြီးမှ ထိုနေရာတွင်ရပ်ကာ ကျုံးမြို့ရိုးအလှကို ကြည့်နေမိ၏။ ထိုအခါက ဤနေရာတွင် ပြည်ကြီးမှန် ဖောင်တော်မရှိသေး။ မြင့်မြင့်မားမား တည်ရှိနေသောမြို့ရိုး၊ မြို့ရိုးပေါ်မှ ပြာသာဒ်၊ ပြာသာဒ်အရိပ်ထိုးနေသော ကျုံးရေပြင်၊ ရေပြင်၏အဆုံးမှ အရုဏ်ဦး လင်းရောင်ခြည် နှင့်အတူ မန္တလေးတောင်တော်ကို အဝေးမှ ဝိုးတိုးဝါးတား ဖူးမြော်ရသည်က ကြည်နူးစရာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် နံနက်ခင်း ကျုံးနှင့်မြို့ရိုး၏သဘာဝအလှကို ကြည့်ရှုရင်း နန်းရှေ့ ၆၆– လမ်းမကြီးအတိုင်း မန္တလေးတောင်တော်သို့ လျှောက်လာခဲ့၏။ နန်းရှေ့လမ်းမကြီးနှင့် ကျုံးအကြားတွင် သံဆန်ခါများကာရံထား၏။ သံဆန်ခါဘေးတွင် လူသွားလမ်းပလက်ဖောင်း ရှိသည်။ နန်းရှေ့ပလက်ဖောင်းသည် သန့်ရှင်းနေသည်။ သန့်ရှင်းရုံသာမက သစ်သစ်လွင်လွင်လည်းရှိ၏။ ပလက်ဖောင်းတစ်လျှောက်တွင်တော့ ထနောင်းပင်၊ တည်ပင်၊ စက္ကူပန်းရုံလေးများနှင့် ရှားပင်၊ ကန္တာရပင်တို့ မညီမညာ မြင့်သည့်အပင်ကမြင့်၊ နိမ့်သည့်အပင်က နိမ့်လျက် တန်းစီ၍ပေါက်နေ၏။ လမ်းမကြီး အရှေ့ဘက်တွင်ကား မန်ကျည်းပင် မြင့်မြင့်ကြီးများက စိုးမိုးအုပ်ဆိုင်းထားသည်။

မန္တလေးကျုံးရေပြင်သည် အတော်ကြည်သော ရေပြင်ဖြစ်သည်။

သာယာလှပသော မန္တလေးမြို့၏ နံနက်ခင်းအလှသည် ကြည်နူးဖွယ်ဖြစ်သည်။ သူရိန်နေမင်းသည် အရုဏ်ဦးအလင်းရောင်များကို နန်းမြို့ရိုးတစ်ဖိုက်ဆီသို့ ရှေ့တော်ပြေးစေလွှတ်ထား၏။ စို့စပျို့စဖြစ်နေသော အရုဏ်သည် မန္တလေးတောင်တော်တစ်ခွင်၌လည်း အလင်းများကို ကြဲပက်ခင်းဖြန့်နေပါ၏။

နန်းရှေ့၆၆–လမ်းမကြီးတစ်လျှောက်တွင်ကား စက်ဘီးစီးကြသူများ၊ အပြေးလေ့ကျင့်နေကြသူများ၊ ကြိုးခုန်ရင်းပြေးသူကပြေး၊



ပြေးရင်း ကြိုးခုန်သူကခုန်၊ ကျော်တက်သူက ကျော်တက်၊ မျက်နှာချင်းဆိုင်မှ လာသူတို့ကလာ၊ နှေးနှေးလျှောက်သူတို့က လျှောက်၊ မြန်မြန်လာသူတို့ကလာ၊ နားသူကလည်းနားနှင့် သြော် ဘဝခရီးဟူသည်မှာလည်း လမ်းလျှောက်နေသော လူတွေလိုပါပဲလားဟူ၍ ကျွန်တော် တွေးထင်နေမိ၏။

ထိုအချိန်တွင်မှ နံနက်စောစော ချိုးတစ်ကောင်၏ကူသံကို ကြားလိုက်ရ၏။ ကျွန်တော်သည် အချွဲပိုနေသော ချိုးငှယ်ကို တွေ့လိုတွေ့ငြား ရှာကြည့်နေမိ၏။ သို့သော် ကူသံကိုသာကြားရ၍ ချိုးငယ်ကိုကား မတွေ့ရပေ။ လှပသည့် သဘာဝနံနက်ခင်းတွင် ဤချိုးငယ်ကား အမူအချွဲပိုကာ အကဲဆိုနေပါ၏။

ကျွန်တော်သည် ခြေလှမ်းများကို ရေရင်း မှိန်တမ်းလေး လျှောက်၍လာရာ မကြာမီ ရှေ့မှလူတစ်အုပ်ကို မီ၍လာ၏။ ကျွန်တော် ရှေ့မှ လမ်းလျှောက်လာကြသော လူတစ်အုပ်ကား ပင်စင်စားကြီးများ ဖြစ်၏။ သူတို့၏ ဝတ်စားဆင်ယင်ပုံကို ကြည့်ရုံမျှနှင့် ပင်စင်စားကြီးများဖြစ်သည်ကို အလွယ်သိနိုင်ပါ၏။

သူတို့သည် ခေါင်းစွပ်ကြီးများနှင့်တမျိုး၊ ဦးထုပ်နှင့်တစ်ဖုံ၊ တုတ်ကောက်များနှင့်တစ်နည်း၊ အနွေးထည်ကိုတော့ ကိုယ်စီကိုဝတ်၍ မျက်မှန်ဝိုင်းလေး တပ်ထားသူကတစ်ယောက် အသီးသီး လမ်း

www.burmeseclassic.com

www.burmeseclassic.com



လျှောက်၍လာကြ၏။ လမ်းလျှောက်ရင်း သူတို့ပြောသောစကားများကို ကြားရ‌သေ သူတို့သည် ပင်စင်စားကြီးများ ဖြစ်သည်ဆိုသည့်အချက်မှာ ပို၍ သေချာလေဖြစ်၏။ ပင်စင်စားကြီးများကား အရွယ်အားဖြင့် ခြောက်ဆယ်ကျော်၍ ခုနစ်ဆယ်အတွင်းသို့ သက်ဆင်းနေသည့် အရွယ်များဖြစ်၏။ ခုနစ်ဆယ်တွင်းသို့ လုဆင်းနေသော အရွယ်၌ ယခုလို လမ်းလယ်တွင် လျှောက်နိုင်ကြသေးသော သူတို့၏ ကျန်းမာရေးက အားရစရာ၊ လေးစားစရာ ဖြစ်ပါ၏။

သူတို့သည် ဝန်ထမ်းဘဝက အောင်အောင်မြင်မြင်နှင့် ဆောင်ရွက်ခဲ့သော တာဝန်နှင့် ဝတ္တရားများအကြောင်းကို အားရပါးရ ပြောဆိုလာကြ၏။ ကျွန်တော်ပင် သူတို့ထံမှ ယိုဖိတ်လာသော အားတက်မှုများကို ခွဲဝေ၍ ခံစားခဲ့ရ၏။ သူတို့သည် စကားကို ဖောင်ဖွဲ့၍ ပြောလာကြသော်လည်း တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဦးနှင့်တစ်ဦး စကားကိုလုမပြောကြ။ ပင်စင်စားကြီးတစ်ဦးကတော့ သစ်တောဌာနမှ ဖြစ်ဟန်တူ၍ အခြားတစ်ဦးက မီးရထားဌာနမှ ဖြစ်ဟန်တူ၏။ သူတို့သည် ဘဝအတွေ့အကြုံ ကြွယ်ဝများပြားသူများဖြစ်ကြောင်း သူတို့ပြောနေသော စကားများကို နားထောင်ခြင်းဖြင့် သိသာလှပါ၏။ သူတို့သည် အတွေးအခေါ် ရင့်ကျက်သူများ ဖြစ်ကြောင်း သူတို့၏ကောက်ချက်များက ပြသနေပါ၏။ သူတို့သည် ဆင်ခြင်တုံတရားရှိ၍ မာန်မာနတရား လျော့ပါးနေကြသူများဖြစ်



ကြောင်း သူတို့၏အမူအရာများက ထင်ရှားစွာ ပြသနေပါ၏။ ဘာကြောင့်ဟူ၍ မသိ။ သူတို့သည် သူတို့၏ ဒေါသတရားကိုလည်း သိုဝှက်ချောင်ထိုးထားကြသည်ကို တွေ့ရပါ၏။ သူတို့သည် အချင်းချင်း အညီအညွတ်ဖြစ်အောင် ကြိုးစားနေကြသည်ကို တွေ့ရသည်။ ဤသည်တို့မှာ ကြီးရင့်သူတို့၏ အရည်အချင်း သို့မဟုတ် ကြီးရင့်လာသောကြောင့် ရရှိလာသည့် ဘဝကပေးထားသော သင်ခန်းစာများပင် ဖြစ်မည်ဟု ထင်ရပါ၏။

သူတို့သည် အိုမင်းရင့်ရော်သူများ ဖြစ်ကြသည်ဟူသော အချက်ကား သေချာလှ၏။ သူတို့တွင်ရှိသော မျက်လုံးများသည် သီဝေနေကြပြီဖြစ်၏။ သူတို့လက်ထဲမှာ ဂုဏ်သရေရှိသူတို့၏ အဆောင်အယောင်တစ်ရပ်အဖြစ် ဟန်ပါပါ ကိုင်လာကြသော တုတ်ကောက်များသည် တကယ်တော့ အလှကိုင်လာသည်ထက် အထောက်အကူသဘောက ပို၍များနေပါ၏။ သူတို့၏ အနွေးထည်များက လေထိမခံသည့် ရှေ့ပန်းကန်များအဖြစ်သို့ ရောက်နေသော သူတို့ဘဝကို ထင်ဟပ်နေပြီး သူတို့၏ခြေလှမ်းများကလည်း သူတို့၏ ယုတ်လျော့နေပြီဖြစ်သော ခွန်အားများ၏ အခြေအနေကို ပြသနေပါသည်။

ပင်စင်စားကြီးများ ပြောဆိုနေကြသည့် စကားများထဲတွင် တိုင်းရေးပြည်ရေးကိစ္စများ ပါသလို နှလုံးရောဂါ၊ ဆီးချိုရောဂါနှင့်

www.burmeseclassic.com

www.burmeseclassic.com



သွေးတိုးရောဂါတို့အကြောင်းလည်း ပါသည်။ သူတို့ကား မမြန်၊ လေးလေးမှန်မှန်သာ လျှောက်လှမ်းနေသူများဖြစ်သည်။

ကျွန်တော်သည် ပင်စင်စားကြီးများ နောက်ဆွယ်မှ သူတို့ ပြောဆိုနေကြသော စကားများကို မှတ်သားရင်း လျှောက်လာခဲ့ရာ တစ်နေရာတွင်တော့ ကျုံးအတွင်းသို့ ဒလဟောဝင်နေသော ရေဝင်ပေါက်တစ်ခုသို့ ရောက်လာကြပါ၏။ ထိုနေရာအရောက်တွင်တော့ ပင်စင်စားကြီးတစ်ဦးက ဤရေသည် ဆည်တော်ကြီးမှလာသော ရေဖြစ်ကြောင်းကို ဆည်တော်ကြီး၏ နိုင်ငံအကျိုးပြုမှုများကို ပြောပြနေပါ၏။ ထိုပင်စင်စားကြီးကား ဆည်မြောင်းဌာနမှ ပင်စင်ယူခဲ့သော အရာရှိကြီး တစ်ဦးဖြစ်ဟန်တူပါ၏။ သူ၏အတွေ့အကြုံကို ကျန်ပင်စင်စားကြီးများက အလေးအနက်ပြု တန်ဖိုးထားကာ နားထောင်ကြပါသည်။ မြန်မာနိုင်ငံရှိ ဆည်များအနက် အကျိုးဖြစ်ထွန်းမှုအရှိဆုံး ဆည်ကြီး တစ်ခုဟု သူက မှတ်ချက်ချပါသည်။ ကျွန်တော်သည် ထိုပင်စင်စားကြီး များကို ကျော်သွားရန် မကြာခဏ စိတ်ကူးမိသော်လည်း သူတို့ပြောသောစကားများက စိတ်ဝင်စားဖွယ်ရာများ ဖြစ်သောကြောင့် သူတို့ နောက်မှသာ ခို၍ လိုက်လာမိပါ၏။

ထိုသို့ ဆက်လျှောက်ရာမှ ရွာစားကြီးစိန်ဗေဒါ၏ ကြေးရုပ် ရှေ့သို့အရောက်တွင် အမျိုးသမီးငယ်တစ်စုက ကျွန်တော်တို့အုပ်စုကို မီလာ၏။



အမျိုးသမီးငယ်တို့က ဘောင်းဘီအတိုအရှည် ကင်းဘာတ်စီးနပ်ကိုယ်စီဖြင့် လေထဲတွင် သူတို့၏ နုပျိုနေသော ခန္ဓာကိုယ်လေး များကို လွင့်မျော၍ လျှောက်လာကြ၏။ သူတို့၏ ခြေလှမ်းများက သွက်၏။ သူတို့သည် ပင်စင်စားကြီးများကဲ့သို့ စကားများများမပြောဘဲ ခြေလှမ်းရေများများရရေးကိုသာ စိတ်စော၍ လျှောက်လာကြ၏။ လျှောက်နေကြသောသူတို့၏ ခြေထောက်အနုတ်အသိမ်းများကလည်း မြန်၏။ သူတို့သည် နောက်ခြေထောက်ကို မြန်မြန်ရုပ်ကာ ရှေ့သို့ သွက်သွက်ချ၏။ ရှေ့ခြေထောက် နောက်ရောက်သွားတိုင်း နောက်ခြေ ထောက်ကို သွက်သွက်မြန်မြန်ရုပ်၏။ လက်နှင့်ပခုံးကို အားယူ၍ လျှောက်သည်။ သူတို့၏ ဆံပင်မတိုမရှည်များ လေထဲတွင် လွင့်နေ သည်က ကြည့်ကောင်း၏။

ထိုအမျိုးသမီးငယ်များကို ကြည့်ရသည်ကား ပင်စင်စားကြီး များကို မြင်ရသည်နှင့်မတူ။ ထိုအမျိုးသမီးငယ်များသည် ငယ်ရွယ် သည့်ဂုဏ်များနှင့် ပြည့်နေ၏။ သူတို့အတွက် ခွန်အားသည် အထိန်း ဘော်အဖြစ် စောင့်ကြပ်၍လိုက်ပါလျက်ရှိသည်။ သူတို့သည် ခြေလှုပ် တိုင်းလက်ကိုပါအားယူ၍ လှုပ်၏။ မောပန်းခြင်း ဟူသောအရာကို သူတို့ထံတွင်မတွေ့ရ။ နွမ်းနယ်ခြင်းဟူသော အကြောင်းတရားကို သူတို့ သည်အဝေးဆုံး သို့နှင်ထုတ်ထား၏။ သူတို့သည် ပင်စင်စားကြီးများနှင့် ကျော်သည်။ ပင်စင်စားကြီးများကအိုရုပ်၊ သူတို့မှာပျိုရုပ်။ ပင်စင်စားကြီး

www.burmeseclassic.com

www.burmeseclassic.com



များကရင့်ရော်၍ သူတို့က နုပျိုသည်။ ပင်စင်စားကြီးများက နေးကွေး၍သူတို့က သွက်လက်၏။ ဤနေရာတွင် ကျွန်တော်သည် ဇရာ၏ သဘောကို သတိထားမိ၏။

ဇရာ၏စရိုက်ကိုလည်း သုံးသပ်မိလာသည်။ ယင်းခဏတွင်ပင် မိန်းကလေးအုပ်စုသည် ကျွန်တော်အပါအဝင် ပင်စင်စားကြီးများကို အလွယ်တကူကျော်တက်ကာ ဖဖ-လမ်းမကြီးအတိုင်း မန္တလေးတောင်တော်ဆီသို့ သွက်သွက်လက်လက် ဆက်၍လျှောက်သွားကြပါသည်။

ပင်စင်စားကြီးများသည် သူတို့၏ဘယ်ဘက်မှ ပန်းတက်သွားသော အမျိုးသမီးအုပ်စုကိုငေး၍တော့ ကြည့်လိုက်ကြသေး၏။ ထိုခဏတွင် အမျိုးသမီးငယ်များ၏ ငယ်ရွယ်နုပျို မှုများကို ပင်စင်စားကြီးများသည် မနာလိုပင်ဖြစ်ကြသလားဟု ကျွန်တော် တွေးထင်လိုက်မိပါ၏။ ပင်စင်စားကြီးများသည် မိန်းကလေးငယ်အုပ်စုကို ခဏသာ ငေးကြည့်ပြီး ချက်ချင်းပင် မျက်နှာလွှဲ စကားပြောင်းကာ ဣန္ဒြေမပျက် ဆက်လက်လျှောက်လာကြ၏။ ထိုခဏတွင် ကျွန်တော်သည်လည်း ငယ်ရွယ်သူ မိန်းကလေးတစ်စု၏ သွက်လက်မှုများကို အားကျမခံဖြစ်သွားခဲ့၏။ ထို့ကြောင့်ပင် ပင်စင်စားကြီးများကို ချန်ခဲ့ပြီး မိန်းကလေးများ၏နောက်မှ ကပ်၍လိုက်သွားမိပါ၏။



ပင်စင်စားကြီးများနောက်မှ ကစ်လိုက်စဉ်က ကျွန်တော့်ခြေထောက်များသည် အေးအေးလူလူဖြင့် လိုက်နိုင်သော်လည်း ယခုစရှ မှ အမျိုးသမီးငယ်များကို မီအောင်လိုက်ရသောအခါ ကျွန်တော့် အတွက် ခလွယ်ကူသည်ကို တွေ့လာရ၏။ ကျွန်တော်သည် သူတို့ကို မီစေရန် ကြိုးစား၍ လျှောက်ရ၏။

ထိုမိန်းကလေးအုပ်စုကို မီရန် ခပ်သွက်သွက် လျှောက်လာမှုကြောင့် ခဏချင်းပင် ကျွန်တော်သည် အတော်ကလေးခရီးပေါက်လာသည်ကို သတိပြုမိခဲ့၏။ သို့သော် မကြာမီမှာပင် ကျွန်တော်သည် မိန်းကလေးအုပ်စုနောက်မှ ကပ်လိုက်ရသည်မှာ ပင်စင်စားကြီးများနောက်မှမေး၍ လိုက်ရသလောက် မချောင်မှန်း သိလာရ၏။ ဤမိန်းကလေးအုပ်စုနောက်မှ ကပ်လိုက်ရာတွင် ကျွန်တော်သည် မကြာခဏ ကျွန်တော်၏ ခြေထောက်များကို ရှေ့သို့ရောက်စေရန် အတော်ကြိုးစား၍ သယ်ရ၏။ ငယ်ရွယ်သော ထိုမိန်းကလေးတို့၏ ခြေထောက်များကား အားစိုက်ရန်မလို၊ စက်တပ်ထားသလို တရစပ် သွက်နေ၏။

ခဏကြာသော် ကျွန်တော်သည် ချွေးပြန်၍ လာခဲ့သည်။ လမ်းလျှောက်ရင်း အသက်ကိုလည်း မသိမသာရှိုက်၍ ရှိုက်၍ ရှူလာရ၏။ ကျွန်တော်သည် အသက်ကိုရှိုက်၍ ရှိုက်၍ ရှူလာရာမှ ပျော့ပျော့သာဟဲ ဖြစ်၍လာသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကျွန်တော်လည်း ပင်စင်စားအရွယ် မရောက်သည့်တိုင် ၅၀–တွင်း ရောက်နေသူဖြစ်၏။ ခရီးကြာလာလေလေ ကျွန်တော်၏ခန္ဓာကိုယ်သည် စိတ်အလိုအတိုင်း မလိုက်နိုင်လေ ဖြစ်သည်ကို အမှန်အတိုင်း သိလာရ၏။ အခြားအရာများကို ဟန်ဆောင်၍ရသော်လည်း ဒီရုပ်ခန္ဓာကြီးကိုကား ဟန်ဆောင်၍မရ။

ကျွန်တော်သည် ပင်စင်စားကြီးများကို အိုစာရင်းသွင်းကာ ငယ်ရွယ်သူ မိန်းကလေးများ၏ နောက်မှ သူတို့၏ နုပျိုမှုကို အန်တု၍ လိုက်ပါခဲ့သော်လည်း ငယ်ရွယ်စဉ်ကနှင့်မတူ။ ကျွန်တော်၏ခြေထောက်တို့သည် ကြာကြာလျှောက်လေ လေးလံ၍လာလေ ဖြစ်သည်။

ဆက်လျှောက်လာလေလေ ကျွန်တော်၏ ခန္ဓာကိုယ်ကြီးသည် ကျွန်တော့်အတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်လာလေဖြစ်၏။ တကယ်တော့ ကျွန်တော်သည်လည်း ငါးဆယ်အရွယ်မို့ ငယ်ရွယ်စဉ်ကနှင့်မတူ၊ အင်အားဆုတ်ယုတ်စ ပြုနေသော လူတစ်ယောက်အဖြစ်သို့ ရောက်ရှိနေပြီ မဟုတ်ပါလော။

အသက် ၄၀– ကျော်မှ လူ့ဘဝစသည်ဆိုစေကာမူ အသက် ၅၀– အရွယ်တွင်တော့ အသက် ၃၀– ကလိုမပြေးနိုင် မလွှားနိုင် ဖြစ်ရသည်ကသေချာ၏။



ယခုလည်း ကျွန်တော်သည် ငယ်ရွယ်သူတို့ကို အန်မတုနိုင်ဘဲ ကျုံးဘေး ပလက်ဖောင်းရှိ ခုံတန်းငယ်တွင် မာန်လျှော့ကာ အသာလေးထိုင်လိုက်ရင်း အမောဖြေနေရပါ၏။ အမောမဖြေပါက အမောဆောက်လာနိုင်သည်။ သို့မဟုတ်က အမောဆို့လာနိုင်သည်။ မိန်းကလေးငယ်များကား သူတို့နောက်မှ ကျွန်တော် ကပ်လိုက်သည်ကိုလည်း ရိပ်မိပုံမပြု။ သိလည်းမသိ။ ကျွန်တော်သည် ခုံတန်းလေးပေါ်၌ နားနေသောအတွင်ပင် ထိုအမျိုးသမီးငယ်အုပ်စုသည် အတော်လေး ခရီးပေါက်သွားကြပါ၏။

ကျွန်တော်သည် ရှေ့မှအမျိုးသမီးငယ်အုပ်စုကို မမီတော့မှ အမောဖြေရင်း နောက်တွင် ကျန်ရစ်နေသော ပင်စင်စားကြီးများကို လှည့်ကြည့်မိ၏။ ပင်စင်စားကြီးများသည် မည်မျှပြတ်ကျန်နေသည် မသိ။ ပင်စင်စားကြီးများအုပ်စုကို လှမ်းကြည့်၍ပင် မမြင်တော့။ အမျိုးသမီးငယ်လေးများ အုပ်စုသည်လည်း ခဏအကြာတွင် ကျွန်တော်၏ ရှေ့သို့ အပုံကြီးရောက်သွားကာ ကျွန်တော့်ရှေ့ မြင်ကွင်းမှ ပျောက်ကွယ်သွားကြပါ၏။

အမောဖြေပြီးမှ ကျွန်တော်သည် ဖြည်းဖြည်းနှင့် မှန်မှန် ဆက်၍လျှောက်လာ၏။ အတော်လေးလျှောက်မိသောအခါ မန္တလေးတောင်ခြေနှင့် နီးကပ်လာ၏။ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရား၊ သုမ္မောဇရပ်နှင့် သံစိပင်အုပ်အုပ်များကို တွေ့မြင်လာရ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ကျွန်တော်သည် တောင်တော်အခြေ ကျုံးထောင့်သို့ ရောက်လာသည်။ ကျုံးထောင့်ရှိ အကြော်ဆိုင်လေးတွင်တော့ စောစောက အမျိုးသမီးငယ်တစ်စုသည် အကြော်စားပြီးဖြစ်၍ လမ်းခွဲကြရန် ပြောဆိုနေကြ၏။ သူတို့သည် သူတို့အစီအစဉ်နှင့်သူတို့ ပြောဆိုနေကြသည်မှာ လိပ်တစ်ကောင်လို နှေးကွေးစွာဝင်လာသော ကျွန်တော့်ကို ဘယ်သူကမှ သတိမမူ၊ ဂရုမပြုမိကြ။

ကျွန်တော်သည် အကြော်ဆိုင်ရှိ အစွန်ဆုံးခုံတွင် ထိုင်ချလိုက်ရ၏။ ကျွန်တော့်ဘာသာ ဤနှစ်မိုင်ခရီးကို ဖြည်းဖြည်းလျှောက်လာပါက ကျွန်တော်သည် အသာလေးလျှောက်နိုင်၏။ ဤအမျိုးသမီးငယ်အုပ်စုကို တုရ၍ လျှောက်လာမိသောကြောင့်သာ ယခုကဲ့သို့ အမောဆိုက်လာရခြင်းဖြစ်၏။ အကြော်ဆိုင်တွင်ထိုင်ရင်း ကျွန်တော်သည် ကောက်ညှင်းပေါင်းနှင့် အကြော်တစ်ပွဲကို ခြေဟန်လက်ဟန်ဖြင့် မှာသည်။ အကြော်နှင့် ကောက်ညှင်းပွဲမလာမီ ကျွန်တော်သည် ကျုံးလေကို တဝရှူရင်း အရွယ်၏သဘောကို ထင်ဟပ်ဆင်ခြင်နေမိ၏။ ပင်စင်စားကြီးများကို ကျွန်တော်အလွယ်တကူကျော်နိုင်သော်လည်း ငယ်ရွယ်သူအုပ်စုကို ကျော်ရန်မဆိုထားဘိ ကပ်လိုက်ရန်ပင် မလွယ်ကူလှ။

ငယ်ရွယ်သူတို့တွင် ခွန်အားတို့သည် သုံးမကုန်နိုင်အောင် ရှိနေ၏။ ငယ်ရွယ်သူတို့ထံမှ ခွန်အားများကို ဝယ်၍ရမည်ဆိုပါက



ကျွန်တော်ဝယ်လိုချင်၏။ ဝယ်၍ရပါကဲ ထိုခွန်အားများကို သိမ်းဆည်းထားနိုင်လျှင် မည်မျှအသုံးဝင်မည်နည်း။ ကျွန်တော်တို့လို ခွန်အားဆုတ်ယုတ်စပြုနေပြီဖြစ်သော သူများအတွက် မည်မျှတန်ဖိုးရှိလေမည်နည်း။ အသက်အရွယ်နှင့်အညီ ရရှိလာသော ကြီးရင့်သူတို့၏အသိဉာဏ်ကို လူငယ်တို့၏ခွန်အားသစ်တို့နှင့် ပေါင်းစပ်လိုက်ပါက မည်မျှအကျိုးတရား ကြီးမားလေမည်နည်းဟု ကျွန်တော်စိတ်ကူးနေမိ၏။

ငယ်ရွယ်စဉ်က ကျွန်တော်တို့ထံတွင် ရှိခဲ့သောခွန်အားတို့ကို ယခုတော့ ဇရာတရားသည် ဝါးမျိုခဲ့ပြီဖြစ်၏။ ဇရာတရား၏ဓာတ်စာသည် ခွန်အားပင် ဖြစ်လေသလားမသိ။ အသက်အရွယ်ကြီးရင့်၍ ဇရာထောင်းလာလေလေ ငယ်ရွယ်စဉ်က ခွန်အားတို့သည် ကုန်ခန်းလာလေဖြစ်၏။

ခွန်အားရှိသောရုပ်ရည်နှင့် ခွန်အားကင်းမဲ့သောရုပ်ရည်သည် ကွာခြား၏။ နုပျိုသောရုပ်ရည်နှင့် အိုမင်းသော ရုပ်ရည်တို့သည် ခြားနား၏။ ပင်စင်စားကြီးများ၏ ရုပ်လက္ခဏာနှင့် ကျွန်တော်၏ရှေ့တွင်ရှိနေသော ငယ်ရွယ်သူတို့၏ သွင်ပြင်သဏ္ဍာန်သည်လည်း တစ်ခြားစီဖြစ်သည်။

ထိုခဏတွင်ပင် ကျွန်တော်သည် ရေဖြည့်ထားသောအိုးတုံလေးဆီသို့ လက်ဆေးရန် ထသွားခဲ့၏။ လက်မဆေးမီ ကျွန်တော်သည်

www.burmeseclassic.com

www.burmeseclassic.com



အရိပ်ထင်နေသော အင်တုံတွင်းမှ ကျွန်တော်၏ မျက်နှာကို ကျွန်တော်ကြည့်လိုက်၏။ ကျွန်တော့်မျက်နှာ၏ အရိပ်သည် အင်တုံ၏ ရေမျက်နှာပြင်၌ ဝိုးတိုးဝါးတားထင်နေသည်။ ကျွန်တော်၏ ရုပ်လက္ခဏာသည်ပင်လျှင် ဤအင်တုံအတွင်း၌ ကျွန်တော်မဟုတ်တော့သလို ဖြစ်လာရ၏။ ချွေးတွေနှင့် မောပန်းနွမ်းနယ်လာသည့် ကျွန်တော်၏ ယခုရုပ်သွင်မှာ ငယ်ငယ်ရွယ်ရွယ်ဘဝက ကျွန်တော့်ရုပ်သွင်နှင့် ကွာခြားလှ၏။

တကယ်တော့ ကျွန်တော်သည် ရှေ့မှအသက်အရွယ်ငယ်သူတို့ကို မြင်ရသောအခါ မိမိကိုယ်မိမိ တက္ကသိုလ်ကျောင်းတုန်းက အင်းလျားလမ်းတစ်လျှောက် ကုံကော်ပင်များအောက်၌ လမ်းလျှောက်ခဲ့သလို စိတ်ကြီးဝင်ကာ လျှောက်ခဲ့မိခြင်းဖြစ်၏။ ဟိုအခါကတော့ ကျွန်တော်သည် တက္ကသိုလ်ပရဝုဏ်ကို အပြေးကြီးလျှောက်ခဲ့ရုံ သာမက ပါမောက္ခချုပ်ဖြစ်သူ ဆရာသာလှက ကုံကော်ပန်းခူးလျှင် ကျောင်းထုတ်ပစ်မည်ဟု စည်းကမ်းသတ်မှတ်ထားသည့်တိုင် ကုံကော်ပင်ပေါ်သို့ အပြေးတက်ကာ ကုံကော်ပန်း တစ်ပွေ့တစ်ပိုက်ခူး၍ ကုံကော်ပန်းစည်းကိုထမ်းကာ အင်းလျားဆောင်သို့ ပို့ခဲ့ဖူးပါ၏။

ထိုအခါကတော့ ငထွေရှား ထန်းပင်တစ်ထောင်ကို တစ်မနက်နှင့် တက်သလို ကုံကော်ပင် တစ်ထောင်ကိုလည်း တစ်မနက်တည်း တက်ပြလိုစိတ်များရှိခဲ့၏။ အခုတော့ ခရီးနှစ်မိုင်ကို ခပ်သွက်သွက် လျှောက်လာမိသောကြောင့် ကျွန်တော်မျက်နှာသည် ဆယ်နှစ်လောက်



ပို၍အိုစာသွား၏။ အမောကလည်း အခုထိ မပြေသေး။ ထို့ကြောင့် မောဟိုက်နေသော ကျွန်တော့်မျက်နှာကြီး အင်တုံအတွင်းမှ ပျောက်သွားအောင် ခပ်မြန်မြန် လက်နှိုက်၍ ဆေးလိုက်ရပါ၏။ ပြီးမှ ဆောင့်ကြောင့်ထိုင်နေသော ကျွန်တော်၏ကိုယ်ကို အားစိုက်၍ မတ်မတ်ရပ်ရင်း မိန်းကလေးငယ်တစ်စုအား ထပ်မံ၍လှမ်းကြည့်လိုက်မိ၏။ ဤတစ်ကြိမ်တွင်တော့ ကျွန်တော်သည် ထိုအုပ်စုထဲတွင်ပါဝင်သော မိန်းကလေးတစ်ဦးချင်းစီ၏ ရုပ်ရည်ကို သတိထား၍ကြည့်လိုက်၏။ အားလုံးသည် ငယ်ငယ်ရွယ်ရွယ် ဖျတ်ဖျတ်လတ်လတ် ရှိသည်။ သွက်သွက်လက်လက် ချက်ချက်ချာချာလည်း ရှိကြ၏။ သူတို့၏ တောက်ပနေသော မျက်လုံး၊ ကြည်လင်နေသောမျက်နှာ၊ ရွှမ်းစိုနေသော နှုတ်ခမ်း၊ ကြော့ရှင်းနေသော ကိုယ်ဟန်တို့သည် နုပျိုမှု၏ ဝိသေသများအဖြစ် ပေါ်လွင်နေ၏။ သူတို့၏အလှသည် နုပျိုသော တက်သစ်စနံနက်ခင်းနှင့် လိုက်ဖက်နေသည်။ ရောင်ခြည်တစ်ထောင် အလင်းဆောင်သော သူရိန်မင်းသည် ဤမိန်းကလေးများ၏ အလှကို ထင်ရှားစွာပြ ရန်အလို့ငှာ ထွက်လာခြင်းလားဟု ထင်ရလောက်အောင် သူတို့၏အလှက နံနက်ခင်းအစတွင် တက်တက်ကြွကြွ ရှိနေ၏။

နံနက်ခင်း၏အလင်းရောင်သည် ထိုမိန်းကလေးတို့၏အလှတရားများကို ကွယ်ဝှက်မှုမရှိအောင် မီးမောင်းထိုး၍ ပြထား၏။ တကယ်တော့လည်း ယနေ့ နံနက်ခင်းသည် နုနယ်သူတို့၏ အလှနံနက်ခင်းပင် ဖြစ်ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အငြိုးထား၍ ရက်စက်သူ

ကျွန်တော်သည် လက်ဆေးပြီးနောက် ကျူးထောင့်အကြော်ဆိုင်တွင် ကောက်ညှင်းပေါင်းပူပူနှင့် အကြော်ကို အားဖြည့်စားရင်း နုနယ်သူတို့အကြောင်းကို ဆက်စဉ်းစားနေမိ၏။

နုနယ်ငယ်ရွယ်မှုဆိုသည်က အလှအပဖြစ်၏။ ထိုအလှအပသည် ဘဝတစ်ခုတွင် အဘယ်ကြောင့် တာရှည်မခံသနည်း။ အသက်ကြီးလာသောအခါ ထိုအလှတရားများသည် အဘယ်သို့ရောက်၍ သွားသနည်း။ ဇရာဆိုသည်က အလှတရားနှင့်သော်လည်းကောင်း၊ ငယ်ရွယ်နုနယ်မှုနှင့်သော်လည်းကောင်း ရန်ငြိုးရန်ဘက်လိုဖြစ်၏။ အသက်ကြီးရင့်လာသည်နှင့်အမျှ လူတို့ထံမှ ထိုအလှတရားသည် ဖယ်ခွာ၍သွားတတ်၏။ ဖယ်ခွာ၍သွားသော ထိုအလှတရားသည်

www.burmeseclassic.com

www.burmeseclassic.com



အဘယ်သို့ ရောက်သွားလေသနည်း။ ဓရာတရားသည် ငယ်ရွယ်နုနယ်မှုကိုဝါးမျို၍ စားတတ်၏။ လူဆိုသည့်သတ္တဝါက ဓရာအလိုကျ အမြဲအိုနေရသည်။

လူရယ်လို့ မဟုတ်။ သတ္တဝါဟူသမျှသည် မရပ်မနားအိုနေကြသူများဖြစ်၏။ ကျွန်တော်သည် အကြော်လာချပေးသော မိန်းကလေးနှင့် သူ့အမေကို နှိုင်းယှဉ်၍ ကြည့်မိ၏။ အကြော်ပန်းကန် လာချပေးသော မိန်းကလေးသည် အသက် ၂၀– လောက်ရှိမည် ထင်ရ၏။ သို့သော် သူလည်း အိုနေသူဖြစ်၏။ ခပ်လှမ်းလှမ်းမှ သူ့မိခင်ကတော့ အသက် ၅၀– ခန့်ရှိပြီဟု ထင်ရသည်။ ထိုမိခင်သည်လည်း အိုနေရသူဖြစ်သည်။

လောက၌ မအိုသူသည် အဘယ်မှာရှိလေမည်နည်း။ မြတ်စွာဘုရားက ကိသာဂေါတမီအား "သင့်သားကို အသက်ရှင်လိုလျှင် မသေဖူးသောအိမ်မှ မုန်ညင်းဆီကို တောင်းယူခဲ့"ဟု မိန့်တော်မူကြောင်းသိရ၏။ သားဇောဖြင့် မသေသောအိမ်မှ မုန်ညင်းဆီကို ကိသာဂေါတမီ ရှာခဲ့၏။ သို့သော် မရခဲ့။ အိမ်တိုင်း အိမ်တိုင်း၊ မိသားစုတိုင်း မိသားစုတိုင်း အဘိုးအဘွား၊ ဦးကြီး ဦးတော်၊ သားသမီး မြေးမြစ် တစ်ဦးဦးတော့ သေဆုံးခဲ့ပြီးသာချည်း ဖြစ်၏။

ကျွန်တော်ကတော့ ကိသာဂေါတမီ ကဲ့သို့ သေသူမရှိဖူးသောအိမ်မှ မုန်ညင်းဆီကိုမရှာမိဘဲ ဤမန္တလေးတောင်ခြေတွင် မအို



သေးသောသူကို ရှာကြည့်နေမိ၏။ ကျွန်တော်သည် မန္တလေးတောင်ခြေတွင် မအိုသေးသောသူကို ရှာကြည့်နေမိ၏။ ကျွန်တော်သည် မန္တလေးတောင်ခြေတွင် မအိုသေးသူ တစ်ဦးတစ် ယောက်မျှမတွေ့။ "မအိုသေးတဲ့သူ အပျိုလေးနဲ့တူ" ဟူသော စကားတော့ရှိသည်။ အပျိုလေးနဲ့ တူရုံသာတူသည်၊ ထိုတူသူပင်လျှင် မအိုရသေးသောသူ၊ မအိုဘဲ နေသူမဟုတ်။ အိုနေသူဖြစ်၏။ ယခုတွေ့ရသော အမျိုးသမီးငယ်အုပ်စုသည် ၁၆– နှစ်၊ ၁၇– နှစ်၊ ၁၈– နှစ် အရွယ်များဖြစ်၏။ တကယ်တော့ ထိုအမျိုးသမီးငယ်များသည်လည်း ၁၆– နှစ်၊ ၁၇– နှစ်၊ ၁၈– နှစ်စာ အိုထားရသူများ မဟုတ်ပါလော။

သေခြင်းတရားက ရှင်း၏။

မင်း သေရမည်ဟု ဆိုသောနေ့တွင် သေလိုက်ရုံသာရှိ၏။

အိုခြင်းတရားက မရှင်း။ မသေမီစပ်ကြား အလိုမတူဘဲ တရစပ် အိုနေရသောသဘောရှိ၏။

မည်သို့ပင်ဆိုစေ သေခြင်းသည်လည်း ကြောက်စရာကောင်း၏။ အိုခြင်းသည်လည်း ကြောက်စရာကောင်း၏။ နာခြင်းသည်လည်း ကြောက်စရာကောင်း၏။ ထို့ကြောင့် မြတ်စွာဘုရားသည် အိုနာသေဘောဟူသော နိမိတ်ကြီးများကို မျက်ဝါးထင်ထင် မြင်တော်မူရသောအခါ တောထွက်ရန်စိတ်ကို မျိုသိပ်မထားနိုင်ဘဲ သံဝေရာမီး မပွားရ

www.burmeseclassic.com

www.burmeseclassic.com



အောင် ဇနီးနှင့်သားကိုထား၍ ဥရောပသို့ ထွက်ခဲ့သည့်အကြောင်း တရားသည် အထင်အရှား မဟုတ်ပါလော။

မအိုသောသူသည် ဤလောက၌ အဘယ်မှာရှိနိုင်အံ့နည်း။ ကျွန်တော်၏ ဆရာရင်းဖြစ်သူ ရစ်ကံကြီးရွာ အရှေ့ကျောင်းဆရာတော် ဦးဝိရိယက "တပည့်၊ အသက်ရှင်ခြင်းဟူသော ဇီဝိတဖြစ်လာစကပင် ဇရာတရားသည် ဖြစ်တည်မှုနှင့်အတူ ပါလာ၏။ တစ်နည်း သတ္တဝါ ရယ်လို့ ဖြစ်တည်လာကတည်းက အိုမင်းရင့်ရော်မှုဟာ တစ်ပါတည်း ပါခဲ့တာပဲ တပည့်၊ မွေးမွေးချင်း တော့ မင်းငယ်နှင့်ဦး၊ ပျိုနှင့်ဦး၊ မင်းကိုယ်မင်း အထင်တကြီးနဲ့ အရွယ်တွေ တင်နေဦးလို့ဆိုပြီး လွတ်ထားပေမယ့် နေ့စဉ်နဲ့အမျှ ဒီနုပျိုမှုအားလုံးကို ဇရာက ဝါးမျိုပြီး ဒီခန္ဓာအိမ်ကြီးထဲမှာ ဇရာဟာ သူ့အိမ်သူ့ရာလို နေထိုင်ရင်း လိုက်လာတာပဲ။ ဒီခန္ဓာကိုယ်ကြီး ဖြစ်လာကတည်းက အိုခြင်းတရား ဇရာသဘောက ပါလာတာ။ ဟောဒီခန္ဓာကိုယ်ကြီး ဖြစ်တည်နေသမျှ အိုခြင်းတရားကလည်း ဒီခန္ဓာကိုယ်ကြီးနှင့်အတူ ရှိနေတာ တပည့်ရဲ့။ အိုမင်းမှုဟာ သူနဲ့အတူ ဖွားဘက်တော်အဖြစ် ပါလာတာ" ဟု ဆိုဆုံးမဖူး၏။

သို့သော်လည်း ထိုအခါက ဆရာတော်၏စကားကို နားမရှင်းခဲ့။ အခု ဇရာတရားနှင့် ကိုယ်တိုင် နဖူးတွေ့ ဒူးတွေ့ တွေ့လာရမှပင် ဇရာ၏စရိုက်ကို ကျွန်တော် သဘောပေါက်လာမိ၏။



ဆရာတော်က မျိုးအုံကလေးသည် မြေမှထွက်ပြူလာစဉ်ကပင် သူသည် မြေမှုန့်များကို သူ၏ဦးထိပ်တွင်ရွက်၍ ထွက်လာခြင်းဖြစ်၏။ ထို့အတူ သတ္တဝါတို့သည် ဇာတိဟူသော မွေးဖွားမှု ပေါ်ပေါက်လာစဉ်ကပင် ဇရာဟူသော အိုမင်းရင့်ရော်မှုကို ဦးထိပ်တွင်ရွက်၍ ထွက်လာခြင်း ဖြစ်၏။ ထို့ကြောင့် ယနေ့ မွေးဖွားလာသောကလေးသည် မနက်ဖြန်တွင် တစ်ရက်စာအိုရပြီဖြစ်၏။ အသက် ၁၀– နှစ်သားအရွယ် လူငယ်လေးသည် တကယ်တော့ ၁၀– နှစ်အရွယ် လူအိုလေးသာ ဖြစ်၏။ အသက် ၂၀– အရွယ်လူငယ်လေးသည် အသက် ၂၀– အရွယ် လူအိုတစ်ယောက်သာဖြစ်၏။ အသက် ၃၀၊ အသက် ၄၀၊ အသက် ၅၀၊ အသက် ၆၀၊ အသက် ၇၀– အရွယ် လူရွယ်လူလတ်၊ လူကြီးသူကြီး အားလုံးသည်လည်း အသက်သုံးဆယ်စာ၊ အသက် လေးဆယ်စာ၊ အသက် ငါးဆယ်စာ၊ ခြောက်ဆယ်စာ၊ ခုနစ်ဆယ်စာ အိုနေကြရသော လူအိုများသာ ဖြစ်၏။

ထိုအခါ ကျွန်တော်သည် ဆရာတော်ကြီးအား "အရှင်ဘုရား မွေးပြီးကတည်းက အိုပြီဆိုရင် နုပျိုခြင်းဆိုတာကရော ဘာပြုလို့ သတ္တဝါတွေဆီမှာ ရှိနေတာလဲဘုရား" ဟု မသိနားမလည်၍ လျှောက်ထားခဲ့ဖူး၏။ ထိုအခါ ဆရာတော်ကြီးက "တပည့်၊ အလွန်ကျွမ်းကျင်တဲ့ မှဆိုးဟာ သားကောင်ကို အသိပေးပြီးမှသာ ပစ်တတ်တယ်။ ဒီလိုပဲ အိုခြင်းတရားဟာ သတ္တဝါတွေကို မင်းတို့ နှုန်းတိုင်းနိုင်ကြ[illegible]၊ မင်းတို့

www.burmeseclassic.com

လှချင်တိုင်းလှကြစမ်း၊ မင်းတို့ မောက်ချင်တိုင်း မောက်ကြစမ်းလို့ ခွင့်ပေးပြီးမှ နုပြီးပလား၊ လှပြီးပလားကွ၊ အဲဒီအလှတရားတွေပေါ်မှာ မင်းတို့မောက်မာလို့ ဝကြပလား။ အေး နုပြီး၊ လှပြီး၊ ဝပြီးရင်တော့ ငါလာပြီပေါ့ ဆိုပြီး နုဦးကွာ၊ လှဦးကွာလို့ဆိုပြီး ဇရာက တံတောင်နဲ့ ထောင်းတဲ့သဘောပဲ တပည့်ရဲ့" ဟုမိန့်ကြားခဲ့၏။

ဇရာဆိုသည့်တရားသည်တကယ်ပင်အလှဖျက်သည့် လူမိုက် သက်သက်ဖြစ်သည်။ ဇရာသည် ကြောက်စရာကောင်းသလို သူ့ အကြောင်းကလည်း တွေးတောဆင်ခြင်ဖွယ်ရာဖြစ်၏။ တကယ်တော့ ဤလောကသည် ဇရာလောကဖြစ်၏။ သတ္တဝါဟူသမျှသည် ဇရာ၏ သားကောင်များ ဖြစ်ကြ၏။ မှန်ပါသည်။ သက်ရှိတို့သာမက သက်မဲ့ များသည်လည်း ဇရာနှင့်မကင်းနိုင်ကြ။ အသစ်အသစ် ဟူသမျှသည် အဟောင်းအဟောင်းဘဝဖြင့် ချုပ်ငြိမ်းကြရသည်သာ ဖြစ်၏။ ကျွန်တော့်ရှေ့မှ တွေ့နေရသော သုဓမ္မာဇရပ်များသည်ပင် ဇရပ်ဟု ခေါ် သော်လည်း ဇရာပုံပေါက်နေ၏။ ဇရပ်၏တိုင်များက ယိုင်၍ အမိုး များက စောင်းနေသည်။

သုဓမ္မာဇရပ်များကို ကျွန်တော်လှမ်းကြည့်နေစဉ် အကြော် သည်အဒေါ်ကြီးသည် ကျွန်တော့်နားရောက်လာ၏။ ထို့နောက် အဒေါ်ကြီးက ကောက်ညှင်းပန်းကန်နှင့် အကြော်ပန်းကန်ကိုကြည့်ကာ အကြော်ဖိုးတွက်ရင်း ရေနွေးကြမ်းအိုးကို ဖွင့်ကြည့်၏။ ထို့နောက်



သမီးဖြစ်သူကို ရေနွေးကြမ်းဖြည့်ရန် လှမ်း၍ ပြောသည်။ အမေဖြစ်သူ က ရေနွေးဖြည့်ခိုင်းသော်လည်း သမီးဖြစ်သူသည် အခြားရေနွေးအိုး တစ်လုံး ယူလာသည်။ ထို့နောက် ကျွန်တော်၏ အကြော်ခုံပေါ်မှ ရေနွေး အိုးနှင့် သူယူလာသောအိုးလဲကာ အကြော်ဗန်းဆီသို့ ပြန်သွားသည်။

ကျွန်တော်သည် အကြော်ဖိုးရှင်းပေးရင်း ဤသမီးနှင့် ဤအမေကို ယှဉ်၍ကြည့်မိ၏။ မျက်နှာပေါက်အရ ဤမိန်းကလေး သည် ဤအမေ၏သမီးဖြစ်ကြောင်း အလွယ်နှင့်သိနိုင်၏။ ဤသားအမိ သည် အချိုးအဆက်ကျပုံမှအစ ဟန်ရောပန်ရော အမေနှင့်သမီး အတော်ကြီးတူ၏။ သမီးသည် အသက် ၂၀– ခန့်ရှိ၍ အမေက အသက် ၅၀– ခန့်ရှိဟန်တူ၏။ ဇရာတရားနှင့်အတူ ကြမ်းတမ်းခက်ထန်သော ဘဝကို ရုန်းကန်နေရသော ဤသားအမိတွင် သမီးကလည်း ၂၀– မကာ၊ ၂၀– ထက်ပို၍ရင့်နေကာ အမေကလည်း ၅၀–ကျော်မကသော အရွယ် သို့ရောက်နေ၏။ ဤအမေနှင့် ဤသမီးတွင် နုပျိုခြင်းနှင့်ရင့်ရော်ခြင်း တို့၏ လက္ခဏာများကို ယှဉ်လျက်မြင်နိုင်၏။ အမေတွင် အိုမင်းရင့်ရော် သည့်လက္ခဏာ၊ အိုမင်းရင့်ရော်သည့်အသွင်များကို တွေ့နေရ၍ သမီးတွင်ကား နုပျိုသည့်ဟန်၊ နုပျိုသည့်စရိုက်များကို တွေ့နေရ၏။

သို့သော် ခုလေးတင် ဤဆိုင်မှ လမ်းခွဲသွားကြသော မိန်းကလေးတစ်စုနှင့်စာလျှင်တော့ အကြော်ရောင်းနေသောမိန်းကလေး က ပို၍ရင့်ရော်နေသည်။ ဤအကြော်ရောင်းနေသော ကလေးမနှင့်

www.burmeseclassic.com



နှိုင်းယှဉ်ပါက သူ့မိခင်သည် အပုံကြီး ပို၍ရင့်ရော်နေ၏။ ဤအကြော် ရောင်းနေသည့် မိခင်နှင့် ပင်စင်စားကြီးများကို နှိုင်းယှဉ်ပါက ပင်စင် စားကြီးများသည် ပို၍ အိုစာနေကြသည်ကို အလွယ်နှင့်သိနိုင်ပါ၏။

ကျွန်တော်သည် ဇရာတရား၏ အဆင့်လိုက် ပြစားတတ် သည့် သဘောကိုလည်း မြင်လာမိ၏။ ဇရာတရားသည် နုပျိုမှုဟူသမျှ ကို တစ်ရစ်ချင်း ဝက်အူရစ်သလိုရစ်၍ ဝါးမျိုနေ၏။ ဇရာတရားသည် ပျိုမျစ်မှုဟူသမျှကို ကွမ်းဝါးသလို တမြုံ့မြုံ့ဝါးနေ၏။ ဇရာတရား အတွက် အသက်ရှည်ဆေးသည် ပျိုမျစ်နုနယ်မှုနှင့် ရုပ်ဆင်းလှပ တင့်တယ်မှုတို့ ဖြစ်နိုင်၏။ ဇရာသည် သူ့အသက်ရှည်ရန်အတွက် နုပျိုမှု အားလုံးနှင့် လှပတင့်တယ်မှု အားလုံးတို့ကို ဆေးဘက်ဝင်ပစ္စည်းများ အဖြစ် သတ်မှတ်ကာ နေ့စဉ် စားသုံးနေ၏။

ကျွန်တော်သည် ဇရာတရားအကြောင်းကို စဉ်းစားရင်း ရေနွေး ပူပူတစ်ခွက်ကို မှုတ်၍ ဆက်သောက်နေမိ၏။ ပြီးမှ ဦးတည်ချက် သိပ်မရှိဘဲ အကြော်ဆိုင်မှ ကျွန်တော်ထွက်လာခဲ့သည်။ ထွက်လာမိလျှင် ပင် ကျွန်တော်သည် သုခမ္မာဇရပ်တန်းဆီသို့ ရောက်လာ၏။ တစ်ချိန်က တော့ ဤသုခမ္မာဇရပ်တို့သည်လည်း လှလှပပ ပြိုးပြိုးပြောင်ပြောင် အရောင်တလက်လက်နှင့်ရှိမည်မှာ သေချာလှ၏။ ယခုတော့ အနှစ် ၁၀၀– ဟူသောကာလအတွင်း သက်မဲ့ ဤသုခမ္မာဇရပ်များသည်ပင် အိုခဲ့ရ၊ နာခဲ့ရ၊ ယိုင်ခဲ့ရပြီဖြစ်၏။



ကျွန်တော်သည် သုခမ္မာဇရပ်များကို ကျော်ကာ ကျောက်တော် ကြီးဘုရားသို့ ဆက်လက်လျှောက်လာခဲ့သည်။ ကျောက်တော်ကြီး ဘုရားသည် မင်းတုန်းမင်းတရားကြီး ထုလုပ်ကိုးကွယ်ခဲ့သော ရုပ်ပွား တော်ကြီးဖြစ်၏။ ကျောက်တော်ကြီးဘုရားကို စကျင်တောင်မှ ကျောက် ဖြင့် ထုလုပ်ခဲ့ခြင်းဖြစ်၏။ ဤမဟာသကျ မာရဇိန်ရုပ်ပွားဟော်ကို ၁၂၂၇– ခုနှစ် ကဆုန်လတွင် မင်းတရားကြီးကိုယ်တော်တိုင် ရွှေစုတ် တော်ဖြင့် မျက်ခုံးတော်၊ မျက်ရေးတော်များကို ဖွင့်တော်မူခဲ့၏။ ကျောက် တော်ကြီးဘုရား မဟာရံတံတိုင်းအတွင်း၌ကား အုတ်ပြာသာဒ်ရှစ်ဆယ် ဖြင့် လက်ဝဲတော်ရံ၊ လက်ယာတော်ရံ တေဒဂ်ရ ရဟန္တာတို့၏ ရုပ်ပွား တော်ရှစ်ဆယ်ရှိ၏။ ဤရဟန္တာ ရုပ်ပွားတော်တို့သည် ကျောက်တော် ကြီးဘုရားအား မျက်နှာမူ၍ တည်ထားသည်။ ထို့ပြင် ကျောက်တော် ကြီးဘုရားဝင်းအတွင်းဝယ် မရွှေမသေသမှ ပင့်ဆောင်လာသော ဗောဓိပင် များကိုလည်း မင်းတရားကြီးကိုယ်တော်တိုင် စိုက်ပျိုးထားသည်မှာ ယခုထက်တိုင် စေဆာရှင်သန်လျက်ရှိပါ၏။

ကျောက်တော်ကြီးဘုရားအတွင်းသို့ ကျွန်တော်သည် အရှေ့ ဘက်စောင်းတန်းမှ ဝင်ခဲ့၏။ ဘုရားစောင်းတန်းတိုင်များသည် စိပ်၍ အရှေ့စောင်းတန်းတွင် ဆေးရေးပန်းချီအချို့ကို တွေ့ရသည်။ ဘုရား အတွင်း၌ကား နံနက်စောစောမို့ လူသူရှင်းသည်။ ပန်းသည်၊ ရွှေချမ်း သည်တို့ပင် စုံလင်အောင် မရောက်ကြသေး။ ဤဘုရားစောင်းတန်းတွင်

www.burmeseclassic.com

www.burmeseclassic.com



မူလကပင် ပန်းသည်နည်းသည်။ စောစောရောက်နေသော ပန်းသည်လေးတစ်ဦးက ကျွန်တော့်ကိုမြင်လျှင်ပင် "ပန်းဆီမီးတွေ ရမယ်၊ ပန်းအိုးလေးတွေလှတယ်၊ ရေပြည့်ပန်းပြည့် တစ်ကျပ်တည်းရယ်၊ ရွှေထီးလေးများလည်း ရမယ်" ဟု ယဉ်ယဉ်ကျေးကျေးဆိုကာ ပန်းအိုးကလေးတစ်အိုးကိုကိုင်လျက် ကျွန်တော့်အား ထိုးရောင်းပါ၏။ မန္တလေးမှ ပန်းသည်များ ထိုကဲ့သို့ ပြေပြေပြစ်ပြစ် ပြောဆိုမှုက နားဝင်ချိုစရာကောင်း၏။ သာသာယာယာရှိ၏။ ယင်းတို့ ပြောသောစကားများထဲတွင် စည်းဝါးပါနေသည်။ ကျွန်တော်က ရေပြည့်ပန်းပြည့်တစ်အိုးဝယ်ပါ၏။

ကျွန်တော်သည် ပန်းဝယ်ပြီး ကျောက်တော်ကြီးဘုရား၏ တံတိုင်း၊ တံဆောင်း၊ ပြာသာဒ်နှင့် ပန်းချီလက်ရာများကို လှည့်ပတ်ကြည့်ရင်း ကျောက်တော်ကြီးဘုရား ရုပ်ပွားတော်၏ခြေတော်ရင်းသို့ လျှောက်လာခဲ့၏။ ထို့နောက် ကျောက်တော်ကြီးဘုရားအား ပန်းဆီမီးကပ်၍ ပူဇော်ကန်တော့ကာ ဘုရားရှေ့မှောက်တွင်ပင် အမောဖြေရင်း ကျွန်တော်ထိုင်နေမိသည်။

လူသူတိတ်ဆိတ်လျက် မြန်မာမှု မြန်မာ့လက်ရာ ကျောင်းကန်ဘုရားတို့အတွင်း ဤကဲ့သို့ အေးချမ်းစွာနေရခြင်းသည် ချမ်းသာမှုတစ်ရပ်ဖြစ်၏။ ဆောက်လုပ်တည်ထားသော ကျောင်းကန်ဘုရားတို့၏ အရိပ်ကို ခိုရသည်က ဤချမ်းသာမှုကိုရပါလျှင် မြတ်စွာဘုရား၏



ခိန့်မြွက်ဟောကြားတော်မူသည့် တရားဓမ္မရိပ်ကို ခိုလှုံနိုင်ပါမူ မည်မျှအေးချမ်းလှမည်နည်း။ မြတ်စွာဘုရား၏ တရားရိပ်၊ ဓမ္မရိပ်သည်ပင် ဤမျှ အေးချမ်းပါက မြတ်စွာဘုရားကိုယ်တော်တိုင် လမ်းညွှန်ပြတော်မူခဲ့သော နိဗ္ဗုတ–နိဗ္ဗာန်ဟူသောအရပ်သည် အဘယ်မျှ ငြိမ်းချမ်းလှေမည်မသိ။

သို့သော် ကျွန်တော်သည် သားသံယောဇဉ်၊ ဇနီးမယားသံယောဇဉ်တို့ဖြင့် တရားရိပ်၊ ဓမ္မရိပ်ကို မဆိုထားဘိ၊ ကျောင်းရိပ်ကန်ရိပ်သို့ပင် ကျွန်တော်မခိုလှုံနိုင်သေး။ ဗုဒ္ဓမြတ်စွာဘုရား၏ တရားရိပ်၊ ဓမ္မရိပ်တွင် ဝင်ရောက်မခိုလှုံနိုင်သေးသမျှတော့ ဆင်းရဲမှု၊ ပူပန်မှု၊ တွေဝေမှုတို့အပြင် လောဘ၊ ဒေါသ၊ မောဟစသော ဗျာပါဒတရားတို့က မိမိဘဝတွင် ဝန်းရံ၍သာ အစဉ်ရှိနေမည် ဖြစ်၏။

လူ့ဘဝ ဆိုသည်ကလည်း စိုးရိမ်မှု၊ ပူပန်မှုတို့ဖြင့် တည်ဆောက်ဖွဲ့စည်းထားအပ်သောအရာဖြစ်၏။ ယခု ထိုင်နေရင်းပင် ကျွန်တော်သည် ကျောက်တော်ကြီးဘုရားဝင်းအတွင်း၌ လူသူကင်းလွန်း၍ စိုးရိမ်စိတ်ဖြစ်ပေါ်လာမိ၏။ ဘုရားဖူးဟူ၍ ကျွန်တော်တစ်ယောက်တည်းသာ ရှိ၏။

တကယ်တော့ နံနက်စောစောမို့ ဘုရားအတွင်း၌ လူသူကင်းလွန်းနေခြင်းမဟုတ်။ ဘုရားအတွင်း၌ လူသွားလူလာ လုံးဝ မရှိသေး

www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်၏။ ဘုရားတွင်ရှိသည့် တစ်ဦးတည်းသောပန်းသည် ကလည်း စောင်းတန်းအဝအတွင် ကျန် ခဲ့ပြီဖြစ်၏။ ကျောက်တော်ကြီးဘုရား စောင်းတန်းက အတော်လေးရှည်၏။ ဤမျှ လူသူရှင်းနေမှု ကြောင့် ကျွန်တော် စိုးရိမ်လာခြင်းဖြစ်သည်။ ကျွန်တော်သည် စိုးရိမ်စိတ် ကို ဆက်၍မွေးမထားဘဲ ဘုရားဝင်းအတွင်းမှ မြောက်ဘက်စောင်းတန်း အတိုင်း ထွက်လာခဲ့၏။ ထိုသို့ ထွက်လာရာမှ ကျွန်တော်သည် ကျောက် တော်ကြီးဘုရား မြောက်ဘက်စောင်းတန်း ဆုံးခါနီး အထွက်တွင် သီလရှင်တစ်ပါးကို သတိထားမိ၏။ သီလရှင်ကြီးသည် ကျောက်တော် ကြီးဘုရား စောင်းတန်းတိုင်ကိုမှီကာ အလှူခံလျက်ရှိပါသည်။

ဤသီလရှင်ကြီးသည် ဤနေရာသို့ ဤမျှစောစော မည်သို့ မည်ပုံ ရောက်လာသည်မသိ။ ဤသီလရှင်ကြီးကို ကြည့်ရသည်မှာ သူ့ခွန် သူ့အားနှင့်ကား ဤနေရာသို့ ရောက်လာနိုင်စရာ အကြောင်းမရှိ။ သီလရှင်ကြီး၏ ဆံပင်အားလုံးက လုံးဝဖြူဆွတ်နေ၏။ မျက်နှာတွင် ကား ယင်ချေးဥများက အပြည့်ရှိနေ၏။ သီလရှင်ကြီး၏ နားထင်နှင့် ပါးတို့သည် အတွင်းသို့အတော်ကြီး နက်ရှိုင်းစွာဝင်နေသည်။ နားထင် နှင့်ပါးတို့က တွင်းကြီးလို ဖြစ်နေ၍ ပါးရိုးနှင့်မေးရိုးများက ငေါထွက် နေ၏။ ထို့ကြောင့်လည်း သီလရှင်ကြီး၏ ဦးခေါင်းခွံပုံသဏ္ဌာန်ကို အတိုင်းသားမြင်နေရသည်။



သီလရှင်ကြီးသည် အသားဖြူ၍ သန့်သန့်ပြန့်ပြန့်ရှိ၏။ သူ့ အားတွင်ကား ကျပ်ခိုးစွဲနေသော ရေနွေးအိုးတစ်လုံးနှင့် ယွန်းလက်ဆွဲ ခြင်း အဟောင်းတစ်လုံးရှိ၏။ ရေနွေးအိုးရော၊ လက်ဆွဲခြင်းပါ သူ့သခင် သီလရှင်ကြီးကဲ့သို့ပင် အိုမင်းရင့်ရော်နေ၏။ သီလရှင်ကြီးဝတ်ထား သော နုသာရောင်ရှန်သားအကျီမှာ လျှော်လွန်းအားကြီး၍ ပါးလှပ်နေ သည်။ မေးကလည်း ရှေ့သို့ထိုးထွက်ကာ ခေါင်းတစ်ခါခါ မေးတစ် ဆတ်ဆတ်ဖြင့်ရှိနေရှာ၏။

ကျွန်တော်သည် သီလရှင်ကြီး၏ကိုယ်ပေါ်မှ ဇရာတရား၏ လက်ချက်လက်ရာများကို သေချာစွာ ရပ်ကြည့်နေမိပါ၏။ ဇရာတရား ၏လက်ချက်ကား ရက်စက်လှဘိ၏။ ဘုရားရိပ်၊ တရားရိပ်ခိုနေသူများ ကိုပင် ခွင့်မလွှတ်။ အိုကြီးအိုမ ဤအရွယ်ရှိခါမှ အလှူခံနေရသော သီလ ရှင်ကြီး၏ဘဝအတွက် ကျွန်တော်စိတ်မကောင်းဖြစ်မိရ၏။ ကျွန်တော် က အိတ်ထဲမှ ငါးကျပ်တန်တစ်ရွက်ကို သီလရှင်အဘွား၏အလှူခံဗန်း ထဲသို့ ထည့်လိုက်၏။ သို့သော် အဘွားအိုသည် ငါးကျပ်တန်လား၊ ကျပ်တန်လားဟူသည်ကို ခွဲခြား၍မသိ။ အဘွားသီလရှင်က သာဓု သာဓု သာဓုဟုကား ဆို၏။ သို့သော် ဇရာ၏ထုထောင်းမှုကြောင့် သီလရှင် အဘွားမှာ ငယ်ရွယ်စဉ်ကလို ဆုတောင်းမှုများကိုကား ဖွယ်ဖွယ်ရာရာ မပေးနိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



သီလရှင်ကြီး၏ မျက်စိအမြင်သည် ဖျော့တော့ဝေဝါးနေသည်မှာ သေချာ၏။ အဘွား၏နားအကြားတို့မှာ အားနည်းလွန်းလှပြီဖြစ်၏။ အဘွားသည် ဤနံနက်စောစောဌ် အလှူပေးပုဂ္ဂိုလ် တစ်စုံတစ်ယောက် ရောက်လာမည်ဟုလည်း မျှော်လင့်ထားဟန်မတူထို့ကြောင့် ကျွန်တော့်အားမော့၍တော့ ကြည့်သေး၏။

ဆရာတရားက ကြောက်ရွံ့ဖွယ်ရာဖြစ်၏။ ဤအဘွားကဲ့သို့ အရွှံးပေးလက်မြှောက်ထားသူ တစ်ဦးကိုပင် ဇရာသည် ဘယ်သို့သော ရန်ငြိုးရန်စဖြင့် ဤသို့ ရက်စက်လေသည်မသိ။ တကယ်တော့ ဇရာတရားသည် သတ္တဝါတို့အပေါ် ရန်စရန်ငြိုးထားသိုရန် မလိုအပ်။ ရန်စရန်ငြိုးထားရှိရန်လည်း အကြောင်းမရှိ။ လူ့ဘဝ လူ့ဇလေ့တွင် ရန်ငြိုးရန်စရှန်စွယ်ရှိမှသာ ရက်စက်တတ်၏။ ကလဲ့စားချေတတ်ကြ၏။ သို့သော် ဇရာတရားသည်ကား ဘာရန်ငြိုးမှ မရှိသူကိုဝင် အငြိုးသိုရန် လိုသည့်သဘောထားများကို တွေ့ရ၏။

ဇရာသည် ရက်စက်သောသဘောရှိ၏။ ထို့ကြောင့်လည်း ကျွန်တော်သည် သီလရှင်အဘွားအားကြည့်ရင်း "ဟယ် ဇရာတရား သင်သည် မကောင်းဆိုးဝါးသာလျှင် ဖြစ်မည်" ဟု တီးတိုးရေရွတ်မိပါ၏။

## အိုဖို့အတွက် ပျို့ရလေဦး

ကျွန်တော်သည် ကျောက်တော်ကြီးဘုရား မြောက်ဘက်မုခ်မှ ထွက်၍ ဘယ်ဘက်သို့ အနည်းငယ်လျှောက်လာမိရာ မန္တလေးတောင်ခြေမှ ခြသေ့်ကြီးနှစ်ကောင်ကို တွေ့ရ၏။ ခြသေ့်နှစ်ကောင်၏နောက်တွင်ကား ဗမာ့ခေတ်သတင်းစာ ဦးအုန်းခင်၊ ဒေါ်ခင်ခင်လေးတို့၏ ကောင်းမှု တောင်တော်အတက် မုခ်ဦးပြာသာဒ်ကြီးသည် ခန့်ညားစွာ ရှိနေ၏။

ယခုတော့ ဦးအုန်းခင်သည်လည်းကောင်း၊ ဒေါ်ခင်ခင်လေးသည် လည်းကောင်း မရှိတော့။ သို့သော် သူတို့၏ ဒါန မုခ်ဦးပြာသာဒ်ကြီး တည်ရှိနေသမျှ ရောက်လေရာဘဝမှ သူတို့၏ ဒါနကုသိုလ်ကံကို ထိုက်ထိုက်တန်တန် ခံစားရမည်ကား သေချာလှပါ၏။ ခြသေ့်ကြီးနှစ်ကောင်၏ ရှေ့တည့်တည့်တွင် ဂြိုဟ်ပြေနံ့ပြေဘုရားရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ပထမတော့ တောင်ပေါ်တက်ရန် စိတ်ကူးလိုက်သေး၏။ သို့သော် စစ်ကိုင်းမင်းအောင်နှင့် ချိန်းထားသည်ကို သတိရလာသောကြောင့် တောင်ပေါ်သို့တက်ရန် စိတ်ကူးကို စွန့်လွှတ်လိုက်ပြီး လာလမ်းအတိုင်း ပြန်လှည့်ကာ အရှေ့ဘက်သို့ လျှောက်လာခဲ့၏။

ဟိုအရင် အနှစ် ၃၀– ခန့်က ဤနေရာတွင် ဦးရုံးနှင့်သားများ ထမင်းဆိုင်ရှိခဲ့၏။ နောက် ၁၅– နှစ်လောက်ကြာတော့ ဦးရုံး၏သားများသည် မည်သို့မည်ပုံဖြစ်ကြသည်မသိ။ ဦးရုံးနှင့်သားများ ထမင်းဆိုင်မှ ကမ္ဘောဇထမင်းဆိုင်ဟု အမည်ပြောင်းခဲ့ကြ၏။ နောက်တစ်ခေါက်ပြန်ရောက်တော့ကမ္ဘောဇထမင်းဆိုင်လည်း မဟုတ်တော့ရွှေပြည်အေးစားသောက်ဆိုင်ဖြစ်နေပြန်၏။ မြန်မာတို့သည် အဘိုးအဘွားတို့၏ အမည်နာမ၊ အမွေအနှစ်ကို တာရှည်အောင် ထိန်းမထားနိုင်ကြ။ သူများနိုင်ငံတွင်ကား ဘိုးဘွားတို့၏ အမည်နာမကို သေချာစွာ ထိန်းနိုင်ကြ၏။ ထိုသို့ ထိန်းသိမ်းမှုအတွက်လည်း ဂုဏ်ယူကြသည်။

ရွှေပြည်အေး ထမင်းဆိုင်ရှေ့တွင် တမာပင်များနှင့် စိန်ပန်းပင်များကြောင့် အရိပ်ရလျက်ရှိ၏။ ရွှေပြည်အေး ထမင်းဆိုင်တန်းသည် အတော်လေး စည်စည်ပင်ပင်ရှိ၏။

ဒီနေ့အဖို့တော့ ကျွန်တော်၏စိတ်တွင် ဝင်ပူးနေသော ဧရာတရားကို ဖယ်ထုတ်၍ရတော့မည်မဟုတ်။ တစ်နည်းအားဖြင့် ဆိုရသော်



ဝင်စင်စားတစ်သိုက်နှင့် အမျိုးသမီးငယ်တစ်စုကို တွေ့ခဲ့မိရာက ကျွန်တော်သည် ဧရာမျက်မှန်ကို တပ်ထားမိခဲ့၏။ ယခုတော့ ကျွန်တော်သည် မြင်မြင်သမျှကို ဧရာအကြည့်နှင့် ကြည့်နေမိ၏။

မန္တလေးတောင်ခြေသည်ကား တက်သစ်စနေရောင်အောက်တွင် လွန့်လူးစပြုနေ၏။ စောစောကထက်စာလျှင် လူအသွားအလာပို၍များလာသည်။ ကျွန်တော် လမ်းလျှောက်လာရာ စိန်ပန်းပင်ရိပ်မှ ခပ်လှမ်းလှမ်း မျက်စောင်းထိုးလောက်တွင် လူနှစ်ယောက်သည် သူတို့ဘယ်တော့မှ မအိုတော့မည့်အတိုင်း ဆိုက်ကားတစ်စီးကို သဲသဲမဲမဲပြင်နေ၏။

ထိုသူတို့နှင့် မလှမ်းမကမ်းနေရာတစ်ခုတွင်လည်း အမျိုးသမီးခပ်ရွယ်ရွယ်တစ်ယောက်က ဆိုင်ဖွင့်ရန် ပြင်နေသည်။ အညာစောင်များကို ခင်းကျင်းနေသဖြင့် အထည်ဆိုင်ဖွင့်နေတာလားဟု ထင်မိ၏။ သို့သော် အမျိုးသားတစ်ဦးက ထိုအမျိုးသမီးထံသို့ စက်ခေါင်းတစ်လုံးထမ်းယူလာမှ သူတို့တစ်တွေသည် မနေ့ညနေက ပိတ်ထားခဲ့သော အပ်ချုပ်ဆိုင်ကို ယနေ့ နံနက် ဖွင့်နေကြခြင်းဖြစ်ကြောင်း သိရ၏။ ခပ်လှမ်းလှမ်းတွင်လည်း လူတစ်ယောက်သည် ကွဲရည်ဆိုင်ဖွင့်ရန် ပြင်ဆင်နေ၏။ သူတို့အားလုံး ဘယ်တော့မှ မအိုမနာတော့မည့်အတိုင်း ခပ်အေးအေးသာ လုပ်ဆောင်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူတို့သည် သူတို့ရရှိလာသော ဤခန္ဓာကို ကျွေးမွေးပြုစုရန်အတွက် ဝင်ငွေတစ်စုံတစ်ရာ ရရှိအောင် တစ်နေ့တာ ထွက်ပေါ်လာသော နေဝန်းနှင့်အတူ ခန္ဓာဝန်ကိုထမ်းရန် ပြင်ဆင်နေကြသူများဖြစ်၏။

ထိုအချိန်တွင် လူအနည်းအကျဉ်းပါသော ဘတ်စ်ကားတစ်စီးသည် ကတ္တရာလမ်းပေါ်မှ မောင်း၍သွားပါ၏။

ကျွန်တော်သည် ထနောင်းပင်ရိပ်တစ်ခုမှနေ၍ တောင်တော်ဘက်ဆီသို့ လှမ်းကြည့်လိုက်မိ၏။ မြင်ကွင်းကား ဓောင်းတန်းထိပ်တစ်ခုတွင်ဆုံးနေ၍ တောင်ထိပ်များကို မမြင်ရ။ တောင်ခြေအစပ်တွင်တော့ ရွက်နုရွက်သစ်များ ဝေဝေဆာဆာဖြင့် ညောင်ပင်ပျိုတစ်ပင်ကို တွေ့ရသည်။ ညောင်ရွက်များက မရင့်လွန်း၊ မနုလွန်း။ ခပ်လွှင်လွှင်စိမ်းနေသော သွေးအစိမ်းက နံနက်ခင်းနေရောင်ဖြင့် ပနံရ၏။ လေတိုက်တိုင်း လှုပ်နေသော ညောင်ရွက်လေးများကို ဆည်းလည်းလေးများသဏ္ဍာန် မြင်ရသည်။ လေတိုက်တိုင်း ခါနေသော ညောင်ရွက်လေးများက ၁၆–နှစ်သမီးကလေး ရှက်စနိုးဖြစ်သဖြင့် ခေါင်းခါခါ ရင်ခါခါ လှုပ်လိုက်တိုင်း နားသန်သီးလေးများ ယောက်ယက်ခတ်နေပုံနှင့် တူလှသည်။

လှပနုဝေသော ထိုညောင်ပင်ပျို၏ နံဘေးတွင်ကား အရုပ်ဆိုးအကျည်းတန်လှသော သစ်ခွေးပင်ကြီးတစ်ပင် ရှိသည်။ ထိုအပင်ကြီးကား အရုပ်ဆိုးအကျည်းတန်၏။ ထိုသစ်ခွေးပင်ကြီးသည် ကြည့်လို



စိတ်မရှိလောက်အောင်ပင် အရုပ်ဆိုး၏။ သစ်ခွေးပင်ကြီးကား သူသည် သစ်ပင်တစ်ပင်ပါဟု ကျိန်ပြောမှပင် ယုံရတော့မလောက် ယိုင်နေ၏။ ယခင်က ထိုသစ်ပင်သည် ဘာပင်ဖြစ်ခဲ့သည်ကိုပင် ပြောရန်ခက်၏။ ထုတ္ထိုပြင်တစ်ပင်များလားဟူ၍တော့ ထင်မှတ်စရာရှိ၏။ သစ်ခွေးပင်ကြီးသည် ညောင်ပင်ပျိုနှင့်ကား ကွာခြားသည်။ ညောင်ပင်ပျိုသည် မိမိ၏ နုနယ်ပျိုမျစ်မှုတို့အပေါ် မာန်တက်ကာ ရွက်နုရွက်သစ်များ ဆဆာလျက် တက်သစ်စနေရောင်အောက်တွင် တဖျတ်ဖျတ် လှုပ်ရှားနေ၏။ နံနက်ခင်းနေရောင်ကလည်း ညောင်ပင်ပျို၏အလှကို ဖြည့်တင်းပေးနေ၏။ ရွက်နုရွက်သစ်များအပေါ် တိုက်ရိုက်ထိုးကျနေသော နေရောင်ကြောင့် ရွက်နုကလေးများက ပို၍လှ၏။ တက်သစ်စနေရောင်အောက်တွင် ရွက်နုလေးများသည် ဖက်ဖူးရောင်အလှဖြင့် ကြွရွလှုပ်ရှားနေ၏။ ဖက်ဖူးရောင်အလှဆိုသည်မှာ ဤညောင်ပင်ငယ်မှ ဤအရောင်ဤအလှကို ခေါ်ဆိုခြင်းဖြစ်သည်ဟု ကျွန်တော် မှတ်သားလိုက်ရ၏။

အနီးရှိ သစ်ခွေးပင်ကြီးကတော့ အလွန်အကျည်းတန်လှ၏။ ဆောင်ရွက်ရန် ကောင်းသည်က ဤသစ်ခွေးပင်ကြီးကို ညောင်ပင်ပျိုလေးဘေးမှ တူး၍ ခပ်လှမ်းလှမ်းတစ်နေရာတွင် မီးရှို့ပစ်ရန်သာ ဖြစ်သည်။ ညောင်ပင်ပျိုသည် မိမိ၏နုနယ်ငယ်ရွယ်သောဂုဏ်ကို အကြိမ်ကြိမ် ဖွင့်ထုတ်လှစ်ဟကာ ပြသလျက်ရှိ၏။ ဤမျှ လေအရစပ်တိုက်နေသည့်တိုင် ညောင်ပင်ပျိုမှ ညောင်ရွက်တစ်ရွက်သည်ပင် လွင့်

www.burmeseclassic.com

www.burmeseclassic.com



ထွက် ကြွေကျခြင်းမရှိ။ ညောင်ပင်ပျို မာန်ဝင့်မည်ဆိုပါကလည်း ဝင့်စရာဖြစ်၏။

သို့သော် ကျွန်တော်သည် ထိုခဏတွင်ပင် စိတ်ပြောင်းသွားပြန်ပါ၏။ တစ်ချိန်ကတော့ ဤသစ်ဆွေးပင်ကြီးသည် ဤနေရာတွင် ဤညောင်ပင်ငယ်လို ရွက်နုရွက်သစ်တွေ ဝေဝေဆာဆာနှင့် ရှိခဲ့ဖူးမည်ဖြစ်၏။ ယခု ညောင်ပင်ပျိုမလေး မာန်ဝင့်သလို တစ်ချိန်က ဤသစ်ဆွေးပင်ကြီးသည်လည်း မာန်ဝင့်ခဲ့ဖူးမည် ဖြစ်၏။ ယခုတော့ အချိန်၏လှည့်စားခြင်းကို သစ်ဆွေးပင်ကြီး ခံနေရပြီဖြစ်သည်။ အချိန်၏ ဝါးမျိုမှု၊ ဇရာ၏ထုထောင်းမှုတို့ကြောင့် ဤသစ်ပင်ကြီးသည် ဤဘဝသို့ ရောက်ခဲ့၏။ သစ်ဆွေးပင်ကြီးသည် အချိန်၏ မာယာထောင်ချောက်၌မိကာ မိမိ၏ နုနယ်မှု၊ သန်မာမှု၊ ထွားကျိုင်းမှုအားလုံးကို ဇရာ၏ယဇ်ပလ္လင်ပေါ်သို့ ပစ်တင်ကာ ပူဇော်ခဲ့ရပြီး ဖြစ်သည်။

ထိုသစ်ဆွေးပင်ကြီး၏ အလွန်တွင်တော့ ငုပင်တစ်ပင်ရှိ၏။ ထိုငုပင်ကို တွေ့ရသည်ကတော့ ငုသီးမည်းမည်း အခြောက်ကြီးများက တန်းလန်းကျကာ တစ်ပင်လုံးရှိ ငုရွက်များက အစိမ်းရောင်ကျကျကြီး ရင့်ထော်နေ၏။ အချို့အရွက်များက အဝါရောင်ခေါင်းပေါင်းပေါင်းထားကြသည်။ ငုပင်၏ ဇရာအလိုကျ ရင့်ပြနေရသည့် ဘဝအခြေအနေကို အလွယ်နှင့် ရိပ်စားမိနိုင်၏။ ညောင်ပင်ပျိုထက်မှ ဆည်းလည်းသဏ္ဍာန် ထင်ဟပ်နေသော ရွက်နုရွက်သစ်များသည် တိုက်ခတ်နေသော



သ၏ဒဏ်ကို ကြံ့ကြံ့ခံ၍ နံနက်ခင်းလေနှင့် ဆော့မြူးကစားနေသော်လည်း အရင့်လွန် ငုရွက်တို့ကား အဝါရောင်ပြောင်းကာ အခြေမလှဘဲ ဇရာအလိုကျ ကြွေကျကာ မြေခ၍ နေရရှာ၏။

ကျွန်တော်ရှေ့မှ သစ်ဆွေးပင်ကြီးနှင့် ငုပင်၊ ညောင်ပင်ငယ်တို့ကား မဟာဇနကမင်းကြီး တွေ့မြင်ခဲ့ရသော သရက်နှစ်ပင်ထက် ပို၍ တရားသံဝေဂ ရဖွယ်ရာဖြစ်၏။ ကြည့်ပါဦး၊ သစ်ဆွေးပင်ကြီးသည် ဇရာတရား၏ ရက်စက်မှုကို ဝဝလင်လင်ကြီးခံစားနေရ၏။ ညောင်ပင်ပျိုငယ်ကား ဇရာတရားက လှည့်ဖြားထားသည်ကို သဘောမပေါက်သေး။ ယခုအချိန်တွင် သဘောပေါက်နိုင်စရာလည်း အကြောင်းမရှိ။ အသားစားရန် မွေးထားသော ငါးသူငယ်လို အခုတော့ ဖွယ်ဖွယ်ရာရာလေးနှင့် နေဦးပေါ့။ အချိန်ကျလျှင်တော့ ဇရာတရားသည် စားနေကျကြောင်ဖားလို ဤညောင်ပင်ပျိုငယ်ကိုလည်း ဝါးမျိုမည်မှာ အမှန်ဖြစ်၏၊ အဝေးဆီသို့ ပြေးကြည့်ရန်မလို။ လွန်ခဲ့သော သုံးလလောက်က ဤနေရာတွင်ပင် ငုပင်ငယ်သည် အလှတွေ ဝေဝေဆာဆာနှင့် အဝါရောင်ငုပန်းကို ဆင်မြန်းလျက် အလှသွေးကြွယ်ခဲ့၏။ ယခုတော့ ရွက်ကြွေတွေ လေမှာမျောလျက် ငုပင်ငယ်သည် အမောဆိုက်နေရပြီမဟုတ်ပါလော။ ဤသည်ကို ညောင်ပင်ပျိုသည် သံဝေဂမယူနိုင်။ ငါပျိုနေသည်။ ငါနုနေသည်။ ငါ့အလှကို တဝကြီးကြည့်ကြစမ်း၍ ခာန်ဝင့်နေဆဲ ဖြစ်၏။ ကိုယ်တိုင်ခံကြရမှ သံဝေဂဆိုသည်က

www.burmeseclassic.com

www.burmeseclassic.com



ရတတ်၏။ သံဝေဂတရားသည် အရိပ်ပြရုံဖြင့် အကောင်မထင်။ မဟာနေကမင်းကြီးလို အရင့်အမာကြီးသာ အရိပ်ထင်ရုံဖြင့် အကောင်ကိုမြင်ခဲ့၏။ တကယ်တော့ နုပျိုခြင်းဆိုသည်က မာန်တက်စရာ အခြေတစ်ရပ်မဟုတ်။

နုပျိုခြင်းသည် အိုမင်းရင့်ရော်ဖို့အတွက် နုပျိုနေရခြင်းဖြစ်၏။ အသက်ရှင်နေရခြင်းသည် သေဖို့အတွက် အသက်ရှင်နေရခြင်း ဖြစ်သည်။ ကျန်းမာနေရခြင်းသည် နာဖို့အတွက် ကျန်းမာနေရခြင်းဖြစ်သည်။

အိုမှုကင်းသော နုပျိုခြင်းသည် မရှိ။

သေမှုကင်းသော အသက်ရှင်ခြင်းသည် မရှိ။

နာမှုကင်းသော ကျန်းမာခြင်းသည် မရှိ။

ကျွန်တော်တို့သည် စေ့စေ့မတွေး၍ ရေးရေးမျှမမြင်ဘဲ စုံလုံးကန်းနေခြင်းဖြစ်သည်။

စေ့စေ့တွေးလျှင်တော့ ရေးရေးမက ပေါ်သည်။

နုပျိုနေတာက အိုဖို့၊

ရှင်နေတာက သေဖို့၊

ကျန်းမာနေတာက နာဖို့မဟုတ်ပါလား။

## လတ်မင်းသားကြီးတစ်ဦးနှင့် ကျေးဇူးသိ တပည့်

ကျွန်တော်သည် ထိုနေရာလေးမှ ဆက်၍ထွက်လာမိ၏။ ရှေ့အတော်လေး လျှောက်လာမိသောအခါ မန်ကျည်းပင်ကြီးများဖြင့် သမ်းဆုံကျရာ ဈေးတန်းလေးတစ်ခုဆီသို့ ရောက်သည်။ ဤနေရာသည် ဆခင်က မင်းတုန်းမင်းကြီးနှင့် မင်းညီမင်းသားတို့ မန္တလေးတောင်တော်ကို တောင်ခြေမှကြည်ညိုခဲ့ကြသောအရုဏ်ဦးဥယျာဉ်နေရာဟု မှတ်သားဖူးပါ၏။ ဤနေရာသည် မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား၊ မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာ စံနန်းတော်ရာ စန္ဒာမုနိစေတီတော်တို့၏အလယ်လောက်တွင်ရှိသည်။ ကျွန်တော်သည် ထိုနေရာမှ ဆိုက်ကားတစ်စီးခေါ်၍ မန္တလေးဟိုတယ်သို့ ပြန်ရန်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ဆိုက်ကားကို အဆင်သင့်မတွေ့ရ။

ထို့ကြောင့် ကျွန်တော်သည် ဆက်၍လျှောက်လာခဲ့၏။ ဆက်၍ လျှောက်လာရာမှ မြင်ကွင်းတစ်ရပ်က ကျွန်တော်ကို ဆီး၍ကြိုနေသည်။ မြင်ကွင်းကား အခြားမဟုတ်။ ယာယီဈေးတန်းလေး အစွန်ရှိ တစ်ဘက်ရပ် တဲငယ်တစ်ခုအတွင်းမှ သန်သန်မာမာ လူရွယ်တစ်ယောက်က အဘိုးအိုတစ်ယောက်ကို ပွေ့၍တဲပေါက်ဝမှ ခေါင်းငုံ့ကာ ထွက်လာသောမြင်ကွင်းဖြစ်၏။ ပွေ့ထွက်လာသူမှာ ထိုအဘိုးအိုနှင့် မည်သို့တော်စပ်သည်ကို စဉ်းစားရခဲယဉ်း၏။

ထိုသို့ ပွေ့လာပြီး လူငယ်သည် အဘိုးအိုကို တဲရှေ့ကွပ်ပျစ်ပေါ်တွင် ချထား၏။ ထို့နောက် အဘိုးအိုကို နေသားတကျဖြစ်အောင် ပြင်ပြီးပေး၏။ ထိုသို့ပြင်ပေးပြီးမှ ဘေးဘီသို့ တစ်ချက်မျှော်ကြည့်ကာ လူငယ်သည် တဲအတွင်းသို့ ပြန်ဝင်သွား၏။ ထို့နောက် လူငယ်သည် အဝတ်ထုပ်ကိုယူကာ တဲ၏နောက်ဖေးပေါက်မှ ထွက်သွားသည်ကို တွေ့လိုက်ရ၏။ ထိုတဲတွင် အဘိုးအိုနှင့် လူငယ်မှအပ အခြားတစ်ဦးတစ်ယောက်မျှ ရှိဟန်မတူ။ အဘိုးအိုကို တဲရှေ့တွင် တစ်ဦးတည်းထားခဲ့ခြင်းဖြစ်၏။

ထိုလူငယ်ထွက်သွားမှ ကျွန်တော်သည် အဘိုးအို၏အနားသို့ ဆက်လျှောက်လာခဲ့၏။ အဘိုးအိုသည် မလှုပ်မယှက် အိပ်ပျော်နေသည့်အလားရှိ၏။ အိပ်များပျော်နေသလားဟု ဆိုသည်ထက် အဘိုးအိုသည် အသက်မှရှိသေးရဲ့လားဟု ထင်မှတ်စရာဖြစ်၏။ ရင်ကလေးက မောက်လိုက်နိမ့်လိုက်ဖြစ်နေ၍သာ အသက်ရှိသေးသည်ဟု မှတ်ရ၏။ အဘိုးအိုသည် ခပ်ကွေးကွေး တစောင်းအိပ်နေရာ နံရိုးအပြိုင်းပြိုင်းကို တစ်ချောင်းစီ တွေ့ရ၏။ အဘိုးအိုသည် အကြားအမြင် လုံးဝရှိတော့ဟန်မတူ။ အဘိုးအို၏ ကိုယ်ပေါ်တွင်ကား ဇရာ၏လက်ချက်များကို ပိုမိုပြင်ပြင်စွာတွေ့ရ၏။ အဘိုးအိုကိုယ်ပေါ်မှ ဇရာ၏လက်ချက်များက ပီပြင်လွန်းနေ၏။ အဘိုးအိုကို သေသေချာချာကြည့်လေ ဇရာ၏လက်ချက်လက်ရာတို့ကို ပို၍ ပီပြင်စွာ မြင်ရလေဖြစ်၏။ အဘိုးအိုတွင် အဝတ်အစားဟူ၍ မရှိဘဲ လုံချည်အပိုင်းလေးတစ်ခုကိုသာ ခါးပေါ်တွင် အရှက်လုံစေရန် တင်ထားသည်ကို တွေ့ရ၏။



ယခုတွေ့ရသော အဘိုးအိုနှင့် ယှဉ်လိုက်လျှင်တော့ ကျောက်တော်ကြီးဘုရားတန်ဆောင်းအတွင်းမှ သီလရှင်အဘွားက သန်သန်မာမာနှင့် နုပျိုမှုများ ရှိနေသေးသည်ဟု ဆိုစရာဖြစ်လာပါ၏။

အဘိုးအိုကို မြင်ရသည်မှာ တုန်ချည့်မောပန်း၊ ရိန္နမ်း မှည့်ပျော်၊ ရင့်ရော်ကွေးကွ၊ သေတွင်းဝ၌ မလှုပ်မယှက် ရုပ်ဆင်းပျက်နေသော မျောက်အိုကြီးတစ်ကောင်ကဲ့သို့ ရှိ၏။ ဇရာတရားက ထုထောင်းထားသည်မှာ အဘိုးအိုကို လူသားဟူ၍ ပြောဆိုရန်အတွက်ပင် အဆင်အခဲရှိနေသည်။ လူသားတစ်ဦးအဖြစ်လည်း ပီသမှု လုံးဝမရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



ဤအဘိုးအိုနှင့် သီလရှင်အဘွားကို နှိုင်းယှဉ်ကြည့်ပါက သီလရှင်အဘွားသည် နတ်သမီးတစ်ပါးပမာ ရှိသည်ဟု ဆိုပါက မမှားနိုင်။

မြတ်စွာဘုရားက နန္ဒမင်းသားအား “နန္ဒ ဟိုမှာကြည့်စမ်း ဟို မျောက်အုပ်ထဲက မျက်စိတစ်ဘက် ပေါက်ပက်ဖြစ်နေသော မျောက်မ တစ်ကောင်အား သင်မြင်သည် မဟုတ်လော”

“မြင်ရပါပြီ ဘုရား”

“သင်မြင်ရပါက ထိုမျက်စိပေါက်ပက် ဘဝပျက်နေသော မျောက်မနှင့် သင့်ဇနီး ဇနပဒကလျာဏီ၊ ထိုနှစ်ဦးအနက် ဘယ်သူက ရုပ်ရည်နှင့် အမူအရာ ပို၍သာပါသနည်း ညီတော် နန္ဒ”

ထိုသို့ မြတ်စွာဘုရား အမေးရှိတော်မူသောအခါ ညီတော်နန္ဒ သည် အစ်ကိုတော်ဘုရားရှင်မို့ ခွန်းတုံ့မပြောဝံ့ရှာသော်လည်း ဤစကား သည် နန္ဒမင်းသား၏နှလုံးသားကို ကျွဲသတ္တဝါ၏ချွန်မြသော ချိုဖျားနှင့် ထိုးဆွသကဲ့သို့ ခံစားရ၏။

“အရှင်ဘုရား၊ ဒီမျောက်မနှင့် အရှင်ဘုရား၏ ခယ်မတော် သည် ဘဝင်နှင့် အဝီစိလို မနှိုင်းအပ်၊ မယှဉ်အပ်ပါဘုရား”



ဤအဘိုးအိုကို တွေ့ရတော့ ကျောက်တော်ကြီး ဘုရားစောင်း တန်းမှ သီလရှင်အဘွားကို ဇနပဒကလျာဏီဟူ၍ တင်စားရမလို ဖြစ် ပါ၏။

အဘိုးအိုသည် လူငယ်ဖြစ်သူ ချထားပေးသည့်အတိုင်း ထိုနေ ရာတွင် အမောအရှိုက်တို့ဖြင့် ပန်းဟိုက်ကာ လဲနေရရှာ၏။ ယင်ကောင် များကလည်း အဘိုးအို၏အပေါ်တွင် တဝီဝီပျံဝဲနေသည်။ ယင် များ အုံနေမည်ဆိုပါကလည်း အံ့စရာဖြစ်၏။ ရှေ့သို့တိုးကြည့်မှ အဘိုးအို သည် ကျင်ကြီးကျင်ငယ်ကိုပင် ထိန်းနိုင်ခြင်းမရှိဘဲ သူ့ထံမှ ဆိုးဝါးသော အနံ့များထွက်နေသည်ကို သိရ၏။

ကျွန်တော်သည် ဇရာ၏လက်ရာကို ပို၍မြင်သာထင်သာရှိ အောင် အဘိုးအိုအနားသို့ တိုး၍သွားသည်။ တကယ်တော့ အဘိုးအို သည် ဇရာ၏ ထိုးနှက်ချက်အရစ်ရစ်ကြောင့် အသက်ပြတ်ကြွေ၊ လူ့ဘဝ တွင် မနေရတော့ဘဲ သေရမည့်အခြေသို့ ရောက်နေပါ၏။ သို့တိုင် အောင် ဇရာတရားက အဘိုးအိုအား အကြင်နာထား၍ ဖွဲ့ကွက်သနား ခြင်း အလျှင်းမရှိဘဲ သဲသဲမဲမဲ ထိုးနှက်နေဆဲဖြစ်၏။

ရင်ကလေးမောက်လိုက် နိမ့်လိုက်၊ တစ်ခါတစ်ခါ ငြိမ်ကျသွား လိုက်နှင့် ဖြစ်နေသည်။ အသက်တစ်ခါ ရှူလိုက်တိုင်း ဒီတစ်ကြိမ် အသက်ရှူရာမှာတော့ အသက်ဓိဝိန် တစ်ခါတည်းပါမည်မှာ သေချာ သည် ဟု ထင်ရသည်ချည်းဖြစ်၏။ ရင်ကလေးမောက်လိုက် နိမ့်လိုက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတစ်ဦး အသက်ရှုနေပုံကို မြင်ရသည်မှာ ရင်မောစရာကောင်း၏။ အဘိုးအို၏ရင်ကလေး မောက်လိုက်နိမ့်လိုက်နှင့် သတ္တဝါတစ်ဦး၏ အသက်ရှုနေပုံကို မြင်ရသည်မှာ ရင်မောစရာကောင်း၏။ အဘိုးအို၏ အရွှမ်းအစနှင့်ကား ရင်ကမောက်လာစရာအကြောင်းမရှိ၊ အဘိုးအိုတွင် ရင်မောက်လာစရာ ခွန်အားလည်းမရှိ။ ဤအဘိုးအိုတွင် ခွန်အားဟူ၍ အစိမ့်ပြုအဖို့မျှ မရှိတော့သည်မှာ သေချာ၏။

ဇရာတရားသည် အဘိုးအိုအား ဤမျှအငြိုးတရားနှင့် နှိပ်စက်သည့်ကိုဝင် အားမရနိုင်သေးသဖြင့် သေမင်းထံ မလွှဲပေးသေးဘဲ ထားဟန်တူ၏။ ဇရာတရားက လွှဲပေးသည်နှင့် အဘိုးအိုအား သေရွာသို့ ချက်ချင်းခေါ်ယူရန် ယမမင်းသည် ဤပတ်ဝန်းကျင်နှင့် မလှမ်းမကမ်း တစ်နေရာတွင် မယောင်မလည်စောင့်နေဟန်တူ၏။

ထို့ကြောင့်ပင် ကျွန်တော်သည် ပတ်ဝန်းကျင်နှင့် မလှမ်းမကမ်းနေရာအားလုံးတွင် သေမင်းကို တွေ့လိုတွေ့ငြား ရှာနေမိသေး၏။ သို့သော် ရှာ၍မတွေ့ပါ။ သေမင်းသည် ဇရာတရား၏ စားကြွင်းစာကျန်များကို မြိန်ရှက်စွာ စားသုံးဖို့အရေး မန္တလေးတောင်ခြေ တစ်ဝိုက်တွင် လိပ်ဥတူးရင်း စောင့်နေမည်မှာ သေချာ၏။

အမှန်တော့လည်း သတ္တဝါဟူသမျှသည် မွေးဖွားလာသည့်နေ့မှစ၍ ခန္ဓာကိုယ်ကြီးကို ဇရာ၏လက်တွင် ဝကွက်၍အပ်ထားရ၏။ ဖြစ်တည်လာသည့်အချိန်မှစ၍ ဤခန္ဓာကိုယ်သည် အိုမင်းပိုင်နက် ဇရာစက်တွင် သွက်သွက်လည်ကာ ဇရာအလိုကျ လှည့်ပြ၊ ပတ်ပြနေကြရသူချည်းသာဖြစ်၏။



အိုမင်းပိုင်နက် ဇရာစက်တွင် သွက်သွက်ခါအောင်လည်ရင်း ထိုက်ပါနေရသောသူတို့မှာ ဤအဘိုးအိုတစ်ယောက်တည်းသာ မဟုတ်။ ကျောက်တော်ကြီး ဘုရားတန်ဆောင်းအတွင်းမှ သီလရှင်အဘွားအိုတစ်ဦးတည်းမဟုတ်။ အကြော်သည် သားအမိနှင့် ပင်စင်စားကြီးများ တစ်သိုက်သာမက။ ဤစာကို ဖတ်နေသော စာဖတ်သူနှင့် ဤစာကို ရေးခဲ့သော ကျွန်တော်အပါအဝင် ပုပုရွရွ သတ္တဝါဟူသမျှသည် ဇရာစက်ခုံတွင် ဇာတ်ဆရာအလိုကျ ကွေးနေအောင် ကနေရသူများချည်းဖြစ်ပါ၏။

ဤကဲ့သို့ ဇရာအလိုကျ ကွေးနေအောင် ကနေကြသူချင်း အတူတူ ငါကတော့ ငွေရှိသည်။ ငါကတော့ ဂုဏ်ရှိသည်။ ငါ့သားက အင်ဂျင်နီယာ၊ ငါ့သမီးက ဆရာဝန်၊ ငါ့တူက သင်္ဘောသားဟု ဝါကြွား၍ ယှဉ်ပြိုင်နေသည်က ကြွက်ခြင်းထဲမှ ကြွက်များနှင့် တူ၏။ ခြင်းထဲမှ ကြွက်များအားလုံးသည် မကြာတော့မည့် ကာလအတွင်း ချိန်ခွင်ထက်သို့ အတူတူတက်ကြရမည့်သူများချည်းသာ ဖြစ်ပါလျက် တစ်ကောင်နှင့်တစ်ကောင် ထိုးဆိတ်နေကြ၏။ ထိုးရင်း ဆိတ်ရင်း ချိန်ခွင်ပေါ် ရောက်ရမီ အချင်းချင်း အနင်းခံ၊ အဖိခံ၍ သေကြရသည်များလည်း ရှိ၏။ ထိုသို့ဆိုပါက မဝါမကြွားဘဲ ဇရာတရားအတွက် သဒ္ဒါတရား

www.burmeseclassic.com



ဖက်၍ မေတ္တာ စေတနာတို့ တွဲဖက်ကာ အလုပ်လုပ်ကြပါက မည်မျှ အေးချမ်းပါမည်နည်း။ ကြည့်ပါဦး။ မည်သူရော ဇရာစက်ကွင်းက လွတ်သူ ရှိပါသနည်း။ ကျွန်တော်သည် တွေးတောရင်း ကျွန်တော်၏ လက်ဝါးနှစ်ဘက်ကို ယှဉ်၍ မှောက်ကာလှန်ကာကြည့်မိ၏။ ကျွန်တော် ၏ လက်ဝါးနှစ်ဘက်တွင် ဇရာ၏ ဒဏ်ရာဒဏ်ချက်တို့သည် ပြည့် နေ၏။

ဇရာတရားသည် တစ်နေ့နေ့ တစ်ချိန်ချိန် အရှိန်နှင့် ဖိမလာ သေးသောကြောင့်သာ မိမိကိုယ်မိမိ နုပျိုသည်၊ အရွယ်တင် အချိန်ရှိနေ သေးသည်ဟု အထင်ရှိနေခြင်းဖြစ်သည်။ တစ်ချိန်ချိန် တစ်ခါခါတွင် တော့ ဇရာတရားသည် အရှိန်နှင့် ရောက်လာမည်မှာ သေချာလှပါ၏။ ဇရာတရား အရှိန်နှင့်မလာသေးမီ ကျွန်တော်တို့ ဘာလုပ်ကြမည်နည်း။ ဤအချက်သည် အရေးကြီးသော အချက်တစ်ချက် ဖြစ်ပါ၏။ အခုတွင် မှင် သင့်ကိုယ်တွင်း၌ ဇရာရောက်ရှိနေပြီဖြစ်ရာ သူ အိပ်မောကျနေစဉ် ဤအချက်ကို ကျွန်တော်တို့ အလေးအနက် စဉ်းစားသင့်ပါ၏။ သူနိုး လာပါက သင်လည်း မလွယ်။ ကျွန်တော်လည်း မလွတ်။ ဘယ်သူမှ လွယ်နိုင်၊ လွတ်နိုင်ကြမည့် အရေးမဟုတ်။ ဤအဘိုးအိုလို ကျွန်တော် တို့လည်း မလှုပ်မယှက် ဇရာလက်သို့ ဝကွက်၍အပ်ရင်း ဓက်စင်း၍ ပေးရမည်မှာ သေချာလှပါ၏။



ထိုအချိန်တွင်မှ ခွေးပိန်ပိန်တစ်ကောင်သည် အဘိုးအို၏ အနား သို့ ရောက်လာပါ၏။ ထိုခွေးပိန်မသည် ယောင်လည်ယောင်လည်ဖြင့် အားဘီကို စူးစမ်းရင်း အနံ့ခံကာ အဘိုးအိုအနားသို့ တိုးကပ်လာခြင်း ဖြစ်သည်။ အဘိုးအိုထံမှ ကျနေသောအညစ်အကြေး၊ အနံ့အသက်များ ဆီို နတ်သုဒ္ဓါသဖွယ် ထင်မှတ်၍ ဤခွေးပိန်မရောက်လာခြင်းဖြစ်၏။ ထို့ကြောင့်လည်း ကျွန်တော်သည် ခွေးကိုခြောက်လှန့်၍ အဝေးသို့ မောင်းပေးရ၏။ ခွေးကို ခြောက်လှန့်သံကြောင့် အဘိုးအို အသက်ထွက် သွားမည်ကိုလည်း စိုးရိမ်ရ၏။ အဘိုးအိုက ယဲ့ယဲ့လေး အသက်ရှုနေ ခြင်းဖြစ်၏။

ထိုခွေး ခပ်လှမ်းလှမ်းရောက်သော် ကျွန်တော်သည် အဘိုးအို ဆီသို့ ပြန်လာခဲ့၏။ ထိုအချိန်တွင်တော့ အဘိုးအို၏ တဲအဝသို့ အရုပ်ဆိုးဆိုး လူတစ်ယောက် ရောက်နေပါ၏။ ထိုလူသည် လက်ပြင် မသိမသာခွက်နေ၍ ခြေတစ်ဘက်ခွင်နေ၏။ မျက်စိတစ်ဘက်က ယောက်ပက်ဖြစ်နေသည်။ သူ့မျက်နှာအနေအထားနှင့် လက်ပြင်ခွက် နေခြင်း၊ ခြေခွင်နေခြင်းတို့က အရုပ်ဆိုးရုံ ဆိုးစေသော်လည်း သူ့မျက်စိ ယောက်ပက် ဖြစ်နေသည်က ထိုလူကို အကျည်းတန်နေစေသည့်အပြင် ခြင်လျှင်မြင်ချင်း လန့်စရာဖြစ်ပါသည်။

ကျွန်တော်သည် သူ၏အကျည်းတန်မှုကို စိုက်ကြည့်နေမိ၏။ ထိုသူကလည်း သူ၏ ရုပ်ဆင်းပျက်မှုကို ကြည့်နေကြောင်း သိဟန်

www.burmeseclassic.com

www.burmeseclassic.com



တူသည်။ သို့သော် သူက ဂရုမစိုက်။ ထို့အပြင် ထိုလူက ခပ်အေးအေးပင် "မိတ်ဆွေက ဘာကိစ္စရှိလို့ပါလဲ" ဟု သိမ်သိမ်မွေ့မွေ့ပင် မေးပါ၏။

ဒီလူ၏ ပုံပန်းသဏ္ဌာန်နှင့် သူ့အသံက တခြားစီဖြစ်၏။ သူ့အသံက အသံဩဇာပါ၏။ တည်တည်ငြိမ်ငြိမ်ရှိ၏။ ကျွန်တော်သည် ဇရာကိုမြင်အောင် ရှုနေသည့်တိုင် ဤကဲ့သို့ အဝတ်အစား စုတ်စုတ် ပြတ်ပြတ်နှင့် အခုလို အရုပ်ဆိုး အကျည်းတန်နေသူ တစ်ယောက်က "ဘာကိစ္စရှိလို့လဲ၊ ဘာလုပ်ချင်နေတာလဲ" ဟူ၍ မေးလိုက်သောအခါ ကျွန်တော့်ကို ထိုသို့မေးရကောင်းလား ဟူသောမာန်ဖြင့် မခံချင်သလို ဖြစ်လာရသည်ကတော့ အမှန်ပင်ဖြစ်ပါ၏။ မနက် စောစော ဒီလူနဲ့ တွေ့ရတာ ဒီနေ့ထစ်နေ့လုံးတော့ မင်္ဂလာရှိနိုင်စရာ အကြောင်းမရှိတော့ ဟု စိတ်အတွင်းမှ ဖြစ်လာရလောက်အောင်ပင် ထိုလူက အကျည်းတန် အရုပ်ဆိုး၏။ သို့သော် ဤနေရာဒေသကား ကျွန်တော်၏ခွင်မဟုတ်။ သူကလည်း ဘာမှန်းမသိ။ ဤတဲ၊ ဤအဘိုးအိုနှင့် ဤလူ ဘယ်လို ဆက်စပ် ပတ်သက်မှုရှိသည်ကို ကျွန်တော်မသိ။

ထို့ကြောင့် ကျွန်တော်က ဤအဘိုးအို၏ အိုမင်းမစွမ်းဖြစ်မှု ကိုကြည့်ရင်း ခွေးတစ်ကောင်လာသဖြင့် မောင်းပေးနေခြင်းဖြစ်ကြောင်း ပြောသောအခါ သူက "မောင်သိန်းမရှိဘူးနဲ့တူတယ်" ဟုဆိုပါ၏။ ခုနက လူရွယ်ကို သူက မောင်သိန်း ခေါ်လိုက်သဖြင့် ကျွန်တော် နည်းနည်းအံ့ဩသွား၏။ ထိုသူငယ်မှာ ဗလကောင်းကောင်း၊ သန်သန်



မာ၊ တကယ့်ဇာတ်လိုက်မင်းသား ရုပ်ရည်မျိုး၊ အခု ကျွန်တော့် ရှေ့တွင် ရှိနေသောလူ၏ရုပ်ရည်နှင့်က တခြားစီဖြစ်၏။ သို့သော် ဤ ချက်စိတ်တစ်ဘက်လပ်နေသူက ထိုလူရွယ်ကို မောင်သိန်း ဟုခေါ်ကာ ပြောဆိုသဖြင့် ကျွန်တော်က အံ့ဩသွားခြင်း ဖြစ်၏။ သို့သော် ကျွန်တော်က အလိုက်သင့်ပင် "မောင်သိန်းဆိုတာက ခုန ဒီအဘိုးကို ရှုပြီး ဒီနေရာလာချသွားတဲ့လူနဲ့တူတယ်" ဟုဆိုလိုက်ရာ ထိုသူက "ဟုတ်တယ်၊ အဲဒီသူငယ်က မောင်သိန်းပဲ၊ မောင်သိန်းက အခု ဒီမှာ ပဲနေတဲ့ဆရာကြီးသားပေါ့၊ ဆရာကြီးကို သူပဲပြုစုနေတာ၊ အခုအတိုင်း အချုပ်ဆရာကြီးခံနေရတာက သုံးလေးလ ရှိနေပြီ၊ သတ္တဝါ တစ်ခု အသက်ထွက်သွားဖို့ဆိုတာကလဲ မလွယ်ဘူးဗျ၊ ဒါကတော့ ဝဋ်ရှိလို့ နေရတဲ့သဘောပေါ့ဗျာ၊ မောင်သိန်းကလဲ လူခွဲမရှိတော့ သူ့အဖေ ကို ဒီလိုပဲ ပြုစုနေရတာ၊ ပိုက်ဆံရဖို့လေးလဲ လုပ်ရ၊ သူ့အဖေလဲ ပြုစုရပေါ့၊ အချုပ်ကတော့ ဆရာကြီးရဲ့တပည့်ပါ၊ ဆရာကြီးရဲ့ ကျေးဇူးတွေကလဲ အချုပ်မှာရှိနေတော့ သူ အခုလို ဖြစ်နေချိန်မှာ ကျွန်တော်လဲ အလုပ်အား ရင် အားသလို လာပြုစုစောင့်ရှောက်ပေးရတာပါဗျာ" ဟုဆို၏။

လူမသတိစရာ ဖြစ်နေသော အဘိုးအို လူနာကို ပြုစုဖို့ဆို သည်က မလွယ်။ ဤလိုအခြေအနေမျိုးတွင် သားရင်းသမီးရင်းပင် ပြုစုရန် ဝန်လေးတတ်ကြ၏။ သို့သော် ဤလူသည် ဆရာဟူသော ကျေးဇူးတရားကို စောင့်သိ၍ ဤအဘိုးအိုကို ပြုစုနေသူဟု ဆိုသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူ၏ရုပ်ရည်ကို စိတ်တွင်းမှ ခေတ္တဖျောက်ကာ သူ့ကို ကျွန်တော်၏ အတွင်းစိတ်မှ လက်ခံလာစေရန် ကျွန်တော့်ကိုယ် ကျွန်တော် မနည်း ကြိုးစား၍ ဖျောင်းဖျလိုက်ရပါ၏။

လောက၌ ကျေးဇူးသိတတ်သူထက် ကျေးဇူးမသိတတ်သူ၊ ကျေးဇူးကန်းသူက ပို၍ပင်များ၏။ ကျေးဇူးသိတတ်သူသည် နည်းသည်။ ကျေးဇူးဖွပ်တတ်သူက ပိုများသည်။ ကျေးဇူးသိတတ်သူကို တွေ့ရသဖြင့် ယနေ့နံနက်သည် မင်္ဂလာရှိသောနံနက်ခင်းပင် ဖြစ်လေမလားဟု ကျွန်တော့်စိတ်က ပြောင်းလဲတွေးထင်နေမိပြန်၏။

ထို့ကြောင့် ကျွန်တော်က "အင်းလေ အခုလိုဝေဒနာဖြစ်နေတဲ့ ကျေးဇူးရှင်ကို ပြုစုရတာ ကုသိုလ်ရပါတယ်ဗျာ" ဟုပြောလိုက်မိပါ၏။ ထိုအခါ ထိုသူက "ကုသိုလ်ရလိုတဲ့စိတ်၊ ရကောင်းစေဆိုတဲ့ စေတနာ မရှိပါဘူးဗျာ" ဟု ပြောပါ၏။ ထို့ပြင် သူက မျက်မှောင်ကုတ်ကာ ကျွန်တော့်ကိုကြည့်လိုက်ရင်း "အ ခု ဒီမှာလဲနေတဲ့ ကျုပ်ဆရာကြီးဟာ တစ်ချိန်က နာမည်ကြီး ဓာတ်မင်းသားကြီး တစ်ဦးလို့ဆိုရင် ခင်ဗျား အံ့ဩသွားမလားမသိဘူး" ဟုဆိုပါ၏။

ကျွန်တော်သည် အိုရုံသာမက နာနေပြီး အလေးအပေါ့များ ပေကျံကာ ယင်ကောင်တလောင်းလောင်း ဖြစ်နေသော ဇရာအိုအဘိုးကို တစ်လှည့်၊ သူ့ကို တစ်လှည့်ကြည့်ကာ ဒီ လဲနေတဲ့ပုဂ္ဂိုလ်ကြီးက ဓာတ်မင်းသားကြီး ဟုတ်လား" ဟူ၍ အံ့ဩစိတ်ဖြင့် မေးလိုက်မိပါ၏။



"ဟုတ်တယ်ဗျ၊ အေးလေ အခုတော့လဲ မင်းသားဖါလို့ ဘယ်လိုပြောလို့ရတော့မှာလဲ၊ ဘယ်သူ ယုံတော့မှာလဲ၊ သူ့ရဲ့ရုပ်ရည်တွေရော၊ အသံတွေ၊ လှုပ်ရှားမှု ဟန်တွေပန်တွေပါ ဇရာတရားက ဝါးမျိုလိုက်ပြီလေ" ဟုဆိုပြီး ထိုသူက ဇရာလက်ချက်ဖြင့် လဲနေသောပုဂ္ဂိုလ်ကြီး အကြောင်းကို ရပ်လျက်ပြောပြပါ၏

တစ်ခု ထူးခြားသည်မှာ မျက်စိတစ်ဘက်လပ်နေသော ထိုသူသည် အရုပ်ဆိုးအကျည်းတန်လှသော်လည်း အသံသြဇာရှိနေ၏။ ထိုအသံသြဇာကြောင့်ပင် ကျွန်တော်သည် သူပြောသမျှကို လက်ခံရုံသာမက ကျွန်တော်သည် ထိုအသံသြဇာ၏ ကွန်ချက်တွင် တစ်ချက် တစ်ချက် အမိခံနေရသည်ကို ကျွန်တော်ရိပ်စားလာခဲ့မိ၏။

ဤပုဂ္ဂိုလ်ကြီးသည် တစ်ချိန်က မင်းသားဖြစ်ခဲ့သည်ဟု ဆို၏။ မင်းသားဟုဆိုရာတွင် ဓာတ်စင်နောက်ကွယ်မှသာ ဆိုရသော ရုပ်သေးမင်းသားမဟုတ်။ ဓာတ်ခုံပေါ်တွင် လူကိုယ်တိုင်ထွက်၍ ကရ ဆိုရသည့် ဓာတ်မင်းသားဟု ဆိုပြန်သည်။ အဘယ်မှာလျှင် ယုံနိုင်စရာရှိပါအံ့နည်း။ ထိုအခါတွင်မှ ကျွန်တော်သည် ဇရာ၏ ထုထောင်းမှုအောက်တွင် ပြားပြားဝပ်နေသော ဤအဘိုးအိုကို စူးစူးစမ်းစမ်း ထပ်၍ကြည့်မိရာ ထိုလူက "မိတ်ဆွေက ကျုပ်ပြောတာ မယုံလို့လား" ဟုမေး၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က "မယုံလို့ မဟုတ်ပါဘူးဗျာ၊ မြင်ရတာ မယုံနိုင်လောက်အောင်ကို ဖြစ်နေလို့ပါ၊ အခုလဲနေတဲ့ ဆရာကြီးက မင်းသား၊ ခင်ဗျားက သူ့တပည့်ဆိုတော့ အဲဒီဇာတ်ကိုတော့ လူအတော်လာကြည့်မှာပဲလို့ ကျွန်တော်ထင်တယ်" ဟုပြောလိုက်မိပါ၏။

"အင်းလေ၊ မိတ်ဆွေ အခုလို ပြောမယ်ဆိုလဲ အခုတော့ ပြောစရာရောက်နေတာကိုး၊ မယုံနိုင်စရာဖြစ်မယ်ဆိုလဲ ဖြစ်စရာပေါ့ဗျာ၊ တကယ်တော့ ဆရာကြီးဟာ ဇာတ်မင်းသားဖြစ်တယ်လို့ပြောရာမှာ မင်းသားဆိုတာက ဇာတ်ပွဲတွေမှာ ရှေ့ပိုင်းက ထွက်ရတဲ့ပြဇာတ်မင်းသားဗျ၊ အဲဒီဇာတ်မှာ ဆရာကြီးကိုယ်တိုင်က ဇာတ်ပိုင်ရှင်ဗျ၊ ဒါကြောင့်လဲ ငယ်ငယ်ကတော့ အမျိုးသမီးတွေဆိုတာ ဝိုင်းဝိုင်းလည်နေတာပေါ့၊ ဆရာကြီးကလဲ ရေမွှေးကြိုက်လို့ အမြဲတမ်း သူ့ကိုယ်က မွှေးကြိုင်နေပြီး သူ့ရွှေသမီးတွေကတောင် နိုင်ငံခြားကလာတဲ့ ရေမွှေးပုလင်းတွေ ဘာတွေ လက်ဆောင်ပေးကြတယ်၊ အခုတော့ ခင်ဗျားမြင်တဲ့အတိုင်းပဲလေ၊ သံဝေဂယူချင်ပါတယ်ဆိုတဲ့ ခင်ဗျားတောင် ခပ်လှမ်းလှမ်းက သံဝေဂယူနေတာမဟုတ်လား၊ အပုပ်နံ့၊ အညှီနံ့တွေကြောင့် ခင်ဗျားတောင် အနားမကပ်ချင်ဘူး ဖြစ်နေတယ် မဟုတ်လား၊ မောင်သိန်းကလဲ သားအရင်း၊ ကျုပ်ကလဲ တပည့်ရင်းမို့သာပေါ့၊ ကျုပ်တို့ကလွဲရင် ဘယ်သူမှ ကပ်မည့်သူ မရှိဘူး၊ ကျုပ်တို့နေ့စဉ် ဒီလိုပဲ ပြုစုနေရတာ၊ ကဲ ကျုပ်ဆရာကြီးကို ကြည့်စမ်းပါဦးဗျာ၊ ပါးစပ်ကလဲ



အရည်တွေကျလို့၊ အလေးအပေါ့လဲ မထိန်းနိုင်၊ ကျောမှာ အနာကြီးက ပြည်တွေ သွေးပုပ်တွေ တစွတ်စွတ်နဲ့၊ ဒီပုဂ္ဂိုလ်ကြီးက မင်းသားပါလို့ ပြောရင် ဘယ်သူက ယုံတော့မှာလဲဗျာ၊ ခင်ဗျားတောင် ကျုပ်တို့ဆရာ တပည့်ဇာတ်ဆို လူတော်တော်ကြည့်မှာပဲလို့ ပြောသေး မဟုတ်လား၊ ဒါကလဲ မှန်ပါတယ်လေ၊ ယုံစရာမှ မရှိနိုင်တဲ့ဘဝကို ရောက်လာရတာ ဆိုး၊ ဒီပုဂ္ဂိုလ်ကြီးကိုကြည့်ပြီး တရားရစရာတွေ အများကြီးပဲ၊ အရင် ကျုပ်ဆရာက ဝင်ငွေကလဲရှိ၊ ရုပ်ကလဲချော ဆိုတော့ မိန်းမတွေဆိုတာ ခါချရတာပေါ့၊ အို ခြေသလုံး နှိပ်ပေးတဲ့ အမျိုးသမီးနဲ့၊ ဖက်ကြောလျှော့ပေးတဲ့ အမျိုးသမီးနဲ့၊ ကျုပ်ဆရာကတော့ တစ်ချိန်က နတ်စည်းစိမ်နဲ့ နေခဲ့ရတဲ့လူမျိုးဗျ၊ အရင်က ဆရာကြီးရဲ့ ရုပ်ရည်ကို ကြည့်ချင်ရင် မိတ်ဆွေ သူ့သားကိုပဲ ကြည့်ပေါ့၊ သူ့သားအတိုင်းပါပဲဗျာ၊ အင်းလေ ဘယ်သူတွေ ဘယ်လိုပဲ ကျော်ကြားခဲ့ ကျော်ကြားခဲ့၊ ဘယ်သူတွေ ဘယ်လိုပဲ ကြီးကျယ်ကျယ်၊ ဘယ်သူတွေ ဘယ်လိုပဲ လှခဲ့ချောခဲ့၊ နောက်ဆုံးကျတော့ ဒီဘဝ ရောက်ကြရတော့တာပဲ၊ ဇရာလက်တွင်း သက်ဆင်းကြရတာပါပဲ၊ အခုလိုဘဝ ရောက်တော့ကော ဘယ်သူက ဘာတတ်နိုင်ကြလို့လဲ၊ တကယ်တော့ ဘယ်သူမှ ဘာမှမတတ်နိုင်ကြပါဘူးဗျာ

"ဒီလိုအခြေအနေမှာ လောဘဆိုတာရော ဘယ်ရောက်သွားပြီလဲ၊ ဒေါသ၊ မောဟ၊ မာန်မာနတရားတွေနဲ့ဥစ္စာပစ္စည်းပိုင်ဆိုင်လိုမှု၊

www.burmeseclassic.com

www.burmeseclassic.com



ရာထူးဂုဏ်၊ ဓနဂုဏ်ရှိလိုမှု၊ ခက်ထန်မှု၊ ဆွေဂုဏ်မျိုးဂုဏ် မောက်မာမှုတွေရော ဘယ်ရောက်သွားပြီးလဲ

"လူတွေဟာ မအိုတော့၊ မနာတော့၊ မသေတော့မယ့်အတိုင်းပါပဲဗျာ၊ ရာထူးကလေး နည်းနည်းရှိရင်ပဲ ကမ္ဘာတည်သရွေ့ ဒီရာထူးရှိနေမယ့်အတိုင်း၊ အောင်မြင်မှုတစ်ချိန်တစ်ခါရရင် တစ်သက်လုံးပဲ အောင်မြင်မှုဟာ သူ့နဲ့မကွာ နေတော့မယ့်အတိုင်း မောက်မာလိုက်ကြတာ၊ အပုပ်ကောင်ကို သရုပ်ဆောင်ပြီး ဟန်လုပ်နေလိုက်ကြတာဗျာ၊ ငွေလေး ကြေးလေးရှိသူတွေကလဲ ငွေအရှိန် ကြေးအရှိန်နဲ့ မောက်မာလိုက်ကြတာ၊ ပိုင်ဆိုင်လိုမှုတွေကလဲ မဆုံးနိုင်၊ လိုချင်တပ်မက်မှုတွေက မဆုံးနိုင်၊ မပြည့်နိုင်နဲ့ တိုက်တစ်လုံးက နောက်တစ်လုံး၊ ကားတစ်စီးက နောက်ကားတစ်စီး၊ တရားတဲ့နည်းရော မတရားတဲ့နည်းတွေပါသုံး၊ ပါးစပ်ကတစ်မျိုး၊ လက်ကတစ်မျိုးလုပ်ပြီး အပြောနဲ့အလုပ် မညီညွတ်ဘဲ ဓာတိုက်နေတဲ့သူတွေ ကြည့်လိုက်စမ်းပါဗျာ၊ အရူးတွေချည်းပဲ၊ ဒီလူတွေကိုတော့ တကယ်လဲ ရူးနေတဲ့လူတွေလို့ ခေါ်နိုင်တယ်ဗျ၊ မဟုတ်တာကို အဟုတ်ထင်နေကြတယ်၊ ကျုပ်အမြင်ကတော့ လူတွေဟာ အရူးချည်းပဲ၊ ဒါကြောင့်လဲ ပုထုဇ္ဇနော ဥမ္မတ္တကောလို့ ဆိုခဲ့တာပေါ့၊ အခုတော့ မိတ်ဆွေ မျက်မြင်ပဲလေ၊ တစ်ခါက ဓာတ်မင်းသားကြီးတစ်ဦးရဲ့ ဓာတ်သိမ်းခန်းဟာ သင်ခန်းစာယူဖို့ ဘယ်လောက်ကောင်းသလဲ၊ ကျွန်တော်ဆရာကြီးမှာ အရင်က တရားဝင်မယား ငါးယောက်



...ခဲ့တယ်၊ ခဏပျော်တဲ့ မိန်းမတွေကလဲ အများကြီးပဲ၊ အခုတော့ ...မိန်းမတွေကလဲ သေသူသေ၊ ကွဲသူကွဲ၊ သူလိုပဲ နာသူကနာနဲ့ သူ့ဘေး ...ခုတော့ မောင်သိန်းနဲ့ ကျုပ်ပဲရှိတယ်လို့ ဆိုရမှာပေါ့ဗျာ၊ ကျုပ်က ...တော့ ကျုပ်ဆရာကြီး အခုလို ခံစားနေရတာကို လောကမှာရှိတဲ့လူတွေ ...င်မြင်နိုင်ဖို့ ဗွီဒီယိုတောင် ရိုက်ထားချင်တယ်၊ ရိုက်ပြလိုက်ချင် ...ယ်ဗျာ"

ကျွန်တော်လည်း ကျွန်တော့်ရှေ့မှ သူပြောဆိုနေသောစကား ...ကို ပါးစပ်အဟောင်းသားနှင့် နားထောင်မိ၏။ သူပြောနေသော ...အားလုံးသည် အမှန်ချည်းဖြစ်သည်။ ထိုကဲ့သို့ ကျွန်တော်နှင့် ...လူ ပြောဆိုနေစဉ်အတွင်း မောင်သိန်းဆိုသူ လူရွယ် ပြန်ရောက်လာ၏။

မောင်သိန်းက သူ့ဖခင်ဖြစ်သူအား ဝတ္တရားမပျက် လုပ်ကိုး ...င်စဉ် အလုပ်တစ်ခုလို ပြုစုနေသည်မောင်သိန်းသည်ကျွန်တော့်ကို ...မ်း၍ ကြည့်လိုက်သေး၏။ ကြည့်သာ ကြည့်လိုက်သော်လည်း ...နှ်တော်တို့ကို တွေ့လိုက်သဖြင့် သူ့မျက်နှာတွင် ဘာမျှ ထူးခြား၍ ...သွား။

ကျွန်တော့်အတွက်ကား မျက်စိတစ်ဘက် လပ်နေသူကို ...စောက အထင်သေးမိခြင်းနှင့် သူ၏ အကျည်းတန်မှုအတွက် ...ထဲတွင် ဖြစ်ပေါ်ခဲ့ရမှုအားလုံးအတွက် အားနာသလိုပင် ဖြစ်လာရ ...၏။ ထိုလူကတော့ ဘာကိုမှ သိပ်ဂရုမထား။ သူ့ဘဝတွင် ဒါမျိုးတွေ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ခဏခဏ ကြုံဖူးဟန်ရှိ၏။ ဒါမျိုးအတွက် တုံ့ပြန်လိုသောစိတ်လည်း သူ့တွင်မရှိ။ တုံ့ပြန်နေလို့လည်း အချိန်ကုန် အကျိုးမရှိဖြစ်သည်ဟု ယူဆကာ သူ့ကို အထင်သေးအမြင်သေး ရှိမှုအားလုံးကို ထိုသူက လုံးဝ ဥပေက္ခာပြုထားဟန်ရှိသည်။

ကျွန်တော်သည် ထိုလူပြောသောစကားများနှင့် ထိုလူ့အပေါ် စိတ်ထဲမှာ အထင်သေးအမြင်သေး ရှိခဲ့မှုများအပေါ် ကိုယ့်ဟာကိုယ် အားတောင့်အားနာ ဖြစ်လာခဲ့၏။ ထို့ပြင်သာမက ထိုလူနှင့် စကားဆက်ပြောလိုသောဆန္ဒလည်း ပေါ်လာ၏။

ထို့ကြောင့် ကျွန်တော်က ထိုသူကို "ခင်ဗျားနဲ့ စကားပြောရတာ ဗဟုသုတလဲဖြစ်တယ်၊ နောက် ခင်ဗျားပြောတာတွေကလဲ အမှန်တွေပါ၊ ဟိုနားက အကြော်ဆိုင်မှာ တစ်ခုခုစားရင်း စကားလေးဘာလေး ဆက်ပြောကြရအောင်ဗျာ၊ ကျွန်တော်ဧည့်ခံပါမယ်" ဟု ပြောလိုက်ပါ၏။ ထိုအခါ သူသည် ကျွန်တော့်ကို ဘာမျှပြန်မပြောဘဲ မောင်သိန်းဆိုသူထံ ထွက်သွားပါ၏။ မောင်သိန်းကို သူက တစ်ခုခုပြောပြီး ကျွန်တော်ထံ ပြန်လာပါ၏။ သူပြန်လာသည်မှာ ကျွန်တော်၏ ဖိတ်ကြားချက်ကို လက်ခံသည့်သဘော ဖြစ်ပါသည်။

ကျွန်တော်နှင့် ထိုလူသည် အကြော်ဆိုင်ဘက်သို့ လျှောက်လာခဲ့၏။ ထိုလူမှာ ခြေတစ်ဘက်မသန်သဖြင့် သူ့ကို ကျွန်တော်က စောင့်၍ လျှောက်ရသည်။ လမ်းလျှောက်ရင်း ထိုလူက "ဒီက မိတ်ဆွေက ဘယ်သူလဲ၊ မန္တလေးကတော့ ဟုတ်ဟန်မတူဘူး" ဟုဆိုပါ၏။ ကျွန်တော်က ကျွန်တော်သည် ရန်ကုန်မှ ဖြစ်ကြောင်း၊ စာရေးဆရာ တစ်ဦးဖြစ်ကြောင်း၊ မန္တလေးသို့ ကိစ္စတစ်ခုနှင့်လာရာ ဒီမနက် လမ်းလျှောက်ထွက်ရာမှ ပင်စင်စားကြီးများနှင့် လည်းကောင်း၊ အမျိုးသမီးငယ်လေးတစ်ဦးနှင့်လည်းကောင်း၊ အကြော်သည် သားအမိနှင့်လည်းကောင်း၊ ကျောက်တော်ကြီးဘုရားအတွင်းမှ သီလရှင်အဘွားနှင့်လည်းကောင်း တွေ့မြင်ခဲ့ရပုံများကို ပြောပြရင်း ဒီမနက်တွင် ကျွန်တော်သည် ဇရာတရားကို အလေးအနက်ထား စဉ်းစားနေမိသည်ကို သူ့ကို ပြောပြလိုက်မိပါသည်။

ထိုလူက "ကျုပ်ကတော့ စာရေးဆရာဆိုလို့ ကျုပ်တို့ဓာတ်ထဲက ဓာတ်ညွှန်းရေးဆရာကိုပဲ မြင်ဖူးတယ်၊ သူက မန္တလာညွှန့်တဲ့၊ ဘုန်းကြီးလူထွက်၊ ခပ်အေးအေးပါ၊ ဒါပေမယ့် ဓာတ်ထဲက မင်းသမီးနှစ်ယောက်နဲ့တော့ အိမ်ထောင်ကျသွားတယ်၊ နောက် တခြားစာရေးဆရာဆိုတာတော့ မတွေ့ဖူးပါဘူး၊ ကျုပ်လဲ ကိုရင်လူထွက်ပါပဲ၊ ရဟန်းတက်ဖို့ဟာ အဲဒီမျက်စိကလဲပျက်၊ ခြေထောက်ကလဲ မကောင်းဆိုတော့ ကျုပ်ကိုရဟန်းအဖြစ်မြင်တာနဲ့ တခြားရဟန်း သံဃာတော်တွေကို ကြည်ညိုမှုလျော့မှာစိုးတာနဲ့ ရဟန်းဘောင်မတက်ဘဲ နေခဲ့တာပါ၊ မိတ်ဆွေက စာရေးဆရာဆိုတော့ ဇရာအကြောင်းရေးသင့်တာပေါ့ဗျာ" ဟုဆိုပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် ဘ၀အတွေ့အကြုံ အတော်ရှ၍ ကိုရင်ကြီးဘ၀ဖြင့် ဗုဒ္ဓဘာသာစာပေကိုလည်း အတော်အတန် နှံ့နှံ့စပ်စပ် လေ့လာထားဟန်တူ၏။

ကျွန်တော်တို့နှစ်ယောက် အကြော်ဆိုင်ဝင်ထိုင်တော့ ဘာကြောင့်မသိ။ ဆိုင်ရှင်က ဘယ်လိုမျှားလဲ ဆိုသောသဘောဖြင့် မျက်စောင်းတစ်ချက်တော့ ထိုးကြည့်၏။ ကျွန်တော်ကရော ထိုသူကပါ အကြော်သည်ကို လုံးဝဂရုမစိုက်ဘဲ ကျွန်တော်တို့ ပြောလိုသောစကားများကိုသာ ဆက်ပြောနေမိ၏။

"ကျွန်တော်က ဇရာအကြောင်းကို စာရေးဖို့၊ မရေးဖို့ မဆုံးဖြတ်ရသေးပါဘူး၊ ဒီနေ့တော့ ကျွန်တော်က ဇရာရဲ့သဘောကို အသေအချာ သိချင်စိတ်စောနေတာ တစ်ခုပါပဲဗျာ" ဟု ပြောလိုက်၏။

ထိုအခါ သူက "ဟိုမှာလဲနေတဲ့မင်းသားကြီးကို ခင်ဗျားတွေ့ပြီးပြီဆိုတော့ အဲဒါက ဇရာတရားရဲ့ လက်ချက်လက်ရာဗျ၊ ဇရာကိုယ်တိုင် မဟုတ်သေးဘူး၊ ဇရာကိုယ်တိုင်ကို ကျုပ်တို့ ကြည့်လို့မြင်လို့ရတာ မဟုတ်ဘူးဗျ၊ သူကပေးတဲ့ ဒုက္ခတွေကိုသာ မြင်ကြရတာ၊ အခုခေတ် ပေါ်နေတဲ့ ရုပ်ရှင်တို့၊ ကာ တွန်းတို့ထဲကလိုပေါ့၊ သိပ္ပံပညာရှင်ကြီး တစ်ဦးက လူဆိုးဆရာကြီးပေါ့ဗျာ၊ သူက ကမ္ဘာမြေကြီးနဲ့ လူသားတွေကို ဒုက္ခပေးတယ်ပေါ့၊ သူ့သိပ္ပံပညာနဲ့ လူတွေကို ခြိမ်းခြောက်ပြီး ကမ္ဘာကြီးကို အုပ်စိုးမယ်ပေါ့၊ အဲဒီဇာတ်လမ်းတွေမှာ ဒုက္ခပေးတဲ့



ဆရာကြီးကို တွေ့ရတာမဟုတ်ဘူး၊ ဆရာကြီးက ဖြူသလား၊ မည်းသလား ဘယ်သူမှ သိရတာမဟုတ်ဘူး၊ ဆရာကြီးက ခေါင်းကို တစ်ခုခုနဲ့စွပ်၊ ဒါမှမဟုတ် ရုပ်ဖျက်ပြီး ကြောင်နက်ကလေးကို ပွတ်နေတာ၊ ကျုပ်တို့တွေ့ရတာက ဆရာကြီးရဲ့ လက်ရာလက်ချက်တွေကိုသာ တွေ့ကြရတာ၊ ဆရာကြီးကို တွေ့ဖို့ရာကမလွယ်ဘူး၊ သူ့တပည့်ဖော်တောင် ဆရာကြီး ဘယ်သူဘယ်ဝါဆိုတာ မသိရဘူးဗျ" ဟုဆိုကာ ထိုသူက မလှသောသူ့မျက်နှာကို ပြုံးပြပါ၏။

ကျွန်တော်က "ဇရာတရားမှာရော တပည့်ရှိလားဗျ" ဟု ရှက်လုံးထုတ်၍မေးလိုက်ရာ သူက "ရှိတာပေါ့၊ ရှိတာမှ တပည့်အရင်းကြီးရှိတာဗျ" ဟုဆိုလေ၏။

ထိုအခါ ကျွန်တော်က "ဇရာတရားမှာ တပည့်ရှိတယ်ဟုတ်လား၊ ခင်ဗျားစကားက တယ်ဆန်းပါလားဗျ၊ တပည့်ရှိရင် အဲဒီဇရာရဲ့ တပည့်ရင်းကြီးက ဘယ်သူလဲ" ဟုမေးမိပါ၏။

ထိုအခါ ထိုသူက အကြော်တစ်ကိုက်ကိုက်ရင်း "ဇရာမှာ တပည့်ဆိုတာရှိတာပေါ့၊ ဇရာရဲ့သစ္စာရှိတပည့်ကြီးက ဒီခန္ဓာကြီးလေ" ဟု ဆိုကာ သူ့ရင်ဘတ်ကို သူပုတ်ပြပါ၏။

"ဒီခန္ဓာကိုယ်ကို ခင်ဗျားက ခင်ဗျားပိုင်၊ ခင်ဗျားဥစ္စာလို့ ထင်နေတယ်၊ တကယ်တော့ ဒီခန္ဓာဟာ ခင်ဗျားပေါ်မှာ လုံးဝသစ္စာမရှိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သူ့ဆရာကြီး ဇရာအပေါ်မှာသာ သစ္စာရှိတာ၊ ဒီခန္ဓာဟာ ဇရာရဲ့ တပည့်ရင်း၊ တပည့်အရင်းခေါက်ခေါက်၊ ဘယ်တော့မှ သစ္စာမဖောက် တဲ့တပည့်၊ ဇရာရဲ့စေခိုင်းသမျှကို တိတိကျကျ အောင်မြင်အောင် လုပ် တတ်တဲ့တပည့်၊ ဒီလိုသစ္စာရှိတဲ့တပည့်မျိုးက ရှားတယ်ဗျ”

ကျွန်တော်သည် သူ့ကိုစိုက်ကြည့်ရင်း သူ့စကားများကို အလေးအနက် နားထောင်နေမိ၏။ မန္တလေးတောင်ခြေ၏ နံနက်ခင်း ကား သာယာလှ၏။ ကျုံးဘက်မှ ဝင်လာသောလေအေးက အကြော်ဆိုင် တစ်ဝိုက်ကိုပါ ဝင်၍ နှုတ်ဆက်သွား၏။ ထိုသူကတော့ သူ၏အဘိဓမ္မာ များကို အကြော်ကိုက်ရင်း ဆက်၍ရှင်းပြနေပါ၏။

## သစ္စာရှိတပည့်နှင့် ကိုယ်ပျောက်ဆရာကြီး

မန္တလေးတောင်ခြေတစ်ဝိုက်ဝယ် ပို၍လင်းကျင်းလာသည်။ လူသွားလူလာလည်း စောစောကထက် ပိုများလာ၏။ နံနက်ခင်း လမ်းလျှောက်သူ၊ စက်ဘီးစီးသူများကားမရှိတော့။ ထိုသူကတော့ [illegible]တရားကို အလေးအနက်ထား၍ ကျွန်တော့်ကို ရှင်းလင်းနေပါ၏။

“တကယ်တော့ သတ္တဝါတွေဟာ သူတို့ရလာတဲ့ ခန္ဓာကို သူတို့ပိုင်ပစ္စည်းအမှတ်နဲ့ ပြုစုလိုက်ရတာ၊ အမေက သားလူမမယ်ကို ပြုစုတဲ့အတိုင်းပဲ၊ မွေးလာတဲ့ ကိုယ့်သားသမီး လူမမယ်ကို မိဘက မှက်၊ ခြင်၊ ယင် မသန်းရအောင် ပြုစုသလို စားချိန်တန်ရင် စားဖို့၊ သောက် ချိန်တန်ရင် သောက်ဖို့၊ အားလုံးအဆင်သင့် ပြုစုသလို ကျွန်တော်တို့ဟာ ကျွန်တော်တို့ရလာတဲ့ ခန္ဓာကို ပြုစုကြရတယ်

www.burmeseclassic.com

www.burmeseclassic.com



"ခန္ဓာကိုယ်က ဆာတယ်ဆိုရင် ကျုပ်တို့က ခန္ဓာအလိုကျ အဆာပြေအောင် စားစရာကို မရရအောင်ရှာပြီး ကျွေးမွေးရ၊ ပြုစုရတယ်၊ ဒါပေမယ့် ဒီခန္ဓာက အဆာပြေရုံလောက်နဲ့ အားမရနိုင်ဘဲ အချိုလေးမှ၊ အချဉ်လေးမှ၊ အဆိမ့်လေးမှ စားချင်တယ်ဆိုတိုင်း ကျုပ်တို့က အချိုလေး၊ အချဉ်လေး၊ အဆိမ့်လေးတွေ ရှာဖွေဆက်သ ကြရတယ်၊ အချိုအချဉ်ရပြန်တော့ ခန္ဓာက အခြားအရသာတစ်မျိုး ချိုဆိမ့်လေးကို ချင်ခြင်းတပ်ပြန်တယ်ဗျ၊ ချိုဆိမ့်ကျွေးပြန်တော့ ဖန်ခါးလေးမြည်းချင်ပြန်ရော၊ ဖန်ခါးလေးရတော့ ငန်ပျပျလေးကို တစ်ခါတောင်းဆိုပြန်ရော၊ ဒီတော့ ခန္ဓာအလိုကို အရသာတစ်မျိုးတည်းကိစ္စမှာတောင် လိုက်လို့ မဆုံးနိုင်ဘူးဗျ "

"ခန္ဓာအလိုကိုလိုက်ပြီး အကြိုက်လုပ်ပေးနေရတာက မိတ်ဆွေ တို့ ကျုပ်တို့ဟာ ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်ကြည့်လေ၊ ဆုံးတာမှ မဟုတ်တာ၊ ကဲ လှပတဲ့ အရောင်လေးမှ ဝတ်ချင်တယ်၊ နိုင်ငံခြားက လာတာမှ စားချင်တယ်၊ သာယာတဲ့အသံလေးမှ ကြားချင်တယ်၊ ဒီတော့ အရသာ ရှိရှိစားရဖို့၊ သာသာယာယာ ကြားရဖို့၊ လှလှပပမြင်ရဖို့၊ အပူ အအေး မျှမျှတတလေးနေရဖို့ ကာမဂုဏ် အာရုံကို ဝဝလင်လင် ခံစား ရဖို့၊ ဒီခန္ဓာတောင်းဆိုသမျှ လိုက်လျောနေနေရတာပဲ မဟုတ်လား

"သူတောင်းဆိုတာတွေကလဲ ဖြည့်ဆည်းလို့ကို မလောက်နိုင် ပါဘူး၊ ဒီခန္ဓာကိုယ် အလိုကိုလိုက်ပြီး အကြိုက်လုပ်နေသမျှ ဒုက္ခဆိုတာ



မိတ်ဆွေလဲ အသိ၊ ကျွန်တော်လဲအသိ၊ ဒါပေမယ့် ကျုပ်တို့ဟာ ဒီခန္ဓာကိုယ်ရဲ့အလိုကို အမြဲလိုက်ပြီး အကြိုက်လုပ်ပေးနေကြရတယ်၊ ဒီခန္ဓာကိုယ်ကြီးရဲ့ အလိုကိုလိုက်ရင်း လောဘတွေ ဒေါသတွေ ထွက်သား ထွက်ရဲ့၊ မောဟတရားတွေ ပွားလား ပွားရဲ့၊ ခန္ဓာအလိုကို အတော်သေတ်လိုက်ရင်း မကောင်းမှုကို ကျူးလွန်ရမလား ကျူးလွန်လိုက်တာပဲ၊ မမှန်တာကို ပြောရမလား ရဲရဲကြီးပြောလိုက်တာပဲ၊ လိမ်ရမလား၊ ညာရမလား၊ ငရဲလဲမကြောက်၊ တမလွန်ကိုလဲ မရှုံ့၊ လူတွေဟာ ခန္ဓာအလိုကိုလိုက်ရင်း လူအချင်းချင်း လက်မရှုံ့သားတွေလို ကျင့်ကြံနေလိုက်ကြတာ၊ ညီအစ်ကို မောင်နှမအချင်းချင်း အမှုဖြစ်လို ဖြစ်၊ ကျေးဇူးရှင်ကို ပြစ်မှားလိုပြစ်မှား၊ လူသားတွေဟာ ခန္ဓာရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းရင်း သူမလုပ်ရဲတာ ဘာမှမရှိတော့ပါဘူး၊ စစ်ပွဲတွေ ရန်ပွဲတွေ ဖြစ်လိုဖြစ်၊ တရားရုံးရောက်လိုရောက်၊ ဘယ်ရောက်ရောက် ဘယ်ပေါက်ပေါက် လူဟာ ခန္ဓာကိုယ်ရဲ့ အလိုကိုဖြည့်ရင်း မီးပုံကို တိုးနေတာ၊ ပူမှန်း လောင်မှန်းတောင် မသိတော့ပါဘူးဗျာ" ဟုဆို၏။

"ဒါတင် ဘယ်ကပါဦး မလဲ၊ ဒီခန္ဓာကြီးလှအောင် ပအောင် အမြဲပြင်ဆင်နေရသေးတယ်၊ ဒီခန္ဓာကြီး မလှမှာစိုးလို့ ဆံပင်တွေဖြူနေရင် နှုတ်ပစ်ရတာအမော၊ ဒီခန္ဓာလှဖို့ဆိုရင် ဘယ်လောက်ပဲ ပေးရပေးရ၊ ဒီခန္ဓာကြီးကို ဆင်ဖို့ဆိုရင် ဘယ်လောက်ပဲ ကုန်ကျကုန်ကျ၊ လှုပ်လိုက်ရတာအမောပဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက စကားပြောရင်း ရေနွေးကြမ်းတစ်ကြိုက်သောက်ကာ ခန္ဓာ၏အလိုကိုလိုက်၍ အကြိုက်ဆောင်ပုံများကို ဆက်၍ပြောပြပါ၏။

သူက ဆက်၍ "ကဲအခုကြည့်လေ၊ မိတ်ဆွေနဲ့ကျုပ်ဟာ ဒီခန္ဓာကြီးကို သူ့အလိုပြည့်အောင် အကြော်ကျွေးနေရတာ ပဲ မဟုတ်လား၊ ဒါတောင် အကြော်က အေးပြီးပျော့နေရင် သူက မစားချင်ဘူး၊ အကြော်လေးဆို ကြွပ်မှ၊ ရေနွေးဆို ခါးမှ သူက ကြိုက်တာဗျ" ဟု ဆိုလေ၏။

ထိုအခါ ကျွန်တော်က "နေပါဦးမိတ်ဆွေရဲ့၊ ဒီခန္ဓာရဲ့အလိုကို မလိုက်လို့ ဘယ်ရပါ့မလဲ၊ ဘာကြောင့်လဲဆိုတော့ ကြည့်လေ ဒီခန္ဓာကြီး မလှရင် ကျုပ်မလှဘဲ ဖြစ်နေမှာပေါ့၊ ဒီခန္ဓာကြီး မစားရရင် ကျုပ်မစားရဘဲ နေမှာပေါ့၊ ဒီခန္ဓာအတွက်ပဲ ကျုပ်တို့ အသက်ရှင်နေတာ မဟုတ်ဘူးလား" ဟုဆိုသောအခါ ထိုသူက–

"ဟုတ်ပါတယ်၊ ဒီနေရာမှာ သဘောပေါက်ဖို့က ခင်ဗျားဟာ ခင်ဗျားနဲ့ ခန္ဓာကို ခွဲမြင်ရမယ်ဗျ၊ ခင်ဗျားအပေါ် ဒီခန္ဓာက ဘယ်လောက်များ သစ္စာရှိလို့လဲ၊ ခင်ဗျားက ခုလိုလှပအောင်၊ ဝလင်အောင်ဆင်လိုက်၊ လုပ်လိုက်ရတာ အမောပါပဲ၊ ဒါပေမယ့် ဒီခန္ဓာက ခင်ဗျားရဲ့စကားကို နားထောင်တာမဟုတ်ဘူး၊ ခင်ဗျားရဲ့ဆန္ဒကို နားလည်တာမဟုတ်ဘူး၊ ဒီခန္ဓာက ဇရာရဲ့အမိန့်၊ ဗျာဓိရဲ့အလို၊ သေမင်းရဲ့ လမ်းညွှန်ချက်တွေကိုသာ အတိအကျ လိုက်နာတာ



"ခင်ဗျားက ဘယ်လောက်ပဲ ဒီခန္ဓာကြီးလှပနေအောင် ဆံပင်ဖြူတွေ နုတ်နေပေမယ့် ဇရာတရားက ကဲ မင်းခေါင်းကဆံပင်တွေ တစ်ခေါင်းလုံး ဖြူလိုက်ဆိုတာနဲ့ တစ်ခေါင်းလုံး ဖြူရတာပဲ၊ ပါးရေတွေ တွန့်လိုက်စမ်းဆိုရင် တွန့်ရတာပဲ၊ မျက်စိတွေမှုန် သွားတွေကျိုးဆို ကျိုးတာပဲ၊ အကောင်းပကတိကြီးကနေ ခင်ဗျား မန္တလေးကို လာစရာ ...ရှိနေတယ်၊ ဒါကို ဗျာဓိက ကဲ ခင်ဗျား နာစမ်းဆိုတာနဲ့ လက်မှတ် ...ထားပြီးတာ သိရက်နဲ့ ခန္ဓာက နာလိုက်တာပဲ၊ မန္တလေးလာဖို့ကိစ္စ ...န်းလန်းနဲ့ နာဆိုရင် ခန္ဓာက နာတာပဲ၊ သေဆိုရင် ဒီခန္ဓာက သေတာပဲ၊ ဒါကို ခင်ဗျားက ဒီခန္ဓာဟာ ခင်ဗျားပိုင် ခင်ဗျားပစ္စည်း ခင် ဗျားဟာလို့ ထင်နေတယ်

"ခင်ဗျားဟာ တကယ်တော့ အိမ်ငှားတင်ထားတဲ့ အိမ်ရှင်လိုပဲ၊ ...တယ်လို့သာ နာမည်ပေါက်တာ၊ ခင်ဗျားအိမ်ပေါ်မှာ တကယ်တက် ...တာက အိမ်ငှား၊ အိမ်ငှားက ငှားထားတဲ့အိမ်ပေါ်မှာ ထင်သလိုလုပ် ...တာပဲ၊ ဒါပေမယ့် ဒီအိမ်ငှားကို နှင်ချလို့ကလဲမရဘူး

"မိတ်ဆွေရဲ့ ခန္ဓာအိမ်မှာ စပေါ်မတင်ဘဲ လာငှားနေတာက ...ရယ်၊ ဗျာဓိရယ်၊ မရဏရယ်ဗျ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ အိုခြင်း၊ နာခြင်း၊ ...ခြင်း အိမ်ငှားတွေကို မကောင်းမှန်းသိတယ်၊ ဒီခန္ဓာမှာ နေပြီး ...ပျက်စီးရာ ပျက်စီးကြောင်းတွေ လုပ်နေတယ်ဆိုတာ သိရက်နဲ့ ...ဗျားက နှင်ချလို့မရဘူး၊ နှင်ချတော့လဲ သူတို့ကမဆင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက စိတ်ပါဝင်စားစွာဖြင့် စကားကို ဆက်နေပါ၏။

ကျွန်တော်က ထိုသူပြောဆိုသည်များကို သေသေချာချာ နားထောင်နေ၏။ သူက စိတ်ပါလက်ပါ ပြောနေခြင်းဖြစ်၏။ သူလို လူတစ်ယောက်က ဤလို အဖိုးတန်စကားများ ပြောနေရသလားဟု ထင်လိုက ထင်နိုင်သော်လည်း သူ့စကားများက အမှန်ချည်းဖြစ်၏။ ဤစကားများကို ဓမ္မကထိကတစ်ဦး၊ ထင်ရှားသူတစ်ဦး၊ နိုင်ငံခေါင်းဆောင်တစ်ဦး ပြောပါက ကမ္ဘာကျော်စကားများ ဖြစ်နိုင်၏။

သူ့ ဥပမာပေးပုံကလည်း မှန်၏။ ကျွန်တော့်အဘိုးတော်သူမှ စဉ်က သူ့၏အိမ်အပေါ်ထပ်တွင် အခန်းငယ်တစ်ခုကို အဘိုးက ဝန်ထမ်းမိန်းကလေးတစ်ဦးအား ငှားထားသည်ဟု အဘိုးက ဆိုဖူး၏။ အဘိုးဆုံးတော့ အိမ်ငှားမိန်းကလေးက သူသည် အပေါ်ထပ်တစ်ထပ်လုံးကို ငှားထားတာပါဟုဆို၏။ ထိုမိန်းကလေးက စပေါ်ငွေတစ်သောင်းနှင့် ငှားထားသော်လည်း စပေါ်ပိုပေးလျှင် ဆင်းမည်ဟုဆိုကာ သက်ဆိုင်ရာတွင် ညှိကြ၏။ အိမ်ရှင်ဘက်က ပေးနိုင်သလောက်တော့ပေး၏။ အိမ်ငှားတောင်းသလောက် မပေးနိုင်။ သည်လိုနှင့် ညှိ၍မရတော့ တစ်ထပ်လုံး ငှားတာလား၊ တစ်ခန်းတည်းငှားတာ လားဆိုသည့်ကိစ္စ တရားရုံးသို့ရောက်ကာ အမှုဖြစ်ရ၏။ ကျွန်တော်က သက်သေဖြစ်၏။

ထိုအမှုပြီးပါက အမှုတွင်ပါဝင်သော အိမ်ရှင် အိမ်ငှား သက်သေတို့၏အကြောင်း စာအုပ်ရေးမည်ဟု ကျွန်တော်ရည်ရွယ်၍



အချက်အလက်များ စုဆောင်းထား၏။ ဤဖြစ်ရပ်တွင် တရားကျစရာ သူ့စရိုက်များစွာကို တွေ့ရ၏။

ထိုအိမ်တွင်ပင် အောက်ထပ်မှ အိမ်ငှားက အခန်းတစ်ခန်းကို တစ်သောင်းခြောက်ထောင်နှင့် ငှားထားသည်ကို စပေါ်ပိုပေးက ဆင်းမည်ဟုဆိုကာ အိမ်ရှင်ထံမှ စရန်ငွေနှစ်သောင်းကိုယူ၏။ စရန်ငွေနှစ်သောင်းယူပြီး အိမ်ပေါ်မှ ဆင်းမပေး။ သည်တော့ တရားရုံးရောက်ပြန်၏။ ထိုကိစ္စတွင်လည်း ကျွန်တော်သည် သက်သေဖြစ်ရပြန်ပါ၏။

လက်ရှိ အိမ်ရှင်အိမ်ငှား ဥပဒေကို ပြင်ဖို့ကောင်းနေသည်မှာ ကြာပြီဖြစ်၏။ သက်ဆိုင်ရာတို့က ပြင်နေသည်ဟုဆိုသော်လည်း ပြင်ချက်က ထွက်မလာသေးသောကြောင့် များစွာသော အိမ်ရှင်များ အတိဒုက္ခရောက်နေကြရသည်မှာ နိုင်ငံနှင့်အဝန်းဖြစ်သည်။ သို့သော်လည်း ဥပဒေက တရားဝင်မပြင်ရသေး။ ယခင်က အိမ်ရှင်များသည် နိုင်ငံခြားသားများဖြစ်၏။ ထို့ကြောင့် ဥပဒေက အိမ်ငှား မြန်မာအမျိုးသားတို့ မနစ်နာစေရန် စီမံထားခြင်းဖြစ်ရာ ယခု တစ်နိုင်ငံလုံးတွင် အိမ်ရှင်များက မြန်မာများဖြစ်လာသောအခါ ထိုဥပဒေ၏ သက်ရောက်မှုဆိုးကျိုးကို အိမ်ရှင်မြန်မာများ ခံနေကြရ၏။

မိမိခန္ဓာကို မိမိပိုင်သည်ဟုဆိုသော်လည်း အိုမှု၊ နာမှု၊ သေမှုတို့က ဤခန္ဓာတွင် သူ့အိမ်သူ့ရာ သူပိုင်သဖွယ် နေကြသော်လည်း အိုခြင်း၊ နာခြင်း၊ သေခြင်းတို့သည် ကျေးဇူးမသိတတ်သော အိမ်ငှားများ

www.burmeseclassic.com

www.burmeseclassic.com



သဖွယ် ခန္ဓာအိမ်ကို လုံးဝအကျိုးမပြုဘဲ ရန်လုပ်၍နေသည်ဆိုခြင်းမှာ အမှန်ပင် ဖြစ်၏။

ဇရာ၊ ဗျာဓိနှင့် မရဏတို့သည် ခန္ဓာကိုအကျိုးပြုသူများ မဟုတ်ဟုဆိုကာ သူတို့အား ခန္ဓာအိမ်မှ မောင်းချ၍မရ။ တစ်ဖန် ထိုသူက ခန္ဓာသည် ဘာနှင့်တူသလဲဆိုပါက မလိမ္မာသော သားမိုက်နှင့် တူသည်ဟုဆို၏။ အမေက တစ်သက်လုံး ကျွေးလိုက် မွေးလိုက် ပြုစုလိုက်ရတာ။ ဟော... အိမ်ထောင်ကျတော့ အမေ့စကားကို နားမဝင်၊ အမေ့စကားကို နားမထောင်။ မယားအကြိုက်၊ မယားအလိုကို လိုက်သောသားကဲ့သို့ ဖြစ်သည်ဟု ဆိုပါ၏။ "အဲဒီသားက အမေ့ပစ္စည်း တွေခိုးပြီး မယားကို ပေးလားပေးရဲ့၊ အမေဒုက္ခရောက်အောင် လုပ်လား လုပ်ရဲ့၊ ဒါပေမယ့် အမေကတော့ ငါ့သားလေး ငါမွေးထားတာပဲဆိုပြီး ချစ်လိုက်ရတာ၊ သားက အမေကိုပစ်ပြီး မယားကို အနှစ်ထင်နေတာမျိုး ပေါ့ဗျာ" ဟုဆိုပါ၏။

သေခြင်း၊ အိုခြင်း၊ နာခြင်းဆိုသည်တို့က ဤခန္ဓာဖြစ်တည် လာကတည်းက ပါလာခဲ့၏။ ဒီခန္ဓာတွင် ဇရာတရားသည် ကောင်းကျိုး မပေးဟုဆိုကာ ဇရာကိုသတ်ပါက သတ်လို့မရ၊ ကိုယ့်ကိုယ်ကိုယ် သတ် ရာကျမည်ဟု သူကဆိုပြန်၏။ ဇရာအားသတ်ပါလျှင် ခန္ဓာကိုယ်ပါ သတ်ရမည်ဖြစ်၏။ ဒီခန္ဓာကို မတွယ်တာ မမက်မောဘဲ ခန္ဓာကိုစွန့်နိုင်



ဤခန္ဓာဖြစ်တည်လာရာမှစ၍ တွဲပါလာသော ဒုက္ခများကိုပါ စွန့်နိုင် မည်ဟုဆို၏။

ကျွန်တော်က "ကဲ... မိတ်ဆွေပြောတာကို ကျွန်တော်လက်ခံ ပါတယ်၊ ဒါပေမယ့် ခန္ဓာဆိုတာကတော့ ဇရာတရားက စေခိုင်းသမျှကို လိုက်လုပ်နေရတာပဲ၊ ဇရာတရားက ဆရာကြီးပဲဆိုပါတော့ဗျာ၊ အဲဒီ ဆရာကြီးကိုနိုင်တဲ့၊ ဖြိုနိုင်တဲ့သူရော မရှိဘူးလားဗျာ" ဟုမေးမိပါ၏။

"ရှိတာပေါ့ဗျာ၊ သိပ်ရှိတာပေါ့၊ ကျုပ်တို့ ရုပ်ရှင်ကားတွေထဲမှာ ဆရာကြီးက ဘယ်လောက်ပဲတော်တော်၊ ဘယ်လိုပဲ အသိုင်းအဝိုင်းတွေ နဲ့ ဉာဏ်များများ၊ ဂျိမ်းစဘွန်းလဲလာရော ဆရာကြီးလဲ ကြွရတာပဲ မဟုတ်လားဗျ" ဟုဆိုပါ၏။

သူက သူ့ဟာသူ အကွက်ကျကျ ပြောနေသော်လည်း ဇရာ၊ ဗျာဓိ၊ မရဏတွင် ဂျိမ်းစဘွန်းပါလာ၍ ကျွန်တော်က ပြုံးလိုက်၏။

ကျွန်တော်သည် လက်ဖက်ရည်ကြမ်း ကောင်းကောင်းသောက် တတ်သူဖြစ်၏။ အကြော်ဆိုင်မှ လက်ဖက်ရည်က ဆေးဆိုးထား၍ သောက်၍မကောင်း။ သို့သော် အကြော်ကကြွပ်၊ ရေနွေးက ပူသော ကြောင့် ခံသာသေး၏။ ကျွန်တော်က ရေနွေးတစ်ပန်းကန် ထပ်ငှဲ့ပြီး...

"ခင်ဗျားဟာက စိတ်ဝင်စားစရာပဲ၊ ကြောက်စရာကောင်းပြီး အားလုံးလက်မြှောက်ထားရတဲ့ ဇရာတရားကို နိုင်တဲ့သူရှိတယ်ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုတော့ ကျွန်တော် အသိချင်ဆုံးပဲဗျာ၊ သူက ဘယ်သူလဲ၊ ဘယ်လို အောင်နိုင်တာလဲဗျာ" ဟု မေးလိုက်မိပါ၏။

ထိုသူက လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀– ကျော်က အိန္ဒိယကျွန်း ဆွယ်တွင် ဂေါတမမြတ်စွာဘုရား ပေါ်ထွန်းတော်မူခဲ့သည်။ မြတ်စွာ ဘုရားသည် သိဒ္ဓတ္ထမင်းသားဘဝမှ အိုနာသေဟူသော ဇရာ၊ ဗျာဓိ၊ မရဏတရားတို့ကို တွေ့ကြုံကာ ဥရုဝေလတောသို့ ဇရာ၊ ဗျာဓိ၊ မရဏ တရားတို့ကြောင့် ဖြစ်ပေါ်လာရသော ဒုက္ခအစုံစုံမှ ကင်းရာ၊ ကုန်ရာ၊ ချုပ်ရာ၊ ဆုံးရာအကြောင်းတရားကို ဒုက္ခအဖုံဖုံဖြင့်ရင်းနှီး၍ တရားမြတ် တရားမှန်ကို ရှာဖွေခဲ့သည်။ ရဟန်းကြီး သိဒ္ဓတ္ထသည် ခြောက်နှစ်ကြာ ဒုက္ကရစရိယာကျင့်ခဲ့၍ အမှန်တရားကို ရှာခဲ့၏။

ထိုအခါ မြတ်စွာဘုရားသည် ဇရာ၊ ဗျာဓိ၊ မရဏတရားတို့ ကင်းရာ ကုန်ရာ၊ ချုပ်ရာ ဆုံးရာအရပ်ကို တွေ့ရှိခဲ့သည်။ ထိုသို့ တွေ့ရှိခဲ့ ရုံသာမက ဒုက္ခအပေါင်းမှ ကင်းငြိမ်းရာ ဇရာ၊ ဗျာဓိ၊ မရဏတို့ မမီနိုင် မလှမ်းနိုင်သော ထိုအေးငြိမ်းရာ အရပ်သို့ သွားရာအရပ်ကိုလည်း ညွှန်ပြ တော်မူခဲ့သည်ဟု ဆိုပါ၏။

ကျွန်တော်သည် ထိုသူကို စကားပြောရင်း ကြောက်၍ပင် လာ၏။ ကြက်သီးထစရာဖြစ်၏။ ကျွန်တော်က ထိုလူသည် သူ့ကိုယ်သူ မသတိစရာဖြစ်အောင် ဖန်ဆင်းလာပြီး ကျွန်တော့်ကို တရားလာ သည့် ပုဂ္ဂိုလ်ထူးတစ်ဦးများလားဟုပင် ထင်လာမိ၏။ ထိုအချိန်



ကျွန်တော်က စကားတစ်ခုကိုဆက်ရန် နှုတ်ပြင်နေစဉ် သူက ကျွန်တော့် အရှင် "ဟိုမှာ မောင်သိန်းခေါ်နေပြီ" ဟုဆိုကာ ထိုင်ရာမှထရန် ပြင်၏။ ကျွန်တော်က မောင်သိန်းဘက်သို့ လှည့်ကြည့်လိုက်၏။ အမှန်ပင် မောင်သိန်း လက်ပြ၍ ခေါ်နေ၏။ ထို့ကြောင့်ပင် ကျွန်တော်က "ခင်ဗျား နဲ့ စကားပြောရတာ ကောင်းတယ်ဗျာ၊ ဒါနဲ့ ခင်ဗျားနာမည်က ဘယ်သူလဲ၊ ခင်ဗျားက ဘာလုပ်ကိုင်သလဲ၊ ခင်ဗျားနဲ့ထပ်တွေ့ဖို့ ကျွန်တော်တောင် ခြေကို လာခဲ့ပါဦးမယ်" ဟုဆိုတော့ သူက ထိုင်ရာမှ ထနေပြီး သူ့အကြောင်းကို ရပ်လျက်ပြောပါ၏။ ထို့နောက် သူသည် ကြော်ဆိုင် မှထွက်၍ သွား၏။

ကျွန်တော်သည် ထိုသူကို ရပ်ကြည့်နေမိ၏။ သူသည် သူ့ကို ကောင်းကျိုးလုံးလုံးမပေးသော သူ့ခန္ဓာမှ ခွင်နေသော ခြေထောက်တို့ ဖြင့် ထောက်ကာထောက်ကာ လျှောက်သွားပါ၏။

သူ့နာမည်က ဇဝနဟုဆို၏။ နာမည်အဓိပ္ပာယ်က လျင်မြန် သည် ဟုဆိုသောသဘောဖြစ်၏။ သို့သော် သူ၏ ခွင်နေသော ခြေ ထောက်များကား ဘယ်နည်းနှင့်မျှ လျင်မြန်သည့်သဘောကို မဆောင် ပါ။ လူနှင့် နာမည်ကတော့ တခြားစီဖြစ်ပါ၏။ ကျွန်တော်က ခင်ဗျားနာမည်နဲ့ ခင်ဗျားကတော့ တခြားစီပါပဲဗျာဟု ဆိုတော့ "ဟုတ် တယ်၊ တခြားဆီက ချောင်းဆိုးတယ်၊ ပဲဆီနှမ်းဆီမှ ကောင်းတာ" ဟု ပြောသွားပါသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက်ကား ဇဝနဟူ၍ မှတ်ရလွယ်သွား[illegible]
ကွယ်လွန်သူ စာရေးဆရာကြီး ဇဝနကို မှတ်ထားလိုက်၏။ ယခုလဲ[illegible]
သော အဘိုး၏ဓာတ်တွင် ကိုဇဝနက ကားဆွဲသူဟုဆို၏။ သူ အခု[illegible]
အရုပ်ဆိုးနေတာကတော့ မိမွေးတိုင်းဖမွေးတိုင်း မွေးကတည်း[illegible]
အရုပ်ဆိုးနေတာဟု ဆိုသည်။ ခြေခွင်နေတာက တစ်နေ့ ဓာတ်ကရ[illegible]
ကြိုးဆွဲရာ ပြည်ဖုံးကား သူ့ဒူးခေါင်းပေါ်ပြုတ်ကျ၍ ခြေခွင်သွားခဲ့သ[illegible]
ဟု ဆို၏။ မျက်စိကတော့ ဓာတ်ထွက်ရင်း သံချေးတက်နေသေ[illegible]
သံပြားတစ်ချပ်ကို တူနဲ့ထုရာ သံချေးစဝင်ပြီး မျက်စိအသားကို စူး[illegible]
ထိုဒဏ်ရာကို ဆေးမြီးတိုများနှင့် ကုရာမှ ပြည်တည်ပြီး အနာဖြစ်[illegible]
ဆေးရုံသွား နောက်ကျ၍ မျက်စိတစ်ဘက် ထုတ်ပစ်ခဲ့ရသည် [illegible]
ဆိုပါ၏။

"ဒါပေမယ့် ကျုပ်က စိတ်မပျက်ပါဘူး၊ ကျုပ်ခန္ဓာဟာ က[illegible]
ကို ကောင်းကျိုးမပေးဘူး၊ ဒါပေမယ့် ကောင်းကျိုးမပေးတဲ့သူ့ကို[illegible]
ကျုပ်က ပြန်နိုင်းစားခဲ့ရတယ်ဗျာ" ဟုဆို၏။

"ကြည့်လေ၊ အရင်ကားကြိုးဆွဲတုန်းက ကျုပ်က တစ်ည[illegible]
ငါးကျပ်လားရတာ၊ နောက်ခြေကခွင်၊ မျက်စိက တစ်ဘက်လပ်[illegible]
ဓာတ်ထဲမှာ အရုပ်ဆိုးဆိုးထွက်ရမယ့်အခန်း၊ ကြောက်စရာလုပ်[illegible]
ထွက်ရမယ့်အခန်းတွေမှာ မိတ်ကပ်မလိုဘဲ ကျုပ်က ထွက်လို့ရ[illegible]
ကျုပ်ညကြေးက တစ်ည ၂၅- ကျပ်အထိ တိုးရလာတယ်ဗျ၊ မျ[illegible]



[illegible]ဘက်ကို အနက်စနဲ့ပတ်ပြီး ကျုပ်ထွက်လာရင် ပွဲကြည့်ပရိသတ်က
[illegible]တ်လန့်သွားကြတာ၊ ဟော အဲဒီအနက်စကို ဖယ်ပြီး မျက်စိဟောက်
[illegible]ကြီးကို ပြလိုက်တော့ ပိုလန့်သွားတယ်၊ သရုပ်ဆောင်ရုံတင်
[illegible]တ်ဘူး၊ တကယ့်ကို မျက်စိလပ်နေတော့ သဘာဝလဲ အလွန်ကျပြီး
[illegible]ကြေးတိုးရတာပေါ့ဗျ" ဟုဆိုပါ၏။

"အခု ဘာလုပ်စားနေလဲ" ဟု ကျွန်တော်က မေးသောအခါ
[illegible]သူက "အခုတော့ ဓာတ်လဲပျက်၊ ဒီရုပ်လက္ခဏာနဲ့ ဘယ်သူကမှလဲ
[illegible]ပ်ကို အလုပ်မခန့်တော့ ဒီခန္ဓာကိုယ်ပြပြီးတော့ တောင်းစားရတာ
[illegible]ါ့ဗျာ၊ ကျုပ်ပုံနဲ့က ဆိုက်ကားနင်းလဲ ဘယ်သူမှမစီးဘူး၊ ဈေးရောင်း
[illegible]တော့လဲ ဘယ်သူကမှ မဝယ်ဘူး၊ တောင်းစားတော့ မဆိုးပါဘူး၊ ပေးကြ
[illegible]သားပဲ၊ ကျုပ်သိပ်အပိုလဲ မတောင်းပါးဘူး၊ ကျုပ်အတွက် တစ်နေ့စာနဲ့
[illegible]ပ်ဆရာရဲ့ ဆေးဖိုးဝါးခလောက်ရရင် တော်တာပါပဲ

"ဒါပေမယ့် ကျုပ်ဒီနားက ဘုရားတွေမှာ တရားထိုင်တယ်၊
[illegible]မာဓိရအောင်လုပ်တယ်၊ ဝိဿနာရှုတယ်၊ ဟိုဘဝက အကုသိုလ်
[illegible]ကြောင့် ခုလိုဖြစ်ရတဲ့ဘဝ၊ နောင်ဘဝ ဒီလိုဆက်မဖြစ်အောင်တော့
[illegible]မတောင်းတော့ပါဘူး၊ သည့်ဒုက္ခခန္ဓာကြီး ပြတ်အောင်၊ စဲအောင်ပဲ
[illegible]ရှိပါတော့တယ်ဗျာ

www.burmeseclassic.com

www.burmeseclassic.com



“ဒုက္ခပြတ်အောင် လုပ်တာက အကောင်းဆုံးပဲဗျ၊ ဒုက္ခပြတ်အောင်ကတော့ ဒီခန္ဓာရုပ်စဲမှ ပြတ်မှာ၊ ဒီခန္ဓာ မပြတ်စဲသမျှတော့ အို နာရ၊ သေကြရဦးမှာပဲ၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ချစ်တဲ့သူနဲ့ ကွေ ကွင်းရခြင်း၊ မချစ်မနှစ်သက်တဲ့သူနဲ့ ပေါင်းဖော်ရခြင်းတို့ကလဲ ဘဝ တာ တည်နေသမျှ ပါလာဦးမှာပဲ၊ အိုနာသေဘေး ဆိုတာကိုတော့ ခင်ဗျားတို့ ကျွန်တော်တို့ မဆိုထားနဲ့ မြတ်စွာဘုရားကိုယ်တော်တိုင် တောင် အိုတဲ့ဘေးက မကင်းနိုင်ခဲ့ဘူး၊ နာတဲ့ဘေးက မကင်းနိုင်ခဲ့ဘူ ဆိုတာ ခင်ဗျားလဲ သိမှာပေါ့ဗျာ”ဟုပြောပါ၏။ သူသည် တစ်ခါတစ်ခါ ကျုပ်ဟု ပြော၍ တစ်ခါတစ်ခါ ကျွန်တော်ဟု ပြောပါ၏။

သူသည် မတ်တတ်ရပ်လျက်ပင် မှတ်စရာစကား အတော်များ များကို ပြောပါသေး၏။ ကျွန်တော်ကတော့ သူပြောသောစကားများကို ပါးစပ်အဟောင်းသားနှင့် နားထောင်ရင်း ရပ်နေရ၏။ ကျွန်တော်သည် သူပြောသမျှ စကားများကိုလည်းကောင်း၊ ဘုရားရှင်သော်မှ အိုရ နာ သည် ဟူသောစကားကို လည်းကောင်း မှတ်သားကာ လဲနေသော ဇာတ်ဆရာအဘိုးအို၊ မောင်သိန်းနှင့် ကိုဇဝနတို့ရှိရာတဲကို ရပ်ကြည့်နေ ပြီး ခဏကြာမှ အကြော်ဆိုင်မှ ထွက်ခဲ့ပါ၏။

ထွက်ခဲ့ပြီး ခပ်လှမ်းလှမ်းရောက်တော့ ကျွန်တော်သည် ထိုတဲ လေးဆီသို့ ပြန်၍ လှည့်ကြည့်မိ၏။ ထိုသူကိုရော၊ မောင်သိန်းဆိုသူပါ



သူတို့တဲလေးရှေ့တွင် မတွေ့တော့ဘဲ တဲလေးကိုတော့ တွေ့နေရသေး၏။ မောင်သိန်းနှင့် ကိုဇဝနတို့ တဲအတွင်းသို့ ဝင်သွားဟန်ရှိ၏။

တဲရှေ့တွင်တော့ တစ်ခါက ရေမွှေးနံ့ တသင်းသင်းဖြင့် ဣညာပျိုတို့ စွဲမက်ခဲ့ရသော ပြဇာတ်မင်းသားကြီးတစ်ဦး ဇရာ၏အရှု အထောင်းကို ခံစားရင်း ယင်တလောင်းလောင်းဖြစ်နေမည့်အပြင် ထိုအနား၌ ခွေးမတစ်ကောင်လည်း မယောင်မလည်ဖြင့် ရှိနေမည်မှာ သေချာလှပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# နှစ်မည်သောဒုက္ခကို ဖန်တီးသူ

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်ရှိ မိဂါရမာတာ ဝိသာခါ၏ ပုဗ္ဗာရုံပြာသာဒ်ကျောင်း၌ သီတင်းသုံးစံမြန်း၍ နေတော်မူ၏။ ထိုအချိန်သည် ဆီးနှင်းများကျသော အေးချမ်းသည့် ရာသီဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် မိမိ၏သင်္ကန်းတော်ကို လှစ်ခွာလျက် ကျောင်းနောက်ဘက်၌ နေပူစာလှုံတော်မူနေ၏။ ညနေခင်းဖြစ်ရာ ပုဗ္ဗာရုံပြာသာဒ် ကျောင်းအရှေ့ဘက်တွင် အရိပ်ဖြစ်ပေါ်နေသောကြောင့် ကျောင်း၏ အနောက်ဘက်တွင် ဘုရားရှင်သည် နေပူစာလှုံတော်မူခြင်းဖြစ်၏။

အမှန်စင်စစ် မြတ်စွာဘုရား၏ ဥပါဒိန္နက– စွဲလမ်းမှုကြောင့် ရရှိလာသောခန္ဓာကိုယ် ရုပကာယကြီးသည် ပူသောအခါ အပူဒဏ်ကို ခံရ၍ အေးသောအခါ အအေးဒဏ်ကို ခံနေရသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ မြတ်စွာဘုရားရှင် နေပူစာလှုံတော်မူသောအချိန် တွင် အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ အနီးအပါးသို့ ရောက်ရှိ လာ၏။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအပါးသို့ ရောက်ရှိလာပြီး မြတ်စွာဘုရားအား ရိုသေစွာ ရှိခိုး၏။ ပြီးမှ မိမိဆောင်ရွက်မြဲဖြစ်သည့်အတိုင်း ဘုရားရှင်၏ကိုယ်ကို လက်ဖြင့် အဖန်ဖန်ဆုပ်နယ် ဝတ်ပြု၏

အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို နေပူစာတွင် ဆုပ်နယ်ခြင်းပြုစဉ် ဘုရားရှင်၏ပခုံးနှစ်ဘက်ကြားမှ ကျောပြင်ကို သတိထား၍ ကြည့်မိ၏။ ဘုရားရှင်၏ပခုံးနှစ်ဘက်ကြားရှိ ကျောပြင်နေရာ၌ အသားတော် တွန့်လိပ်နေသည်ကို မမျှော်လင့်ဘဲ အရှင်အာနန္ဒာ တွေ့လိုက်ရ၏။

ထိုအခါ အရှင်အာနန္ဒာက မြတ်စွာဘုရား ကိုယ်တော်တိုင် ပင်လျှင် ဇရာ၏လက်ချက်မှ မလွတ်ကင်းနိုင်ပါကလား။ မြတ်စွာဘုရားထံတွင် ဇရာ၏လက်ချက်များကို ယခု တွေ့နေရပါကလား။ ဤဇရာဟူသောတရားသည် အလွန်ကြောက်မက်ဖွယ်ရာ၊ စက်ဆုပ်ဖွယ်ရာပါတကားဟု ထိတ်လန့်စွာ ရတက်ပွား၍ သံဝေဂတရား ဖြစ်ပေါ်ရလေ၏။

ထိုသို့ တရားသံဝေဂ ရရင်း အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ တစ်ကိုယ်လုံးကို သတိထား၍ကြည့်မိ၏။ ထို့နောက် ဘုရားရှင်၏ မျက်လုံးတော်၊ နားတော်၊ နှာခေါင်းတော်တို့ကိုလည်း ကြည့်ပြန်၏။ ဘုရားရှင်၏အရိုးတော်၊ အရေတော်တို့ကိုပါ အရှင်အာနန္ဒာသည် သတိထား၍ ကြည့်၏။



အကယ်စင်စစ် မြတ်စွာဘုရား၏ အသားအရေတို့သည် ငယ်ရွယ်စဉ်အခါက ရွှေချွန်းပေါင်းတစ်ရာဖြင့် ထိုးစိုက်ဖြန့်ကြက်ထားသော နွားလားဥသဘ၏အရေကဲ့သို့ အတွန့်အလိပ် လုံးဝမရှိ။ [illegible]တိ ချောမွတ်နေ၏။ မြတ်စွာဘုရား၏ ကိုယ်ပေါ်သို့ လက်ကို တင်လိုက်ပါက တင်လိုက်သော ထိုလက်သည် လျှောကျမည်သာ ဖြစ်၏။ ကိုယ်တော်မြတ်၏အသားသည် ဆီများ သုတ်လိမ်းထားဘိသကဲ့သို့ ပြောင်ချောမွတ်ညက်နေ၏။ ထို့ကြောင့် မြတ်စွာဘုရား၏ ကိုယ်တွင် အမြဲထာဝရ မြူမှုန်အညစ်အကြေးများ တင်ငြိပေကပ်ခြင်းမရှိ။

ထို့ပြင် မြတ်စွာဘုရား၏ ခန္ဓာကိုယ်သည် ငယ်စဉ်က ဗြဟ္မာမင်း၏ ခန္ဓာကိုယ်အလား ရွှေတောင်ကြီးရွှရွှမားမား ကြွသွားသကဲ့သို့ ဖြောင့်စင်း၏။ မြတ်စွာဘုရား၏ ခန္ဓာကိုယ်သည် ငယ်စဉ်က နတ်မြို့တော်၏အဝင်ဝတွင် စိုက်ထူထားသော ရွှေတုရင်တိုင်ကြီးကဲ့သို့ မို့မို့မားမားရှိ၏။ သို့သော်လည်း ယခုလို ဇရာပိုင်းသို့ ရောက်ရှိတော်မူလာသောအခါ မြတ်စွာဘုရား၏ ခန္ဓာကိုယ်သည် ရှေ့သို့အနည်းငယ် ကိုင်းညွတ်၍ လာခဲ့၏။ မြတ်စွာဘုရား၏ သက်တော်ရွယ်တော်သည် ကြီးရင့်၍လာသည်နှင့်အမျှ ဘုရားရှင်၏ ဦးခေါင်းတော်[illegible]သည်လည်း

www.burmeseclassic.com

www.burmeseclassic.com



ညှိုးရော်ခွေပျော့၍ လာသည်ကို တွေ့ခဲ့ရ၏။ ဘုရားရှင်၏ အကြေ
အခြင်၊ အဆက်အစပ်တို့သည် လျော့ရိလျော့ရဲ တွဲ၍လာ၏။ အသားမျာ
သည်လည်း ငယ်စဉ်ကလို အရိုးတွင် ချပ်ချပ်ရပ်ရပ် တင်းကပ်မနေဘဲ
လျော့ရိလျော့ရဲ တွဲလဲကျနေခဲ့၏။

ထို့ကြောင့် အရှင်အာနန္ဒာက မြတ်စွာဘုရား၏ကိုယ်တော်
ပေါ်မှ တွေ့မြင်ရသော ဇရာ၏လက္ခဏာများကို ကြည့်ရှုထိတ်လန့်
သံဝေဂတရားပိုရင်း "မြတ်စွာဘုရား၊ အံ့ဖွယ်ရာရှိပါ၏၊ မြတ်စွာဘုရာ
၏ အရေအဆင်းတော်သည် ရှေးကကဲ့သို့ စင်ကြယ်ဖြူစင်ခြင်း မရှိလှ
ဘုရား၊ မြတ်စွာဘုရား၏ ခန္ဓာကိုယ်သည် လျော့ပါးလျက် အရေတော်
သည် လျော့ကျ ပျော့အိ တွန့်လိပ်သည့် လက္ခဏာများကို တွေ့မြင်လ
ရပါပြီဘုရား၊ ဘုရားရှင်၏ခန္ဓာကိုယ်သည် ရှေ့သို့ ကိုင်းရှိုင်းလျ
ရှိလာပါ၏ ဘုရား၊ ဘုရားရှင်၏ မျက်စိတော် စက္ခုဣန္ဒြေတို့သည်လည်
ဖောက်ပြန်၍လာသည်ကို တွေ့မြင်နေရပါသည်ဘုရား" ဟု လျှောက်
ထားလေသည်။

ထိုအခါ မြတ်စွာဘုရားက "ဟုတ်ပေတယ် အာနန္ဒာ၊ နုပျိုခြင်
သဘောရှိခဲ့သော် အိုမင်းရင့်ရော်ခြင်းသဘောသည် ရှိ၏။ ကျန်းမာခြင်
သဘောရှိခဲ့သော် နာခြင်းသဘောသည် ရှိ၏။ အသက်ရှင်ခြင်းသဘော
ရှိခဲ့သော် သေခြင်းသဘောသည် ရှိ၏။ ငါသည် နုပျိုခဲ့ပြီး ဖြစ်၏
ယခုတော့ ငါ၏အသက်အရွယ်သည် ကြီးရင့်၍ လာခဲ့ပြီဖြစ်၏။ နု



သော ငါ၏အရေအဆင်းသည် ရှေးကကဲ့သို့ ဖြူစင်ခြင်းမရှိတော့၊
ခြင်းဖြစ်ခဲ့သော ငါ၏ခန္ဓာသည် ယခုအခါ လျော့ပါးလာပြီဖြစ်၍
အရေများသည် တွန့်လိပ်လာကြပြီ ဖြစ်၏။ ငါ၏ခန္ဓာသည် ရှေ့သို့ကိုင်း
ပြီဖြစ်၏။ အာနန္ဒာ – သင်ပြောသည့်အတိုင်း စက္ခုဣန္ဒြေ စသည့်
ဣန္ဒြေတော်တို့ ဖောက်လွဲဖောက်ပြန် ဖြစ်လာကြသည်မှာ သင် အတွေ့
အမြင်ပင် မဟုတ်ပါလော အာနန္ဒာ" ဟု မိန့်ကြားတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် ကြီးစွာတုန်လှုပ်လျက် မြတ်စွာ
ဘုရားအပေါ် ကြည်ညိုသဒ္ဓါ လွန်စွာပွားများသောစိတ်ဖြင့် "ဟယ်–
ရုတ်ညံ့သော ဇရာတရား၊ သင်သည် စက်ဆုပ်ဖွယ်ရာပါတကား၊
အလှပျက်အောင် လုပ်တတ်သောဇရာတရား၊ သင့်အကျင့်တရားသည်
သင့်အားသာလျှင် ဖြစ်ပါစေတော့" ဟူ၍ ရေရွတ်ခဲ့လေ၏။

ဇရာတရားသည် မြတ်စွာဘုရားသော်မှ မကင်းနိုင်သော
သဘောရှိ၏။ ဇရာတရားသည် ခန္ဓာမပြတ်သမျှ ဆက်ရှိနေမည်သာ
ဖြစ်၏။ ကျွန်တော်သည် ဇရာတရားအကြောင်းကို ဆက်၍ တွေးတော
နေမိ၏။ တွေးတောမိတော့ အကြောက်တရားများက ဝင်ရောက်
လာ၏။ ကျွန်တော်သာမက မည်သူမဆို မတွေးမိကြလို့သာ ရှိမည်။
တွေးခဲ့လျှင်တော့ တွေးလိုက်သမျှ ကြောက်စရာချည်းသာ ဖြစ်သည်။

ဇရာသည် သေခြင်း တရားထက်ပင် ပို၍ ကြောက်စရာ
ကောင်း၏။ သေခြင်းတရားကား သူ့အချိန်ရောက်လာပါက သေလိုက်ရုံ

www.burmeseclassic.com

www.burmeseclassic.com



သာရှိ၏။ သို့သော် ဇရာတရားသည်ကား မသေမီကာလပတ်လုံး ဤခန္ဓာကိုယ်ကြီးကို စဉ်ဆက်မပြတ် နှိပ်စက်တတ်၏။ ဇရာတရားသည် အဝေးမှလာသောရန်သူမဟုတ်၊ အတွင်း၌ရှိနေသော ရန်သူဖြစ်၏။ အဝေးမှလာသောရန်သူသည် ထင်သာမြင်သာရှိ၍ ကာကွယ်နိုင်၏။ ရှောင်ရှားနိုင်၏။ အတွင်းရန်သူကား ထင်သာမြင်သာမရှိ။ အတွင်းရန်သူ၏သဘောက ကာကွယ်ရန်၊ ရှောင်ရှားရန် ခက်၏။

ဇရာသည် သတ္တဝါဟူသမျှ ပုပ္ပုဂ္ဂိုလ် အားလုံးကို အတွင်းမှနေ၍ ဒုက္ခမျိုးစုံပေးနေသူဖြစ်၏။ ဇရာသည် ဒုက္ခကို ဖန်တီးသူဖြစ်၏။ ဇရာသည် အလှကို ဖျက်ဆီးသူဖြစ်၏။

အလေးအနက် တွေးကြည့်တော့ ကိုဇဝနပြောခဲ့သည့်အတိုင်း ဇရာသည် သူကိုယ်တိုင်သည်ကား ဒုက္ခတရား မဟုတ်၊ သို့သော် သူ့ကို အကြောင်းပြု၍ ကာယိကဒုက္ခ– ကိုယ်၏ဆင်းရဲမှု၊ စေတသိကဒုက္ခ– စိတ်၏ဆင်းရဲမှုတို့ ဖြစ်ရခြင်းကြောင့် သူ့ကိုလည်း ဒုက္ခဟူ၍သာ ခေါ်ကြ၏။

ဇရာတရားသည် သူလက်စွမ်းပြပြီ ဟု ဆိုပါက သူသူငါငါ လူတကာတို့သည် လှည်းအိုကြီးအလား လွန်စွာမှ အသွားနှေးလာတော့၏။ ကျွန်တော်ကိုယ်တိုင်၊ လမ်းလျှောက်နေသော ပင်စင်စားကြီးများကိုယ်တိုင်၊ ကျောက်တော်ကြီးဘုရားတန်ဆောင်းမှ သီလရှင်ကြီးကိုယ်တိုင်၊ ဝေဒနာခံစားနေရသော ဓာတ်မင်းသား အဘိုးအိုကြီးကိုယ်



...င်နှင့် ကိုဇဝနတို့ကိုယ်တိုင်သည် ဇရာတရား၏ လှည့်စားမှု ကျော...င်းတွင် ရုန်းရင်းကန်ရင်းဖြင့် ခွန်အားအရပ်ရပ်ကို ပေးအပ်ခဲ့ရပြီး ဖြစ်၏။ မောင်သိန်း၏ဖခင် အရွယ်လွန်ကာ ဇရာထောင်းနေသော ဓာတ်မင်းသား အဘိုးကိုယ်တိုင်ကတော့ ဇရာ၏လက်ချက်တွင် ပက်လက်ကြီး ဖြစ်နေရသည်။

ဇရာတရား ဝင်ရောက်လာပြီဟု ဆိုပါက ရပ်နေသည့်အခါ ...င်လည်း ကောင်းကောင်းရပ်၍မရတော့။ မားမားမတ်မတ်ပင် ရပ်၍ ...နိုင်သည် မဟုတ်။ ထို့ပြင် သွားသည့်အခါတွင်လည်း လျင်မြန် ...တ်လတ် ပေါ့ပါးသွက်လက်စွာ သွား၍မရတော့။ ဇရာတရား၏ အထုအထောင်း ကို ခပ်ကြာကြာလေး ခံလာရပါက မိမိခြေပေါ်တွင်ပင် ...မိမရပ်နိုင်ဘဲ တုတ်၊ တောင်ဝှေးကိုသာ အဖော်ပြုရ၏။ ဇရာတရား၏ အထုအထောင်း ခံရသူ လူအိုတစ်ယောက်အဖို့ တောင်ဝှေးသည် ...ိုးကွယ်ရာဖြစ်၏။ မနက်က ပင်စင်စားကြီးများ တုတ်ကောက် ...ိုယ်စီကိုင်၍ လာကြသော်လည်း ထိုအရာများသည် တုတ်ကောက် ...ဟုတ်။ တောင်ဝှေးများသာ ဖြစ်ကြ၏။ လူ့သဘာဝ ဇရာတရား ...က်စွမ်းပြပြီဟု ဆိုပါက တောင်ဝှေးလည်းမတတ်နိုင်၊ တုတ်ကောက် ...သည်း ကူဖေး၍မရ။ နောက်ဆုံးတော့ ဓာတ်မင်းသား အဘိုးလို ...အဘိုးလည်းလဲ၊ တောင်ဝှေး လည်းလဲရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဇရာတရား ဝင်ကပ် ဖိစီးခံနေရသူတစ်ဦးအဖို့ ထိုင်နေသည့်အခါတွင်လည်း တည်ငြိမ်အေးချမ်းစွာ မနေနိုင် မထိုင်နိုင်။ တုန်တုန်ခိုက်ခိုက် ရှိနေရ၏။ သက်ကြီးရွယ်လွန် အိုမင်းမစွမ်းသူတို့အတွက် ထိုင်ခြင်း၊ လျောင်းခြင်း၊ ရပ်ခြင်း၊ သွားခြင်းဟူသော ဣရိယာပုတ်လေးပါးတို့သည် တစ်ခုနှင့်တစ်ခု အကူးအပြောင်းများတွင်လည်း လွန်စွာမှ ပင်ပန်းဆင်းရဲခြင်းဖြစ်၏။ ဤသည်တို့ကား ဇရာ၏ လက်ချက်ကြောင့် ရရှိသော ကာယိကဒုက္ခတို့ ဖြစ်၏။

ဇရာဖိထောင်း၍ ညက်ညက်ကြေနေသူတစ်ဦးအတွက် မျက်စိသည်လည်း မှုန်ရီဝေမှိုင်း၍ ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်ရ၏။ ခြေလက်နှင့်တကွ အကြောအခြင်တို့သည်လည်း လျော့ရိလျော့ရဲ မခိုင်မြဲဘဲ မိမိ၏ငယ်ရွယ်စဉ်က ရရှိခဲ့သောခွန်အားဗလဟူသမျှနှင့် နုပျိုမှုအားလုံးသည်လည်း အဖျက်ဆီးအနှိပ်စက်ခံရတော့၏။ ထိုအခြေအနေမျိုးတွင် ဆွေမျိုးညီအစ်ကိုမောင်နှမတို့ကိုမဆိုထားဘဲ၊ မိမိက ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် လူဖြစ်အောင် ကျွေးလာခဲ့သော သားသမီးတို့ ကိုယ်တိုင်က မကြည်ဖြူတတ်ကြတော့။ ဤမျှ အိုကြီးအိုမအိုရှုတ်တွကြီးကို သားသမီးတို့ကလည်း မေတ္တာပျက်သုဉ်းလာကြကာ အသက်ကြီးသူများကိုပင် ငယ်ရွယ်သူတို့က အော်လား ငေါက်လား ခြိမ်းခြောက်မောင်းမဲတတ်ကြသည်လည်း ရှိ၏။ ကြောင်အိုတော့ ကြွက်မလေးသည့်ပုံပမာ လူအိုတော့ လူမလေးသည့်ဘဝကို ရောက်ရ၏။ မောင်သိန်းလို ပုဂ္ဂိုလ်မျိုးသည် ချီးကျူးဖွယ်ရာပင် ဖြစ်၏။



အိုကြီးအိုမများ၏ နုပျိုစဉ်ကရှိခဲ့သော မှတ်ဉာဏ်တို့ သိုမှီးရာဦးနှောက်ကို ဇရာတရားက ဖောက်ယူစားသုံးလိုက်သောအခါ သက်ကြီးရွယ်အိုတို့၏ အသိတရားသည်လည်း တစ်နေ့ထက်တစ်နေ့ ဆုတ်ယုတ်၍လာနေတော့၏။ ဝီရိယလည်း ယုတ်ကာ သုတနှင့်အသိ ပညာတရားတို့မှာလည်း လျော့နည်းခေါင်းပါးလာတတ်ပြန်၏။ ထို့ကြောင့် ဇရာအိုတို့သည် ကြိမ်ဖန်များစွာ ကလေးငယ်ဟန်ဖြင့် သူငယ်ပြန်တတ်ပေရာ လူ့ဘဝ လူ့အဖြစ်တွင် သုံး၍မရ၊ အသုံးမကျသည့်ဘဝသို့ လုံးလုံးလျားလျား ရောက်ရလေ၏။

ထိုသို့ ဇရာက မတရားသက်သက် ဖိနှိပ်ရက်စက်လေသောအခါ စိတ်ဆင်းရဲမှု၊ စိတ်နာကျည်းမှု၊ စိတ်တိုမှုများ ဖြစ်ရကာ စေတသိက ဒုက္ခ– စိတ်ဆင်းရဲမှုနှင့် ပတ်သက်သော ဆင်းရဲမှုများစွာကိုလည်း ခံစားကြရ၏။

ဇရာတရားသည် သူကိုယ်တိုင်က ဒုက္ခတုံးကြီးမဟုတ်သော်လည်း သူ့လက်ရာတို့က ကာယိကဒုက္ခကို သော်လည်းကောင်း၊ စေတသိကဒုက္ခကို သော်လည်းကောင်း ကောင်းကောင်းကြီးပေးတတ်၍ ဇရာသည် နှစ်မည်သောဒုက္ခကို ပေးတတ်သည့် ဆရာကြီးလည်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

# မရှုမမြင်လို့တော့ပြီ

ကျွန်တော်သည် ထိုနေ့က မင်းကွန်းသွားရန် ကိစ္စရှိနေ၍ ကိုခဝနနှင့် ဆက်၍ စကားပြောလိုသေးသော်လည်း စကားဆက်ပြောရန် မကြိုးစားတော့ဘဲ ဟိုတယ်သို့ ဆိုက်ကားနှင့် ပြန်ခဲ့၏။ မန္တလေးတောင်မှ မန္တလေးဟိုတယ်သို့ ဆိုက်ကားခသည် တစ်ဆယ်ကျပ်ဖြစ်၏။ မန္တလေးတောင်ခြေတွင် ဆိုက်ကားက ရှားသည်။ ကျွန်တော်သည် ခပ်လှမ်းလှမ်းမှဖြတ်သွားသော ရှားရှားပါးပါးဆိုက်ကားတစ်စီးကို တွေ့၍ လက်ခုပ်တီးကာ ခေါ်လိုက်ပြီး ဆိုက်ကားစီး၍ ပြန်ခဲ့၏။

အကယ်၍ ကျွန်တော်သည် အခြားဆိုက်ကားတစ်စီးကို ရွေးချယ်ခွင့်ရှိမည်ဟု ဆိုပါက ယခုဤဆိုက်ကားကို ကျွန်တော်မစီးလိုပါ။ အဘယ်ကြောင့်ဆိုသော် ဆိုက်ကားဆရာကြီး၏အသက်က

www.burmeseclassic.com

www.burmeseclassic.com



အတော်လေးအရွယ်ထောက်လှပြီ ဖြစ်၏။ ဇရာတရားကို တွေ့ကြ
ကြောက်ရွံ့နေသောအချိန်တွင် ကျွန်တော်သည် အရွယ်ထောက်နေသော
ဇရာဆိုက်ကားနှင့် ခရီးမသွားလိုပါ။

ထို့ကြောင့်ပင် ကျွန်တော်က "ဆရာကြီးရာ၊ ဆရာကြီး
ဆိုက်ကားစီးရတာ ကျွန်တော်တော့ ငရဲများကြီးမလား မသိဘူး
ကျွန်တော်ကလဲ တခြားဆိုက်ကားရွေးစရာမရှိလို့ ဆရာကြီးဆိုက်ကာ
စီးရတာပါပဲ" ဟုဆိုသောအခါ ဆိုက်ကားဆရာကြီးက "ငရဲမကြီးပါဘူ
ကိုယ့်တူရာ၊ ကုသိုလ်ရပါတယ်" ဟုဆိုပါ၏။

"ဘာပြုလို့လဲဗျ"

"ကျုပ်တို့မိသားစုက ဒီအလုပ်လုပ်မှ ထမင်းစားရတာ ဆိုက်
ကားနင်းမကောင်းရင် ထမင်းမစားရဘူးပေါ့ဗျာ၊ အသက်အရွယ်
ထောက်နေတော့လဲ အခုလိုပဲ ကျွန်တော့်ကိုတွေ့ရင် ကျွန်တော်
ဆိုက်ကားစီးဖို့ ဝန်လေးကြတယ်၊ ကျွန်တော့်အတွက်ကတော့
ကျွန်တော့်ဆိုက်ကားစီးတာဟာ ကျွန်တော့်ကို ထမင်းကျွေးတာပါပဲ၊
ကျွန်တော့်ဆိုက်ကားမစီးဘဲ အလကားပိုက်ဆံပေးသွားရင်တော့
ကျွန်တော်မလိုချင်ဘူးဗျ၊ ပိုက်ဆံပေးတဲ့အတွက် ကျွန်တော်က
စေတနာကို တုံ့ပြန်တဲ့အနေနဲ့ နင်းပို့ပေးချင်သေးတာပေါ့၊ ဒါကြောင့်
ကျွန်တော့်ဆိုက်ကားစီးတာက ကျွန်တော်ကို ထမင်းကျွေးတာမို့
ငရဲမကြီးပါဘူး၊ ကုသိုလ်ရပါတယ်လို့ ပြောတာပါ"

ဆိုက်ကားဆရာကြီးက သူ့၏အဘိဓမ္မာကိုရှင်းပြပါ၏။

"ဆရာကြီးအသက် ဘယ်လောက်ရှိပြီလဲ"

"၆၇- နှစ် မောင်ရဲ့" "မောင်ရင်ရော"

"ကျွန်တော်ကတော့ ၅၀- ထဲမှာပါ"

"သြော် . . . သြော်"

"မောင်ရင့် အသက်အရွယ်အထိ ကျုပ်က ဘယ်သူ့ကိုမှ
မကြောက်သေးဘူးမောင်ရဲ့၊ အဲဒီအရွယ်မှာ ကျုပ်က အသန်ကြီးရှိသေး
တယ်၊ အဲ ခြောက်ဆယ်ကျော်လာမှ လူလဲ သိသိသာသာကိုကျသွားတာ
ပါပဲ"

ခြောက်ဆယ်ကျော်လာမှ သိသိသာသာကျသွားတာပါမဲဟု
ပြောလိုက်သောစကားကို ပြောရင်း ဆိုက်ကားဆရာကြီး၏ လေသံသည်
ထိုနေရာတွင် တိမ်ရှုံဝင်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းနင်းပါ ဆရာကြီးရာ၊ အေးအေးဆေးဆေးပေါ့၊ ကျွန်တော်ကတော့ သွားစရာရှိလို့ ဆိုက်ကားစီးတာပဲ၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ဆရာကြီးမောရင်လဲ ဆရာကြီးက ဆိုက်ကားတစ်လှည့်စီး၊ ကျွန်တော် စမ်းနင်းကြည့်မယ်ဗျာ၊ ကျွန်တော်က ဆိုက်ကား မနင်းဖူးသေးဘူး"

ဆိုက်ကားဆရာကြီးသည် ကျွန်တော့်စကားကို ကြားသောအခါ နှစ်သက်ဟန်မတူ။ သူ၏ အလုပ်ဂုဏ်သိက္ခာကို ထိခိုက်သည်ဟု ထင်မှတ်သွားဟန်တူ၏။ သို့သော်လည်း သူက ဘာမှဆက်မပြောဘဲ နင်းလာ၏။

မန္တလေးနေသည် ထွက်လာပြီဆိုသည်နှင့် ပူတော့၏။ ဆိုက်ကားဆရာကြီးမဆိုထားဘိ ဆိုက်ကားစီးလာသော ကျွန်တော်သည်ပင် ချွေးတပြိုက်ပြိုက်ကျလာ၏။ ဆိုက်ကားဆရာသည် ဇရာ၏ အထုအထောင်းကို ခံထားရပြီဖြစ်သော်လည်း ခွန်အားအသင့်အတင့် ကျန်နေသေး၏။ သူသည် ကျန်ရှိနေသော ခွန်အားဖြင့် ဆိုက်ကားကို မှန်မှန်နင်းလာ၏။ ငယ်ရွယ်သူတို့နင်းလာသောဆိုက်ကား သုံးလေးစီးက ကျွန်တော်တို့ဆိုက်ကားကို ကျော်၍ ကျော်၍သွားသော်လည်း ဆိုက်ကားဆရာကြီးသည် ဘယ်လိုမှ သဘောမထားဘဲ အကျော်ခံကာ နောက်မှ မှန်မှန်လိုက်ခဲ့၏။



တစ်ခါတစ်ရံ ကျူးဘက်မှ ဝှေ့တိုက်လိုက်သောလေသည် သူတို့ရော ကျွန်တော့်ကိုပါ အနည်းငယ် လန်းဆန်းစေသော်လည်း ခရီးအတော်ပေါက်လာတော့ ဆိုက်ကားဆရာကြီးလည်း မောလာ၏။

ထိုအခါ ကျွန်တော်က "ဆရာကြီး မောပြီလား" ဟုမေးမိ၏။

ဆိုက်ကားဆရာကြီးက "ရပါတယ်ဗျာ၊ ကျုပ်က တောင်ခြေနဲ့ မြေလေးဟိုတယ် နင်းနေကျပါ၊ အားမနာပါနဲ့၊ အခုဟာက အသက်ထလေးရလာလို့ပါ၊ ငယ်ငယ်တုန်းကဆိုရင်တော့ဗျာ ဒီဆိုက်ကားနဲ့ ဒီခရီးကိုတော့ နင်းပြီးမသွားဘူး၊ ဆိုက်ကားကို ထမ်းပြီးတောင် ပြေးသွားနိုင်ပါသေးတယ်" ဟုဆိုလေ၏။ ဆိုက်ကားဆရာကြီးသည် ဘာန်ကိုတော့ လျှော့ဟန်မတူသေး။

မှန်ပါ၏။ ဆိုက်ကားဆရာကြီး၏ ခန္ဓာသည် တစ်ချိန်က ခွန်အားနှင့် ပြည့်ဝခဲ့သူတစ်ဦးဖြစ်ကြောင်း အလွယ်နှင့် သိနိုင်ပါ၏။ သူ၏ခြေသလုံးနှင့် လက်မောင်းသားများက ယခုတိုင် ကုန်း၍ကျုံး၍ ထနေဆဲဖြစ်၏။ သူ၏လက်မောင်းလက်ဖျံ အကြောများက လျော့ရဲနေသော အရေပြားများအောက်မှ ကုန်းထနေဆဲဖြစ်၏။ တစ်ခါက သန်မာခဲ့ဟန်ရှိသော လက်ချောင်းများကိုလည်း သူ့ထံတွင်တွေ့ရပြီ ချက်နှာတွင်ကား နေလောင်ထားသည့် အရာများက အထက်ထနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားဆရာကြီး၏ အမည်မှာ ဦးကံထွန်းဟုဆို၏။ ကံထွန်းဟုဆိုသော်လည်း လက်တွေ့တွင်တော့ အသက် ၆၇– နှစ်သို့ ရောက်သည့်တိုင် ကံထွန်းသူဟု မဆိုနိုင်သေး။

ဦးကံထွန်းသည် စစ်ကိုင်းဇာတိဟုသိရ၏။ ဦးကံထွန်းသည် ငယ်ငယ်ရွယ်ရွယ်က တောင်သူလုပ်ကိုင်ခဲ့သည်။ တောင်သူလုပ်ကိုင်ခဲ့ သည်ဆိုသော်လည်း အမည်ခံသာဖြစ်ပြီး လက်တွေ့တွင်မူ အတော်လေး ပေခဲ့ တေခဲ့ဟန်တူ၏။ အသက် ၁၈–နှစ်တွင်တော့ ရွာမှ အချောဆုံးမိန်း ကလေးကို ခိုးယူပေါင်းသင်းခဲ့ဖူး၏။ ထိုမိန်းကလေးမှာ လက်ထပ်ပြီး သုံးနှစ်အကြာတွင် မီးဖွင်း၌ ဆုံးပါးသွားခဲ့၏။ ထိုမိန်းကလေး ဆုံးပါး သွားသောအခါ ဦးကံထွန်းသည် ရွာမှထွက်လာပြီး ပဲခူး၊ သထုံ၊ မုတ္တမ တစ်လျှောက်တွင် ချည်တိုင်မဲ့ လုပ်ကိုင်စားသောက်ကာ လွတ်လပ်ရေး ပြီး ငါးနှစ်လောက်တွင် ကျိုက်စကောရွာသူတစ်ဦးနှင့် လက်ဆက်ခဲ့ပြန် သည်။ ထိုမိန်းကလေးနှင့်လည်း တစ်နှစ်ခန့်သာ ပေါင်းသင်းခဲ့ပြီး ကွဲကွာသွားသည်။

ဦးကံထွန်းက မိမိသည် အပေါင်းအသင်းများနှင့် ရောယောင် ပြီး ဓားပြနှစ်ကြိမ်တိုက်ဖူးသည်။ အသက် ၅၀–ခန့်တွင် မန္တလေးမှ အမျိုးသမီးတစ်ဦးနှင့် ထပ်မံလက်ထပ်ခဲ့ရာ အိမ်ထောင်ကျပြီး တစ်နှစ် အကြာတွင် မိမိ၌ ငှက်ဖျားရောဂါ ရရှိခဲ့၏။ ထိုငှက်ဖျားဒဏ်ကို



…လုကြီး ခံစားပြီးသည့်နောက်တွင် မိမိ၏ခွန်အားများ ယုတ်လျော့လာ ခဲ့ရာမှ ယခုကဲ့သို့ ဇရာလက်တွင်းသို့ သက်ဆင်းခဲ့ရသည်ဟု ဆို၏။

ဆိုက်ကားဆရာကြီးက "အရင်က ကျုပ်နဲ့ အခုကျုပ်က ကွာမှ ကွာပဲဗျာ" ဟုဆို၏။ ယခင်ကတော့ လူပေါကြော၊ မိမိခွန်အားဖြင့် ရောက်ရာအရပ်တွင် ဗိုလ်ကျခဲ့ရာ ဇရာနှင့်တွေ့တော့မှ ဦးကံထွန်းသည် ကံမထွန်းရှာတဲ့ ဆိုက်ကားနင်းစားရသောဘဝသို့ ရောက်ခဲ့ရဟန်တူ၏။

ကျွန်တော်သည် လေသံ ပြတ်တစ်ချက်ဆက်တစ်ချက်ဖြင့် စကားပြောလာသော ဦးကံထွန်း၏ အဖြစ်များကို နားထောင်ရင်း မန္တလေးမြို့ရိုး၊ ကျုံးနှင့် ပစ္စင်ရင်တားများကို ကြည့်ကာ မန္တလေးမြို့ရိုး ကြီး၏ ဇရာတရားကိုလည်း ရှုမြင်ခဲ့ရပါ၏။

တစ်ချိန်ကတော့ ဤအုတ်ခဲရောင် မြို့ရိုးကြီးသည် ဤနန်း တော်ကြီးတွင် သစ်သစ်လွင်လွင်ဖြင့် ရှိပေလိမ့်မည်။ မင်းသစ် မင်းလွင် တို့သည် မြို့ရိုးကြီး၏ ခိုင်ခံ့မှုကို အကြောင်းပြု၍ အတော်လည်း မာန် ဝင့်ခဲ့ကြမည်ဖြစ်၏။ ယခုတော့ နန်းတော်မြို့ရိုးကြီးသည် ဟောင်းနွမ်း ခြင်း၊ ဆွေးမြေ့ခြင်းတို့ကို သရုပ်ဖော်ကာ လွန်လေပြီးသောနေ့များ၏ အထိမ်းအမှတ်တစ်ခုအဖြစ်သာ ရပ်တည်နေပါသည်။ နန်းတော်မြို့ရိုး ဟောင်းကြီးနှင့် ဆိုက်ကားဆရာကြီးကို ကြည့်ရင်း ကျွန်တော်သည် ထိုပုဂ္ဂိုလ်ကြီးကို အားနာလာသည်။ ကျုံးထောင့်သို့ ရောက်ရန်အတွက်

www.burmeseclassic.com

www.burmeseclassic.com



လည်း သိပ် မဝေးတော့သဖြင့် ကျွန်တော်သည် ဆိုက်ကားဆက်မစီးဘဲ ကုန်း ကြောင်းဆက်လျှောက်တော့မည်ဟု ပြောလိုက်ပါ၏။ ဆိုက်ကား ဆရာကြီးက ရပါသည်ဟုဆိုသော်လည်း ကျွန်တော်က လမ်းလျှောက် ချင်လို့ ပါဟု အကြောင်းပြကာ ဆိုက်ကားပေါ်မှဆင်း၍ ပိုက်ဆံရှင်းပြီး ဆက်လျှောက်လာခဲ့၏။ ဆိုက်ကားဆရာကြီးကမူ ထိုနားက မန်ကျည်း ပင်ရိပ်တွင် အပန်းဖြေရင်း ကျန်ရစ်ခဲ့၏။

ကျွန်တော်သည် ကျုံးရှေ့လမ်းအတိုင်း ဆက်လျှောက်လာခဲ့၏။ မန်ကျည်းရိပ်ဟူသော ကော်ဖီဆိုင်ကလေးတစ်ခုကို တွေ့ရသည်။ ထို့နောက်တော့ ကျုံး၏အရှေ့တောင်ထောင့်တည့်တည့်သို့ ရောက်ရှိခဲ့၏။ မန္တလေးနန်းတော် ကျုံး၏ အရှေ့တောင်ထောင့်အချိုးတွင်တော့ စိန်ပန်းအိုနှစ်ပင်ကို တွေ့ရသည်။

ထိုစိန်ပန်းနှစ်ပင်သည် ပိုးထိုးဆွေးမြေ့၍နေ၏။ အထက် အကိုင်း သုံးလေးကိုင်းတွင်တော့ အရွက်အနည်းငယ်ရှိနေသည်။ စိန်ပန်း ညီနောင်သည် ဇရာတရား၏နှိပ်စက်ခံရမှုကြောင့် ဖက်ငိုနေသည့် အလားရှိ၏။ ဖက်ငိုနေသည့် စိန်ပန်းအိုနှစ်ပင်ကား အမြင်ရဆိုးသည်။ သာယာသော ကျုံးထောင့်မြင်ကွင်းအလှကို ဖျက်ဆီးနေ၏။ မနက်က တော့ ထိုစိန်ပန်းနှစ်ပင်ကို သတိမထားမိခဲ့။



တစ်ခါက ဤစိန်ပန်းနှစ်ပင်သည် မန္တလေးအရှေ့တောင် ကျုံးထောင့်ကို အလှဆင်ရာတွင် တစ်ပင်လုံး ရဲရဲတောက်နေသော အပွင့်များဖြင့် ရှေ့တန်းက ပါခဲ့ကြမည်ဖြစ်၏။ အခုတော့ ဇရာ သက်ချက်ဖြင့် အသက်မထွက်သေးမီ စိန်ပန်းညီနောင်သည် ဖက်ငို နေကြသည်။

ကျွန်တော်သည် ဇရာတရား၏လက်ရာများကို မရှုမမြင် သိတော့။ သတိထား၍ ရှုမြင်နေသမျှ ဤလောကအလုံးအား ဇရာတရား က မွန်မွန်ညက်ညက်ကျေအောင် လုပ်ထားသည့်လက်ရာများချည်း ကိုသာ တွေ့မြင်နေရမည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

## ဘယ်မှာလဲ အလှတရား

ကျွန်တော်သည် အခန်းသို့ပြန်ရောက်သောအခါ အကြော်ဆိုင် င်တုံအတွင်း၌ မိမိမျက်နှာကိုမိမိကြည့်ခဲ့သည်ကို အားမရသော ကြောင့် ဟိုတယ်အခန်းတွင်းရှိ ကြည့်မှန်တွင် ကိုယ့်မျက်နှာကို စေ့စေ့ ပ်စပ်ကြည့်မိ၏။

မှန်ထဲတွင် သေသေချာချာကြည့်မိတော့ ကျွန်တော်သည်ပင် ျွန်တော်မဟုတ်သည်ကို ဝိုရိုသဘောပေါက်လာသည်။

မှန်ကိုတော့ ကျွန်တော်နေ့စဉ်ကြည့်၏။ သို့သော် ကျွန်တော့် ျက်နှာကို ကျွန်တော်သည် အခုလို ဧရာအမြင်ဖြင့် တစ်ခါမျှ မျှခုစေ့ ပ်စပ်မကြည့်မိခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ဆံပင်များတွင် အဖြူတွေက အများကြီး ဒါတောင် ဇနီးဖြစ်သူက ဆံပင်ဖြူတွေ့တိုင်း နုတ်တတ်သည့်အလေ ရှိ၏။ တစ်ခါတစ်ရံ ဦးခေါင်းများ ကျိန်းနေအောင်နုတ်သည်။

"နုတ်မနေပါနဲ့ကွာ၊ ငါအသက်ကြီးရင် ငါ့အဘိုးလို ဆံ အဖြူတွေကို ဒီအတိုင်းထားမယ်လို့ စိတ်ကူးထားတာ" ဟု ကျွန်တော် ဆို၏။ ကျွန်တော့်ဇနီးက ဆံပင်အဖြူများကို နုတ်ပစ်ရာတွ ကျွန်တော့်ခေါင်းမှ ဆံပင်ဖြူနေတာထက် ခေါင်းဖြူမိန်းမလို့ သူ့အ ခံရမည်ကို ပို၍စိုးဟန်တူ၏။ ထို့ကြောင့်လည်း သူက ဤမျှကြိုး ပမ်းစား အားထုတ်နေခြင်းဖြစ်သည်။

ကျွန်တော်နှင့် သက်တူရွယ်တူ တစ်မြေတည်းနေ၊ တစ် တည်းသောက် ငယ်သူငယ်ချင်း စာရေးဆရာ မောင်သိန်းဆိုင်က အိုမ ခြင်း၏လက္ခဏာအစမှာ ဦးခေါင်းပေါ်တွင် သေမင်း၏ အောင် (Flags of Death) ဖြစ်သည့် ဆံပင်ဖြူများ လွှင့်ထူလာခြင်းဟုဆို သူက ဆက်၍ မိမိ၏ခေါင်းပေါ်တွင် အသက်လေးဆယ်ကျော်မှ ဆံပင်များ တအားဖြူလာ၏။ တစ်ခေါင်းလုံးဖြူနေလျှင် ကိစ္စမရှိ ဒိုင်နက်စတီထဲက (ဘလိတ်ကာရင်တန်) လိုဖြူလျှင် ကြည့်လို့ကော သည်။ ယခု ကျွန်တော့် ဆံပင်များက 'ဖာတစ်လုံး ခေါင်းကြား' ထဲ ဦးခင်မောင်လို ဟိုတစ်ကွက် ဒီတစ်ကွက်ဖြူနေ၍ ကြည့်၍ဘယ်လို



ကောင်း။ ထို့ကြောင့်ပင် ဆံပင်ကို ဆေးမဆိုးချင်ဘဲနှင့် တစ်ခါဆိုး ၅၀– ကျပ်လောက် အကုန်ခံ၍ ဆိုးနေရပါသည်ဟု ဆို၏။

စာရေးဆရာမောင်သာရကတော့ သူ့အသက် ၅၀–ပြည့်နေ့မှစ ၍ ခေါင်းတုံးပြောင်အောင်တုံး၍ နေခဲ့သည်။ မောင်သာရက အသက် ၅၀– အရွယ်မှစ၍ သူသည် အဝတ်နှစ်ထည် ကိုယ်တစ်ခုဖြင့် ဆံပယ်ခဲ့ သည်ဟုဆို၏။

ကျွန်တော်သည် မှန်ထဲမှ ကျွန်တော့်ရုပ်သွင်ကို ကျွန်တော် ကြည့်ရင်း ကြိုးကြားဖြူနေသောဆံပင်များထဲမှ ဆံဖြူတစ်ချောင်းကို ဆွဲနုတ်ကာ လက်ဝါးပေါ်သို့ တင်လိုက်သည်။ နုတ်တုန်းကအဖြူ လက်ထဲပါလာတော့ အနက်ဖြစ်နေ၏။

ဩော် အနက်ကို အဖြူထင်လို့ထင်၊ အဖြူက အနက်ဖြစ်လို့ ဖြစ်။ ကျွန်တော်သည် ငယ်ငယ်ကလိုမဟုတ်၍ မျက်မှန်ကို အနားရော၊ အဝေးပါ ဆောင်ထားရသူဖြစ်၏။ ကျွန်တော်သည် မျက်မှန်မတပ်ဘဲ နုတ်၍ အဖြူအမည်း ဝေခွဲမှုခက်ခဲသွားရခြင်းဖြစ်ရာ ယခုမှ အနီးကြည့် မျက်မှန်ကိုယူ၍ နဖူးမှဆံပင်ဖြူကို ရအောင်နုတ်လိုက်၏။

ဆရာမောင်သိန်းဆိုင် ပြောသည့် သေမင်း၏ အောင်လံ ဆံပင် ဖြူတစ်ချောင်း လက်ထဲပါလာသည်။ ဒီဆံတွေ တစ်ခေါင်းလုံးဖြူနေ လျှင် ဘာလုပ်ရမည်လဲ။ ဒီကိစ္စအတွက်ကတော့ သုတေသနလုပ်စရာ

www.burmeseclassic.com

www.burmeseclassic.com



မလို။ မောင်သိန်းဆိုင်လို ဆေးဆိုးလျှင်ဆိုး။ မောင်သာရလို ခေါင်းတုံးပြောင်အောင် ရိတ်လျှင်ရိတ်။ ဆရာကြီး ဒဂုန်ဦးစန်းငွေတို့၊ ဆရာကြီးဦးသော်ဇင်တို့၊ ပျဉ်းမနား ခင်မောင်ထွေးတို့လို အဖြူကို အဖြူအတိုင်းထားချင်ထား။ ဤသုံးလမ်းမှလွဲ၍ အခြားရွေးချယ်ရန် လမ်းမရှိ။

ကျွန်တော်သည် အသက် ၄၀– မှစ၍ မျက်မှန်စတပ်ရ၏။ တပ်ခါစက ၁၂၅–ဒီဂရီလောက် တပ်ရသော်လည်း ယခုအနီး ၃၅၀–ဒီဂရီ တပ်နေရ၏။ ကျွန်တော့် မျက်လုံးများက ငယ်စဉ်ကဆိုလျှင် အတော့်ကို စူးစူးရှရှမြင်၏။ အနီးရော အဝေးပါကောင်းသည်။ ကျင်ပေါက်နေရင်း အဘွား၏အပ်ပေါက်ကို တစ်ခါတည်းနှင့် တည့်အောင် အပ်ချည်ထိုးနိုင်၏။ ထို့ကြောင့်လည်း အဘွားက အပ်ပေါက် ထိုးချင်တိုင်း "ဟဲ့ ... ချစ်စံခေါ်ပါဦး၊ ငါ့မြေးခေါ်ပါဦး" ဟုဆိုတတ်၏။

ယခုတော့လည်း ကျွန်တော့်မျက်စိတို့က အဖြူနှင့်အမည်းမသဲကွဲတော့။ ဗန်ကောက်ကပြန်လာတော့ အပ်ချည်ထိုးသည့် ကိရိယာကလေးကို ဘတ် ၃၀–ပေး၍ ဝယ်ခဲ့ရ၏။ ထိုကိရိယာက အပ်ချည်နှင့်အပ်ကို ကိရိယာထဲထည့်၍ ခလုတ်နှိပ်လိုက်လျှင် အပ်ချည်ထိုးပြီးသားအပ် ထွက်လာသည်။ ဇနီးဖြစ်သူအား ထိုကိရိယာ ပေးတော့ ဇနီးကဤပစ္စည်းပေးခြင်းကို သူ့ကို ဇရာထောင်းသူအဖြစ် သဘောထား၍ဝယ်လာခြင်းဟုဆိုကာ သိပ်မကျေနပ်။ သို့သော် လက်တွေ့တွင်တော့



ထိုကိရိယာကလေးသည် ကျွန်တော်တို့ မိသားစုအဖွဲ့ဝင်အားလုံး အပ်ချည်ထိုးချင်တိုင်း အသုံးဝင်နေ၏။

ကျွန်တော်သည် ကျွန်တော့်မျက်နှာကို မှန်ထဲတွင် စေ့စေ့ကြည့်လိုက်၏။ မျက်ခုံး အမွေးများသည် အလွန်အမင်းရှည်နေသည်။ မျက်ခုံးမွေးရှည်ခြင်းကလည်း အသက်ကြီးရင့်မှု၏ လက္ခဏာဟုဆို၏။ ယခင်က တောက်တောက်ပပရှိသော ကျွန်တော်၏ မျက်လုံးများသည် မှိန်ဖျော့နေ၏။ မျက်စိအတွင်းမှ အဖြူအသားများသည်လည်း မဖြူတော့။ အလယ်ရှိအနက်သားများမှာလည်း မနက်တော့ဘဲ နီကြောင်ကြောင်ဖြစ်နေ၏။ အပေါ်မျက်ခွံသားသည် အောက်သို့ တွဲကျကာ မျက်ခွံ အရစ်ကြီးနှစ်ခုက မျက်လုံးနှစ်ဘက်တွင် အကြည့်ရဆိုးစွာ ထင်ထင်ရှားရှားပေါ်နေ၏။ အောက်မျက်ခမ်းသားနှင့် မျက်ရည်အိတ်တို့မှာလည်း တွဲကျနေသည်။ ငယ်စဉ်ကလို အသားအရေများ တင်းတင်းရင်းရင်း မရှိနိုင်တော့သဖြင့် အောက်မျက်ခွံမျက်သားများ တွဲကျလာခြင်းဖြစ်သည်။

ကျွန်တော့်မျက်နှာကို အနားကပ်၍ အသေအချာကြည့်တော့ မျက်နှာအရေပြားပေါ်တွင် အပေါက်ကလေးများ ထောင်နှင့်သောင်းနှင့် ထင်ထင်ရှားရှားပေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအပေါက်ကလေးများသည် ချွေးအိတ်အပေါက်ကလေးများ၊ အမွေးအမျှင်တို့ ပေါက်ရာနေရာလေးများ ဖြစ်ဟန်တူ၏။ ယခင်က ယခုလို မျက်နှာတွင် အပေါက်အစက်သဘော မတွေ့ရဘဲ အခုမှ အထင်အရှား တွေ့လာရခြင်းဖြစ်၏။

ကျွန်တော်၏ ဆံပင်များသာမက မုတ်ဆိတ်များကလည်း ဖြူနေ၏။ မုတ်ဆိတ်များဖြူနေသည်ကို ကျွန်တော်မသိခဲ့။ မနက်တိုင်း မုတ်ဆိတ်ကို ပြောင်အောင်ရိတ်သဖြင့် ကျွန်တော်မသိခဲ့ခြင်းဖြစ်သည်။ ယခုတော့ မနေ့ကလည်း အခန်းအောင်းနေကာ မုတ်ဆိတ်မရိတ်ဖြစ်။ ဒီနေ့လည်း မရိတ်ရသေးသဖြင့် နှစ်ရက်စာမုတ်ဆိတ်တို့က အဖြူနှင့်အမည်း ကွဲပြား၍မြင်ရလောက်အောင် ရှည်နေ၏။ မုတ်ဆိတ်တို့က ဆံပင်ထက်ပို၍ အဖြူများနေသည်။

ကျွန်တော့်မျက်နှာကို ကျွန်တော် သေသေချာချာကြည့်မိရာ ပါးကြီးနှစ်ခုသည် မေးရိုးအောက်အထိ တွဲကျလာခြင်းက မျက်နှာတစ်ခုလုံးတွင် အိုရုပ်အပေါက်ဆုံးဖြစ်၏။ ကျွန်တော့်မျက်နှာက ငယ်ငယ်တုန်းကတော့ ခပ်ရှည်ရှည်မျောမျောဖြစ်သည်။ အမေက ကျွန်တော့်မျက်နှာသွယ်သွယ်ကိုပြ၍ ကြွားရသည်ကအမော။ ကျွန်တော်ကိုယ်တိုင် ကျွန်တော့်မျက်နှာပြင်ကို သဘောကျသည်။ အခုတော့ ပါးနှစ်ဘက်က တွဲကျလာသောကြောင့် ကျွန်တော့်မျက်နှာသည် အောက်ကား၍ အပေါ် ရှုံးနေသလို ထင်ရ၏။ ထို့ပြင် နဖူးမှဆံပင်များ ကျွတ်စပြောင်စဖြစ်နေ



သာမျက်နှာသည် ယခင်ကနှင့် လုံးဝမတူ။ ထို့ကြောင့်လည်း နော်က "သြော် ငါသည်ပင်လျှင် ငါမဟုတ်ပါလား" ဟုဆိုခဲ့မိခြင်း ၏။

ကျွန်တော်နှင့် အနှစ် ၂၀– ၃၀– ကွဲသွားသော သူငယ်ချင်း တ်ဆွေများနှင့် တွေ့သောအခါ မိတ်ဆွေတိုင်းက "ကိုချစ်စံ၊ ခင်ဗျားက မပြောင်းသေးဘူးဗျ၊ အရင်အတိုင်း၊ ကျောင်းတုန်းကအတိုင်းပဲ" ဟု သောစကားအပေါ် ကျွန်တော်သည် နှစ်ပေါင်းများစွာ ယစ်မူးကျေနပ် ခဲ့၏။ ထိုသို့ပြောတိုင်းလည်း ကျွန်တော်သည် အလောင်းစည်သူ ကြီးလို 'ငါမအိုသေး' ဟု အတွင်းကျိတ်ကျိတ်ကာ ကျေနပ်နေတတ် ၏။ ထိုကဲ့သို့ ကျေနပ်စိတ်ပေါ်လာတိုင်း ကျွန်တော်သည် စိတ်ကြီးဝင် တူရွှင်းတောင်ခြေတွင် မြင်းစီးချင်စိတ်များပင် ပေါ်ခဲ့၏။

အအို အရင့်ဘက်သို့ ပြောင်းခဲ့ပြီဟုဆိုသော်လည်း ကျွန်တော် သွားများကတော့ အကောင်းကြီးရှိသေး၏။ သကြားလုံးစားသော နော့်သားများနှင့် ကျွန်တော့်သွားဆရာဝန်ထံရောက်တိုင်း ရာဝန်က "ဟော့ကောင်တွေ၊ မင်းအဖေသွားကိုကြည့်၊ ပေါက်ပြားတွေ အားလို့တောင်ရသေးတယ်၊ မင်းတို့သွားတွေက ငယ်ငယ်ရွယ်ရွယ်နဲ့ ခ်ခုမှမကောင်းဘူး၊ အဲဒါ သကြားစားလို့၊ သွားမတိုက်လို့ကွ" ဟုပြော တ်၏။ ထိုအခါများတွင် ကျွန်တော်သည် အထူးကျေနပ်ကာ တ[illegible]ယ် ပေါက်ပြားများကို ဝါးကြည့်လိုစိတ် ပေါ်လာတတ်ပါ၏။ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



သားတစ်ယောက်ကတော့ ထိုသို့ ခဏခဏ အပြောခံရသည်ကို မ[...] နပ်၍ "အဖေ ပေါက်ပြားတစ်ပြားလောက် စားပြစ်မိပါ" ဟု ဆို[...] စားမပြဘူးဟူ၍ မထင်ပါနှင့်။ အလားတူဖြစ်ရပ်တစ်ခု ရှိဖူး၏။

မကြာသေးမီက အမေရိကန်တွင် အသက် ၇၀– [...] အဘိုးတစ်ဦးက ဆရာဝန်ထံသွား၍ ဆေးစစ်ရာ ဆရာဝန်က "အ[...] အဘ ကျန်းမာရေးက အကောင်းကြီးရှိသေးတယ်၊ ဆယ့်ငါးထပ်တို[...] ပေါ်က ခုန်ချ၊ ဘာမှမဖြစ်ဘူး" ဟု စကားအဖြစ် ပြောလိုက်ရာ ယ[...] ပုဂ္ဂိုလ်ကြီးသည် တကယ်ပင် ဆယ့်ငါးထပ်တိုက်ပေါ်မှ ခုန်ချ[...] မသေကောင်း၊ မပျောက်ကောင်း ကမ္ဘာကျော်သတင်းဖြစ်ရပ်တ[...] ဖြစ်ခဲ့ရဖူး၏။

တကယ်တော့လည်း ထိုစိတ်ဓာတ်တို့မှာ မိမိ၏ အိုမင်းရင့်[...] မှုကို ဖုံးကွယ်ချင်ရာမှ ပေါ်ပေါက်လာသောစိတ်များဖြစ်ပါ၏။ [...] နှင့်အမျှလည်း လူသားတို့သည် မိမိတို့၏ အိုမင်းရင့်ရော်မှုမျာ[...] ငွေကြေးကုဋေကုဋာ အကုန်ခံ၍ ဖုံးကွယ်နေကြ၏။

တစ်ကမ္ဘာလုံးရှိ ဆံပင်အလှပြင်ဆိုင်များ၊ မျက်နှာအလှ[...] ဆိုင်များ၊ အသားအရေပြုပြင်သည့်ဆိုင်များ၊ ပလတ်စတစ်ဆ[...] အလုပ်ဌာနများ၊ အလှဆီ၊ မျက်နှာချေ၊ မိတ်ကပ်၊ ပါးဆိုးဆေး၊ နှုတ်[...] ဆိုးဆေး၊ ခေါင်းဆိုးဆေး၊ ရေမွှေး၊ နံ့သာတုံး၊ နံ့သာခဲ စသည့်အလှ[...] ပစ္စည်း အသိန်းအသန်းမကကို ထုတ်လုပ်နေသည့် စက်ရုံများ၊ အ[...]



ဌာနများ၊ အရောင်းဆိုင်များအားလုံးသည် လူသားတို့က မိမိတို့၏ အိုမင်းရင့်ရော်မှုကို ဖုံးကွယ်ရန် အပတ်တကုတ် ကြိုးပမ်းနေရာဌာနများ ဖြစ်၏။

၎င်းလုပ်ငန်းသည် ကမ္ဘာ့စဉ်ဆက် မတိမ်ကောခဲ့သော တွင်ကျယ်သည့် စီးပွားရေးလုပ်ငန်းကြီးဖြစ်၏။ ဒေါ်သီသနပ်ခါးနှင့် တော်ရေကန်တင်မောင်ထွေးတို့သည် လူတိုင်း၌ လှချင်သောစိတ်ဓာတ် ရှိပါက ငတ်သေဖို့သာရှိမည်။ လူများတွင် လှချင်ပချင်သောစိတ်မရှိပါက ရေဗလွန်နှင့် မက်ဖက်တာ ကုမ္ပဏီကြီးလည်း ပေါ်လာဖွယ်ရာမရှိ။ အခုတော့ အလှပြင်သမားများအားလုံး စီးပွားဖြစ်နေကြ၏။ အလှပြင်လုပ်ငန်းကို ယခုလုပ်နေသူများသာမက နောင်ဆက်၍ လုပ်မည့်သူတို့သည်လည်း စီးပွားဖြစ်ကြမည်သာဖြစ်၏။ လူတို့သည် သူတို့၏ အိုရုပ်ဖုံးလုပ်ငန်းများတွင် သူတို့ဝင်ငွေ၏ ရာခိုင်နှုန်းအများအပြားကို ရက်ရက်ရောရော သုံးစွဲပစ်နေကြပါ၏။ တကယ်တော့ မျက်နှာချေ၊ မိတ်ကပ်၊ ရေမွှေးနံ့သာ စသည်တို့ဖြင့် အလှခြယ်လုပ်ငန်းသည် အိုမင်းရင့်ရော်မှုကို ယာယီအားဖြင့် ဖုံးကွယ်၍ ထားနိုင်သည်မှာလည်း အမှန်ဖြစ်၏။

ပရင့်စ်အင်ပရင့်ဆက် ကိုဆန်နီဆိုလျှင် ရန်ကုန်၌ အလှပြင်ဆို[...]ရှင် ဘုရင်တစ်ဆူဖြစ်၏။ ကိုဆန်နီကို ကျွန်တော်တို့က [...]စ်ဟု ချစ်စနိုး ခေါ်ကြ၏။ သူက လှနေသည်ကိုပင် ပိုလှအောင် [...]သည်ထက်

www.burmeseclassic.com

www.burmeseclassic.com



လှအောင် ပြင်နိုင်၏။ မို့မို့၏ နုနုလေးအလှကို မာမီစံက ပါးပါးလေး ပြင်ပေးရာ မို့မို့မြင့်အောင်သည် သူမတူအောင် ပို၍လှလာ၏။

သို့သော် အိုဇရာရုပ်ကိုကား ထာဝစဉ် ဖုံးအုပ်ထား၍မရ ဇရာသည် အချိန်နှင့်အမျှ နုပျိုမှုအားလုံးကို ဝါးမျိုနေပါ၏။ ထို့ကြောင့် လည်း မာမီစံကိုယ်တိုင်၊ ကိုတင်မောင်ထွေးကိုယ်တိုင်၊ ဒေါ်သီတို့ ကိုယ် တိုင်ဆည်လည်း ယခုတော့ ဇရာမင်းသားနှင့် နှစ်ပါးသွားနေရပြီ မဟုတ် ပါလော။

ကျွန်တော်သည် အခန်းထဲတွင် မိမိကိုယ်မိမိကြည့်၍ ဇရာ တရားကို စဉ်းစားနေရာမှ ကိုယ့်မျက်နှာကိုယ် စေ့စေ့မကြည့်ဝံ့တော့ဘဲ မျက်နှာလွှဲကာ အိပ်ရာပေါ်သို့ လှဲချလိုက်မိပါ၏။

သေခြင်းတရားသည်သာမက ဇရာတရားသည်လည်း ကြောက်စရာကောင်း၏။ ဇရာတရား ကင်းရှင်းရာအရပ်ဟူသည် ဤလောက၌မရှိ။ မွေးပြီးနောက်တစ်နေ့တွင်ပင် ငါသည် တစ်ရက် အိုပြီးသူပါတကား။

မနက်က ပင်စင်စားကြီးများနှင့်တွေ့ပြီး မိန်းကလေးငယ် တစ်စုနောက်သို့ ကောက်ကောက်ပါအောင်လိုက်ခဲ့၍ အမောဆိုက်လာ သည်မှစ၍ ဇရာတရားသည် ကျွန်တော့်ကို ခြောက်လှန့်ခဲ့သည်မှာ ယခုတိုင်ဖြစ်၏။



ကျွန်တော်သည် အခန်းထဲတွင် တစ်ယောက်တည်းရှိနေသည် မို့ ဇရာတရားကို ပို၍ကြောက်ရွံ့လာမိသည်။ ထို့ကြောင့်လည်း စိတ် ပြေလက်ပျောက် မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ကောက်ကိုင်လိုက်ရ၏။

မဂ္ဂဇင်းအဖုံးကတော့ နုနယ်ပျိုမျစ်သည့် တက်သစ်စ ရုပ်ရှင် ဝါသနာအိုး မိန်းကလေးတစ်ဦး၏ပုံ ဖြစ်သည်။ ကျွန်တော်သည် လှပ သော ထိုမိန်းကလေးကို စေ့စေ့စပ်စပ်ကြည့်ကာ ဩော် ဤမျှလှပ နုနယ်သော ကလေးမလေးသည်လည်း တစ်ချိန်တွင်တော့ အိုရဦးမည် မဟုတ်ပါလားဟု တွေးရင်း စာအုပ်အတွင်းဘက်သို့ လှန်လိုက်မိ၏။ စာအုပ်အတွင်းဘက်သို့ လှန်လိုက်သောအခါ မဂ္ဂဇင်းစာမျက်နှာပြည့် အထားသော ရုပ်ရှင်မင်းသမီးချော ချိုပြုံး၏ ပါးချိုင့်ကြီးပေါ်အောင် ပြုံးနေသည့် မချိုပြုံးပုံကို တွေ့ရ၏။ နောက် ထိုစာအုပ်ထဲတွင် ဒေါ်ခင်ယုမေ၏ ပုံလည်းပါ၏။ တစ်ရွက်ပြီးတစ်ရွက် ဆက်လှန်ကြည့် တော့ ရုပ်ရှင်မင်းသမီးကြီး အော်ဒရေးဟာဘင်ပုံကြီးကို ဖြန်းခနဲ တွေ့လိုက်ရ၏။ ကျွန်တော်သည် အော်ဒရေးဟာဘင်၏ပုံက မကြည့် ရက်၊ မမြင်ရက်စရာ ဖြစ်နေ၏။

အော်ဒရေးဟာဘင်ဆိုလျှင် **Roman Holiday** တွင် တကယ် လျှမ်းလျှမ်းတောက်ခဲ့သော အင်္ဂလိပ်မင်းသမီးတစ်လက်ဖြစ်၏။ သူသည် **Roman Holiday** ၌ ဂရေဂရီပက်နှင့်တွဲဖက်၍ ကမ္ဘာကျော် ခဲ့၏။ ယခုတော့ ဂရေဂရီပက်လည်း လူအိုကြီးဘဝ ရောက်နေပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com





ဇရာတရားက မြိန်ယှက်စွာ ဝါးမျို ခဲ့ပြီးနောက် ရုပ်ရှင် မင်းသမီးကြီးအော်ဒရေးဟာဘာ ကို ဤသို့ တွေ့ရသည်

အော်ဒရေးဟာဘင်ကို နောက်ဆုံးကြည့်ရသည့်ကားက ( Wait Unt Dark ) ကားဖြစ်သည်။ ထိုကားအထိ အော်ဒရေးဟာဘင်သည် တကယ့်သရုပ်ဆောင်ကောင်းသူ သွယ်သွယ်လျလျ ချစ်စရာကော သော မင်းသမီးတစ်လက်အဖြစ် တွေ့မြင်ခဲ့ရသေး၏။

ယခုတော့ အဘွားကြီးတစ်ယောက်၏ ရုပ်ရည်မျိုးကို ကျေ ကာ ဗျာမိ၊ ဇရာ၊ မရဏလှောင်ချိုင့်အတွင်းသို့ သက်ဆင်းနေရှာသေ မင်းသမီးချော အော်ဒရေးဟာဘင်၏ပုံက မြင်မကောင်း၊ ကြည့ မကောင်းအောင် ဖြစ်နေ၏။ သူ၏ပုံ၊ သူ၏ရုပ်ရည်သည် အိုမင်း လွန်ကဲသော မိန်းမအိုကြီးတစ်ဦးဘဝသို့ သက်ဆင်းနေရပါသည် ဇရာတရားကို အဘယ်သူသည် ရှောင်လွှဲပြေးနိုင်ပါမည်နည်း။



မိန်းမသားတို့၏ အလှတရားများစုဝေးရာ အလှဘုရင်မ ...လိယိုပက်ထရာအဖြစ် တစ်ကွက်တလေမှ ချွတ်ချော်မှုမရှိအောင် ...ရုပ်ဆောင်ခဲ့သူ အလှမင်းသမီး အယ်လိဇဘက်တေလာသည်ပင် ...ခုတော့ ဇရာတရားက အညှာအတာ အသနားမဖက်ဘဲ ရက်စက်ပြ ...ပြီ မဟုတ်ပါလား။ တစ်ခါက ကာလသားတို့၏ အသည်းစွဲဖြစ်ခဲ့သူ ...စ်ဂျစ်ဘားဒေါ့ကို ဇရာတရားက ထုထောင်းခဲ့ပြီမို့ ယခုတော့ ...ားဒေါ့စ် ယနေ့ပုံကို မြင်ရသည်မှာလည်း သံဝေဂယူစရာဖြစ်ပါ၏။



တစ်ချိန်က ကာလသားတို့ အသည်းစွဲဖြစ်ခဲ့ရသော ရုပ်ရှင် မင်းသမီးကြီးဘရစ်ဂျစ်ဘားဒေါ့ ကို ဇရာတရားက ဝါးမျိုပြီး နောက် ဤသို့တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ဇရာတရား၏ ဝါးမျိုမှုကို စတင်ရင်ဆိုင်နေရပြီဖြစ်သော ရုပ်ရှင်မင်းသမီးချော ချိုပြုံးက သူ၏ဆရာရင်း ကိုဝင်းဦးနှင့်ပတ်သက်၍ မဟေသီမဂ္ဂဇင်းနှင့် တွေ့ဆုံရာတွင် "ဆရာတို့ရုယ်မချိုရုပ်ကိုကြည့်လေ၊ လူတစ်ယောက်ကို ဇရာက အလိုမတူဘဲ ဝါးမျိုနေတာဟာ နေ့စဉ်နဲ့အမျှပါပဲရှင်" ဟုဆို၏။

ရုပ်ရှင်မင်းသမီးကြီး ဒေါ်ခင်ယုမေဆိုလျှင် ကျွန်တော်တို့ခေတ်၊ ကျွန်တော်တို့အခါက ကျွန်တော်တို့အသည်းစွဲခဲ့ရသော ရုပ်ရှင်မင်းသမီးချောတစ်လက် ဖြစ်ပါ၏။ ဒေါ်ခင်ယုမေက လှသည်။ သူ့အလှက ကျက်သရေလည်း ရှိသည်။ သူ့အရပ်နှင့် သူ့ကိုယ်အနေအထားက လိုက်ဖက်သည်။ သူက သူ့အလှကို ရိုးရိုးကလေးနှင့် ယဉ်အောင် ပြင်နိုင်၏။ သူပြင်လိုက်ပြီဆိုပါက အရပ်သူလေးများက သူ့လိုလိုက်၍ ပြင်ရလောက်အောင် အလှဆင်တတ်သူဖြစ်၏။ အခုတော့ ခင်ယုမေသည်ပင် တဘက်ကလေးပတ်ကာ သီချင်းဆိုနေရသည်။

ဒေါ်ခင်ယုမေသည် အချိုးအဆက်သာမက သွားလှသော မင်းသမီးတစ်လက်ဖြစ်၏။ ကျွန်တော်တို့ငယ်စဉ်က ဒေါ်ခင်ယုမေ၏ ကြွေစေ့လေးများလို စီရီနေသော သွားလေးများကို အလွန်သဘောကျခဲ့ကြ၏။ 'လှိုင်းကလေးဖွေးဖွေး အေးတဲ့မြစ်ပေါ် ... ရိုင်းတဲ့စင်ရော်' ဟူသောသီချင်းကို ဒေါ်ခင်ယုမေသည် သူ့နှုတ်ခမ်းလေးများနှင့် လိုအောင် ဆိုခဲ့၏။ ထို့ကြောင့်လည်း နားထောင်၍ကောင်းသည်။ ယခုတော့ 'လှိုင်းကလေးဖွေးဖွေး အေးတဲ့မြစ်ပေါ်' ဟူသောစာသားကို တီဗွီမှ ကြားရသည်မှာ ငယ်ငယ်က မင်းသမီးချောခင်ယုမေဆိုသလို မဟုတ်။



အချောအလှတွင် ကျွန်တော်တို့ ကိုးကွယ်ခဲ့သော မင်းသမီးတစ်လက်လည်း ရှိသေး၏။ သူကတော့ အားလုံးထဲတွင် အချောဆုံးအလှဆုံးမင်းသမီး၊ ပျဉ်းမနားသူ၊ ပျဉ်းမနားမယ် ခင်သန်းနုဖြစ်၏။ ခင်ယုမေ၊ ခင်သန်းနု၊ ဖျာပုံမယ် တင်တင်အေး အစရှိသော မင်းသမီးတို့၏ ပုံများသည် ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝက အခန်းနံရံတွင် ကော်နှင့်ကပ်၊ သံနှင့်တွယ်ချိတ်ကာ ကြည့်ရှုရင်း နှပျိုမှုအလှတရားများအတွက် စံထားရသောပုံများ ဖြစ်၏။

အခုတော့ ဒေါ်ခင်သန်းနုသည်လည်း သန္ဓာရေ မိတ်ကပ်အတွက် ကြော်ငြာစကားကို အထပ်ထပ်ဆိုနေပါသော်လည်း ကျွန်တော်တို့ခေတ်၊ ကျွန်တော်တို့အခါက မခင်သန်းနုမဟုတ်တော့။

ဒေါ်ဝါဝါဝင်းရွှေ တစ်ယောက်ကတော့ ဇရာကိုဖုံးဖိလျက် ခင်းသားငယ်လေးများနှင့် ၂၁- နှစ် သမီးလို သရုပ်ဆောင်နေဆဲဖြစ်၏။ ကျွန်တော်က စန္ဒာမဂ္ဂဇင်းတွင် အဘွားကြီးဟု ခေါ်ခဲ့မိသည်ကို သူက "မဝါက နုပျိုဆဲ၊ လတ်ဆတ်ဆဲ" ဟု ဆိုခဲ့သော်လည်း တစ်ဆက်တည်းမှာပင် ဇရာဆိုတာ ဘယ်သူမှ ထိန်းထားလို့မှမရတာဟု သံဝေဂစကားတော့ ဆိုခဲ့ပါသေး၏။ ဒေါ်ဝါဝါဝင်းရွှေသည် ဆရာကြီး ဦးအောင်ဖေညွန့်၏ ရုပမေဒသင်တန်းတွင် ၁၉၆၀- ပြည့်ဝန်းကျင်က ကျူရှင်တက်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူး၏။ ထိုအခါတုန်းက သူသည် နုနုရွရွလေး လှခဲ့သူဖြစ်၏။ ကြွကြွရွရွလေး အလှကြွယ်ခဲ့သူဖြစ်၏။ သူ့ခါးကလေးက တကယ့်ကို သဘာဝတရားက ချပ်ချပ်ရပ်ရပ်လေး ရှပ်စရာမလို၊ ဇရာတရားက မျက်နှာသာပေးထားမှုကို ခံခဲ့ရသူဖြစ်သဖြင့် မဝါသည် အလှထည် ခဲ့သူဖြစ်၏။ ဘယ်လိုပင် ငြင်းဆိုစေကာမူ အခုတော့ မဝါသည်လည်း (စိတ်) တုန်းက မဝါ မဟုတ်တော့သည်မှာ သေချာလှပါ၏။

သည်တော့ ...

ဘယ်မှာလဲအစဉ်မြဲနေသည့် နုပျိုခြင်း၊

ဘယ်မှာလဲ အစဉ်မြဲနေသည့် အလှ၊

အလှ အပ အနု အယဉ်ဟူသမျှ အစဉ်မြဲနေတာပဲဟု ဆိုပါက ဇရာတရားက တဟားဟားရယ်မော၍ လှောင်နေမည် ဖြစ်ပါသည်။

ဇရာတရား မျက်နှာသာပေးထားစဉ်က ဘာရစ်ဂျစ်ဘားဒေါ်

## တစ်နှစ်အချိန်ဆွဲလိုသည့် မမ

ကျွန်တော်သည် ယနေ့မနက်၌ ပင်စင်စားကြီးတစ်စုနှင့် တွေ့ခဲ့ရခြင်း၊ ထို့ပြင် အမျိုးသမီးငယ်တစ်စုနှင့် ဆုံမိခဲ့ခြင်း၊ ကျောက်တော်ကြီးဘုရားတွင် တွေ့ရသော သီလရှင်ကြီးမှအစ ဇရာတရားကို အလင်လင် ခံစားနေရရှာသော ဓာတ်မင်းသားကြီးတစ်ဦး၊ ထို့အပြင် မိမိကိုယ်မိမိ မှန်ထဲတွင်ကြည့်ကာ ဇရာ၏ဒဏ်ရာဒဏ်ချက်များကို မြင်ခြင်ခဲ့ရာမှ ဇရာ၏ကြောက်စရာအရေးကို နဖူးပေါ်လက်တင်၍ တွေးနေစဉ် တံခါးခေါက်သံနှစ်ချက်ပေါ်လာ၏။

'ဘုရား – ဘုရား' သူ့အကြောင်းကိုတွေးနေ၍ ဇရာသည် တံခါးလာခေါက်နေခြင်းလော၊ မဖြစ်နိုင်ပါ။ ကျွန်တော့်ကိုယ်ကျွန်တော် အားတင်းလိုက်ပါသည်။ ဖြစ်လည်း ဖြစ်နိုင်သည်။ ဇရာသည် နေရာ

www.burmeseclassic.com

www.burmeseclassic.com



ရှောင်တတ်သော သဘောမရှိ။ အကယ်၍ တံခါးခေါက်သူသည် ဇရာကေန်ဖြစ်နေပါက မည်သို့ပြုရမည်နည်း။ ရင်ဆိုင်တွေ့ရုံမှလွဲ၍ အခြားလမ်းမရှိ။ ကျွန်တော့်အဖို့ တံခါးလာခေါက်သူသည် ဇရာပဲဖြစ် ဖြစ်၊ ဘယ်သူပဲ ဖြစ်ဖြစ် တံခါးတော့ ထ၍ဖွင့်ပေးရမည် ဖြစ်သည် ဘယ်သူပဲ ဖြစ်ဖြစ် တံခါးထဖွင့်ပေးရမှာပဲဟု ကျွန်တော်က စိတ်၌ တင်ထားသော်လည်း ဇရာဖြစ်နေပါက မည်သို့လုပ်ရပါ့မလဲ ဟူသော အတွေးကလည်း ရှိနေပြန်ပါ၏။

သို့သော် ကျွန်တော်သည် အိပ်ရာမှထလိုက်၏။ ထို့နောက် တံခါးဝဆီသို့သွားကာ အပြင်သို့ အပေါက်ငယ်မှ ချောင်းကြည့် လိုက်၏။ လူငယ်တစ်ယောက်။ ဇရာသည် လူငယ်ယောင်ဆောင်လာ ခြင်းလော၊ ကျွန်တော်သည် ထိုသို့ စဉ်းစားရင်း တံခါးကို ခပ်ဆိုင်းဆိုင်း ဖွင့်ပေးလိုက်ပါ၏။ တံခါးဖွင့်လျှင် ဖွင့်ချင်း တံခါးဝမှ လူငယ်က–

"ဆရာ ဆရာ့ ညွှန့်သည်ရောက်နေတယ်" ဟုဆိုပါ၏။

ဇရာတရားမဟုတ်။ ဟိုတယ်ဝန်ထမ်း လူငယ်တစ်ဦးဖြစ်၏ သည်။

"ညွှန့်သည်နာမည် ဘယ်သူတဲ့လဲ"

"မသိဘူးဆရာ"



"ညွှန့်သည်ကို လာခဲ့ပါမယ်လို့ ပြောထားပါကွာ၊ လက်စနဲ့ ကော်ဖီဗူးထဲ ရေခဲရေ ထည့်ပေးစမ်းပါဗျာ"

"ဟုတ်ကဲ့ဆရာ"

ဟိုတယ်ဝန်ထမ်းဖြစ်သူသည် အခန်းထဲသို့ ဓာတ်ဘူးယူရန် ဝင်လာ၏။ ထိုအခါတွင် ကျွန်တော်က "မောင်ရင့်နာမည်က ဘယ်လို ခေါ်လဲ၊ အရင်ကမတွေ့ဘူးပါလား" ဟုမေးတော့ သူငယ်က "ကျွန်တော့် နာမည်က ရာဇာပါ၊ ဝန်ထမ်းအသစ်ပါ" ဟုဆို၏။ ထိုအခါ ကျွန်တော် က ထိုလူငယ်ကိုကြည့်၍ "အေး နည်းနည်းလေးပဲ လွဲသွားတယ်ကွာ" ဟု ဆိုလိုက်ရာ လူငယ်သည် ကျွန်တော့်ကို နားမလည်ဟန်ဖြင့် ကြည့် နေပါ၏။

ဇရာများ ဝင်လာမည်လားဟု စိတ်ပူနေချိန်တွင် ရာဇာဝင်လာ ၍သာ တော်သေး၏။ ရာဇာနှင့် ဇရာက အတော်လေးနီးစပ်နေ၏။ ကျွန်တော်သည် ဘာမှ ဆက်မပြောတော့ဘဲ ရှပ်အင်္ကျီတစ်ထည်ကို ကောက်ဝတ်ကာ ညွှန့်သည် ဘယ်သူဘယ်ဝါဖြစ်သည်ကို စဉ်းစားရင်း အခန်းထဲမှ ထွက်လာခဲ့၏။ တံခါးလာခေါက်သူက ဇရာမဟုတ်လျှင် ညွှန့်သည်ကရော ဇရာမဖြစ်နိုင်ဘူးလား။ ဒါလည်းဖြစ်နိုင်၏။ ထို့ကြောင့် ကျွန်တော်သည် ဟိုတယ် ညွှန့်ခန်းသို့ရောက်သော် ညွှန့်သည် ကို အကဲခတ်၍ ရှာကြည့်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ "ဟေ့ ကိုချစ်စံ" ဟုအသံသွက်သွက်ဖြင့် ခေါ်လိုက်သံကို ကြားရ၏။

"ဟာ ကိုညိုပါလား"

ကျွန်တော်သည် ကိုညိုထံသို့ ဝမ်းပန်းတသာ ပြေး၍သွားပါ၏။ ညှိုသည်သည် ဧရာမဟုတ်သည့်အပြင် ကျွန်တော်၏ သူငယ်ချင်းကိုညိုဖြစ်နေသဖြင့် ပျော်သွားပါ၏။

"ခင်ဗျား စာရေးထားလို့ လာတွေ့တာ" ဟု ကိုညိုက ဆိုသည်။

"ကျွန်တော်လဲ ခင်ဗျားဆေးခန်းနားက ဖြတ်သွားမိရင်း ခင်ဗျားနာမည် ဆိုင်းဘုတ်တွေ့တာနဲ့ စာရေးထားခဲ့တာ"

"ဟုတ်တယ်၊ ကျွန်တော်လဲ ခင်ဗျားကို သိပ်တွေ့ချင်နေတာ ဒါကြောင့် လာတွေ့တာ၊ ကျွန်တော်တို့ ကွဲသွားကြတာ အတော်ကြာပြီနော်"

"ဟုတ်တယ်လေ ကိုညို၊ ၁၉၆၁ ခုနှစ်ကတည်းက ဆိုပါတော့"

"အင်းအနှစ် ၃၀-နီးပါးပဲ၊ ခင်ဗျားကတော့ သိပ်မပြောင်းလဲဘူးဗျ၊ ကျောင်းမှာတုန်းကအတိုင်းပဲ၊ နည်းနည်းတော့ လူကြီးရုပ်ပေါက်လာပြီ" ဟု ကိုညိုက ပြောပါ၏။



"ဘယ်ကလာ လူကြီးရုပ်ပေါက်တာ ဟုတ်ပါ့မလဲ ကိုညိုရာ၊ အိုလာတာပါ၊ ကျွန်တော်လဲ ဒီမနက်ကတည်းက ဒီအိုတဲ့အကြောင်းပဲ တွေးစားပြီးနေတာ၊ ခင်ဗျားကတော့ ကျောင်းမှာတုန်းကလို မဟုတ်ဘူး၊ လောတယ်၊ ပြည့်လာတယ်ဗျ၊ ခင်ဗျားကမှ လူကြီးရုပ်ပေါက်လာတာ"

"ကျွန်တော်က ဝပေမယ့် ကျန်းမာရေး သိပ်မကောင်းဘူးဗျ၊ သွေးတိုးရော၊ ဟိုဟာဒီဟာရောပေါ့ဗျာ၊ အသက်ကြီးလာရင် ဖြစ်တတ်တဲ့ ရောဂါတွေပါပဲ၊ အသက်ကြီးလာတော့ ငယ်ငယ်တုန်းကလို မဟုတ်တော့ဘူး၊ အစစအရာရာ ချွတ်ယွင်းလာတယ်၊ အသက်ကြီးလာလေ ကျွန်တော်လဲ ပစ္စည်းဥစ္စာတို့ ဂုဏ်ပကာသနတို့ဆိုတာဟာ ဘာမှ မဟုတ်မှန်း သိလာလေပဲ၊ ဒီလိုသိလာတော့ဘဝမှာအေးအေးဆေးဆေး နေချင်တဲ့ဆန္ဒတစ်ခုပဲ ရှိတော့တာပါပဲဗျာ၊ အဲဒီဒဏ်တွေလဲ ထိတယ်နဲ့တူပါရဲ့၊ ကိစ္စကတော့ ခင်ဗျားနဲ့ကျွန်တော် အေးအေးဆေးဆေး စကားပြောချင်တယ်၊ ငယ်သူငယ်ချင်းတွေနဲ့တွေ့ရတာ သိပ်ဝမ်းသာတယ်၊ ဒါကြောင့် အခု ခင်ဗျားဆီကို သက်သက်လာချိန်းတာ၊ အခုလို ငယ်သူငယ်ချင်း အချင်းချင်းစကားပြောရတာကိုက ဘဝရဲ့ အေးချမ်းမှု တစ်ခုပေါ့၊ ခင်ဗျား ကိုခင်မောင်မောင်နဲ့ရော တွေ့သေးလား၊ ကိုမောရစ်နဲ့ရော တွေ့ဖြစ်ရဲ့လား၊ ခင်းဗျားတို့သုံးယောက် အဲဒီတုန်းက တစ်တွဲမဟုတ်လား၊ ကဲ အခုတော့ ကျွန်တော် မအားသေးဘူး၊ မနက်ဖြန်မနက်စာ ကျွန်တော့်ဆီမှာစား၊ မနက်စာစားရင်း ကျွန်တော်တို့နှစ်ယောက် စကား

www.burmeseclassic.com

www.burmeseclassic.com



တွေပြောမယ်ဗျာ၊ ဟောဒါက ကျွန်တော့်ဇနီး၊ ကဲအခုတော့ ချိန်းရုံ ကျွန်တော် ဆေးရုံပြေးလိုက်ဦးမယ်ဗျာ" ဟုဆိုကာ ကိုညိုက လက် နှုတ်ဆက်ရင်း ပြန်ရန်ပြင်၏။

ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်သည် ရသမျှအချိန်လေး တွင် ရသလောက် စကားပြောကာ ရပ်လိုက်ရ၏။ သို့သော် ဝအောင် ကား မပြောဖြစ်ကြ။ ငယ်သူငယ်ချင်းအချင်းချင်း စကားပြောကြရာတွင် ဝနိုင်စရာလည်း အကြောင်းမရှိ။ ကျွန်တော်က ကိုညိုကို သူ့ကားနား အထိ လိုက်ပို့၏။ သူ့ကားပေါ်ရောက်တော့ ဇနီးဖြစ်သူက ကား စက်နှိုးကာ မနက်ဆက်ဆက်လာနော်ဟု အကြိမ်ကြိမ်မှာပြီး လက်ပြကာ ထွက်သွားကြ၏။

ကိုညိုနှင့် ကျွန်တော်က ငယ်သူငယ်ချင်း။ သူနှင့် ကျွန်တော် သည် ရန်ကင်းကောလိပ်တွင် ၁၉၅၇– ခုနှစ်က အတူတက်ဖူး၏။ ယခု အမရပူရတွင် မြို့နယ်ဆရာဝန်ကြီး ဖြစ်နေသူ ဒေါက်တာ ခင်မောင် မောင်၊ ရန်ကုန်မြို့ မျက်စိ နား နှာခေါင်း လည်ချောင်းဆေးရုံမှ ဆရာဝန်ကြီး မောရစ် ကိုကိုတင်နှင့် ကျွန်တော်တို့ သုံးယောက်က ကျောင်းတွင်တစ်တွဲ၊ ကိုညိုနှင့်ကျွန်တော်က ယခု ရန်ကင်းငါးလုံးတန်း တင်းနစ်ကွင်းရှေ့ရှိ မင်းသားကြီး ဦးထွန်းဝေအိမ်နားတွင် အတူနေကြ ၏။ ယခု ကိုညိုက မန္တလေးတွင် မျက်စိဆရာဝန်ကြီးဖြစ်ကာ ပြည်သား က မန္တလေးမြို့တွင် အခြေချနေ၏။ ကိုညိုရော ကျွန်တော်ပါ ကောလိပ်



ကျောင်းသားဘဝက အတော်လေး ချို့ချို့တဲ့တဲ့ဖြင့် ကျောင်းနေခဲ့ရ၏။ သူတို့အားလုံး ဆရာဝန်ဖြစ်ကြသော်လည်း ကျွန်တော်က ဆရာဝန် မဖြစ်။

ကျွန်တော်သည် ကိုညိုတို့ဇနီးမောင်နှံ ဟိုတယ်ဝင်းအတွင်းမှ ထွက်သွားသည်အထိ ရပ်ကြည့်နေမိ၏။ ထို့နောက် ကျွန်တော်သည် ဟိုတယ်ဆင်ဝင်အောက်သို့ ပြန်လာခဲ့၏။ ဟိုတယ်အဝင်အထွက်နေရာ တွင်တော့ အကျီအသစ်၊ လုံချည်အသစ်နှင့် ယောကျ်ားလေးများရော မိန်းကလေးများပါ လူအတော်အများများ အဝင်အထွက် လုပ်နေကြ၏။ သူတို့သည် ဟိုတယ်တွင် တည်းခိုနေကြသောသူများ မဟုတ်ကြ။ ကျွန်တော်က သူတို့ကို ဘယ်သူတွေလဲဟုမေးတော့ ဒီမနက် မန္တလေး ဟိုတယ်တွင် မင်္ဂလာဆောင်စပ်ပွဲအခမ်းအနားတစ်ခုရှိ၍ လာကြသူများဟု ဆိုပါ၏။

ကျွန်တော်သည် အချိန်အနည်းငယ်ရသဖြင့် အခန်းထဲ ပြန် ဝင်သေးဘဲ အဝရှိ ဧည့်သည်စားပွဲတွင်ထိုင်ကာ ဧည့်ခံပွဲသို့ လာကြ သောသူများကို ကြည့်နေမိ၏။ ကျွန်တော်ထိုင်နေသော နေရာ၏ ရှေ့တည့်တည့်တွင် ဟိုတယ်၏ဧည့်ကြိုဌာနရှိ၏။ ဧည့်ကြိုဌာနတွင် **Reception** ဟူသော စာလုံးကို အဖြူရောင်ပလတ်စတစ်ပြားပေါ်တွင် ရေးထားသည်။ ဧည့်ကြိုနေရာတွင် နာရီတစ်လုံးနှင့် မတ်တတ်မှန်ကာ တစ်ခုလည်းရှိသည်။ ထိုနေ့က ဧည့်ကြိုဌာန၌ ဒေါ်မြင့်မြင့်ရှင် ဒေါ်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်းတင်တို့ ရှိသည်။ ကျွန်တော်တို့ ဤဟိုတယ်တွင် စတင်တည်းတု
က ဒေါ်မြင့်မြင့်သည်လည်း ခပ်ငယ်ငယ်ဖြစ်၏။ အခုတော့ ဒေါ်မြင့်မြ
သည် ခပ်ငယ်ငယ်မဟုတ်တော့။ အရွယ်လေး ထောက်စပြုနေ
ထို့ကြောင့် ဒေါ်မြင့်မြင့်ထံမှ ကျွန်တော်ကြားလာရသော စကားများတို
တစ်ခေါက်နှင့်တစ်ခေါက် မတူ။ တရားစကား၊ သံဝေဂစကား၊ ကျော
ကန်ဘုရားများအကြောင်းများ ပါလာသည်။

မန္တလေးဟိုတယ်တွင် ကျွန်တော်သည် ဦးလှသွင်နှင့်လည်
တွေ့ခဲ့သည်။ ဦးလှသွင်နှင့် ကျွန်တော်သည် ပြင်ဦးလွင်မြို့ နန်းမြို
ဟိုတယ်၌ စတင်သိကျွမ်းခဲ့ရ၍ ဦးလှသွင်သည် ကျွန်တော်တို့အပေ
သဘောကောင်းသော အစ်ကိုတစ်ယောက်သဖွယ်လည်း ဖြစ်၏။

ဤဟိုတယ်မှ ကိုလှငွေသည်လည်း ယခင်ကတော့ ငယ်ငေ
ရွယ်ရွယ် ဖျတ်ဖျတ်လတ်လတ် ဖြစ်၏။ ထိုအခါက ကိုလှငွေနှ
ကျွန်တော်တို့သည် ဤဟိုတယ်တွင် စားလိုက်သောက်လိုက် နေဖြစ်
ကြ၏။ ကိုလှငွေ ပြင်ဦးလွင်မြို့ ရောက်တော့ ကျွန်တော်တို့လည်
ပြင်ဦးလွင်မြို့သို့ လိုက်ကာ ပျော်ကြသည်။ ကိုလှငွေသည် စကားပြော
ပါက ပါးစပ်ကလေး ရွဲ့ကာ ရွဲ့ကာ ပြောတတ်ပြီး လူချစ်လူခင်များ
သည်။ အခုတော့ ကိုလှငွေလည်း အရက်ကို အဝသောက်မှုကြောင့်
အိုရုပ်ပေါက်ကာ ဟိုတယ်တွင် ဥယျာဉ်မှူးလုပ်ရာမှ ဆေးပင်စင် ယူခဲ့



ဖြစ်၏။ ကိုမြင့်မောင်တစ်ယောက်ကတော့ ပြင်ဦးလွင်မြို့၌ ဒေါ်မေရီ
နှင့် အကြောင်းပါခဲ့သည်။

ကျွန်တော်သည် ဟိုတယ်အဝ ဧည့်စားပွဲ၌ ထိုင်နေစဉ်မှာပင်
နိုင်ငံခြားသား လင်မယားတစ်တွဲ ကလေးငယ်တစ်ဦးနှင့် ဧည့်ကြိုခန်း
သို့ ရောက်လာသည်။ ဒေါ်မြင့်မြင့်နှင့် ဒေါ်ဝင်းဝင်းတင်တို့က မျက်နှာ
ဖြူလင်မယား ဟိုတယ်တွင် တည်းခိုရေးအတွက် လိုအပ်သည်များ
ဆောင်ရွက်ပေးနေ၏။ ထိုသို့ ပြုလုပ်နေစဉ် မျက်နှာဖြူ ဇနီးမောင်နှံ၏
င်သွေးငယ်သည် ကျွန်တော်တို့ဘက်သို့ လျှောက်လာ၏။ ကျွန်တော်
တို့အနားသို့ ကလေးရောက်လာသော် ဖခင်ဖြစ်သူသည် ကလေးနောက်
သို့ လိုက်လာသည်။ ကျွန်တော်သည် ကလေးနှင့် သူ့အဖေကို တစ်ပြိုင်
တ် ကြည့်လိုက်မိ၏။ အဖေနှင့် သားက အတော်လေးတူသည်။
ကြီးအသေးသာ ကွာ၏။ သို့သော် ကလေးတွင်ကား နုနယ်ငယ်ရွယ်
တို့က အပြည့်ဖြစ်၏။ ဖခင်ဖြစ်သူကတော့ နုနယ်မှုထက် ရင့်ထော်
ာ ပို၍များပြား၏။ သားအဖနှစ်ဦးသည် ပြုံးရင်း ရယ်ရင်း မိခင်ရှိရာ
သို့ ပြန်သွားကြသည်။ မိခင်ဖြစ်သူကလည်း ကလေးကို ပွေ့ချီ၏။
သူတို့သားအမိ သုံးယောက်၏ ဘဝကား ပျော်စရာလေးဖြစ်၏။ သူတို့
သည် ငွေကြေးပူပန်ရသူများ ဟုတ်ဟန်မတူ။ ကောင်တာမှ အထွက်တွင်
င် ဓာတ်ပုံလေးငါးပုံ ရိုက်နေကြသေး၏။ ကျွန်တော်သည် သူတို့
မိသားစု ပျော်နေသည်ကို ကြည့်ရင်း သူတို့မိသားစု ပျော်နိုင်ကြပါစေ၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့မိသားစုအတွက် ထာဝရပျော်ရွှင်မှု ရနိုင်ကြပါစေဟု ဆုတောင် နေမိ၏။

သို့သော် တကယ်တော့ ထိုမိသားစုအပေါ် ဇရာတရား မဝါးမမျိုမချင်းတော့ သူတို့ ပျော်ရွှင်ကြမည် ဖြစ်၏။ ဇရာတရား ဝါးမျိုခြင်းကို ခံရလျှင်တော့ သူတို့မိသားစု၏ ပျော်ရွှင်မှုသည်လည် ဇာတ်သိမ်းရမည် ဖြစ်သည်။

ထိုသို့ ကျွန်တော် ကြည့်နေစဉ်မှာပင် ဈေးစပ်ပွဲမှ ကားတစ် ဝင်လာသည်။ ကားပေါ်မှ ပြိုးပြိုးပြောင်ပြောင် ဝတ်စားထားသော အမျိုးသမီးတစ်သိုက် ဆင်းလာ၏။ သူတို့သည် ငွေဖလားကြီးများ သစ္စာပန်း၊ သစ်ခွပန်းစွက်ကြီးများကို သယ်လာကြ၏။ အခြားပစ္စည် များလည်းပါသည်။ ထိုအမျိုးသမီးတစ်သိုက်တွင် သုံးဆယ်အရွယ် လေးဆယ် အရွယ်၊ ခပ်ရွယ်ရွယ် အမျိုးသမီးများ အရွယ်စုံ၊ ပုံစံစုံပါ မန္တလေးသူများဖြစ်ကြောင်း သေချာလှသည်က သူတို့ ဝတ်ဆင်ထ သောစိန်များ ဖြစ်၏။ မန္တလေးသူတို့ စိန်ဝတ်ပုံကို ရန်ကုန်သူ ရန်ကု သားများတွေ့ပါက ထိုင်ငိုကြမည်ထင်၏။

ခပ်ပြည့်ပြည့် ခပ်ထည်ထည် အမျိုးသမီးရွယ်ရွယ်တစ်ဦး တစ်မူထူးခြားပြီး စိန်အပွင့်လိုက် ရွှေအတွဲလိုက်ဖြင့် မဟုတ်ပဲ စိန်န ကပ်လေးတစ်ရန်၊ ပုလဲပုတီးလေးတစ်ကုံးဖြင့် ယဉ်ယဉ်လေး ဝတ် ၏။ မန္တလေးသူတော့ ဖြစ်ဟန်မတူ။ ထိုအမျိုးသမီးက သူ့ကိုယ်



ဖြူရောင်ဘက်သို့ လှည့်ဆင်ထားပြီး သူ့အရုပ်အမောင်းနှင့် သူ့မျက်နှာ ပါက အတော်လေး အချိုးကျ၏။

ဈေးစပ်ကြောင်းလမ်းရေးအတွက် ရောက်လာကြသော ထိုလူ တ်သည် ဘာကိုမျှ မမှုနိုင်။ သတိမထားနိုင်။ သူတို့လုပ်နေသည့် အလုပ်အတွက် အတော်ပင် အရေးတကြီးထား လုပ်နေကြ၏။ သူတို့ သည် အေးအေးဆေးဆေး လုပ်လျှင်လည်း ရမည့်အလုပ်များကို ကြောင့် ဒါလောက်အလောသုံးဆယ် လုပ်နေကြသည်မသိ။ အလော ဆယ်လုပ်မှ ဒီလင် ဒီမယား မြဲမည်၊ အေးအေးဆေးဆေးလုပ်ပါက ဈေးစပ်သော လင်မယား မမြဲဟု အယူအဆပင် ရှိနေသလော မသိ။ လုံး ဒရောသောပါးချည်းဖြစ်၏။ ကျွန်တော်သည် သူတို့ကို ကြည့်ရင်း မျက်စိနောက်လာ၏။ ထို့ကြောင့်လည်း ယင်းတို့အထဲမှ အပြည့်နှင့် အသက် လေးဆယ်လောက်ရှိမည့် အမျိုးသမီးတစ်ဦးကို ာင်လာမည့် အနှစ် ၃၀– လောက်ဆီထိ ခေါ်သွားမိ၏။

နောင်အနှစ် ၃၀– သို့ရောက်လာပါက ထိုအမျိုးသမီးသည် သူ့စိန်နားကပ်ကြီးကို သူပန်နိုင်တော့မည်မဟုတ်။ ဆံပင်တွေကဖြူ တွေက ကျိုး၊ ပါးရေနားရေများ တွန့်ကာ သူသည် သူ၏ပလွေရိုး ကောက်ဝတ်တွင် စိန်လက်ကောက်များကို ဤမျှ များပြားစွာ ထားနိုင်တော့မည် မဟုတ်။ အခုတော့ တစ်တန်းလျှင် စိန်အပွင့် – ကျော်လောက်ပါသော အတန်း ငါးတန်းပါ စိန်လက်ကောက်က

www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်တစ်ဒါရှိ/စိန်ထောက်ကောက်က သုံးကွင်း၊ ရောမ စိန်နားကပ်ကြီးနှင့် စိန်ကြယ်သီး၊ စိန်ဘယက်အပြင် ပုလဲပုတီးကိုလည်း အပိုဆွဲထားလိုက်သေးသည်။ အမျိုးသားဘက်ကလား၊ အမျိုးသမီးဘက်ကလားတော့ မသိ။

အဖိုးတန် ကားဖြူဖြူကြီးတစ်စီးဖြင့် နောက်ထပ်အမျိုးသမီး အမျိုးသားတစ်သိုက် ရောက်လာပြန်၏။ သူတို့သည် ဒီနေ့အဖို့တော့ မင်္ဂလာအပြည့်ယူမည်ဟု ဆုံးဖြတ်ထားဟန် ရှိကြ၏။ ယခု ဆင်းလာသော အမျိုးသမီးကြီးတစ်ဦးကတော့ ရွှေနှင့် စိန်များသာမက အခြား ရတနာများကိုပါ ညွတ်နေအောင် ဝတ်ထား၏။ ထိုအမျိုးသမီးကြီးသည် ပိန်ပိန်ခြောက်ခြောက်၊ ငါးကျည်းခြောက်လို ပုံမျိုးဆိုသည်မှာ ဒါမျိုးကို ခေါ်သည် ဟုဆိုကာ နမူနာပြ၍ ရသည်။ ဈေးရောင်းရင်း အပေါက် ကောင်းတွေ့၍ ချမ်းသာလာပုံမျိုးဖြစ်၏။ ဟိုတယ်တွင်းသို့ ဝင်လာ သည်မှာ ဈေးသည်စရိုက်က မပျောက်။ သူဝတ်လာသမျှနှင့် သူ့ခန္ဓာကို ချိန်ကြည့်ပါလျှင် ဝတ်လာသည်များက ပို၍အလေးချိန်စီးနိုင်၏။ ထို အမျိုးသမီးကြီးသည် ကားပေါ်မှဆင်း၍ ဟိုတယ်လှေကားနှစ်ထစ်ရှိ သည်ကို တစ်ထစ်ချင်း တက်မနေတော့ဘဲ တစ်ခါတည်း ကျော်လိုက် ကာ ခင်းထားသော ကော်ဇောအပြာပေါ်တွင်လည်း ဟိုဘက်နှုတ်ခမ်း အစပ်မှ ဒီဘက်နှုတ်ခမ်းပြည့်အောင် လျှောက်ပြီး ကျွန်တော်တို့ ထိုင်နေသောဘေးမှ ကိုယ်လုံးပေါ် မှန်ကြီးရှေ့တွင် သူဝတ်လာသော



ရတနာများကို သူ့ဟာသူ စစ်ဆေးကာ သူ့ကိုယ်သူ ဝအောင်ကြည့် နေပါ၏။

စေ့စပ်ပွဲလာသူတို့သည် အိမ်၌ မှန်ဘယ်နှစ်ခါကြည့်ခဲ့သည် မသိ၊ ယခု ဟိုတယ်အဝမှ လူတစ်ရပ်ခန့်ရှိသော ရွှေစကားဝါချထား သည့် မှန်ကြီးတွင် လူတိုင်း ကိုယ်ပုံကိုယ်ဝင်ကြည့်ကြ၏။ မှန်ထဲတွင် ကိုယ်ပုံကိုယ် မည်မျှချောနေသည်ဟု ထင်နေကြသည် မသိ။ ဟိုတယ် သည် ဤမှန်ကြီးပေါက်မထွက်သေးမီ အပိုတစ်ချပ်ဆောင်ထားရန် ရှိသည်ဟု ကျွန်တော်ထင်ပါ၏။

ဟော နောက်တစ်အုပ်။ အိုကြီး အိုမအဘွားကြီးတစ်ဦးကို ကား ပေါ်မှတွဲ၍ ခေါ်လာကြ၏။ အဘွား၏အသက်သည် ခုနစ်ဆယ်ကျော် ရှစ်ဆယ်ခန့်ရှိ၏။ သို့သော်လည်း ဇရာ၏ လက္ခဏာများက ထင်ရှားနေ ၏။ ဤစေ့စပ်ပွဲသည် သူ့မြေး သို့မဟုတ် သူ့မြစ်၏ စေ့စပ်ပွဲသို့ ရတနာ အပြည့်နှင့် တက်ရောက်လာ၏။ သို့သော် အဘွားသည် တွဲခေါ်၍သာ လိုက်ပါလာရသည်။ သူ့အတွက်ကတော့ ဘာကိုမျှ စိတ်ဝင်စားမှုရှိဟန် မတူ။ ခေါင်းတုန်တုန်ဖြင့် သစ်ခွပန်း အဖိုးတန် တစ်ပွင့်ကို ပန်ထားရာ အဘွားခေါင်းလှုပ်တိုင်း ပန်းက လှုပ်နေ၏။ အဘွားကတော့ သူပန်ထား သော ပန်းသည် အဖိုးတန်သလား၊ မတန်သလား၊ သစ်ခွပန်းလား၊ ဘာပန်းလားဟုပင် သိမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဤစေ့စပ်ပွဲလို ဟာမျိုးတွင် အိုကြီးအိုမအဘွားကိုတော့ ခေါ်မလာသင့်ဟု ထင်၏။ အဘွားအား သင့်တော်သည့် ဆေးဝါးကို မှိုဲ စေ၍ အိမ်မှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာနေစေသင့်၏။ အဘွားကိုသာ တကူးတက သူတို့ခေါ်လာကြသည်။ တကယ်တော့ သူတို့အတွက် အဘွားသည် အဓိကမဟုတ်။ စေ့စပ်ပွဲသို့ ရောက်လာကြမည့် ရာထူးရှိ သူ၊ ဂုဏ်သရေရှိသူ၊ ငွေကြေးရှိသူ ရှေ့ပွဲလာမည့်ပရိသတ်များကသာ အဓိကဖြစ်ကြောင်း သူတို့၏ လှုပ်ရှားမှုကိုကြည့်ရုံဖြင့် သိနိုင်သည်။

စေ့စပ်ပွဲက ဘယ်အချိန်စမည်မသိ။ အခုတော့ အဘွားကို ဟိုတယ်သို့ အစောကြီးပို့ထား၏။ ကားအားတုန်းမို့ ပို့ထားဟန်တူ၏။ ဟိုတယ်အခန်းက အအေးခန်း၊ ထိုအအေးခန်းတွင် အဘွား၏ ကျန်းမာ ရေး မည်သို့ရှိမည်ကို သူတို့မစဉ်းစား။ ထိုအအေးခန်းတွင် အဘွား တစ်ခုခုဖြစ်ပါက ဤစေ့စပ်ပွဲ မင်္ဂလာအခမ်းအနားသည် မင်္ဂလာ မမြောက်ဘဲ ဖြစ်သွားနိုင်၏။

မည်သို့ပင်ဆိုစေ သူတို့လုပ်ချင်ရာ လုပ်နေကြသည်ကို ဘယ် သူဘယ်ဝါကမှ တားပိုင်ခွင့်မရှိ။

ထိုအချိန်တွင်မှ ထိုစေ့စပ်ပွဲအခမ်းအနားကိုလည်း ဂရုမပြု ဘယ်သူ့ကိုမှလည်း ဂရုမစိုက်သောပုံဖြင့် ရုပ်ရှင်မင်းသားငယ်တစ်ဦး အပေါ်ထပ် အရှေ့ဘက်လှေကားမှ ဂျင်းဘောင်းဘီ၊ ဂျင်းအင်္ကျီ



သက်ပြတ်နှင့် ဆင်းလာ၏။ ထိုမင်းသားငယ်သည် လှေကားမှ အပြာနု ရောင်ဈေးအတိုင်း ဆင်းလာသည်က သရုပ်ဆောင်ရင်း ဆင်းလာသလို ဟန်ပါပါရှိ၏။ ဤမင်းသားကို ကျွန်တော်ကြိုက်ပါ၏။ သရုပ်ဆောင် မှုကိုလည်း သဘောကျပါ၏။ သူ့ ဝတ်စား ဆင်ယင်မှုကိုလည်း ကျွန်တော်အပြစ်မပြောပါ။ သို့သော် ကျွန်တော်ပြောလိုသည်မှာ သူဝတ် ထားသည့် ဂျင်းဝတ်စုံဖြစ်ပါ၏။

သူဝတ်ထားသော ဂျင်းဝတ်စုံမှာ သူနှင့်မလိုက်ဖက်၍ ပြောလို ခြင်းလည်းမဟုတ်ပါ။ ထိုမင်းသားငယ်သည် ပြည်၌ ဗွီဒီယိုရိုက်လာစဉ် ကလည်း အထက်ဂျင်း၊ အောက်ဂျင်း ဤအတိုင်း၊ ပြင်ဦးလွင်မြို့မှာ တွေ့စဉ်ကလည်း ဂျင်းက ဤအတိုင်း။ ယခုလည်း အထက်ဂျင်း အောက်ဂျင်းနှင့်ဖြစ်၍ ဒီအင်္ကျီတစ်စုံကို မဖွပ်မလျှော်ဘဲများ ဝတ်နေ သလား သို့မဟုတ် ဂျင်းဘယ်နှစ်စုံများရှိလေသည်မသိ။

ထိုမင်းသား၏ မျက်နှာပေးကတော့ အခြားမင်းသားများလို ပင်ဖြစ်၏။ ငါမင်းသားဟူသောမာန်ကား ရှိ၏။ ငါမင်းသားဟု မာန် ဝင့်ကာ ရင်ကော့၍ဆင်းလာသည်ကို အပြစ်ဆိုစရာမရှိပါ။ သို့သော် ဘာစိတ်ကူးပေါက်ပြီး အပေါ်ဂျင်းအောက်ဂျင်းကို မချွတ်တမ်း ဝတ် ထားသည်မသိ။

ထိုခဏ၌ မင်းသားငယ်ကိုကြည့်၍ ကျွန်တော်တွင် စိတ်ကူး တစ်ခု ဖြစ်ပေါ်လာ၏။ အကယ်၍ ဤမင်းသားငယ်အလိုရှိပါက သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးတောင်ခြေမှ ဇာတ်မင်းသားကြီးတစ်ဦး၏ ဇရော်ဇာတ်သိမ်းပွဲသို့ ခေါ်သွားကာ ပြလိုက်ချင်ပါ၏။ ထိုမင်းသားကြီး၏ ဘဝအခြေသို့ ရောက်လျှင်တော့ ဤမင်းသားငယ်သည်လည်း သူ၏ဂျင်းဝတ်စုံကို မလွှဲမရှောင်သာ ချွတ်ရတော့မည် ဖြစ်၏။

တစ်ချိန်တည်းမှာပင် ကျွန်တော်တို့ရှေ့ရှိ ကုလားထိုင် ဆယ်လုံးချထားသော စားပွဲရှည်သို့ အမျိုးသမီးသုံးယောက် လာထိုင်ပါ၏။ သူတို့က စားပွဲ၏ဟိုဘက်၊ ကျွန်တော်က ဝရန်တာတွင်ကပ်နေသော စားပွဲ၏ သည်ဘက်တွင် ဖြစ်၏။ သူတို့ကတော့ ဟိုတယ်တွင် တည်းခိုနေသူများဖြစ်၏။ သူတို့သုံးယောက်ကား စေ့စပ်ပွဲကိုလည်း ဂရုမထား၊ သူတို့ဇာနှင့်သူတို့ဖြစ်၏။

ထိုသုံးဦးထဲမှ ခပ်ထည်ထည် အမျိုးသမီးတစ်ဦးကို ကျန် အမျိုးသမီးနှစ်ဦးက ဝိုင်း၍ မ-နေကြ၏။ သူတို့သုံးဦးသည် ထိုင်လျှင် ထိုင်ချင်း ခေါင်းချင်းရိုက်ကာ ပြောဆိုကြ၏။ သူတို့သည် ခပ်ကျယ်ကျယ်ပင် ပြောဆိုနေကြ၏။ သုံးဦးထဲမှ ခပ်ထည်ထည်အမျိုးသမီးကြီးကို ကျန်နှစ်ဦးက 'မမ-မမ' နှင့်ခေါ်ကာ ချော့နေကြရသေး၏။ သူတို့ ဘယ်သူဘယ်ဝါတွေ ဖြစ်သည်ကိုကား ကျွန်တော်မသိ။ အမျိုးသမီးကြီးက ငါးသုံးလုံးစီးကရက်ကို ဖွာရင်း ကျန်အမျိုးသမီးနှစ်ဦးတို့ တစ်လှည့်စီပြောသမျှကို နားထောင်နေ၏။ သူတို့သုံးဦးသည် ကုလားထိုင်သုံးလုံးကို စုထိုင်ကာ ပြောနေကြခြင်းဖြစ်သည်။ သူတို့သည်



မန္တလေးမြို့ တစ်နေရာမှ ပြန်လာကြရင်း အခန်းထဲ မဝင်သေးဘဲ ဧည့်ခန်းတွင် ခေတ္တထိုင်ကာ လက်စ စကားကို ဆက်ပြောနေခြင်း ဖြစ်ဟန်တူ၏။

ထိုအမျိုးသမီး သုံးယောက်စလုံးက ကျွန်တော့်ကို လုံးဝ ဂရုမစိုက်။ ဖုတ်လေသည်ငါးပိ ရှိသည်ဟုပင် မထင်။ သူတို့သည် ပညာတတ်အသိုင်းအဝိုင်းမှ ဖြစ်နိုင်သည်။ ဟန်ပန်အမူအရာ၊ ဝတ်စားထားပုံ၊ စီးကရက်ခဲပုံ၊ အင်္ဂလိပ်စကား ညှပ်ပြောပုံနှင့် သူတို့၏နာမည်များက သိသာလှ၏။

ကျွန်တော်ရှိနေသည်ကို သူတို့က မမှုသည့်အဆုံး ကျွန်တော်ကလည်း ထမသွားဘဲ ထိုင်နေမိ၏။ ကျွန်တော်ထိုင်နေသော နေရာမှ သူတို့ပြောနေသော စကားများကို အတိုင်းသားကြားနေရသည်။

အမျိုးသမီးကြီးက စီးကရက်မီးခိုးငွေ့ကို ဟန်ပါပါမှုတ်ထုတ်လိုက်ရင်း "သူတို့ဘက်ကပြောတာ ဒါပဲလား၊ စုံအောင် ပြောပါဦး" ဟု မေးလိုက်၏။

"ဟိုဘက်ကတော့ ကျွန်မပြောတဲ့အတိုင်းပါပဲ၊ မမ စိတ်တိုင်းကျပါ"

"သေချာရဲ့လား အိုင် ရင်းရဲ့"

အိုင် ရင်းဆိုသူ အမျိုးသမီးက

www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ် မမရဲ့" ဟုဆို၏။

"အိုင် ရင်းရယ် ညည်းတူမကရော"

"သမီးကလဲ မမသဘောပါ မမရဲ့"

"မမသဘောဆိုရင် ဒီကောင်နဲ့သူက တန်သလား"

"ဒါကတော့ မမရယ်၊ ကလေးတွေဆိုတော့ သူတို့က မေတ္တာရှိနေပြီဆိုတော့ အရူးအမိုက်တွေပါ မမရယ်"

"ဩော် အရူးအမိုက်မက ရည်းစားထားပြီး အမေကိုတော့ အကျပ်ကိုင်တယ်ပေါ့ ဟုတ်လား"

ကျန်အမျိုးသမီးတစ်ဦးကတော့ မမဆိုသူ၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်နေ၏။ ကျန်အမျိုးသမီးရော မအိုင် ရင်းပါ ခပ်ချောချောများ ဖြစ်ကြသည်။ ကျန်အမျိုးသမီးသည် ဘာကြောင့်ရယ် မသိ၊ ဟိုတယ်မှ ခင်းထားသော ကော်ဇောအပြာကို ခြေထောက်နှင့် ပွတ်နေ၏။ ကော်ဇောကို ခြေထောက်နှင့် ပွတ်နေသော ထိုအမျိုးသမီးကို မမက "ကစ်တီ၊ ညည်းသဘောကရော ဘယ်လိုလဲ" ဟုမေးပြန်၏။

ထိုအခါ မကစ်တီဆိုသူ အမျိုးသမီးက "ကျွန်မကတော့ သူတို့ဘက်က ဒူးထောက်လာတဲ့အထိ သမီးကို ပြောဆိုထားချင်တာပါ မမရယ်" ဟုဆိုလိုက်ပါ၏။



"ဒူးထောက် လာတဲ့အထိဆိုတော့ ခုထက်ထိ သူတို့က ဒူး မထောက်သေးဘူးပေါ့ ဟုတ်လား ကစ်တီ" အမျိုးသမီးကြီးက ကျားဟိန်းသလောက် မဟုတ်သော်လည်း မာန်ဖီ၍ မေးလိုက်၏။

"ဒီလိုလဲ မဟုတ်ပါဘူး မမရယ်၊ အခု သူတို့ဘက်က ဒူးထောက်နေတာပါပဲ" ဟု အိုင်းရင်းဆိုသော အမျိုးသမီးက ဝင်ထောက်ပါသည်။

မမဆိုသူ အမျိုးသမီးကြီးသည် စကားကို တစ်လုံးမှအကျော ခံ၏။ "မမရယ် မမကို ရော သူတို့ဘက်က ဘယ်သူက မော်ကြည့်ဝံ့လို့လဲ၊ အခုဟာက ကလေးတွေကလဲ ခုဆို ခုဖြစ်နေလို့ပါ" ဟု အိုင် ရင်းဆိုသူ အမျိုးသမီးက ဆက်ပြောသည်။

မမဆိုသူ အမျိုးသမီးကြီးသည် ဘယ်သူက မော်ကြည့်ဝံ့လို့လဲ ဟူသောစကားကို မသိမသာ ကျေနပ်သွားဟန်ရှိ၏။

"အိုင် ရင်းရယ်၊ ကိုယ့်သမီးကို မနိုင်လို့ ခုလိုဖြစ်တာပေါ့၊ ကိုယ့်သမီး ကိုယ်နိုင်ရင် မမက ကိုယ့်သမီးကို တန်ဖိုးတက်လာအောင် တစ်နှစ်လောက် အချိန်ဆွဲပြလိုက်ချင်တာ" ဟုဆို၏။

ထိုအခါ အိုင် ရင်းရော၊ မကစ်တီဆိုသူ အမျိုးသမီးကပါ မျက်လုံးပြူးသွားပြီး "မလုပ်ပါနဲ့ မမရယ် မလုပ်ပါနဲ့၊ သမီးကလဲ

www.burmeseclassic.com

www.burmeseclassic.com



လွတ်လွတ်ကင်းလင်းလား၊ မလွတ်မကင်းလား ဘာမှ မသေချာသေးလို့ပါ မမရဲ့" ဟုဆို၏။

မမဆိုသူ အမျိုးသမီးကြီးက ထိုအခါမှပင် မျက်မှောင်ကုတ်ကာ တစ်စက်ကလေးမှ မာနမချဘဲ " ဆီးစစ်ထားတာ (ရီဇပ်) က မရသေးဘူးလား" ဟုမေး၏။ ထိုနေရာတွင်တော့ မမဆိုသူ အမျိုးသမီးကြီးသည် အသံကို နည်းနည်းအုပ်၍တော့ ပြော၏။

"ဆီးတော့ ပေးထားပြီးသားပါ၊ သေချာအောင် မနက်ဖြန်ထပ်စစ်ဖို့ လုပ်နေတာပါ မမရဲ့"

"သေချာအောင်လုပ်စမ်းပါ အိုင် ရင်းရယ်၊ ဒါသေချာရင် တို့ဘက်က ဒီထက် မာနိုင်တယ်လေ"

မမဆိုသူ အမျိုးသမီးကြီးသည် မျက်နှာကို ပို၍ချီထားလိုက်ပြီး "ကစ်တီရေ၊ သေချာရင်လဲ ညည်းညီမကို သေချာအောင် ရှင်းဖို့သာ တရားချထား" ဟု ဆိုလိုက်၏။

ကျွန်တော်သည် သူငယ်ချင်းလာ၍ ဆေးကြိုဌာနရှေ့တွင် ခဏထိုင်မိပါသည်။ မျိုးစုံမြင်၊ မျိုးစုံကြားနေရ၏။ ကျွန်တော့်ရှေ့က အမျိုးသမီးကြီးသည် သူ့သမီး၏ ရင်တွင်းမှရှိမရှိ မသေချာ သော ရှိလျှင်လည်း ရေမြှုပ်အလုံးအခဲဘဝသို့ပင် ရောက်ဦးမည်မဟုတ်သေးသော သတ္တဝါတစ်ဦး၏ ဘဝအစကို အပြတ်ရှင်းရန် ကြံရွယ်နေပါ၏။



ဘယ်လောက်များ မာနတရားတို့က ထိပ်တက်၍နေကြသည်သေ။ မြင်ရကြားရသည်ကတော့ မာနတံခွန်ကို တိုင်ထိပ်အထိတက်၍ လွှင့်ထားကြ၏။ မိမိမာနတရားကို မိမိက ဘယ်လောက်ပင် မြှင့်ထားမြှင့်ထား၊ ဘဝဟူ၍ပင် မပီပြင်သေးသော သတ္တဝါတစ်ဦး၏ အစ အဦးလေးကိုတော့ ညှာမှုရက်စက်ကြရန် မကြံစည်အပ်၊ မရည်ရွယ်အပ်ပါ။

"ဒီမှာ ကစ်တီရော၊ အိုင်းရင်းရော အချိန်ကို ရသလောက် ဆွဲထားပြီး အချိန်ရလေ တို့ဘက်က တန်ဖိုးတက်လေပဲမှတ်"

အမျိုးသမီးကြီး၏ အယူအဆက ပြောင်းပြန်ဖြစ်၏။ ကိုယ်က သမီးရှင်လည်းဖြစ်ရသေး။ အချိန်ရသလောက်ဆွဲထားပါက ကိုယ့်ဘက်က သာရမည်ဟု ဆို၏။ သူ့သမီးတန်ဖိုးရှိလာအောင် အချိန်ကို တစ်နှစ်လောက်ပင် ဆွဲထားဦးမည်ဟု ဆို၏။

ထို့ကြောင့် ကျွန်တော်သည် ကိုယ်နှင့် မဆိုင်သည့်တိုင် ထိုအမျိုးသမီးကြီး၏ ပခုံးကိုပုတ်၍ မန္တလေးဟိုတယ် ဧည့်ခန်းမတွင် ဥဒယဘဒ္ဒဇာတ်ကို ခင်းပြချင်လာပါ၏။

ထိုအချိန်မှာပင် ဟိုတယ်အဝင်အဝသို့ မြန်မာ့ခရီးသွားလုပ်ငန်းမှ ကားတစ်စီးထိုးရပ်လာ၏။ ထိုကားပေါ်မှ နိုင်ငံခြားသားများ ခုံစံမျိုးစုံနှင့် ဆင်းလာသည်။ ဤခရီးသည် အုပ်စုက လူစုံသည်။ အနောက်တိုင်းသားများရော ဂျပန်နှင့် ကိုရီးယားများကိုပါ တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါင်ကောင်းကောင်း ကပ္ပလီအမျိုးသမီးကြီးတစ်ဦးလည်းပါ၏။ ထို ကပ္ပလီအမျိုးသမီးကြီး၏ နောက်မှ လိုက်လာသောစုံတွဲက အိန္ဒိယ အမျိုးသားနှင့် အမျိုးသမီးစုံတွဲဖြစ်၏။ အမျိုးသမီးက ဆာရီဝတ်ထား၍ ဗိုက်သားကို အပြင်လိုက်မြင်နေရ၏။ ထိုအမျိုးသမီးသည် အရပ် အမောင်းကောင်း၍ အသားဖြူဖြူ ချောချောလှလှဖြစ်သည်။ သံရုံး အသိုင်းအဝိုင်းမှ ဖြစ်ဟန်တူ၏။ ပပဝတီတို့၊ ဥမ္မာဒန္တီတို့ဆိုသည်က လည်း အိန္ဒိယကျွန်းဆွယ်သူများသာ ဖြစ်၏။ ဘုရားဟော ဇာတ်တော် တစ်ခုမှ လှပချောမောပြေပြစ်၍ အကျင့်သိက္ခာနှင့် ပြည့်စုံသော ဥဒယ ဘဒ္ဒ ဘုရင်မကြီးသည်လည်း ဤလို အိန္ဒိယသူတစ်ဦးပင် ဖြစ်ပါ၏။

# သူရောက်မလာမီ ကောင်းရာကို လုပ်ဆောင်လော့

ရှေးအခါက ကာသိတိုင်း၊ သုရုန္ဓန နေပြည်တော်တွင် ဥဒယ ဘဒ္ဒ မင်းသမီးသည် ဘုရင်မကြီးအဖြစ် စိုးစံတော်မူ၏။ ဘုရင်မ ဥဒယဘဒ္ဒသည် အလွန်တရာချောမောလှပ၍ အကျင့်သိက္ခာနှင့်ပြည့်စုံ သော မင်းသမီးတစ်ပါးဖြစ်၏။

ဘုရင်မ ဥဒယဘဒ္ဒ၏ ခင်ပွန်းသည်သည် ကာသိတိုင်းကို စိုးစံ တော်မူသော ဥဒယဘဒ္ဒမင်းကြီးဖြစ်၏။ ဥဒယဘဒ္ဒမင်းကြီးနှင့် ဥဒယဘဒ္ဒမိဖုရားတို့သည် နာမည်တူကြ၏။ မင်းကြီးနှင့် မိဖုရားတို့ စုံမက်ပေါင်းဖက်၍ ခုနစ်နှစ်အကြာတွင် ဥဒယဘဒ္ဒမင်းကြီး နတ်ရွာစံ ခဲ့ရာ သုရုန္ဓနနေပြည်တော်တွင် သီးခြားမင်းတင်မြှောက်ခြင်းမပြုဘဲ ဥဒယဘဒ္ဒမင်းသမီးကပင် ဘုရင်မ ပြုလုပ်၍ အုပ်ချုပ်စိုးစံခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဥဒယဘဒ္ဒ ဘုရင်မ၏ဂုဏ်သတင်းသည် အရပ်ရှစ်မျက်နှာသို့ တိုင် ပျံ့နှံ့မွှေးကြိုင်၏။ ဥဒယဘဒ္ဒဘုရင်မ၏ အလှအပသည် အရပ် ရှစ်မျက်နှာတွင် ကျော်ကြား၏။ ဘုရင်မသည် မင်းကျင့်တရားနှင့်အညီ ကွပ်ကဲအုပ်ချုပ်တော်မူ၍ ရပ်နီးရပ်ဝေး ခန့်ညားကြရလေ၏။ ဘုရင်မ သည် မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်စီမံရုံသာမက ဓမ္မတရားတွင် လည်း မွေ့လျော်၍ ရတနာသုံးပါးကို နေ့ညမပြတ် ဆည်းကပ်မှုပြုကာ သီလတရားကိုလည်း စောင့်ထိန်း၏။

တစ်ညချမ်းအချိန်တွင် ဥဒယဘဒ္ဒ ဘုရင်မကြီးသည် မြို့ရိုး တံခါးများကို အလုံပိတ်၍ အစောင့်အကြပ်အပြည့်အဝ ချထားသည့် ဘုံခုနစ်ဆင့်ရှိ နန်းပြာသာဒ်၏ အမြင့်ဆုံးသော ဘုံဆောင်တွင် တစ်ကိုယ်တည်းတရားဆင်ခြင်၍ နေ၏။

ထိုအချိန်တွင် နှစ်လိုဖွယ်အဆင်းနှင့်ပြည့်စုံသော လုပ တင့်တယ် ချစ်ခင်ဖွယ်ရာဖြစ်သည့် လုလင်ပျိုတစ်ယောက်သည် ဘုရင်မ ၏ ဘုံခုနစ်ဆင့် အမြင့်ဆုံးအဆောင်သို့ ရောက်ရှိလာပြီး ဘုရင်မကြီး ဥဒယဘဒ္ဒကို ချစ်ရေးဆိုလေ၏။

"အို ကိန္နရီမျက်လုံး ပုံပမာနှုန်းလောက်အောင် လွန်စွာလုပ ရှုမဝနိုင်သည့် ဥဒယဘဒ္ဒ အို ချစ်နှမ၊ ခြေဖျားမှ ဆံပင်ဖျားတိုင်အောင် ကဲ့ရဲ့စရာ အပြစ်တစ်စုံတစ်ရာ မထင်၊ ချစ်ခင်နှစ်လိုဖွယ်ရာချည်း ရှိသော ချစ်နှမ၊ စင်ကြယ်သောအဝတ်ကို ဝတ်၍ ပိပိရိရိ နှစ်လိုတပ်မက်



ဖွယ် နေထိုင်တတ်သော ချစ်နှမ၊ ကျွန်ုပ်သည် သင့်ကို တစ်ခွန်းသော စကားကို ဆိုလိုပါ၏၊ ဤစကားသည် အခြားမဟုတ်၊ သင်ဘုရင်မသည် ယခုအခါ တစ်ဦးတည်းသာ စံစား၍နေရ၏၊ သင်သည် လောကဒ္ဓိ အရာခပ်သိမ်းပြည့်စုံပါသော်လည်း ကာမဂုဏ်အာရုံဟူ၍ မခံစားနိုင်။ ခံစားခွင့်မရှိ၊ ကျွန်ုပ်သည် သင်ဘုရင်မအား ရွှေအပြည့်ပါသောရွှေခွက် ကို ပေးအပ်ပါ၏။ ကျွန်ုပ်အား သင်ချစ်နှမနှင့်အတူ ဤတန်ဆာဆင် အပ်သော အိပ်ရာထက်တွင် အတူအိပ်စက်ခွင့်ပြုပါလော့"ဟုဆိုလေ၏။

ဘုရင်မကြီးသည် နှစ်လိုဖွယ်ကောင်းသော လုလင်ပျို၏ အဆင်းကို တွေ့မြင်ရ၏။ အစောင့်အဖြစ် အထပ်ထပ်ချထားသော ဤနန်းတော် ဘုံခုနစ်ဆင့်တိုင် တက်ရောက်လာသော လုလင်ပျို၏ အစွမ်းကိုလည်း တွေ့မြင်ရ၏။ ဘုရင်မကြီးပင် ဖြစ်လင့်ကစား မိန်းမ သားတစ်ဦးသာဖြစ်သော ဥဒယဘဒ္ဒသည် ဤလုလင်၏ အစွမ်းကြောင့် အနည်းငယ်တော့ စိုးရိမ်တုန်လှုပ်မိ၏။ ဤလုလင်ပျို၏အစွမ်းသည် ထက်မြက်၍ ဤလုလင်ပျို၏ ရုပ်လက္ခဏာသည် စွဲမက်စရာ အမှန်ပင် ဖြစ်၏။ ထို့ပြင် ဤအခန်းပြာသာဒ်ဘုံမြင့်ထက်တွင် ယခုအခါ မိမိနှင့် လုလင်ပျိုနှစ်ယောက်တည်းရှိ၏။

သို့သော် ဘုရင်မသည် လုလင်ပျိုအပေါ် တပ်ငြိစွဲလမ်းခြင်း အလျှင်းမရှိဘဲ "အမောင်လုလင်၊ ၁၂-ယူဇနာ အကျယ်အဝန်းရှိသော ဤသုရုန္ဓန နေပြည်တော်ကြီးတွင် ရေကျုံး၊ ညွှန်ကျုံး၊ ကျုံးခြောက်တို့

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကျုံးသုံးတန် ဝိုင်းရံ၍ကာထား၏၊ ထို့ပြင် အလွန်တရာခိုင်ခံ့သည့် ပြအိုးပစွင်နှင့် တံခါးမုခ်ဝတို့သည် သူနေရာနှင့်သူ အခိုင်အခံ့ရှိ၏ လက်နက်ကိုင်စွဲထားသော သူရဲကောင်းတစ်သောင်းသည် နေရာမလပ် အထပ်ထပ် စောင့်ကြပ်လျက်ရှိ၏၊ ဤကဲ့သို့သော အစောင့်အရှောက် အခိုင်အမာပြုထားခဲ့သည့် မြို့တွင်းသို့ ဝင်ရောက်ရေးသည် လွယ်ကူ သောကိစ္စမဟုတ်၊ မြို့တွင်းသို့ ဝင်ရောက်ရေးထက် ဤအခန်းဆော အတွင်းသို့ ဝင်ရေးကပို၍ ခက်ခဲလှ၏၊ ဤလိုအချိန်မျိုးတွင် မြို့တွင် သို့ဝင်ရောက်ရန်၊ ဘုရင်မထံသို့ ဝင်ရောက်၍ လက်ဆောင်ပဏ္ဏာဆက် သရန် ပိတ်ပင်တားမြစ်ထားပြီးလည်းဖြစ်၏၊ ဤလိုအနေအထားတွင် အဘယ်ကြောင့် ငါနှင့်လာ၍ ပေါင်းဖော်ရန် တောင်းဆိုနေသနည်း သင်သည် ယခုပင် ဤနန်းဆောင်မှ ထွက်ခွာ၍သွားလော့" ဟုဆိုကာ နှင်လွှတ်လေ၏။

ထိုအခါ လုလင်ပျိုက "ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော အို ဘုရင်မ အလှမယ်၊ ငါသည် ချစ်နှမ၏ ခိုင်ခံ့ထူထပ်စွာ ချထားသော အစောင့်အရှောက်၊ အဆီးအတားအားလုံးကို အလွယ်နှင့်ဖြတ်ကျော်၍ လာခဲ့သည်ကို ချစ်နှမ သတိထားလော့၊ ငါသည် တန်ခိုးရှိသော နတ် သားတစ်ဦးတည်း၊ ထို့ကြောင့် ချစ်နှမ၏ အဟန့်အတားအလုံးစုံကို အလွယ်နှင့် ကျော်ဖြတ်နိုင်၏၊ သင် ချစ်နှမသည် ငါအား ဖမတ္တာမျှ ဘာမှ အဆုံးအရှုံးမရှိ၊ မည်သူမျှလဲ မသိနိုင်၊ အားကိုးအားထားကပ်



သော သင့်နိုင်ငံတွင် ကျွန်ုပ်နတ်သားသည် အားကိုးရာပင်ဖြစ်၏၊ သင် ချစ်နှမကို ကျွန်ုပ်သည် အမှန်တကယ်ချစ်မြတ်နိုးသောကြောင့် ချစ်နှမ ထံပါးအထိ လာရောက်ခြင်းဖြစ်၏၊ ရွှေအပြည့်ထည့်ထားသော ဤ ရွှေခွက်ကို လက်ဆောင်အဖြစ်ယူ၍ ကျွန်ုပ်၏ ချစ်မေတ္တာကို လက်ခံပါ ချစ်နှမ" ဟု ဆိုလေ၏။

မိဖုရားကြီးသည် ဤကဲ့သို့ တန်ခိုးရှိသော၊ အဆင်းလှသော သူတစ်ဦးနှင့် စကားခြင်းရာ လှည့်ပတ်ပြောဆိုနေ၍ အကြောင်းမထူး။ မိမိ၏ သဘောဆန္ဒကို တည့်တည့်ရှင်းရှင်း ပြောမှသာ သင့်ချေမည့် အနေအထားကို ခန့်မှန်းမိကာ ဥဒယဘဒ္ဒါဘုရင်မကြီးက "အမောင်သည် နတ်ပဲဖြစ်ဖြစ်၊ သိကြားပဲဖြစ်ဖြစ် ငါမလိုလား၊ ငါသည် ကွယ်လွန်ပြီး ဖြစ်သော ငါ၏မောင်တော် ဥဒယဘဒ္ဒကို ကျော်လွန်၍ ဘယ်သူ့ကိုမှလဲ ဆောင့်တမ္မမရှိ၊ သင်သည် မည်သို့ပင် လှည့်ပတ်ဖျောင်းဖျ ပြောဆိုပါ သော်လဲ ငါ၏စိတ်သည် ကိုင်းညွှတ်လာမည်မဟုတ်၊ သင်သည် ဤနေ ရာတွင် လာရပ်နေ၍လဲ အကြောင်းထူးလာမည်မဟုတ်၊ သင်ပေးသော လက်ဆောင်ကိုလဲ ကျွန်ုပ်အလိုမရှိ၊ သင်ပေးသော လက်ဆောင်ကို သင် ယူ၍ ပြန်ပါလေတော့ အမောင်နတ်သား" ဟု ဆိုလေ၏။

ထိုအခါ လုလင်ယောင်ဆောင်ထားသော နတ်သားသည် "သင်ချစ်နှမ၊ သင်၏စကားကို အဆုံးမထားပါနှင့်၊ ငါသည် သင့် အတွက် ဘယ်နေရာတွင်မှ အချည်းနှီးမဖြစ်၊ စဉ်းစားပါဦး" ဟုဆိုကာ

www.burmeseclassic.com

www.burmeseclassic.com



ယူလာသော လက်ဆောင်နှင့်အတူ ဘုံနန်းဆောင်မှ ကွယ်ပျောက်သွား လေ၏။

ထိုသို့ ပထမနေ့တွင် ကွယ်ပျောက်သွားသော်လည်း လုလင်ပျိုသည် ဒုတိယနေ့ ထိုအချိန်လောက်တွင် ဥဒယဘဒ္ဒ မင်းသမီး၏ ဒုတိယအကြိမ် ရောက်လာခဲ့ပြန်ပါ၏။ ဒုတိယနေ့တွင်ကား လုလင်ပျိုသည် ရွှေအပြည့်ပါသောငွေခွက်ကို လက်ဆောင်အဖြစ် ကိုင်ဆောင် လာခဲ့၏။

လုလင်ပျိုသည် ဒုတိယနေ့တွင်လည်း "ဥဒယဘဒ္ဒ အို ချစ်နှမ ချစ်နှမသည် ကာမဂုဏ်အာရုံ ကုန်ခန်းနေသော ဘုရား ရဟန္တာလဲမဟုတ် သင်သည် ကာမဘုံသား လူသားတစ်ဦးသာလျှင် ဖြစ်၏၊ ကာမဘုံသား တို့၏မွေ့လျော်မှုအဝဝတွင် မေထုန်ဟူသော ကာမဂုဏ်အာရုံ မွေ့လျော် မှုသည် အဆင့်အမြင့်ဆုံးသော မွေ့လျော်ပျော်ရွှင်မှုဖြစ်၏။ ထိုမွေ့လျော် မှုအတွက် သတ္တဝါအားလုံးသည် ကိုယ်နှုတ်စိတ်တို့ဖြင့် မကောင်းမှုမျိုး စုံကို ကျူးလွန်နေကြ၏။ ဤကဲ့သို့ တန်ဖိုးရှိသော မွေ့လျော်မှုကို ငြင်း ပယ်၍ သင်ချစ်နှမသည် ကျွန်ုပ်ကို ငြင်းဆန်နေခြင်းသည် ဘာအကျိုး ရှိမည်နည်း၊ ကျွန်ုပ်၏စကားကို ငြင်းပယ်၍ ဘာမျှအကျိုးမရှိ၊ ကျွန်ုပ်ကို ငြင်းပယ်၍ မွေ့လျော် ပျော်ရွှင်ကြည်နူးဖွယ်ရာအရပ်ရပ်ကို အချည်းနှီး အဆွေးအမြေ့မဖြစ်ပါစေနှင့်၊ ကျွန်ုပ်နှင့် ချစ်နှမတို့ တွေ့ဆုံရာ ဤ အရပ်သည် လုံးဝဆိတ်ကွယ်ရာ ဖြစ်ပါ၏၊ ကျွန်ုပ်သည် သင်ချစ်နှမ၏



အတ္တာကို လာရောက်တောင်းဆိုရာတွင် လက်ချည်းသက်သက်မဟုတ်၊ ရွှေအပြည့်ပါသော ငွေခွက်ဖြင့် လာရောက်ခြင်း ဖြစ်ပါသည် ချစ်နှမ" ဟု ဆိုလေ၏။

ဥဒယဘဒ္ဒဘုရင်မကြီးသည် ဤနတ်သားနှင့် စကားအချီအချ ဆက်ခံ၍ ပြောနေပါက အကျိုးမရှိ။ ငြင်းဆန်မှုစကားကိုပင် လက်ခံ၍ ပြောနေပါက ဤနတ်သားသည် ထပ်ကာထပ်ကာ လာနေဦးမည် ဖြစ်၏။ ငါသည် တရားဓမ္မကို နှလုံးသွင်း၍သာ ဆိတ်ဆိတ်နေခြင်းက ကောင်း၏ဟု ဆုံးဖြတ်ကာ နတ်သားကို လှည့်၍ပင် မကြည့်ဘဲ တရားတွင်သာ နှလုံးသွင်း၍ နေလေ၏။

ထိုအခါ လုလင်ပျိုသည် မိမိ၏ လက်ဆောင်ပစ္စည်းနှင့်အတူ ပျောက်ကွယ်သွားပြန်၏။

သို့သော် တတိယနေ့ ထိုအချိန်တွင်ပင် ဘုရင်မ၏ နန်း ပြာသာဒ်သို့ ထိုနတ်သားသည် ငွေအပြည့်ထည့်ထားသော ကြေးခွက်ကို ကိုင်ဆောင်ကာ ထပ်မံရောက်ရှိလာပြန်၏။ လုလင်ပျိုသည် ပထမနေ့ နှင့် ဒုတိယနေ့များကအတိုင်းပင် မိမိနှင့်ကာမဂုဏ်မလေ့ ပျော်မွေ့ရန် တောင်းဆိုမြဲ တောင်းဆိုပြန်၏။ ထို့နောက် သူယူဆောင်လာသော ငွေအပြည့်ထည့်ထားသော ကြေးခွက်ကိုလည်း လက်ဆောင်အဖြစ် ပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မင်းသမီးသည် ဒုတိယနေ့က ဆုံးဖြတ်ချက်အတိုင်း စကားမတုံ့ပြန် မပြောဆိုဘဲနေရန် ဆုံးဖြတ်ခဲ့သော်လည်း ဤလုလင် နတ်သားသည် မပြောရ၍မပြီး။ ဤလုလင်ဆောင်ရွက်ပုံသည် ထုံးစံနှင့် လည်း ဆန့်ကျင်၏။ ပွင့်ပွင့်လင်းလင်း ပြောဆိုမှ သင့်လေမည်ဟု ဆုံးဖြတ်ကာ မင်းသမီးက ဤသို့ဆိုလေ၏။

"အမောင် နတ်သား၊ သင့်ကို ကျွန်ုပ် ယတိပြတ် ငြင်းဆိုပြီး ဖြစ်၏။ သင်သည် နတ်သားဟု ဆိုသော်လဲ နပ်လဲမနပ်၊ သင့်ကို ကျွန်ုပ် စကားမပြောဟု ဆုံးဖြတ်ထားသော်လဲ သင်၏ညံ့ဖျင်းမှု၊ မသိတတ်မှု တို့အတွက် ကျွန်ုပ်သည် သင့်ကို ပြောဆိုရခြင်းဖြစ်၏။ လောက လူတို့ ထုံးစံအရ လုလင်ပျိုတစ်ဦးသည် လုံမပျိုတစ်ဦးကို ချစ်ရေးဆိုပါက လုံမပျို၏ အကြိုက်ကိုလိုက်၍ ချစ်ရေးဆိုတတ်ကြ၏၊ ချစ်ရေးဆိုရာ တွင် ဤမျှလောက် လက်ဆောင်ကို ပေး၍မှ အချစ်ကိုမရလျှင် တိုး၍ တိုး၍သာ ပေးမြဲဖြစ်၏၊ သို့သော် အသင်နတ်သား၏ လုပ်ဆောင်မှုကား ပြောင်းပြန်ဆန့်ကျင်ဘက်ဖြစ်၏၊ ပထမနေ့က သင်သည် ကျွန်ုပ် ထံသို့ လာ၍ ကျွန်ုပ်၏မေတ္တာကို တောင်းဆိုရာတွင် ရွှေအပြည့်ထည့် ထားသော ရွှေခွက်ဖြင့် ရောက်ရှိလာ၏၊ ကျွန်ုပ်က တိကျစွာ ငြင်းပယ် ခဲ့လျက် သင်သည် ဒုတိယနေ့တွင် ရွှေအပြည့်ပါသော ငွေခွက်ကို ယူခဲ့ ၏၊ ထိုနေ့တွင် ကျွန်ုပ်သည် သင်ကို အဖက်လုပ်၍ စကားတစ်ခွန်းမျှပင် မပြောဘဲလျက် သင်သည် ယနေ့၌ ငွေအပြည့်ပါသော ကြေးခွက်ကို



ယူခဲ့၏။ အသင် လုလင်နတ်သား၊ သင်သည် ရွှေအပြည့် နှင့်ရွှေခွက်၊ ရွှေအပြည့်နှင့် ငွေခွက်တို့ဖြင့် တောင်းခံ၍ မရနိုင်သော မေတ္တာကို ငွေအပြည့်ပါသော ကြေးခွက်ကိုပေး၍ တောင်းခံခြင်းဖြင့် အဘယ်မှာရနိုင်ပါအံ့နည်း၊ သင်နတ်သား ကျွန်ုပ်၏နန်းတော်မှ ပြန်ဦးလော့" ဟု ဆိုလေ၏။

ထိုအခါမှပင် လုလင်ပျိုသည် ဥဒယဘဒ္ဒ ဘုရင်မကြီးအား "အို မင်းသမီး ဥဒယဘဒ္ဒ၊ ကျွန်ုပ်သည် လူ့အကြောင်း၊ လူ့သဘာဝ၊ လူ့မနော ကို မလေ့လာ၊ မဆန်းမစစ်ဘဲ လူ့ပြည်လူ့ရွာသို့ လာရောက်ခြင်းမဟုတ်၊ လူတို့ ကျင့်ရိုးထုံးစံသဘာဝကို ကျွန်ုပ်သည် ကုန်စင်အောင်သိ၏၊ ကျွန်ုပ်နတ်သားသည် အလွန်နပ်၏၊ ကျွန်ုပ်သည် တန်ရာတန်ကြေးကို သာလုပ်တတ်သော ပုဂ္ဂိုလ်ဖြစ်၏၊ ကျွန်ုပ်သည် မည်သည့်ကိစ္စတွင် မဆို အလဟဿ အလုပ်မျိုး မလုပ်တတ်

"အို မင်းသမီး၊ ကျွန်ုပ်သည် သင့်မေတ္တာကို ရယူရန်အတွက် လာရောက်ရာတွင် ပထမနေ့က ရွှေအပြည့်နှင့် ယူလာခဲ့၏၊ ဒုတိယနေ့က ရွှေအပြည့်နှင့် ငွေခွက်ကို ယူ၍လာခဲ့၏၊ ယခု တတိယနေ့တွင်ကား ငွေအပြည့်နှင့် ကြေးခွက်သာ ယူခဲ့၏။

"သင် မင်းသမီး၊ သင်သည် ဇရာ၏ ဝါးမျိုခြင်းကို ခံရမှုမရှိဘဲ ယနေ့ထက်တစ်နေ့ ပို၍နုပျိုမည်ဆိုပါက ကျွန်ုပ်သည် ပထမနေ့က ရွှေအပြည့်နှင့် ရွှေခွက်တစ်ခွက်တည်းကိုသာ ယူလာခဲ့ပါသော်လဲ

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယနေ့တွင် စိန်အပြည့်နှင့် ရွှေခွက်နှစ်ခုကို ယူလာသင့်ပါ၏။ သို့သော် ထိုသို့မဟုတ်၊ သင် မင်းသမီးသည် မည်သို့ပင် မွမ်းမံဆင်ယင် အလှပြင်ခြယ်သထားသော်လဲ ပထမနေ့နှင့် ဒုတိယနေ့သည် မတူ။

"မင်းသမီး၊ လူ့လောက လူ့ဘဝတွင် အသက်အရွယ်အဆင်းသဏ္ဌာန်အလှအပများသည် ရေစစ်ထဲသို့ လောင်းထည့်လိုက်သော ရေများပမာ တရစပ်အောက်သို့ စိမ့်ကျယိုစီးနေ၏၊ ရေစစ်ထဲမှရေသည် ခဏအတွင်း ဆုတ်ယုတ်လျော့ပါးကုန်ခန်းနေသကဲ့သို့ သင့်ခန္ဓာကိုယ်မှ အလှအပများသည်လည်း နေ့စဉ်နှင့်အမျှ ဆုတ်ယုတ်ကုန်ခန်းလျက်ရှိ၏။

"သက်တမ်းအားဖြင့် တိုတောင်းလှသော လူ့ဘဝတွင် သင့်မျက်စိ၏ ပြတ်သားကြည်လင်မှု၊ သင့်ခန္ဓာကိုယ်၏ ပြည့်ဖြိုးလှပမှု၊ သင့်မျက်နှာ၏ စိုပြည်ညက်ညောမှု၊ သင့်နှုတ်ခမ်း၏ နီထွေးတင်းရင်းမှု၊ သင့်ဆံပင်၏ နက်မှောင်ညို့မှောင်းမှု၊ သင့်လည်တိုင်၏ ကြော့ရှင်းပြေပြစ်မှုတို့သည် ဓားဖြင့် ဖြတ်လှီးယူပစ်သည့်အလား တစ်ရစ်ချင်း တစ်ရစ်ချင်း အလှီးအဖြတ်ခံနေရ၏။ တစ်မိုးသောက်လာသော် နံနက်ခင်းနှင့်နေ့လယ်ခင်းမတူ၊ ညနေခင်းရောက်သော် သင့်ခန္ဓာကိုယ်၏ အလှအပများအား ဇရာသည် သူ၏အသွားချွန်ထက်သည့် သွားများဖြင့် အားပါးတရ ကိုက်ဖြတ်စားသုံး သွားသည်ကို သင် မင်းသမီးသည် နေ့စဉ်ခံနေရ၏။



"ပထမနေ့လာစဉ်က သင်၏ အဆင်းလှပမှု၊ ပြည့်ဖြိုးမှု၊ တင့်တယ်မှုတို့သည် ဒုတိယနေ့တွင် အပြည့်အဝ မရှိကြတော့၊ ဇရာ၏ လှီးဖြတ်ယူငယ်မှုနောက်သို့ ပါသွားကြပြီဖြစ်၏၊ ကျန်ရှိနေသေးသော ဒုတိယနေ့အလှအပများကို ဒုတိယနေ့တွင်ပင် ဇရာသည် ဖြတ်တောက်ယူငယ်သွားခဲ့ပြန်၏။ သို့အတွက် ဒုတိယနေ့အလှအပများသည် တတိယနေ့သို့ ပါလာကြသည်မဟုတ်။

"မင်းသမီး၊ ပထမနေ့၊ ဒုတိယနေ့ဟူသော အချိန်ကာလများကို ထားဦးလော့၊ အသက်အရွယ် အဆင်းသဏ္ဌာန် အလှအပများဆိုသည် တစ်နေ့တည်း၊ တစ်ခဏတည်း၊ ကျွန်ုပ်တို့ စကားပြောနေသော တစ်ခဏချင်းအတွင်းမှာပင် ဆုတ်ယုတ်လျော့ပါး ပျက်ပြားနေကြ၏။

"ယခုအချိန်တွင်သာ သင့်အလှအပများသည် ဇရာ၏ ဝါးမျိုခြင်းကို ခံနေရသည်မဟုတ်၊ နောင်တွင်လဲ ညဉ့်တွေ၊ နေ့တွေ၊ နာရီတွေ၊ မိနစ်တွေမှာ နေ့ကိုရက်စား၊ ရက်ကိုလစား၊ လကိုနှစ်စားကာ အချိန်ဟူသောအရာသည် မရပ်မနား ဖြတ်သွားနေသည်နှင့်အမျှ သင်မင်းသမီး၏ အလှအပ အရွယ်အဆင်းတို့သည်လည်း ရေစားသော ကမ်းပါးကဲ့သို့ ပြိုကျ ပျက်စီးနေမည်ဖြစ်ရာ နောက်ဆုံး၌ သင့်ထံတွင် အလှအပ အဆင်းသဏ္ဌာန် အသက်အရွယ် ဆိုတာများ ပြစရာ၊ ယူစရာ၊ ပေါ်စရာမျှပင် မကျန်တော့သည့်ဘဝကို ရောက်ရှိမည်ကို သင်မင်းသမီး အထူးဆင်ခြင်လော့။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရင်မကြီး၊ ကျွန်ုပ်သည် နတ်သားအသွင်ဖြင့် သင့်ထံကို လာခဲ့သော်လည်း ကျွန်ုပ်သည် အခြားသူမဟုတ်၊ ယခင်ဘဝက သင်မင်းသမီး၏ ခင်ပွန်းသည်ဖြစ်သော ဥဒယဘဒ္ဒမင်းတည်း၊ ကျွန်ုပ်သည် ဥဒယဘဒ္ဒမင်းကြီးဘဝမှ စုတေသေလွန်ပြီး ယခုအခါ သိကြားမင်းအဖြစ် တစ်ဘဝတစ်လီ ဖြစ်တည်ပြောင်းလဲ၍နေ၏။ သင်ချစ်နှမကို ဒီအသက် ဒီအရွယ်မှာပင် ယခုလို ကျန်းမာပြည့်ဖြိုး နုနယ်စဉ် ဇရာတရား၏ လုယက်ဖျက်ဆီးမှု အမျှားအပြားမခံစားရသေးမီ ကာလအတွင်း အကျိုးတရားရှိသော အကျင့်ကို လုပ်ဆောင်အားထုတ်ရန် သတိပေးရေးအတွက် ကျွန်ုပ်လာရောက်ခြင်းဖြစ်၏

"မင်းသမီး၊ ဇရာတရား၏ လုယက်ဖျက်ဆီးမှုကို ခံရသဖြင့် အိုမင်းရင့်ရော်မှုသည် ရောက်ရှိလာပါက သင်သည် ဥစ္စာရှာလိုသော်လည်း ဥစ္စာကိုမရှာနိုင်၊ အကျိုးတရားရှိသောကိစ္စကို လုပ်ဆောင်လိုသော်လည်း လုပ်ဆောင်၍မရသောဘဝသို့ ရောက်ရှိမည်ဖြစ်၍ ဇရာတရား၏ ဝင့်ကြွားမှုများ မရောက်လာသေးမီ သင်သည် ကောင်းမွန်သောအလုပ်ကို လုပ်လော့ ချစ်နှမ၊ ကောင်းမွန်သော အတွေးကိုတွေး၊ ကောင်းမွန်သော အကြံအစည်ကိုသာ ကြံစည်လော့ ချစ်နှမ" ဟုဆိုကာ သိကြားမင်းသည် ဥဒယဘဒ္ဒမင်းသမီး၏ နန်းတော်ဆောင်မှ ကွယ်ပျောက်၍ သွားလေ၏။

## မရုပ်မနား တစ်သွားတည်းသွားနေသူ

သိကြားမင်းကတော့ ဥဒယဘဒ္ဒ ဘုရင်မကြီးကို တစ်ရက်ကုန်ဆုံးလျှင်ပင် ဇရာတရား၏ ဖဲ့ရွဲ့လှီးဖြတ်မှုတို့ကြောင့် တစ်ရက်စာ တန်ဖိုးလျော့သည်ဟု အတိအလင်း တရားပြခဲ့၏။

သို့သော်လည်း မန္တလေးဟိုတယ်မှ မမကတော့ သူ့သမီးကို တစ်နှစ်စာသိမ်းထားလျှင် တန်ဖိုးပို၍ တက်မည်ဟုဆို၏။ မမက သူ၏ သမီးကို ရှေးဟောင်းပစ္စည်းဟု သဘောထားလျှင်ကား မှန်၏။ သို့သော် သူ့သမီးက ရှေးဟောင်းပစ္စည်းမဟုတ်။

ကျွန်တော်သည် မမနှင့် မကစ်တီတို့ စကားဆက်နေဆဲမှာပင် ထိုင်နေရာမှထကာ စေ့စပ်ပွဲလုပ်နေသော ထမင်းစားခန်းဆီသို့ ထွက်

www.burmeseclassic.com

www.burmeseclassic.com



လာကာ ဟာထားသောတံခါးပေါက်မှ အခမ်းအနားကို အသာချောင်းကြည့်မိ၏။ သို့သော် အခမ်းအနားကို သဲကွဲစွာမမြင်ရ။ စေ့စပ်မင်္ဂလာအခမ်းအနား ပြင်ဆင်ထားရာ ခန်းမထိပ်တွင် တီဗွီကြီးတစ်လုံးကို အမြင့်၌တင်ထားသည်က အခမ်းအနား၏ အလှအပကို ဖျက်နေ၏။ စေ့စပ်ပွဲအခမ်းအနားကို ကျွန်တော်သည် ခဏမျှ ချောင်းကြည့်လိုက်ပြီး အခန်းသို့ ပြန်လာခဲ့၏။ အခန်းတွင်း၌ ရေမိုးချိုး ပြီး ပိုက်ကျုံးသို့သွားရန် ပြင်ရ၏။ ယခင် မန္တလေးဟိုတယ်တွင် ရေပူမရ၊ ယခုတော့ ရေပူရေအေး အချိန်မရွေးရရှိ၍ အတော်တိုးတက်နေသည်ဟု ဆိုရမည် ဖြစ်ပါ၏။ ကျွန်တော်သည် ရေချိုးပြီး ပိုက်ကျုံးသို့ သွားရန် ပြန်ထွက်လာချိန်တွင်တော့ မမနှင့် အိုင်းရင်းရော၊ ကတ်တီပါ မရှိတော့။ နိုင်ငံခြားခရီးသည်များလည်း ယင်းတို့ အခန်းများအသီးသီးသို့ ဝင်သွားကြပြီ ဖြစ်ဟန်တူ၏။ စေ့စပ်ပွဲအခမ်းအနားတွင်ကား လူပို၍ စည်ကားနေ၏။

ကျွန်တော်သည် ဟိုတယ် ဧည့်ကြိုဌာနမှ နာရီကို ကြည့်လိုက်၏။ မနက် ၁၀ နာရီပင် ထိုးနေပြီဖြစ်ပါ၏။

ဦးမင်းအောင်နှင့် ကျွန်တော်သည် ယနေ့ ၁၁– နာရီတွင် ပိုက်ကျုံးရပ်၌ ချိန်းထား၏။ ကျွန်တော်သည် ယခု မန္တလေးဟိုတယ်မှ ဘုတာရုံကြီးသို့ ဆိုက်ကားစီးသွားရမည်။ ဆိုက်ကားခက တစ်ဆယ်ကျပ်ဖြစ်၏။ မန္တလေးတွင် ဆိုက်ကားခက တစ်ခေါက်လာလျှင် တစ်ခါ ရှုံးဟက်၏။ ကျွန်တော်သည် ဘုတာရုံကြီးတစ်ဝိုက်တွင် နံနက်စာ



၍ တရုတ်တန်းဈေးကိုသွားကာ ထိုမှတစ်ဆင့် ငါးကျပ်ပေးပါက ဈေးချိုကိုရောက်၏။ ဈေးချိုမှ ၂၆– ဘီလမ်းအတိုင်းသွားလျှင် ပိုက်ကျုံးကိုရောက်သည်။

မန္တလေးတွင် ကျွန်တော်သည် ဘတ်စ်ကားကို မစီးတတ်။ ဘတ်စ်ကား မစီးတတ်သည်က မေး၍စီးလျှင်ရသော်လည်း မန္တလေးဘတ်စ်ကားများက မှတ်တိုင်တွင် တမေ့တမော ရပ်နေတတ်သည်ကို ကျွန်တော်က စိတ်မရှည်ပါ။ မော်တော်ကား ငှားစီးဖို့ကလည်း တစ်နေ့ကို ကားတစ်စီးရှစ်ရာ တစ်ထောင်တောင်း၏။ မိတ်ဆွေများ၏ ကားကိုလည်း ခတ်ဆိုဈေးကြီးသဖြင့် ဘူတာရုံ အကြိုအပို့လောက်သာ အကူအညီတောင်းရ၏။ မန္တလေးတွင် နေသော ရက်များအတွင်း ဟိုနားဒီနား သွားဖို့အတွက် ဆိုက်ကားနှင့် မြင်းလှည်းကိုသာ သုံးရ၏။ ဆိုက်ကားခ၊ မြင်းလှည်းခကလည်း မသေး။ ကျွန်တော်သည် တစ်နေ့တစ်နေ့ မန္တလေး၌ ဆိုက်ကားခက တစ်ရာ၊ တစ်ရာ့ငါးဆယ်ခန့်ကုန်သည်။

ကျွန်တော်သည် မန္တလေးဟိုတယ်မှ ဆိုက်ကားငှားရန် ၆၈– လမ်းထိပ်သို့ ထွက်ခဲ့၏။ ဟိုတယ်ဘေး ဆိုက်ကားဂိတ်တွင် ဆိုက်ကားတစ်စီးမှ အသင့်မတွေ့။ ထို့ကြောင့် ကျွန်တော်သည် ဆိုက်ကားရှာရင်း အနီးအနားတစ်ဝိုက် ဟိုနားဒီနား ကြည့်မိ၏။ မန္တလေးဟိုတယ်နှင့် ဟိုဘက်သည်ဘက်၊ ၆၈– လမ်းနှင့် ၂၆– ဘီလမ်းမကြီး (ဆဲခု ဘုရင့်

www.burmeseclassic.com

www.burmeseclassic.com



နောင်လမ်း) ထောင့်ရှိ တိုက်ရှေ့တွင် ခရမ်းနှင့် အဖြူစက္ကူပုန်းရုံ တစ်ရုံနှင့် စိန်ပန်းပင်တစ်ပင်ရှိ၏။ ထိုစက္ကူပုန်းရုံသည် ရာသီမရွေး ပွင့်နေတတ်၏။ တိုက်ထိပ်တွင် ခပ်ကျဲကျဲ ယိုးဒယားပန်းခက်နှစ်ခက် ကို အင်္ဂတေဖြင့် ဖော်ထားသည်။ ထိုခြံဝင်းအတွင်းဝယ် ရွက်လှပန်းများ လည်း ရှိသည်။

ထိုတိုက်နှင့် မန္တလေးဟိုတယ်အကြား ဗဇ– လမ်းမပေါ်တွင် ကား အမှိုက်ပုံတစ်ခုရှိ၏။ ကျွန်တော် ထိုကဲ့သို့ ရပ်ကြည့်နေစဉ် ထို အမှိုက်ပုံတွင် တလှုပ်လှုပ်ဖြင့် တစ်စုံတစ်ရာကို တွေ့လိုက်ရသဖြင့် ဘာများလဲ၊ အမှိုက်တောင်းအစုတ်ကို ခွေးတိုးနေတာလား ဟူသော အထင်ဖြင့် ကြည့်လိုက်မိ၏။ ထိုအမှိုက်ပုံတွင် မြင်သာထင်သာ ရှာဖွေ စားသော ခွေးသုံးကောင်ကိုလည်း တွေ့ရ၏။ သေသေချာချာကြည့် လိုက်တော့ ကျွန်တော်တွေ့မြင်ရသည့်အရာမှာ အမှိုက်တောင်းကို ခွေး တိုးနေခြင်းမဟုတ်ဘဲ အမျိုးသမီးငယ်တစ်ဦး ဆောင့်ကြောင့်ထိုင်နေ ခြင်းဖြစ်သည်ကို တွေ့ရ၏။ ထိုအမျိုးသမီးငယ်သည် တစ်တင်းနှဲ နှစ်တင်းခန့်ဝင်မည့် ပလတ်စတစ်အိတ်ကြီးနှစ်အိတ်ကို ဘယ်ပြန်ညာ ပြန်စလွယ်သိုင်း၍ သူ့ကျောပေါ်သို့ ပစ်တင်ထားကာ လက်ထဲတွင် လည်း နှစ်ပေခွဲ သုံးပေလောက်ရှိမည့် သံချွန်တပ်ထားသော ပလတ် စတစ်ကောက်သည့် တုတ်တစ်ချောင်းရှိ၏။ အမှိုက်ပုံကို အားရပါးရ မွှေနှောက်နေခြင်း ဖြစ်သည်။ သူသည် စက္ကူစများကို ဘယ်ဘက်အိတ်



တွင်ထည့်၍ ပလတ်စတစ်များကို ညာဘက်အိတ်တွင် ထည့်၏။ အဖိုး တန်ပစ္စည်းများတွေ့လျှင် ထည့်ရန်အတွက် လက်ထဲတွင် သီးခြား အိတ်သေးတစ်လုံး ပါသေး၏။ အဖိုးတန်ပစ္စည်းဆိုသည်မှာ နှုတ်ခမ်းနီ ဆေးဘူးအခွံ၊ ပေါင်ဒါဘူးအခွံလို ပစ္စည်းများဖြစ်သည်။

ထိုအချိန်တွင် ဟိုတယ်အမှုထမ်းတစ်ဦးသည် အမှိုက်တောင်း တစ်တောင်းကို ဆွဲလာကာ အမှိုက်ပုံရှိ ခွေးများကို မောင်းထုတ်လိုက်ပြီး ဆွဲလာသော အမှိုက်တောင်းကို ထိုအမှိုက်ပုံတွင် မှောက်၍ သွန်ချ လိုက်၏။ သွန်ချလိုက်သော အမှိုက်များက ထို မိန်းကလေးငယ်၏ ခေါင်းပေါ်၊ ပခုံးပေါ်သို့ ကျကုန်၏။ ဟိုတယ်အမှုထမ်းသည် သတိမထားမိ ဘဲ ထိုအမျိုးသမီးငယ်၏ ကျောပေါ်သို့ အမှိုက်သွန်ချလိုက်မိခြင်း ဖြစ်သည်။ သွန်နေရင်းမှ ထိုအမျိုးသမီးငယ်ကို တွေ့သော်လည်း အရှိန် ဖြင့် သွန်နေရာ ရပ်ထား၍ မရတော့ဘဲ ဆက်၍သွန်ချလိုက်ရ၏။

အမျိုးသမီးလေးသည် ထိုသို့ သွန်ချနေစဉ်တွင် မျက်လုံးထဲ အမှုန်များဝင်မည်စိုး၍ ခေါင်းကိုငုံ့ထားသော်လည်း အမှိုက်သွန်ချနေ သော ဝန်ထမ်းကို စိတ်ဆိုးသည့်လက္ခဏာ လုံးဝမပြ။ စိတ်မဆိုးသည့် အပြင် ထိုမိန်းကလေးသည် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တစ်ဦးက သူ့ခေါင်းပေါ်သို့ ရွှေဒင်္ဂါးများ ကြဲချလိုက်သည်ဟုပင် မှတ်ထင်လျက် ကျလာသောအမှိုက်များကို ရွေးရင်းဖယ်ရင်းဖြင့် အလုပ်များသွားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘဝဆိုတာကလည်း အမျိုးမျိုး။ ဟိုဘက်တိုက်လေးပေါ်တွင် ဒီအသက်အရွယ် ကလေးငယ်တစ်ဦးရှိပါက ထိုမိန်းကလေးသည် ချမ်းမြေ့အေးချမ်းစွာ တီဗွီကြည့်နေချိန်၊ ရေခဲမုန့်စားနေချိန်တွင် သူနှင့် သက်တူရွယ်တူ ဒီကလေးမလေးကား အမှိုက်ပုံကို ပဒေသာပင် သဘော ထားကာ ဝမ်းစာအတွက် ရှာဖွေနေရ၏။ မြန်မာစကားတွင် ကုန်း ကောက်စရာတောင် မရှိဘူးဆိုသောစကား ရှိ၏။ ထို့ကြောင့်လည်း ဒီကလေးမကတော့ ကုန်းကောက်စရာ အမှိုက်ပုံရှိနေသေးသဖြင့် တော် သေး၏ဟု ဆိုရမလိုဖြစ်သည်။ ကျွန်တော်သည် ၆၈– လမ်းအတိုင်း ဆက်လျှောက်လာ၏။ ထိုလမ်းတွင် ယောလုံချည်ရောင်းရန်ရှိသည်ဟု ဆိုသော အိမ်တစ်အိမ်နှင့် အခြားလှလှပပ အိမ်အသစ်လေးလုံးကို တွေ့ ရ၏။ ထိုတိုက်သစ်များကို ကျွန်တော် ယခင်က သတိမထားမိ။ မန္တလေး မြို့တွင် အဆောက်အအုံသစ်များက နေ့စဉ်တိုးနေ၏။

၆၈–လမ်းနှင့် ၇၂–လမ်းထောင့်ကို ရောက်သော် ကျွန်တော် သည် အရှေ့ဘက်မှလာသော ဆိုက်ကားတစ်စီးကို တွေ့၍ ထိုဆိုက်ကား နှင့် လိုက်ခဲ့၏။ ထိုဆိုက်ကားသည် ၂၇–လမ်းအတိုင်း နင်းရာ မကြာမီ ပင် မူကြိုကျောင်းအမှတ် ၁– ကိုတွေ့ရ၏။ မူကြိုအရွယ် ကလေးများ သည် ကျောင်းတက်တာလား၊ ကျောင်းဆင်းတာလား၊ ကစားနေကြတာ လားမသိ။ ကလေးဆယ်ယောက် ဆယ့်ငါးယောက်ခန့်ကို မူကြိုကျောင်း အင်္ကျီများနှင့် တွေ့ရ၏။ ကျွန်တော်သည် ဆိုက်ကားပေါ်မှနေ၍ ကလေး



များကို လှမ်းကြည့်လိုက်မိ၏။ ဒီကလေးများကို အိုခြင်းတရား၏ ဆန့်ကျင်ဘက် အသွင်သဏ္ဌာန်များအဖြစ် ကျွန်တော် ထင်မှတ်လိုက် မိ၏။ ပြီးမှ ကျွန်တော်သည် မူကြိုအရွယ် ကလေးများသည်ပင် အိုမင်းခြင်း၏ ဆန့်ကျင်ဘက်မဟုတ်။ အိုခြင်းတရားက ခင်းထားသည့် လမ်းတွင် သူတို့လေးတွေ စတင်လျှောက်နေကြခြင်း ဖြစ်၏။ သြော် ရောလမ်းအဆုံးမှာတော့ သူတို့လေးတွေလည်း အိုကြရဦးမည် မဟုတ် ပါလောဟု တွေးလိုက်မိပါ၏။ ရှေ့ဆက်သွားတော့ ကာကွယ်ဆေးထိုး လုပ်ငန်းစီမံချက် အဆောက်အအုံကို ကျွန်တော်၏ဘယ်ဘက်တွင် တွေ့ရပြန်ပါ၏။

ဆိုက်ကားဆရာသည် လူသန်လူသွက်မို့ ဆိုက်ကားကို ခပ်သွက်သွက် နင်းလာ၏။ မန္တလေးနွေက ပူလွန်းလှ၏။ တစ်ခါက ကျွန်တော်သည် မန္တလေး ဟံသာဝတီ သတင်းစာတွင် 'ဖုန်ပေါလို့ ဖုတ်ထူ နေပူသည့်မန္တလေး' ဟူသော ဆောင်းပါးတစ်ပုဒ်ကို ရေးဖူး၏။ ထိုအခါက မန္တလေးသားတို့ ဝိုင်းတွယ်သည်ကို ခံရဖူး၏။ ထို့ကြောင့် လည်း ကျွန်တော်သည် မန္တလေးအကြောင်း ရေးရာတွင် ဆတ်ဆတ်ထိ မခံသော မန္တလေးသားတို့ကို သတိထား၍ ရေးရ၏။ သူတို့မြို့ အကြောင်း မကောင်းရေးလျှင် သူတို့မကြိုက်ကြ။

ဆိုက်ကားဆရာသည် ၂၇– လမ်းအတိုင်း သွားနေရာမှ ၇၁– လမ်းထဲ ချိုးဝင်လိုက်၏။ ထိုလမ်းပေါ်တွင် ဗထူးအားကစားကွင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ၇၁– လမ်းမပေါ်တွင် ထိုနေ့က ဘာရှိနေ၍လည်းမသိ။ လူများ ဥဒဟိုသွားလာနေရာ ဆိုက်ကားသည် တစ်ဘက်မှလာသော မြင်းလှည်း ဆိုက်ကား အထူးသဖြင့် စက်ဘီးများကို ကြည့်ရှောင်၍ သွားနေရ၏။ မန္တလေးတွင် ဆိုက်ကားစီးသည့်အခါ မျက်နှာချင်းဆိုင်မှလာသော မြင်းလှည်း၏ လှည်းတံနှစ်ခုမှာ ရင်ဝတည့်တည့် ချိန်လျက်သား ဖြစ်နေသောကြောင့် ကျွန်တော်သည် မြင်းလှည်းနှင့် ဆိုက်ကား ကပ်ရှောင်တိုင်း အသည်းယား၏။

ဆိုက်ကားဆရာက အားသွန်၍ နင်းနေစဉ်မှာပင် စက်ဘီး တစ်စီးက ကျွန်တော်တို့ဆိုက်ကားကို ကျော်တက်ကာ ဆိုက်ကားရှေ့ လွတ်အောင်လည်းမစီး၊ နောက်ကလည်း မလိုက်ဘဲ ကာဆီးကာဆီး လုပ်နေ၏။ သူကိုယ်တိုင်ကတော့ နောက်မှဆိုက်ကားအတွက် ကာဆီး ကာဆီးဖြစ်နေသည်ကို သိဟန်မတူ။ ထိုစက်ဘီးကိုစီးလာသူမှာမိန်း ကလေးဖြစ်၏။ ထိုမိန်းကလေးသည် အသက် ၂၀– လောက်ရှိဦးမည်ဟု ထင်ရ၍ ပါးဖောင်းဖောင်းလေးနှင့် ချစ်စရာလေးဖြစ်၏။ သူမသည် သူမ၏ဆံပင်တစ်အုံတစ်မကို လေထဲတွင် ဖားလျားချကာ စက်ဘီး လက်ကိုင်ကို ငြိမ်ငြိမ်မကိုင်ဘဲ ဟိုယမ်း သည်ယမ်းလုပ်ရင်း စီးလိုက် လက်လွှတ်၍စီးလိုက် လုပ်လာ၏။ ထိုကလေးမသည် သူ၏သန်စွမ်း နက်မှောင်နေသော ဆံပင်များအတွက်လည်း ဂုဏ်ယူဝင့်ကြွားဟန် တူ၏။ သူ၏အလှအပကို အမှတ်တမဲ့ မမြင်ဘဲ မရှိလေအောင် စက်ဘီး



ကို လှုပ်ခါစီးနေသည့်သဘောရှိ၏။ နက်မှောင်သန်စွမ်း၍ လွင့်နေသော သူ့ဆံပင်တို့သည် တဖြည်းဖြည်း ပိုရှည်လာရာက သူ့နောက်ဆိုက်ကား ပေါ်မှ ကျွန်တော်နှာခေါင်းဝကို လာထိတော့မည်ကဲ့သို့ ဖြစ်ကာ ကျွန်တော်သည်ပင် ဟပ်ချိုး ဟပ်ချိုးနှင့် ချီရတော့မည့်ကဲ့သို့ ဖြစ် လာ၏။

မည်သို့ပင်ဖြစ်စေ နောင်အနှစ် ၂၀– ခန့်တွင်တော့ သူ့ပါး ဖောင်းဖောင်းလေးသည် ဤမျှလောက် ဖောင်းချင်မှဖောင်းတော့မည် ဖြစ်၏။ နောင်အနှစ် ၂၀–တွင် သူ၏ ဆံပင်တစ်အုံ တစ်မတွင် တစ်ချောင်းစ နှစ်ချောင်းစ ဖြူလာနိုင်၏။ ထိုမှ အနှစ် ၂၀– ထပ်ကြာ၍ မိန်းကလေးအသက် ၆၀– ဝန်းကျင်သို့ ရောက်လျှင်တော့ သူ့ပါးဖောင်း ဖောင်းလေးသည်လည်း ပြုတ်ထွက်သွားတော့မှာ သေချာ၏။ သူ့ဆံပင် တွေကလည်း အထွေးလိုက် အထွေးလိုက် ကျွတ်ကာ အဖြူတွေ အကြောင်တွေနှင့် ရှိလာမည်မှာ သေချာ၏။ ထို့ပြင် ဤမိန်းကလေး အသက် ၇၀– သို့ရောက်လျှင်ကား သူ့ပါးဖောင်းဖောင်းလေးကို ရှာ၍ပင် ရနိုင်တော့ဘဲ ထိုနေရာတွင် ချိုင့်ဝင်နေသော ပါးနှစ်ဘက်ကိုသာ တွေ့ရမည်ဖြစ်၍ သူ့ဆံပင်များ ဆွတ်ဆွတ်ဖြူနေတော့မည်မှာ အမှန် ဖြစ်ပါ၏။

ဤသူငယ်မ ရှေ့မှကာဆီးကာဆီးသွားနေသည်ကို ကျွန်တော့် ဆိုက်ကားဆရာက စိတ်မရှည်နိုင်တော့သဖြင့် ထိုမိန်းကလေးနှင့် လွတ်

www.burmeseclassic.com

www.burmeseclassic.com



အောင်ရောင်နှင်းရင်း မိန်းကလေး၏ စက်ဘီးကို ကျော်တက်လိုက်၏။ ကျော်တက်သွားတော့လည်း သူငယ်မသည် ဘယ်သူ့ကိုမှလည်း ဂရုမစိုက်ဘဲ စက်ဘီးလက်တန်းကို ဟိုယမ်း သည်ယမ်းလုပ်ရင်းသာ ဆက်စီးနေ၏။

ထိုမိန်းကလေးကို ကျွန်တော်တို့ဆိုက်ကားက ကျော်တက်လိုက်ပါမှ ရင်ကိုချီလျက် စက်ဘီးထိုင်ခုံအစွန်းအထိ တင်ကိုပစ်၍ ခြေသလုံးအဖွေးသားနှင့် အခြားကလေးမတစ်ဦး၏ စက်ဘီးကို ထပ်တွေ့ရပြန်၏။

မန္တလေးသူများ ချောသည်ဟု ဆိုခြင်းသည် ဒါကိုပင်ခေါ်ပြီဟု ထင်လိုက်မိ၏။ မျက်နှာချင်းဆိုင်မှလာသော လူငယ် လေးငါးဦးကပင် ထိုမိန်းကလေး၏ အလှကို သမင်လည်ပြန်ကြည့်၍သွား၏။ သေသေချာချာကြည့်လိုက်မှ မိန်းကလေးသည် သူမ၏ ခြေသလုံးဖြူဖြူလေးကို တမင်ပေါ်အောင်လုပ်၍ စီးလာသည်မှာ သိသာလှ၏။ ပန်းသီးတစ်လုံးလို တင်းနေသော သူ့ခြေသလုံးသားများက ကိုက်စားချင်စရာ ဖြစ်၏။ ဤကလေးမလေး စက်ဘီးစီးလာသည်က လိပ်ပြာလေးတစ်ကောင် ပျံလာသလိုလှ၏။

နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ စီးလာကြသော စက်ဘီးများပေါ်မှ ပုဂ္ဂိုလ်များအားလုံးသည် မိန်းကလေးကို လှည့်ကြည့်လှည့်ကြည့်လုပ်ကြ၏။



မည်သို့ပင်ဆိုစေ ပန်းသီးသားကျနေသော ခြေသလုံးလေးသည် ဇရာတရားနှင့် တွေ့ဆုံကြုံကြိုက်လျှင် ပျော့ကျတွန့်ခေါက်ပြီး တွဲလွဲဘဝသို့ ရောက်ရဦးမည်ဖြစ်၏။ ထိုအခါတွင်ကား ဤအမျိုးသမီးငယ် သည် သူ့ခြေသလုံးအသွယ်သွယ်ကို ယခုလိုဖော်၍ ထားတော့မည်မဟုတ်။ လူမမြင် သူမမြင်အောင် ဖုံးကွယ်ထားတော့မည်မှာ သေချာလှပါ၏။

သည်လိုနှင့် ကျွန်တော်တို့ ဆိုက်ကားသည် မန္တလေးဆေးရုံကြီးသို့ ရောက်လာ၏။ ဆေးရုံရှေ့တွင်တော့ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးသည် ကလေးငယ်တစ်ဦးကို လက်တွဲကာ ဆေးရုံထဲသို့ ဝင်ရန်ပြင်နေသည်ကို တွေ့ရ၏။ ဆေးရုံကြီးရှေ့တွင်ကား အိုသူတွေ ဆက် နာသူတွေက များ၏။

ဆက်၍နှင်သွားတော့ ဆိုက်ကားဆရာက ထိုနေရာမှရှေ့သို့ ဆက်သွား၍မရတော့ဟုဆို၏။ ထို့ကြောင့် ကျွန်တော်သည် ဆိုက်ကားခရှင်းကာ ဆက်၍လျှောက်လာခဲ့ရသည်။ ထိုအချိန်တွင်မှ ရန်ကုန်ရထားတစ်စီး ဝင်လာသဖြင့် လမ်း ၃၀-ပေါ်သို့ ခရီးသွားများ အန်ကျ၍လာ၏။ ပုရွက်ဆိတ်အုံကို တုတ်နှင့်ထိုးလိုက်သလို လူအုပ်သည် ဘူတာဆီမှ ထွက်လာကြ၏။ မနက်ခုနစ်နာရီက ဆိုက်မည့်ရထား နောက်ကျနေ၍ ယခုမှဝင်လာသည်ဟု ဆို၏။ အချိန်မှန် ဝင်မလာ၍ ခရီးသည်များသည် သူတို့ မှန်းထားသည့်အတိုင်း တွက်ခြေမကိုက်သဖြင့် တိုးဝေ့

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာကြပုံ လည်းပေါ်၏။ ဆိုက်ကားဆရာများကလည်း လူခေါ်ကြ၏။ စက်ဘီးတွေ၊ လူတွေနှင့် ဖွေးဖွေးလှုပ်နေသည့်အထဲ နေပူကျဲကျဲတွင် သန့်ရှင်းရေး လုပ်နေကြသော အလုပ်သမားတစ်စုကို လည်း ထိုနေရာတစ်ဝိုက်တွင် တွေ့ရသည်။

ကျွန်တော်သည် ထိုနေရာတွင် ရပ်ရင်း ဒီနေရာတစ်ဝိုက်မှ ဘယ်ထမင်းဆိုင် သန့်သနည်း၊ ဘယ်ဆိုင်တွင် ထမင်းဝင်စားရလျှင် ကောင်းမည်နည်းဟု စဉ်းစားရင်း တောင်မြောက်လေးပါးကြည့်ကာ ဆိုင်ရွေးနေမိ၏။ ကျွန်တော်ရပ်သော နေရာဘေးမှ 'ထက်' ဆိုသော ထမင်းဆိုင်လေးက သန့်ရှင်းပုံရ၏။

'ထက်' ထမင်းဆိုင် ဆိုင်းဘုတ်လေးကိုတွေ့တော့ ပြင်ဦးလွင်မြို့က 'ထက်' စာပေကို သတိရလိုက်၏။ ထက်စာပေဟူသော သံယောဇဉ်ဖြင့်ပင် ကျွန်တော်သည် ထက် ထမင်းဆိုင်လေးပေါ်သို့ တက်လိုက်သည်။ ထက်ထမင်းဆိုင်သည် တစ်ခါစား ၂၀-ကျပ်။ ဤဆိုင်သည် ဘူတာကြီးရှေ့ရှိ အလုပ်သမားတည်းခိုရိပ်သာနှင့် ကပ်လျက်ရှိပြီး ဟင်းစုံ၏။

ကြက်သားဟင်း၊ ကြက်သားကြော်၊ ကြက်အသည်းအမြစ်၊ ဝက်ချိုချဉ်၊ ဝက်ပုန်းရည်ကြီး၊ ဆိတ်သားဟင်း၊ ဆိတ်ဦးနှောက်၊ အမဲကြော်၊ အမဲနှပ်၊ ငါးမြင်း၊ ငါးသလောက်ပေါင်း၊ ငါးသလောက်ချက်၊ ပုစွန်၊ ရေချိုစိမ်ဘီလာ၊ ရန်ကုန်ဘီလာမ်ရည်။ ငှက်ပျော်သီးရေခဲစိမ်



အစုံရသည်။ မှျင်ငါးပိကြော်၊ ပဲကျားကြော်၊ ဖရုံသီးဟင်းချို၊ ငရုတ်သီးစိမ်းစပ်စပ်ကို ထောင်းခတ်ထားသော ငါးပိရည်ကျိုနှင့် ဖန်ခါးသီးအပြင် ဟင်းရွက်စိမ်းတစ်ပန်းကန် ပြင်ထားရာ တို့စရာလည်းစုံ၏။

ကျွန်တော် ဆိုင်ထဲဝင်သွားတော့ ဆိုင်ရှင်အမျိုးသမီးက "ဘာနဲ့စားမလဲ" ဟုဆို၏။ ကျွန်တော်က ဟင်းနာမည်များ ကြားရရုံဖြင့် ထမင်းဝသွား၍ လက်ဆေးပန်းကန်သာ တောင်းလိုက်ချင်၏။ သူက ထပ်၍ "ဘာဟင်းနဲ့ စားပါမလဲ" ဟု ထပ်မေးမှ "ခင်ဗျားတို့ဆိုင်က ဟင်းတွေစုံတော့ ဘာနဲ့စားရမှန်းတောင် မသိပါဘူးဗျာ၊ ဘာကောင်းလဲဗျ" ဟု ကျွန်တော်က မေးလိုက်၏။

"ရှင် အမဲသားစားလား၊ အမဲနှပ်ကောင်းတယ်" ဟုဆိုသည်။ "ကောင်းပါပြီ၊ အမဲနဲ့ပဲ တစ်ပွဲပေးပါဗျာ" ဟုဆိုကာ ကျွန်တော်သည် ဆိုင်ရာမှထ၍ လက်ဆေး၏။ လက်ဆေးရင်း ကျွန်တော်သည် ဆရာရင်းဖြစ်သူ ဆရာတော်ကြီး ဦးဝိရိယ ဆုံးမစကားများကို ကြားလာမိ၏။

"တပည့် စင်စစ်တော့ မင်းရထားတဲ့ ဒီခန္ဓာကိုယ်ကြီးက အမြဲဖောက်ပြန်နေတာ၊ ဒီခန္ဓာကိုယ်ကြီးဟာ အမြဲအိုနေတာ၊ အမြဲနာနေတာ၊ ခြင်းရင့်ရော်မှုဆီ၊ နာကျင်ခက်ခံမှုတွေဆီကို တရစပ်ရွေ့လျားနေတာ၊ ဒီခန္ဓာကြီးကို မဖောက်ပြန်ရအောင်က ငါတို့က အမြဲ ကျွေးသင့်တာကျွေး၊ ထွေးသင့်တာထွေး၊ လိမ်းသင့်တာ လိမ်း၊ ခြယ်သင့်တာခြယ်၊ ဆောင်သင့်တာတွေဆောင်၊ ရှောင်သင့် တာတွေရှောင်နေရတာ၊ ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကျွေးမွေးစောင့်ရှောက်နေတဲ့အထဲ ဒီခန္ဓာ ဟာ တို့အလိုကိုမလိုက်ဘဲ ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်နေတာပဲ တပည့်"ဟုဆိုဆုံးမဖူးပါ၏။

မှန်လှပါ၏။ ယခုလည်း ဒီခန္ဓာကိုယ်ကြီးသည် အိုလမ်းကို သွားနေမှန်းသိလျက် သူ့အတွက် ကျွေးရဦးတော့မည်ဖြစ်၏။ ယခုလို ကျွေးမွေးတော့ရော သူက မအိုဘဲနေသလား၊ ယခုတော့ ထိုသို့မဟုတ်၊ ကျွေးပင်ကျွေးထားသော်လည်း အိုရပ်ဆီသို့ တကုပ်ကုပ်နှင့် မရပ်မနား တစ်သွားတည်းသွားနေ၏။

## သဏ္ဍာမဲ့သောခန္ဓာ

ကျွန်တော်သည် လက်ဆေးပြီး ထမင်းပြင်ထားသော နေရာ ၌ င် ထိုင်လိုက်၏။ ကျွန်တော့်အတွက် ထမင်းပြင်ထားသောနေရာသည် င်လာသူတို့ကို လည်းကောင်း၊ ထမင်းတောင်းနှင့် ဟင်းအိုးထားရာ ရာ၊ ပိုက်ဆံသိမ်းရာနေရာ၊ ထမင်းစားရန် ခင်းထားသော စားပွဲခုံများ သည့် ဆိုင်အခင်းအကျင်း နေရာအားလုံးကိုလည်းကောင်း ကောင်း ာင်းမြင်နိုင်သော ထောင့်နေရာဖြစ်၏။

ထမင်းပွဲပြင်ပေးသူ ခပ်ဝဝအမျိုးသမီးက ထမင်းပန်းကန်၊ မဲနှပ်နှစ်တုံးပါသော ဟင်းပန်းကန်၊ သံပရာရွက်၊ ပူစီနံနှင့် ဆလပ် ကြော်များပါသည့် တို့စရာပန်းကန်များကို ကြွေသုတ်လင်ပန်းနှင့် ယူလာ ချပေး၏။ ကျွန်တော်သည် ပူစီနံတို့စရာကို ကြိုက်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ယမန်နေ့ညက တူးတူးထမင်းဆိုင်တွင် ပူစီနံတစ်ပန်းကန်ကို အကုန်တို့မိရာ ညက ဗိုက်ရစ်၍နာခဲ့သည်။ ထို့ကြောင့် ကျွန်တော်သည် ပူစီနံကို မကိုင်ရဲဘဲရှိ၏။ မန္တလေးလမ်းပေါ်တွင်ရှိသော တူးတူးထမင်းဆိုင်သည်လည်း တို့စရာမြုပ်စရာနှင့် ဟင်းစုံသော မြန်မာထမင်းဆိုင်ကောင်းတစ်ဆိုင်ဖြစ်၏။ ကျွန်တော်သည် မန္တလေးဟိုတယ်၌ တည်းတိုင်း ညနေစာကို များသောအားဖြင့် တူးတူးထမင်းဆိုင်တွင်သာ စားတတ်၏။ မနက်စာကိုတော့ ကြုံသလိုစားတတ်သည်။

ယခုတော့ ကျွန်တော်သည် ထမင်းစားမည့် နေရာတွင် ထိုင်ရင်း တစ်ဆိုင်လုံးကို လှမ်းချုံ၍ကြည့်မိပါ၏။ ကျွန်တော်နှင့် ကပ်လျက်ခုံတွင်ကား တစ်ဦးက အသက် ၃၀၊ တစ်ဦးက ၁၆–နှစ်လောက်သာရှိမည့် ခရီးသည်အမျိုးသမီးနှစ်ဦး ထမင်းစားနေကြ၏။ နှစ်ဦးစလုံးက ဂျင်းဂျာကင်များကို အပေါ်မှဝတ်ထား၍ အငယ်အမျိုးသမီး၏ ဂျင်းအင်္ကျီပခုံးသည် တံတောင်ဆစ်ရောက်အောင် ကျနေ၏။ ခုခေတ်သည် အင်္ကျီကျပ်ကျပ်ခေတ်မဟုတ်။ အင်္ကျီကို ပွပွဝတ်သောခေတ်ဖြစ်၏။ ပွပွဆို၍ ယခုအမျိုးသမီးငယ် ပွသည်ထက် ထပ်ပွလိုက်ရင်တော့ အင်္ကျီဝတ်ထားသည်နှင့် မတူတော့ဘဲ စောင်ခြုံထားသလိုသာ ရှိတော့မည်ဖြစ်၏။

ထိုခရီးသည် အမျိုးသမီးနှစ်ဦးမှာ ညီအစ်မလား၊ လုပ်ဖော်ကိုင်ဖက်လား သိပ်ခွဲခြား၍မရ။ သူတို့နှစ်ဦးစလုံးသည် သူတို့၏



ဆံပင်များကို လိပ်ပင့်ပြီး ထုံးထားသောကြောင့် နဖူးရော လည်တိုင်ပါ ရှင်းနေပြီး တစ်မျိုးကြည့်ကောင်းပါ၏။

သူတို့နှစ်ဦးအနက် အသက် ၃၀– အရွယ်အမျိုးသမီးသည် နိုင်ငံခြားဖြစ် အဖိုးတန်စွပ်ကျယ်အင်္ကျီကို ဝတ်ထား၍ အရောင်က အပြာနုရောင်ဖြစ်သည်။ အပြာရောင်အင်္ကျီနှင့် ထိုအမျိုးသမီး၏ အသားအရေမှာ လိုက်ဖက်ပါ၏။ သူဝတ်ထားသော စွပ်ကျယ်အင်္ကျီတွင် အေးလိပ်ကြော်ငြာ စာတမ်းတစ်ခုပါ၏။ ကျွန်တော်တို့နိုင်ငံတွင် အမျိုးသမီးများ စွပ်ကျယ်ဝတ်လာကြသည်မှာ မကြာလှသေး။ အငယ် အမျိုးသမီးကတော့ စီပီယာလုံချည်အင်္ကျီဆင်တူ ဝတ်ထားသည်။

သူတို့သည် ထမင်းကိုလည်း ဖြည်းဖြည်းစားကာ စကားကို လည်း ဖြည်းဖြည်းပြော၍ အားလုံးသောအမူအရာ လှုပ်ရှားမှုတို့က အစ အားအေးဆေးဆေးချည်း ဖြစ်ပါ၏။ သူတို့ကို ကြည့်ရသည်မှာ ဘာမှ သိပ်ပူပင်ဟန်လည်းမရှိ။

သူတို့နှင့် တစ်ခုံကျော်လောက်တွင်ကား လက်ဆွဲအိတ် အစ်လုံးကို ပခုံးပေါ်မှမချဘဲ ထမင်းစားနေသည့် လူငယ်တစ်ဦးကို တွေ့ရ၏။ ထိုလူငယ်က မနက်က မင်းသားလို ဂျင်းဘောင်းဘီ ဂျင်း ဂျာကင်နှင့် ဖြစ်သည်။ သူကတော့ ကိုယ့်ထမင်းကိုဝယ်စားတတ် သူသောပုံစံဖြင့် ဘယ်သူ့ကိုမှ ဂရုစိုက်ပုံမရ။ ထမင်းစားနေသည့်တိုင် သူပခုံးထက်မှ လက်ဆွဲအိတ်ကြီး ခေတ္တချပြီးမှ စားပါဟု ပြောမည့်သူ

www.burmeseclassic.com

www.burmeseclassic.com



မရှိ။ ပြောဆိုသူ ရှိပါကလည်း သူက ဂရုစိုက်ချင်မှ စိုက်မည့်ပုံစံ ဖြစ်၏။ ထိုသူငယ်သည် သူ့ပခုံးပေါ်မှ လက်ဆွဲအိတ်ကြီးကို ထမင်းစားပြီးသည်အထိ ပခုံးပေါ်တင်လျက်ပင် ထမင်းစားသွား၏။ ခရီးသွားရာတွင် လူအမျိုးမျိုး ပုံစံအစုံစုံကို တွေ့ရ၏။

ခပ်လှမ်းလှမ်းတွင် ထမင်းစားနေသော လင်မယားကတော့ အနည်းငယ်နွမ်းပါးပုံ ရသည်။ သူတို့နားတွင် ဝါကြင့်ကြင့် ထီးတစ်ချောင်းရှိသည်။ သူတို့ ဧနီးမောင်နှံသည် ငွေကို ချွေတာ၍ သုံးနေရဟန်လည်းတူသည်။ ထိုလင်မယားသည် ဟင်းတစ်ပွဲမှာ၍ နှစ်ယောက်စားကာ အမျိုးသမီးသည် ရှစ်လသားအရွယ်ကလေးငယ်ကို ထမင်းဝါးခွံ့နေ၏။ ထိုမိန်းကလေးမှာ အသားညို၍ နှုတ်ခမ်းထော်ကာ အရုပ်ဆိုးချင်သလိုလေးဖြစ်၏။ သို့သော် ထိုအမျိုးသမီးသည် အကျည်းတန်သည့် ရုပ်ရည်မျိုးမဟုတ်ဘဲ သူ့ခင်ပွန်းကတော့ သူ့ကို အတော်လေးယုယုယယရှိသည်။

ဟိုဘက်အစွန်ဆုံးဝိုင်းကိုမူ ကျွန်တော် သေချာစွာမမြင်ရ။ သူတို့ထမင်းဝိုင်းက လူကိုးယောက်ရှိ၍ ထမင်းစားရုံသာမက ရေခဲစိမ်ဘီယာများကိုပါ သောက်နေကြသဖြင့် သူတို့ တစ်အုပ်လုံးသည် ဝက်ထောနေပုံရသည်။ ကျွန်တော်နှင့် အနီးဆုံးတွင်ရှိနေသူကား ငွေသိမ်းသည့်စားပွဲမှ ဆိုင်ထိုင်မိန်းကလေးဖြစ်၏။ သူ့အသက်က ၁၆-နှစ်ခန့်လောက်သာရှိမည်ဟု ထင်ရ၏။ ထိုမိန်းကလေးက ခပ်ချောချော



ပေါ်ပြည့်ပြည့်ရှိကာ ငယ်ဂုဏ်အပြည့်ဖြင့် ကြည့်ကောင်း၏။ သို့သော် ထိုမိန်းကလေးသည် အငြိမ်မနေ၊ တစ်ချိန်လုံး လှုပ်နေတာကခက်၏။ သူသည် သူ့လက်ဖမိုးပေါ် မေးထောက်ကာ ကုလားထိုင်ကိုနဲ့၍ ထိုင်နေရာမှ ဦးခေါင်းကို ကုလားထိုင်နောက်တန်းပေါ်တင်ရင်း အမိုးထရံကို ကြည့်လျှင်ကြည့်နေ၏။

တစ်ခါတစ်ခါတော့လည်း လက်သီးဆုပ်နှစ်ခုပေါ် မေးတင်၍ င်တ်ကူးနှင့်ပြုံးနေတတ်၏။ ကျွန်တော် ထမင်းစားနေသောနေရာသည် ဆိုင်ထိုင်မိန်းကလေးနှင့် အနီးဆုံးဖြစ်သော်လည်း သူ့ကို ခပ်စောင်းစောင်းအနေအထားဖြင့်သာ တွေ့ရ၏။ သူ့နောက်တွင်ကား မှည့်နေသောဖီးကြမ်းငှက်ပျော်သီးတစ်ခိုင်ဆွဲထားသည်။

ထိုမိန်းကလေး ထိုင်နေသောမြင်ကွင်းကို ကျွန်တော့်နေရာမှ ပန်းချီကားတစ်ချပ်လို ဘောင်ခတ်၍ ကြည့်လိုက်ပါလျှင် ဝင်းဝါနေသော ဖီးကြမ်းငှက်ပျော်ခိုင်ကြီး၏ ငြိမ်သက်မှုက ထိန်းထားသောကြောင့် မြင်ကွင်း၌ အမျိုးသမီးငယ်၏ လှုပ်ရှားမှုမှာ အနည်းငယ်ညွှန့်ရသလို ထင်ရသော်လည်း တကယ်တော့ ထိုကလေးမသည် တကယ့်ကို အငြိမ်မနေသော ကောင်မလေးဖြစ်၏။ လက်မလှုပ်လျှင် ခြေလှုပ်နေ၍ သူသည် အချဉ်ထုပ်တစ်ထုပ်ကိုလည်း မြည်းနေသေး၏။

သူ့ရှေ့တွင်ကား ထိုင်းနိုင်ငံလုပ် အဝါရောင်ကိုင်းပါသည့် သျှပ်စစ်ရေနွေးအိုးတစ်လုံး၊ ဖောက်လက်စ မှောက်လျက်လဲနေသော

www.burmeseclassic.com

www.burmeseclassic.com



ဇင်ဇင်း စီးကရက်ဘူးတစ်တောင့်၊ နှင်းဆီပန်းတစ်ပွင့်နှင့် ကက်ဆက်တစ်လုံးရှိ၏။ အမျိုးသမီးသည် သူ့ဆံပင်အတိုကို အနီရောင်သိုးမွေးကြိုးကွင်းဖြင့် စွပ်ထားရာ သူ့ဆံပင်က သူ၏ခေါင်းနောက်ဘက်မှ မြင်းမြီးလို ထွက်နေ၏။ ထိုကောင်မလေးသည် ကြက်သွေးရောင်ကျက်လုံချည်နှင့် မန်ကျည်းစေ့ရောင်၊ မန်ကျည်းစေ့အကွက် အင်္ကျီလေးကို ဝတ်ထားသည်။ ငယ်ရွယ်သူမို့ ဤမိန်းကလေးငယ်အတွက် အဝတ်အစား ရွေးစရာမလို။ ဘာဝတ်ဝတ် ကြည့်ကောင်းနေမည်သာဖြစ်၏။

ထိုအမျိုးသမီးငယ်နှင့် တစ်တန်းတည်းနေရာတွင်ကား ဖြောင်နေအောင်တိုက်ထားသော ဟင်းအိုးကြီးခြောက်လုံးက မြင်ကွင်းတွင် အထင်ရှားဆုံးဖြစ်၏။ တကယ်တော့ ထိုအိုးကြီးများသည် ဒန်အိုးများ မဟုတ်။ ရွှေအိုးကြီးများဟုပင် ခေါ်နိုင်၏။ အဘယ်ကြောင့်ဆိုသော် ဤထမင်းဆိုင်သည် ဤအိုးကြီးများထဲမှ ဟင်းများကို ခပ်၍ နေ့စဉ်ရောင်းချနေသည်မှာ အတော်ကလေးစုမိပုံရ၏။ ဤထမင်းဆိုင်သည် မြန်မာထမင်းဆိုင်တစ်ခုတွင်ရှိသော အင်္ဂါရပ်နှင့်ကား ပြည့်စုံ၏။

ခပ်လှမ်းလှမ်းမှ စားပွဲခုံအောက်တွင် ခွေးတစ်ကောင် အိပ်နေ၏။ ထိုခွေးသည် ထမင်းဆိုင်မှ ခွေးဖြစ်၍ ထမင်းဝနေသောကြောင့် စိတ်ချလက်ချ အိပ်နေပုံရ၏။ မြန်မာထမင်းဆိုင်ဟူသည် ခွေးရော ယင်ရော၊ ညစ်နေသည့်လက်သုတ်ပဝါများရော ရှိမှ ပြည့်စုံမှုရှိ၏။ 'ထက်' တွင် ထိုအရာအားလုံး ပြည့်စုံသည်။



ထိုအချိန်တွင် အမျိုးသမီးများရော၊ အမျိုးသားများပါ ပါသည့် ခရီးသည်တစ်သိုက် ထမင်းဆိုင်ထဲသို့ ထပ်ဝင်လာကြ၏။ ထမင်းပြင်သူ မိန်းကလေးခပ်ဝဝက ဘာသုံးဆောင်မလဲ၊ ထိုင်ပါရှင့်၊ ထိုင်ပါရှင့် ဟုဆိုကာ နေရာပေးသည်။ ထမင်းဆိုင်တွင် လူကျလာ၍ နောက်ဖေးမှ လူငယ်နှစ်ယောက်သည်လည်း ရှေ့သို့ထွက်၍ ဧည့်ခံ၏။

ထမင်းဆိုင်တွင် "ဘာစားမလဲ၊ ဘာစားမယ်၊ ရေခဲရေပေးပါ၊ ဟင်းအနှစ်ပေးပါဦး" ဆိုသောအသံများနှင့် ဖွန်းသံ၊ ပန်းကန်သံများ ဆူညံနေသည့်အထဲ ကောင်တာရှိ ကလေးမ၏ ကက်ဆက်မှ ထွက်လာသော အနောက်တိုင်းဂီတကို တုဆိုထားသည့် မပီကလာ ပီကလာ မြန်မာတေးသံက ထမင်းနှင်စရာ၊ အော့နှလုံးနာစရာ၊ မသတီစရာဖြစ်သည်။

ယခုတော့ ကျွန်တော်နှင့်ကပ်လျက်ခုံမှ အသက် ၃၀– အရွယ် အမျိုးသမီးမှာ ထမင်းစားပြီးပြီဖြစ်၍ သွားကြားထိုးတံကို ညာလက်ဖြင့် ကိုင်ကာ ဘယ်လက်ဖြင့် ပါးစပ်ကိုအုပ်ထားပြီး သွားကြားထိုးနေ၏။

ခရီးသွားခရီးလာတို့ ကိုယ့်စိတ်ကူးနှင့်ကိုယ် ထမင်းဆိုင်တွင် စားနေကြသည်က အလကားရသည့်အတိုင်းဖြစ်၏။ ထိုအချိန်တွင်မှ ရဟန်းတစ်ပါးလည်း ထမင်းဆိုင်သို့ ဝင်လာရာ ကိုယ်တော်အား ဆိုင်ရှိ ဘုရားစင်အနီးနေရာတွင် ဆွမ်းပြင်ပေး၏။

www.burmeseclassic.com

www.burmeseclassic.com



ပလတ်စတစ်တစ်အိတ်နှင့် ဟင်းလာဝယ်သူ၊ သုံးဆင့်ချိုင့်ဖြ ထမင်းရော ဟင်းရော လာဝယ်သူများက တို့စရာတောင်းနေသံ၊ ဆိုင်ရှ က ဒီနေ့ဝယ်လာသော ဒန့်ဒလွန်သီးက နည်းနေ၍ ဘယ်ဈေး ဝယ်လာတာလဲဟု အော်မေးရာ ဆိုင်နောက်ဘက်မှ လူငယ်က ကိုင် တန်းဈေးမှဖြစ်ကြောင်း၊ ကုန်စိမ်းများကို ဈေးတက်နေ၍ ပေးလို သောငွေဖြင့် စေ့စေ့ဝယ်ရတာ မလွယ်ကြောင်း ပြန်ဖြေသံများ ကြားနေရ၏။ ထိုလူငယ်က ဒီနေ့ ဂျူးမြစ်ရော မုန်လာဉပါဝယ်လ သဖြင့် ဒန့်ဒလွန်သီးကို လျှော့ဝယ်လာခဲ့ရကြောင်းကို ဆက်၍ရှင်း နေသည်။

ကျွန်တော်သည် စားနေကြသူများက စား၊ သောက်နေကြ များက သောက်၊ သွားကြားထိုးနေသူက ထိုး၊ လက်ထ၍ဆေးသူ ဆေး ဇင်ဇင်းခဲသူက ခဲနှင့် သုတ်သုတ် စားနေသူများကိုရော၊ အေးအေး ဆေးဆေး စားနေသူများကိုပါ ကြည့်၍ သြော် သူတို့တစ်တွေသည် သူတို့အတွက် ဘာမှကောင်းကျိုးမပေးသည့် ဤခန္ဓာကိုယ်ကြီးအ သူ့အလိုကိုလိုက်၍ ကျွေးနေရသည်မှာ ကျေးဇူးရှင်ကြီးကို ကျွေး နေရသည့်အတိုင်းပါလားဟု စဉ်းစားမိ၏။

ဤခရီးသွားများသည် ယေဘုယျအားဖြင့် ငွေကြေးအလို့ သာရေးနာရေးအလို့ငှာ အိမ်မှထွက်လာသူများဖြစ်၏။ အိမ်မှထွက် ကြသော ဤခရီးသည်များ အားလုံး ဘာကြောင့် ငွေကြေးလိုအပ်နေ



သနည်း။ ဤခန္ဓာကိုယ်ကြီးဆာလောင်ချိန်မှာ ယခုလိုဖြည့်ဆည်းဖို့၊ ဤခန္ဓာကိုယ်ကြီး အပူအအေးမျှအောင်နေဖို့ ထိုင်ဖို့ ခရီးသွားများ အားလုံးသည် ဤခန္ဓာအလိုကျ ဖြည့်ဆည်းရန်အတွက် ခရီးထွက်လာ ကြခြင်းဖြစ်၏။

ခန္ဓာကြီး စားချိန်စားရအောင်၊ ဝတ်ချိန် ဝတ်ရအောင်၊ နေစရာ၊ စားစရာ မပူပင်ရအောင် ကျွန်တော်တို့သည် နေ့စဉ်နှင့်အမျှ လုပ်ဆောင် နေရ၏။ ဤခန္ဓာကို ကျွန်တော်တို့သည် ထိုသို့ နေ့စဉ်နှင့်အမျှ ဖြည့်ဆည်းပေးနေပါသော်လည်း သူကအလိုမကျလျှင် အလိုမကျသည့် အတိုင်း လုပ်ဆောင်၏။ မပူရ၊ မလောင်ရ၊ မဆာရအောင်၊ မနာရအောင် ကျွေးမွေးထားပါလျက် နာချင်လျှင် ထနာ၏။ ပူချင်လျှင် ထပူ၏။ ခန္ဓာ ကိုယ်ကြီးနာလာလျှင်၊ ပူလာလျှင်ကား ကျွန်တော်တို့သည် ခြေမကိုင်မိ၊ လက်မကိုင်မိနှင့် ဆရာဝန်ခေါ်ရ၊ ဆေးရှာရ၊ ဆေးသောက်ရ၊ သူ့အလို ကျ ဓာတ်စာများကို စားကြရ၏။

ကျွန်တော်တို့ထံတွင် ငွေရှိသည် မရှိသည်မသိ။ ကျွန်တော်တို့ ဒုက္ခရောက်နေသည် မရောက်နေသည်ကို နားမလည်။ သူနာချင်လျှင် အချိန်မရွေး နာတတ်၏။ သူဆာလျှင် အချိန်မရွေး ဆာတတ်၏။

ဤခန္ဓာဝန်ကို လွယ်ထားရသောဒုက္ခကား ဒုက္ခဟူသမျှတွင် အကြီးဆုံးနှင့် အရှည်ကြာဆုံးဒုက္ခဖြစ်၏။ ထိုမျှ ဒုက္ခခံ၍ ဖြည့်ဆည်းပေး နေပါသော်လည်း ခန္ဓာသည် ဘယ်တော့မှ အလိုပြည့်သည်ဟူ၍ မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ထပ်ကာ ထပ်ကာ လိုနေသည်သာ ဖြစ်၏။ ကျွန်တော်တို့သည် ဤခန္ဓာကြီးကို နေ့ညမပြတ် စောင့်ရှောက်၍ ထားရ၏။ နေ့ညမပြတ် ကျွေးမွေး၍ ထားရ၏။ ဤခန္ဓာကြီး ဂုဏ်ရှိအောင်၊ သရေရှိအောင် နေ့စဉ် လုပ်ဆောင်နေရ၏။

ဤခန္ဓာသည် ကျွန်တော်တို့က ဘယ်လိုပင် အလိုလိုက်၊ အကြိုက်ဆောင်ဆောင် တကယ်တော့ သူက ကျွန်တော်တို့အလိုကို မလိုက်။ သူ့ဆရာကြီးများဖြစ်သော ဗျာဓိ၊ ဇရာ၊ မရဏာတို့၏ အလိုကျ တသွေမတိမ်း လုပ်ဆောင်သူသာဖြစ်၏။

ဤခန္ဓာကြီးသည် ဘာသစ္စာရှိသနည်း။

ဤခန္ဓာကြီးသည် ဘယ်မှာ သစ္စာတရားကို သိတတ်သနည်း။

ဤခန္ဓာကြီးသည် ဘယ်မှာ သမာဓိရှိသနည်း။

သို့သော် ကျွန်တော်တို့က သစ္စာမဲ့၍ သမာဓိကင်းသော ဤခန္ဓာကြီး မအိုရ၊ မနာရရုံသာမက ဤခန္ဓာကြီးလှအောင် ပအောင် ခြယ်သ၍ ပေးရ၏။ ကျန်းမာအောင် နေထိုင်၍ပေးရ၏။ မသေအောင် ပြုစုရသည်။ သို့သော်လည်း ဤခန္ဓာကိုယ်ကြီးက ကျွန်တော်တို့အပေါ် သစ္စာမရှိ။ ဗျာဓိဆရာကြီးက နာဆိုလျှင် ကျွန်တော်တို့ကျွေးမွေးနေသည့် ကြားကပင် သူက ဆရာကြီးစကားကို နာခံ၍ နာပြ၏။ ဇရာ ဆရာကြီးက မင်းအိုဆိုလျှင် ဤခန္ဓာကြီးကို ကျွန်တော်တို့သည် အမျိုးမျိုးပြုပြင်



မွမ်းမံခြယ်သနေသည့်ကြားကပင် ဆရာကြီးအလိုကျ သူကအိုပြ၏။ သေခြင်းတရားကို ကြောက်လန့်လွန်း၍ ကျွန်တော်တို့ မသေရအောင် ဘယ်လိုပင်လုပ်လုပ် မရ။ ဆရာကြီးက မင်းသေဟုဆိုလျှင် ဤခန္ဓာသည် အသိဉာဏ်အလင်းပိတ်ကာ ချက်ချင်းသေပေးတတ်ပါ၏။

ဤမျှလောက် သစ္စာမဲ့သော ခန္ဓာကို လုပ်ကျွေးနေကြသော ကျွန်တော်တို့တစ်တွေသည် မည်မျှမိုက်မဲကြသနည်း။

ကျွန်တော်တို့သည် အိုမင်းရင့်ရော်လိုသူများ မဟုတ်ကြ။

ကျွန်တော်တို့သည် နာကျင်ခံခက် နှိပ်စက်မှုမှ ကင်းလိုသူများသာဖြစ်၏။

ကျွန်တော်တို့သည် မရဏတရားကို အလျှင်းမလိုလား။

ထို့ကြောင့် ကျွန်တော်တို့သည် ဤခန္ဓာကို ကျွန်တော်တို့ဘက်ပါအောင် အမျိုးမျိုးဖျောင်းဖျရှိခိုး တိုးလျှိုးတောင်းပန်၍ သူ့အလိုကျ တစ်ရံမလပ် ဖြည့်ဆည်းပေးနေပါသော်လည်း ဤခန္ဓာအမိုက်ကောင်ကြီးသည် ပိန်းပိတ်မှောင်ကျကာ နွားကျောင်းသားသည် နွားတို့ကို ကြိမ်လုံးဖြင့် နွားခြံအတွင်းသို့ ဝင်ရန် မောင်းနှင်သကဲ့သို့ ဇရာတရားက အိုမင်းရင့်ရော်မှုရှိရာ ဇရာခြံအတွင်းသို့ မောင်းနှင်နေသည်ကို ခန္ဓာကိုယ်ကြီးကလည်း တန်းတန်းမတ်မတ် ဝင်နေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်မှ ဒလဟောစီးဆင်းလာသော တောင်ကျချောင်းရေသည် ရှေ့သို့သာ ဒလဟောစီးသကဲ့သို့ ဤခန္ဓာသည် ကျွန်တော်တို့၏ အလိုကို ဆန့်ကျင်၍ ဇရာရေစီးကြောင်းတွင် သစ်ရွက်တစ်ရွက်ပမာ မျောလျက် လိုက်ပါနေရ၏။

နံနက်ခင်းတွင် ထွက်ပေါ်လာသော နေလုံးကြီးသည် နေဝင်ရာအရပ်သို့သာ ဦးတည်၍ ရွေ့ရှု သွားနေသကဲ့သို့ ဤခန္ဓာကြီးသည် ကျွန်တော်တို့၏အလိုကို ဆန့်ကျင်ကာ အိုခြင်းတရားဆီသို့သာ အစဉ်ရွေ့ရှု၍ သွားနေပါ၏။

တောင်ထိပ်မှ ပြုတ်ကျ လိမ့်ဆင်းလာသော ကျောက်တုံးကြီးသည် တောင်အောက်သို့သာ အရှိန်ပြင်းစွာဖြင့် လိမ့်ဆင်းသွားဘိသကဲ့သို့ ဤခန္ဓာသည် ကျွန်တော်တို့၏ အလိုကို ဆန့်ကျင်ကာ အိုခြင်းတရားဆီသို့ အစဉ်ရွေ့ရှု၍ လိမ့်ဆင်းနေပါ၏။

## ဒေါ်ဦမိပါမည်

ကျွန်တော်သည် သစ္စာမဲ့သော ဤခန္ဓာအကြောင်းကို ထမင်းစားရင်း ဆင်ခြင်စဉ်းစားနေစဉ်တွင် ကျွန်တော်နှင့်မျက်စောင်းထိုးအလွယ်ခုတ်လောက်ဆီမှ အမျိုးသမီးတစ်ဦးကို သတိပြုလိုက်မိ၏။ ထိုအမျိုးသမီးကြီးသည် အတော်ကြီး ပင်ပန်းရင့်ရော်နေသော်လည်း ဣန္ဒြေရှိ၏။ ကျွန်တော့်ကိုလည်း တစ်ချက် တစ်ချက် ဣန္ဒြေရရပင်သုမ်းကြည့်နေပါ၏။ အမျိုးသမီးကြီးက ခပ်ဝဝ၊ ရင်ဖုံးအင်္ကျီက ခပ်ပွပွအပြင် ဘီးဆံပတ်ကြီးကို ပတ်ထားသဖြင့် တကယ့်မြန်မာမိန်းမကြီးတစ်ဦးအသွင်ရှိ၏။ အမျိုးသမီးကြီးသည် ကျွန်တော့်ကိုထပ်၍ ကြည့်လိုက်ရင်း သူ၏လေးပင်သော ခန္ဓာကြီးကို အားယူ၍ ထလိုက်ပါ၏။

ဤအမျိုးသမီးကြီး ဘယ်အချိန်က ထမင်းစားနေသည်ကို ကျွန်တော်သတိမမူလိုက်မိ။ ယခုတော့ ထိုအမျိုးသမီးကြီး ထမင်းစားပြီး

www.burmeseclassic.com

www.burmeseclassic.com



၍ လက်သုတ်နေ၏။ အမျိုးသမီးကြီးသည် ဆိုင်မှ လက်သုတ်ပဝါနှင့် မသုတ်ဘဲ မိမိလက်ဆွဲခြင်းထဲမှ လက်သုတ်ပဝါကို ထုတ်ကာ လက်ကို ဖြည်းဖြည်းဆေးဆေးသုတ်၏။

ထို့နောက် သုတ်ပြီးသား လက်သုတ်ပဝါကို လေးထောင့်ကျကျ ခေါက်ကာ သူ့ဆွဲခြင်းထဲသို့ ပြန်ထည့်၏။ ထမင်းဆိုင်မှ လက်သုတ်ပဝါကလည်း ပြောခဲ့သည့်အတိုင်း သုတ်ချင်စရာမရှိ။

ကျွန်တော်သည် ထိုအမျိုးသမီးကြီးကို ထပ်ကြည့်လိုက်၏။ ထိုအမျိုးသမီးကြီးကလည်း ကျွန်တော့်ကို ထပ်ကြည့်ပြန်သည်။ ထို့ကြောင့် ကျွန်တော့်အသိများထဲမှလားဟု စဉ်းစားကြည့်မိ၏။ သို့သော် ဤကဲ့သို့သောပုံမျိုး ကျွန်တော်၏အသိမိတ်ဆွေ နီးစပ်ရာများထဲတွင် စဉ်းစား၍မရ။ အမျိုးသမီးကြီးသည် ကျွန်တော့်ကို ဆက်ကြည့်နေရင်း သောက်ရေအနည်းငယ်ကို ချိုင့်ထဲမှ ဖန်ခွက်ထဲသို့ လောင်းထည့်ကာ တစ်ငုံချင်းသောက်၏။ အင်း– ဒီလိုရေသောက်ပုံမျိုးတော့ ငါတွေ့ဖူးတာပဲဟု ကျွန်တော်ထပ်၍ စဉ်းစားလိုက်၏။

သို့သော် ဤအမျိုးသမီးကြီး ဘယ်သူဘယ်ဝါ ဖြစ်သည် ဆိုတာကိုတော့ ကျွန်တော့်ခေါင်းထဲတွင် ယခုတိုင် ပေါ်လာခြင်းမရှိ။ အမျိုးသမီးကြီးမှာ ခပ်လှမ်းလှမ်းတွင်ရှိနေပြီး ကျွန်တော့်မှာလည်း အဝေးကြည့်မျက်မှန် ပါမလာသဖြင့် အမြင်မသဲကွဲဘဲ ဘယ်သူဘယ်ဝါဆိုသည်ကို ခေါင်းထဲမှ ပေါ်မလာသည်လည်း ဖြစ်နိုင်၏။



လက်သုတ်၍ ရေသောက်ပြီးသောအခါ ထိုအမျိုးသမီးသည် ကျွန်တော့်ထံသို့ပင် ဣန္ဒြေရရ လျှောက်လာ၏။ သူပဲ လူမှားတာလား။ ကျွန်တော်ပဲ မမှတ်မိတာလား။ တစ်ခုခုတော့ တစ်ခုခုဖြစ်နိုင်၏။ သူလူမှားတာပို၍ ဖြစ်နိုင်သည်။

သူလျှောက်လာစဉ် တစ်ခဏ ကျွန်တော်သည် ကျွန်တော့်ဦးနှောက်ကို အလုပ်ပေးကာ ထိုအမျိုးသမီးကို ဦးနှောက်ထဲ၌ ပြန်ရှာသေးသည်။ သို့သော် အမျိုးသမီးသာ ကျွန်တော့်အနားသို့ ရောက်လာသည်။ ကျွန်တော့်ဦးနှောက်ကား ဖော်ထုတ်နိုင်စွမ်းမရှိ။

ထိုအမျိုးသမီးသည် ကျွန်တော့်စားပွဲတွင်ပင် ကျွန်တော်နှင့် မျက်နှာချင်းဆိုင်၌ ဣန္ဒြေရရ ဝင်ထိုင်ပြီးမှ "ကိုချစ်စံ၊ ရှင်ဘာတွေကြည့်နေတာလဲ" ဟုဆိုလိုက်၏။ အသံကြားမှ ကျွန်တော်သည် ဆရာမတစ်ယောက်လို အမြဲစကားပြောတတ်သော အသံရှင်ကို ချက်ချင်းမှတ်မိလိုက်သည်။

"ဟာ မမြဝေပါလား"

"အေးဗျာ လုံးဝကို ကျွန်တော်မမှတ်မိတာတော့ အမှန်ပါပဲ မမြဝေ၊ ကျွန်တော် မမှတ်မိတာကတော့ ကျွန်တော့်အပြစ် လုံးဝမရှိပါဘူး၊ မမြဝေက ဘယ်လိုများ ပြောင်းလဲသွားတာလဲဗျာ၊ မမြဝေဟာ ကျွန်တော်မမှတ်မိလောက်အောင် ရုပ်ပြောင်းသွားတာကတော့ အမှန်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရင်း ကျွန်တော်သည် မမြဝေကို သေသေချာချာ ကြည့်ပြီး "ခင်ဗျားဟာ မမြဝေ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးဗျာ"ဟု ထပ်မံငြင်းထုတ်ပစ်လိုက်ရပါ၏။

"ဒီတော့ ကျွန်မက မမြဝေမဟုတ်ရင် ဘယ်သူဖြစ်ရမှာလဲရှင့်"

တကယ်တော့ လွန်ခဲ့တဲ့အနှစ် ၃၀– ကျော်က မမြဝေသည် ယခု မမြဝေလိုမဟုတ်။ အရင် အနှစ်သုံးဆယ်ကျော်က မမြဝေက လှသည်။ ဝိန်ဝိန်ပါးပါး၊ မျက်ခုံးမျက်လုံးက သမင်မ မျက်လုံးမျိုး မမြဝေ၏ မျက်လုံးထက် အပြုံးက ပို၍လှ၏။ သူ၏ လှုပ်ရှားမှုက ညင်ညင်သာသာရှိ၏။ ဆင်မယဉ်သာလို လျှောက်တတ်၏။ အရင် အနှစ်သုံးဆယ်က မမြဝေကို ကျွန်တော်သည် အနှစ်သုံးဆယ်လုံးလုံး ဤအတိုင်းထားခဲ့၏။

လွန်ခဲ့သော အနှစ် ၃၀– က မမြဝေသည် ယခုထက်တိုင် ကျွန်တော့်ခေါင်းထဲတွင် ရှိနေသေး၏။ မမြဝေထံသွားလည်ပါက အင်းလျားဆောင်အပေါ်ထပ်မှ လှေကားလက်တန်းကို ကိုင်ကာ ဆင်းလာသည်ကို မော့ကြည့်ရင်း မြင်ရသည့် မမြဝေ၏အလှသည် ယခုတိုင် ကျွန်တော့်ရင်ထဲတွင် ရှိနေ၏။ အခု ကျွန်တော်တွေ့နေရသည့် အမျိုးသမီးက ဝဝ၊ ဘီးဆံပတ်ကြီးနှင့်ဖြစ်သည်။ သူ့ဆံထုံးတွင်



န်းလည်းမရှိ။ တကယ်တော့ မမြဝေသည် ပန်းသေးသေးလေးတစ်ပွင့် အမြဲပန်တတ်သည်။ ဘာပန်းမှမရှိလျှင် ပုဏ္ဏာရိက်ပန်းဆုပ်မှ ပွင့်လေးတစ်ပွင့် ပန်ထားတတ်၏။ ပုဏ္ဏာရိက်ပန်းကို ပန်ပါကလည်း န်းရောင်ပုဏ္ဏာရိက်ပန်းထက် ထုံးခြောက်ရောင် ပုဏ္ဏာရိက်ပန်းလေးကို မြဝေက ကြိုက်သည်။ မမြဝေက ပါးပါးလျားလျား၊ ကျွန်တော့်ထက် သက်နှစ်နှစ်ခန့်ကြီးသူမို့လည်း သူ့အလှက ယဉ်ရုံသာမက ကျွန်တော် နှင့်ဆက်ဆံရာတွင် သူက ဣန္ဒြေနှင့်ဆက်ဆံသည့်အပြင် ဥပမာများ၊ င်ခန်းစာများဖြင့် စကားကိုတန်ဆာဆင်ကာ ပြောတတ်၏။ ထိုအခါ န်တော်တို့က ထပ်၍အထင်ကြီးရပြန်၏။

အခု ကျွန်တော်တွေ့ရသော အမျိုးသမီး၏ပါးကြီးများက တ်ကျတော့မလောက် ပါးစုန့်ကြီးများထွက်နေ၍ မျက်ခွံများက ောင်းနေပြီး မျက်ပေါက်သည် ကျဉ်းနေ၏။ ဆံပင်များကလည်း က်နှင့်အဖြူမျှနေ၏။ ခြောက်သွေ့နေသောနှုတ်ခမ်း၊ တောက်ပခြင်း သော မျက်လုံး၊ လှပခြင်းမရှိတော့သည့် ကိုယ်ဟန်အနေအထားများ ဤအမျိုးသမီးသည် အဘယ်မှာလျှင် မမြဝေ ဖြစ်နိုင်ပါမည်နည်း။

သို့သော်လည်း တစ်ခုတော့ရှိ၏။ ယခင်က မမြဝေနှင့် တွေ့ဖူး သာလူတိုင်းက အမှတ်တရ ပြောဆိုရသော ဝဲဘက်မေးဖျားအထက် မှဲ့လေးကိုတော့ ယခုအမျိုးသမီးကြီးထံတွင်လည်း တွေ့နေရ၏။ တိုင်အောင် ယခုတွေ့နေရသောမှဲ့က မှဲ့ခြောက်ကြီးဖြစ်၍ ယခင်က

www.burmeseclassic.com

www.burmeseclassic.com



မမြဝေ၏ မေးဖျားမှ မှဲ့လေးက မဟူရာသားကျနေသော လုပသည့် မှဲ့လေးဖြစ်သည်။

ကျွန်တော်သည် ကျွန်တော့်ရှေ့တွင် ဣန္ဒြေရရထိုင်နေသော အမျိုးသမီးကြီးကို သေသေချာချာကြည့်ရ၏။ သက်ပြင်းတစ်ချက် မှုတ်ထုတ်ကာ "ဘယ်လိုများ ဖြစ်ရတာလဲ မမြဝေရယ်၊ ကျွန်တော် မမြဝေကို သတိရပါတယ်၊ ဒါပေမယ့် အခုလိုနေရာမှာ အခုလိုတွေ့ရ လိမ့်မယ် လို့ တစ်ခါမှ မျှော်လင့်မထားပါဘူးဗျာ" ဟု ပြောလိုက်မိ၏။

"ရှင်က ဘယ်လိုမျှော်လင့်ထားလို့လဲ ကိုချစ်စံ"

မမြဝေက သူ့ခြင်းတောင်းကို သူ့ပေါင်ပေါ်တွင် ပွေ့ကိုင်လိုက် ရင်း ကျွန်တော့်ကိုကြည့်ကာ ပြောလိုက်ပါ၏။

"ဘယ်လိုမျှော်လင့်ရမှာလဲ မမြဝေ၊ ဟိုအရင်အနှစ် ၃၀- က အတိုင်း မျှော်လင့်ထားတာပေါ့၊ ကျွန်တော် ကဲ့ကော်ပန်းတွေ မမြဝေဆီ လာပို့တဲ့အခါမှာ မမြဝေဆင်းယူတဲ့အတိုင်း မျှော်လင့်ထားတာပေါ့ဗျာ"

"ရှင်ရော၊ ကိုသိန်းလွင်ရောဟာ အမြဲတမ်းစိတ်ကူးယဉ် ကြတယ်၊ ခုလဲ ရှင်တို့ဟာ ရှင်တို့ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို လွန်ခဲ့တဲ့အနှစ်သုံးဆယ်ကအတိုင်း မပြောင်းမလဲ ထားခဲ့ကြတယ်၊ ဘယ်ရပါ့မလဲ၊ အနှစ် ၃၀- ဆိုတာ နည်းတဲ့ကာလလား ကိုချစ်စံ၊ အနှစ် ၃၀- အတွင်း လူတွေရော၊ နိုင်ငံရော၊ ကမ္ဘာကြီးပါ အမျိုးမျိုးပြောင်းလဲ



ခဲ့တာပဲ၊ ရှင်တို့ ကျွန်မတို့အားလုံး ချွတ်ယွင်းချက်မရှိ ယုံကြည်ခဲ့တဲ့ အနှစ်တစ်ခုတောင် ဒီနေ့ပြန်ပြီး ပြုပြင်နေရပြီ မဟုတ်လား၊ ရှင်တို့က မိန်းကလေးတစ်ယောက်ကို ရှင်တို့စိတ်ထဲမှာ ထားတဲ့အတိုင်း အပြင်မှာ အမြဲရှိရမယ်လို့ ဒီလို တရားသေ တွက်ထားလို့ ဘယ်ရပါ့မလဲ၊ ဘယ်ဖြစ်ပါ့မလဲ၊ ရှင်တို့ နှစ်သက်တဲ့မိန်းကလေးတစ်ဦးကို ရှင်တို့ စိတ်ထဲမှာ ဒီအတိုင်းထားရုံနဲ့ သင်္ခါရစက်ကွင်းက ဒီအတိုင်း ထိန်းစောင့်နေမတဲ့လား ကိုချစ်စံ၊ သင်္ခါရစက်ကွင်းက ဘယ်လွတ်ကင်းပါ့ မလဲ၊ ကျွန်မက မမြဝေပါ၊ ရှင်လဲ လက်ခံပြီးသားပါ၊ ဒါပေမယ့် ရှင်ဟာ အဆက်ထိ ကျွန်မကို မကြည့်ဝံ့သေးဘူး မဟုတ်လား၊ ရှင်တို့က ကျွန်မကို လွန်ခဲ့တဲ့အနှစ် ၃၀- ကအတိုင်း တွေ့ချင်တယ်၊ ဒါပေမယ့် ဓာတရားက ဒီအတိုင်း ဘယ်သူ့ကိုထားခဲ့လို့လဲ၊ ကျွန်မကိုထား ခဲ့တော့၊ ရှင့်ကိုယ်လဲ ရှင်ပြန်ကြည့်ဦးလေ၊ ရှင်က ငယ်ရုပ်သိပ်မပြောင်း ဘူးဆိုပေမယ့် ရှင်ကရော ကဲ့ကော်ပန်းတွေ ပွေ့ပြီး အင်းလျားဆောင်ထဲ ဝင်လာတဲ့ကိုချစ်စံ ဟုတ်သေးလို့လား၊ ဆံပင်တွေဖြူ မျက်ရစ်တွေကျနဲ့ ဓာတရားက ရှင်တို့ကို ဝါးမျိုနေတာမဟုတ်လား၊ ရှင့်ဘဝက သက် သောင့်သက်သာ ရှိလှပေမယ့် ကျွန်မဘဝက ကျွန်မခင်ပွန်းဆုံးပြီး တဲ့နောက် သမီးလေးတစ်ယောက်နဲ့ ဖြစ်လာရတဲ့ဘဝကို မနည်းကြီး ရုန်းကန်ခဲ့ရတယ်၊ နောက်ပြီး ကျွန်မမှာက သွေးတိုးရောဂါနဲ့ အလုံးရောဂါရှိနေတယ် ကိုချစ်စံ၊ ဒီလိုဘဝကို ရုန်းကန်နေရတဲ့ရောဂါ သည် မိန်းမတစ်ယောက်ဟာ လွန်ခဲ့တဲ့အနှစ် ၃၀- ကအတိုင်း ဘယ်ရှိပါ့

www.burmeseclassic.com

www.burmeseclassic.com



မလဲရှင်”မမြဝေက သူ့စကားများကို အေးအေးဆေးဆေးနှင့် တစ်လုံးချင်းပြောပါ၏။

“အေးဗျာ၊ ကျွန်တော်မှားပါတယ်၊ ကျွန်တော်ဟာ ဒီတစ်မနက်လုံး ဇရာတရားကိုပဲ အထပ်ထပ် ဆင်ခြင်လာတာ၊ ကျွန်တော်ဆင်ခြင်ခဲ့တဲ့ ဇရာတရားထဲမှာ မမြဝေ မပါဘူး၊ ဇရာတရားက သတ္တလောကကြီးကို ဘယ်လိုပဲ နှိပ်စက် နှိပ်စက်၊ အဲဒီ နှိပ်စက်တဲ့အထဲမှာ မမြဝေကို ကျွန်တော်မထည့်ခဲ့မိတာ အမှန်ပါပဲ၊ ကျွန်တော့်စိတ်ထဲမှာက မမြဝေဟာ လွန်ခဲ့တဲ့အနှစ် ၃၀– လောက်ကအတိုင်း၊ ဒီလိုမှမဟုတ်ရင် လွန်ခဲ့တဲ့အနှစ် ၃၀– လောက်ကလှရုံလေးထက် နည်းနည်း ရင့်နေမှာလောက်ပဲရှိမယ်လို့ စိတ်ကူးထားတာပေါ့ဗျာ၊ တကယ်တော့ ဇရာတရားဆိုတာက ဘယ်သူ့ကိုမှ ချမ်းသာမပေးတဲ့တရားပဲ၊ ဇရာတရားဟာ အတော်ရက်စက်ပြီး နုနယ်မှု၊ ငယ်ရွယ်မှု အလှအပဟူသမျှကို ဝါးမျိုနေတဲ့အရာပါပဲ မမြဝေ”

“ဟုတ်ပါတယ် ကိုချစ်စံ၊ ဘာပဲဖြစ်ဖြစ် ရှင်နဲ့တွေ့ရတာ ကျွန်မ ဝမ်းသာပါတယ်၊ ကျွန်မက အခု အနောက်ဘုန်းတော်ကြီးရပ် ယောမင်းကြီးကျောင်း အနောက်ဘက်မှာ နေပါတယ်၊ အဲဒီဘက်ရောက်ရင် ဆက်ဆက်ဝင်ခဲ့ပါဦး၊ အခု ကျွန်မ တောင်ငူကပြန်လာတာ၊ ရထားနောက်ကျလို့၊ အိမ်ရောက်မှ ချက်စားရင်လဲ သုံးနာရီ လေးနာရီလောက်မှ စားရမှာမို့ ဒီဆိုင်မှာ ထမင်းဝင်စားတာ၊ ရှင်နဲ့ တွေ့ရတာ ကျွန်မအရမ်းဝမ်းသာပါတယ်ရှင်၊ ကိုသိန်းလွင်ကြီးကိုလဲ သတိရတယ်လို့ပြောပါ၊ သူက မင်းသိဟဆိုပြီး ဓာတ်ညွှန်းတွေရေး၊ ရုပ်ရှင်တွေရိုက်နေတယ်ဆို၊ ရှင်စာရေးနေတာလဲ ပဲခူးက သူငယ်ချင်းတွေပြောလို့ ကျွန်မသိပါတယ်



“ရှင်တို့ သူငယ်ချင်းနှစ်ယောက်ကတော့ ဝါသနာတူ စိတ်တူကြီးလာတော့လဲ လုပ်ငန်းချင်းလဲတူ၊ ရှင်တို့ ကုသိုလ်ကောင်းကြပါတယ်၊ ကဲ ကျွန်မသွားမယ်၊ ကျွန်မအိမ်လဲ လာဖြစ်အောင် လာပါ၊ သူငယ်ချင်းတွေနဲ့ တွေ့ရင်လဲ ကျွန်မနဲ့တွေ့တဲ့အကြောင်း၊ အားလုံးကို သတိရတဲ့အကြောင်း ပြောပေးပါရှင်၊ ရှင်အိမ်လာတော့မှပဲ စကားအေးအေးဆေးဆေး ပြောကြတာပေါ့၊ ကျွန်မအိမ်က မေးရတာလွယ်ပါတယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့အနှစ် ၃၀– က မမြဝေလို့တော့ စိတ်ထဲမှာ မှန်းပြီးတော့ မရှာနဲ့ပေါ့၊ အဲဒီလို ရှာရင်တော့ ဘယ်တော့မှ တွေ့မှာမဟုတ်တော့ဘူး၊ အဲဒီ မမြဝေက မရှိတော့ဘူးရှင့်၊ ကဲ ကျွန်မသွားမယ် ကိုချစ်စံ”ဟုဆိုကာ မမြဝေသည် ပြောပြောဆိုဆိုနှင့် ဆွဲခြင်းကိုပြင်၍ နှုတ်ဆက်ကာ ထွက်သွားပါ၏။

ကျွန်တော်သည်လည်း ပါးစပ်အဟောင်းသားနှင့် ထွက်သွားသော မမြဝေကို ကြည့်ကာ ကျန်ရစ်ခဲ့၏။ ပထမတော့ မမြဝေနှင့် လိုက်သွားရလျှင် ကောင်းမလားဟု ခြေလှမ်းပြင်လိုက်မိသေး၏။ လွန်ခဲ့သော အနှစ် ၃၀–ကမူ ယခုလို အခွင့်အရေးမျိုး၌ ရခဲ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထမင်းစားလက်စဖြင့် ကျွန်တော်သည် မမြဝေနောက်သို့ မလိုက်ဖြစ်။ ယခု မမြဝေပုံက လိုက်ချင်စရာလည်းမရှိတော့။

ကျွန်တော်တို့ခေတ်၊ ကျွန်တော်တို့အခါက မမြဝေဆိုသည်က တက္ကသိုလ်၏အလှဘုရင်မတစ်ပါး၊ မမြဝေလိုက်လာသော ပျော်ပွဲစား များတွင် အချောအလှရွေးချယ်၍ ဆုချရာတွင် ရွေးချယ်သူတို့အတွက် ဘာမျှအခက်အခဲမရှိတတ်။ အဘယ်ကြောင့်ဆိုသော် မမြဝေပါလာလျှ က မမြဝေမှတစ်ပါး အခြားရွေးရန်မရှိ။ အလှအပတွင် မမြဝေက ဤမျှ နာမည်ကြီး၏။ သူ့ဓာတ်က တောင်ငူ။ ကျွန်တော်က ပဲခူးသား။ ရန်ကုန် တက္ကသိုလ်တွင် တွေ့ခဲ့ကြ၏။ ထိုစဉ်ကတော့ မမြဝေသည် ကျွန်တော် တို့အတွက် ကိုးကွယ်ရာ အလှမင်းသမီးဖြစ်ခဲ့၏။

အခုတော့ မမြဝေ ရုပ်ရည်က မမှတ်မိနိုင်လောက်အောင် ပုံပျက်ပန်းပျက် ဖြစ်နေသည်။ တကယ်လည်း ကျွန်တော်တို့တစ်တွေ သည် မမြဝေအကြောင်းပြောကြလျှင် လွန်ခဲ့သောအနှစ် ၃၀–ကအတိုင်း ရှုမြင်၍ ပြောနေကြဆဲဖြစ်၏။ သို့သော် အနှစ် ၃၀– အတွင်း မမြဝေ၏ အလှက မှတ်မိစရာမရှိလောက်အောင် ပြောင်းလဲသွားခဲ့၏။ ဆရာ ဦးသိန်းဖေမြင့်က အဏ္ဏဝါခရီးနှင့် ပုလဲဒေဝီစာအုပ်တွင် မောင်သန့်ဇင် လေးက ပုလဲဒေဝီကို သူ့ထံမှ ထွက်သွားစဉ်ကအတိုင်း ထင်မှတ်လွမ်း ဆွတ်နေခဲ့၏။ မောင်သန့်ဇင်လေးသည် ပုလဲဒေဝီကို မိမိထံမှ ထွက် သွားစဉ်ကထက် ပို၍ပင် တွက်ထားခဲ့သေး၏။ သို့သော် လက်တွေ့တွင်



ပုလဲဒေဝီကို ပြန်တွေ့သောအခါ ကျောင်းဆရာ ဦးစောရွှေထူး၏ဇနီး၊ အလေးတစ်ယောက်အမေအဖြစ် ပြန်တွေ့ရသောအခါ မောင်သန့်ဇင် လေးသည် ထိုနေရာမှ သင်္ဘောပေါ်သို့ ထွက်ပြေးလေတော့၏။

ဇရာတရားသည် လှသောသူကိုမှ ပို၍ပင်နှိပ်စက်တတ်သော သဘော ရှိလေသလားမသိ။ အလှကြိုက်၍ အလှတရားကို ဇရာတရား က ဝါးမျိုလိုလျှင် ဝါးမျိုလိုက်စမ်းပါ။ သို့သော် မမြဝေအပေါ်တွင်ကား ဤမျှအငြိုးထား၍ မတရားရက်စက်မှုကိုတော့ မပြုအပ်။

ဇရာတရားသည် ယခုတော့ အလွန်လှပယဉ်ကျေးသော မမြဝေ မိန်းမဝဝကြီးတစ်ဦး၊ ရောဂါသည် မိန်းမကြီးတစ်ဦးအဖြစ် ဆိုးပန်းဆိုးဖြစ်အောင် ပြုစားထားပါ၏။

မမြဝေ ကိုယ်တိုင်ကလည်း ယခုတော့ တရားစကားတွေ ဘယ်လိုပင် ပြောနေပြောနေ သူကိုယ်တိုင်သည်လည်း တစ်ချိန်တွင် အခုလိုမိန်းမကြီးတစ်ဦးအဖြစ်သို့ ရောက်ရှိလာလေမည်ဟု သူ့ကိုယ်သူ ဘယ်တုန်းကမှ မျှော်လင့်၍ မထားသည်မှာ သေချာလှပါ၏။ လွန်ခဲ့ သောအနှစ် ၃၀– က မမြဝေအား ယခုသူ့ပုံကိုပြကာ သင်သည် နောင် အနှစ် ၃၀– တွင် ယခုကဲ့သို့ရှိမည်မှာ သေချာ၏ဟု သိကြားမင်းက ဆင်းပြောသည့်တိုင် ကျွန်တော်တို့ကလည်း လက်ခံမည်မဟုတ်။ မမြဝေ ကိုယ်တိုင်ကလည်း ဘယ်လိုမှ ယုံကြည်မည် မဟုတ်ဘဲ ငြင်းဆန်မည်မှာ သေချာ၏။ အခုတော့ မမြဝေကား ကြည့်ရက်စရာ၊ မြင်ရက်စရာမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး ဒေါ်ရီကြိန်ပြောခဲ့ဖူးသည့်စကားကို ကျွန်တော်ပြ
၍ သတိရလိုက်မိ၏။ ဆရာမကြီး၏အသက်သည် ခုနစ်ဆယ်ကျော်
ပြီဖြစ်၏။ ဆရာမကြီးက ကျွန်တော့်ထံ ရေးသားပေးပို့သော စာ
စောင်တွင် ဆရာမကြီးကိုယ်တိုင် ကြုံတွေ့ရသည့် ဇရာ၏သဘော
အလေးထား၍ ရေးသားပေးပို့ခဲ့၏။

ဆရာမကြီးက "ကျွန်မရဲ့အသက်သည် ခုနစ်ဆယ်က လေး
စွန်းကာ ရှစ်ဆယ်အတွင်းသို့ သက်ဆင်းနေပါပြီ၊ သည်အချိန်က
ဘဝ၏ညနေဆည်းဆာအချိန်ပါပဲ၊ ဘဝ၏ညနေဆည်းဆာတွင် ကျွ
သည် ဘဝ၏အလှတရားကို ရှာဖွေ၍ကြည့်မိသည်။ ရှာဖွေကြည့်မိ
အကျည်းတန်အရုပ်ဆိုးမှုတွေက ရှာဖွေရန်ပင် မလို၊ မမြင်ချင်အ
ပေါ်လွင်လို့နေပါသည်။ မလွှဲမရှောင်သာ မှန်ကြည့်လိုက်လျှင် အို
အိုပြောက်များက တစ်မျက်နှာလုံးမှာ မလပ်။ ပါးရေနားရေများ
တွန့်လျက်။ ဆံပင်က အဖြူခံ၍ အနက်က ပြောက်ကျား။ ဟိုအနှစ်
လောက်ကများ ကျွန်မကို နင် အသက် ၇၀– ကျော်လျှင် နင့်ရုပ်
ဤသို့တည်းဟုဆိုကာ ယခုကျွန်မ၏ပုံကို လာပြမည်ဆိုပါက ကျွ
သည် အော်၍ငိုမိမည် ဖြစ်ပါသည်" ဟု ရေးသားခဲ့ပါ၏။

မမြဝေကရော သူ၏ ပြောင်းလဲလာသော ရုပ်ရည်အတွ
ကြိတ်၍ ဘယ်နှစ်ကြိမ်ငိုပြီးခဲ့လေပြီမသိ။ သို့သော် မမြဝေ၏ ဆုံးရှုံး
ပါးကုန်သော အလှတရားများအတွက်ကား ကျွန်တော် နှမြော
လျက် ရှိပါ၏။

## ဒိုဗာတာ

ကျွန်တော်သည် မမြဝေထွက်သွားပြီး အတော်ကြာမှ 'ထက်'
မင်းဆိုင်က ထွက်လာခဲ့သည်။ အရိပ်အောက်မှ နေပူထဲသို့ ထွက်လိုက်
ဖြင့် ဖြုန်းခနဲ မျက်စိကျိန်းသွား၏။ ကျွန်တော်သည် ဆိုင်ပြင်ရောက်
မှ ထက် ထမင်းဆိုင်ဘက်သို့ ပြန်လှည့်ကြည့်မိ၏။ ထမင်းဆိုင်ကို
ပြန်လှည့်ကြည့်တော့ ထမင်းဆိုင်၏အပေါ်မှ မိုးထားသော မန်ကျည်းပင်
ကြီးကို တွေ့ရ၏။ ဤမန်ကျည်းပင်အိုကြီးသာ မတော်လို့လဲကျပါက
က်ထမင်းဆိုင် အခက်တွေ့မည်ကို တွေးလိုက်မိ၏။

ထက်ထမင်းဆိုင်ရှိရာ လမ်းမကြီးသည် မန္တလေးဘူတာကြီး
နှင့် တည့်တည့် လမ်း ၃၀– ဖြစ်၏။ ထိုလမ်းတစ်လျှောက်သည် အတော်
လေးစည်ကား၏။ ထို့ပြင် မန္တလေးဘူတာကြီးတစ်ဝိုက် လမ်း ၃၀– ထိပ်

www.burmeseclassic.com

www.burmeseclassic.com



သည် ပို၍စည်ကားသည့်အပြင် အတော် လူသွားလူလာများသော နေရာလည်းဖြစ်၏။

သူ့ဟာသူနေရင်းကိုက လူသွားလူလာများသောနေရာတွင် နောက်ထပ် မီးရထားတစ်စင်း ထပ်ဝင်လာသောကြောင့် ဘူတာဘက်မှ လူအုပ်ကြီးသည် ပြုံကျလာပြန်၏။ ကျွန်တော်သည် ဘူတာဘက်သို့ လျှောက်လာခဲ့ပြီး လမ်း ၃၀– နှင့် ၇၀– လမ်းထောင့်တွင်ရပ်ကာ အန်ကျလာသောလူများကို ကြည့်နေမိ၏။ ကျွန်တော်ရပ်နေသော နေရာဘေးတွင် မန်ကျည်းအိုနှစ်ပင်ရှိ၏။ ထိုမန်ကျည်းအို နှစ်ပင်ခြေရင်းတွင် အကြားအမြင်ရသည်ဟုဆိုသော ပတ္တမြားဦးမိုးကြီးသည် ငွေလက်စွပ်ကြီးသုံးကွင်းကို ဝတ်လျက် မြေပေါ်တွင် တင်ပျဉ်ခွေထိုင်ကာ "မြန်မာတွေ မပူကြနဲ့ ဦးမိုးကြီးလာပြီ" ဟု စာရေးထားပြီး ဗေဒင်ဟောနေ၏။ ဦးမိုးကြီးပုံက ခပ်ဝဝ။ ဦးမိုးကြီးသည် အကုန်းအကွပင် နည်းနည်းခက်နေသောပုံဖြစ်၏။ ဤပုံအတိုင်းဆိုပါက မြန်မာတွေ ပူစရာမလို။ သွေးတိုးလေဖြတ် ရောဂါများကြောင့် ဦးမိုးကြီးအတွက် ပူစရာဖြစ်နေပါ၏။

ဘူတာရှေ့ ပန်းခြံလေးအတွင်းမှ ထင်းရှူးပင်လေးများက မန္တလေးမြေ၏ အထုအထောင်းကို လက်ပိုက်၍ ခံနေကြရ၏။ ထိုနေရာတစ်ဝိုက်တွင်တော့ လပ်ကီးဧည့်ဂေဟာ၊ ပန်းသီးပလေကပ်၊ ကိုးပါးဆေး၊ ငွေတောင်ဆေးလိပ်၊ အာဂျီနိုမိုတိုကြော်ငြာ၊ သရဖူ စားတော်ဆက်



သာကနတ်အလှကုန်၊ မြင်းခြံစောင်း ကောက်၊ ကမ္ဘောဇလွယ်အိတ်၊ ဒနည့်ရိုပ်မွန်၊ ငုံးဖိနပ်၊ ရှမ်းတောင်တန်း မြင့်ဆွေနှင့်ညီများ လျှပ်စစ်လုပ်ငန်း၊ ဦးကျော်အေး ဒေါ်ပုခြင်ထောင်အပြင် မင်္ဂလာညွန့် မုန့်ကြော်ငြာများကို တွေ့ရ၏။

ဘူတာမှဆင်းလာသောလူအုပ်က ဝင်မတိုက်ရုံတမယ် တိုးဝှေ့သွားလာလျက်ရှိ၏။ ကျွန်တော်ရပ်နေသောနေရာ မန်ကျည်းပင်နှစ်ပင်၏အရင်း ဦးမိုးကြီး၏ဘေးတွင် ခရီးသွားမိန်းကလေးတစ်ဦးက "ခြေထောက်တွေတောင့်ပြီး ကိုက်လှချေရဲ့"ဟု ညည်းတွားကာ လမ်းဘေးတွင်ထိုင်ချရင်း သူ၏ခြေသလုံးကို ပရုတ်ဆီလိမ်းနေ၏။ အဖော်မိန်းကလေးက မလှမ်းမကမ်းမှ အထုပ်အပိုးများနှင့်စောင့်နေသည်။

မီးရထားပေါ်မှ ဆင်းလာသူတို့က လူမျိုးစုံသည်။ ဘောင်းဘီနှင့်ရော လုံချည်နှင့်ရော။ အသက်အရွယ်အမျိုးမျိုး၊ ပုံပန်းသဏ္ဍာန်အစုံဖြစ်၏။ ထိုနေရာသို့ ဆိုက်ကားမဝင်ရသောကြောင့် ဘူတာအခြေအထိ ခရီးသည်လာကြိုနေကြသော ဆိုက်ကားဆရာများ၊ မြင်းလှည်းဆရာများကိုလည်း တွေ့ရ၏။ ဂျစ်ကားများနှင့်တစ်ဖုံ၊ ကိုယ်ပိုင်ကားအမျိုးမျိုးနှင့်တစ်သွယ်၊ သုံးဘီး လေးဘီးကားများနှင့် အလျှိုအလျှို ထွက်သွားကြသောခရီးသွားတို့လည်း တစ်ပုံတစ်ပင်ဖြစ်သည်။

သူတို့ကား ရန်ကုန်မှလာ၍ မန္တလေးသို့ ခရီးတစ်ထောက် ရောက်ခဲ့ပြီ ဖြစ်ပါ၏။ မန္တလေးဘူတာက လမ်းဆုံရပ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခရီးသည်များက ဘူတာရုံလမ်းဆုံမှ လိုရာခရီးသို့ အပြီးရောက်ဖို့
သာ စိတ်စောနေကြ၏။ မြောက်မြားစွာသော ခရီးသွားများ
ခရီးကြိုများပါ ဘူတာရုံတွင် တစ်နာရီ၊ နာရီဝက်ခန့်မျှပင် နားနေ
စိတ်မကူးဘဲ ခရီးဆက်ရန်အတွက်သာ စိတ်သန်လျက်ရှိနေကြသည်
တွေ့ရ၏။

မုံရွာဘက်သွားမည့် ခရီးသွားက တစ်မျိုး၊ ပြင်ဦးလွင်မြို့ ဆ
တက်မည့် ခရီးသည်က တစ်ဖုံ၊ မိုးကုတ်သွားမည့်သူက တစ်သွ
မန္တလေးမြို့ပေါ် ဟိုအရပ်ဒီအရပ် သွားကြမည့်သူများက တစ်နည်း
အသီးအသီး အသက အသကသောခရီးသွားတို့သည် မတ်တတ်ရပ်
ဆိုက်ကား မြင်းလှည်းတို့ဖြင့် ဈေးစကားဆိုနေကြပါ၏။

ကျွန်တော်သည် နေပူကျဲကျဲအောက်တွင် များစွာသော ထို
များကိုကြည့်၍ အင်း ဒီလူတွေက အိုရမည့်သူတွေပါကလား။ ထို
ကလေးကတော့ မအိုမီက သူ့ခြေသလုံးများက နာနေနှင့်တော့၏။

ကျွန်တော်သည် ဤနေရာမှရပ်၍ မန္တလေးဘူတာရုံကို ဇ
လမ်းဆုံတစ်နေရာအဖြစ် ရှုမြင်ကာကြည့်နေမိ၏။ ဤခရီးသွားတို့က
မိမိတို့လိုရာခရီးကို မိမိတို့ဆက်သွားနေကြသည်ဟု သူတို့ကိုယ် သူ
ထင်နေကြ၏။ တကယ်တော့ ကျွန်တော်အပါအဝင် ထိုင်နေသော
ဦးမိုးကြီးအဆုံး ခရီးသည်အားလုံးတို့သည် ဇရာခရီးကိုသာ ဆက်နေ



များ ဖြစ်၏။ မုံရွာပဲသွားသွား၊ မိုးကုတ်ပဲ ပြင်ဦးလွင်ပဲတက်တက်
ဆုံးမှာ တော့ ဤခရီးသည်များအားလုံး ဇရာလက်ခုပ်တွင်သာ
ဆုံးသတ် ကြရမည် မဟုတ်ပါလော။

ခရီးသည်များကို "သွားကြသွားကြ၊ သင်တို့သွားနေကြသော
ရီးဆုံးတွင် ဇရာတရားက လက်ထိပ်နှင့် စောင့်နေလေသည်" ဟု
န်တော်က အော်ပြောလိုက်ချင်ပါ၏။ ဤလို ချွေးတွေသံတွေ
သူကို မဆိုထားနှင့် မမြဝေလို လှလှပပ သိမ်သိမ်မွေ့မွေ့ မိန်းကလေး
စ်ယောက်ကိုပင် ဇရာတရားက စပါးကြီးမြွေသည် သမင်ငယ်ကို
စ်ရစ်ချင်းဝါးသလို ဝါးမျိုခဲ့ပြီမဟုတ်ပါလော။ ထိုသို့ဆိုလျှင် ဘယ်သူ
သည် ဇရာကို အန်တု၍ ခံနိုင်ပါမည်နည်း။ ဇရာတရားထို အနိုင်ယူ
ည်းကို မြတ်စွာဘုရားကိုယ်တော်တိုင် ရှာဖွေ၍ ဟောကြားတော်မူခဲ့
ကြောင်း ကိုဇဝနကပြောခဲ့၏။ သို့သော်လည်း ကျွန်တော်အပါအဝင်
သူအားလုံးသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်ကို သိပင်
သိသော်လည်း လက်တွေ့ကျင့်ကြံသူ ဘယ်နှစ်ဦးရှိသနည်း။ ရှိတော့
ရှိပါ၏။ အရေအတွက်အားဖြင့် နည်းပါး၏။ မြောက်မြားစွာသော
သူတို့သည် ထိုအသိတရားကို ကျော်ခိုင်းကာ ဇရာခင်းသည့်လမ်းတွင်
သာ အဆုံးမရှိ လျှောက်နေကြသူများ ဖြစ်ပါ၏။ အိုမှ၊ နာမှ အိုခြင်း
နာခြင်းကို ကြောက်ရွံ့သတိထားမိကြ၏။ ယခုတော့ မိမိတို့သံယောဇဉ်
ရှိသည့် လိုရာခရီးကို မကြောက်မရွံ့ လျှောက်နေကြဆဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ရပ်နေရာမှ ၇၈– လမ်းကို ဖြတ်၍ကူးလိုက်သည်။ လမ်းအဖြတ်တွင် ဘယ်ညာ ကားအသွားအလာကိုတော့ ကြည့်ရသေး၏။ မတော်တဆ မော်တော်ကား ဝင်ဆောင့်သည်ကို မခံလိုသေး။ ဘယ်ညာကြည့်၍ လမ်းကူးလာစဉ် လေပွေတစ်ခုက ထိုနေရာတွင် တိုက်လိုက်သည်။ ဖုန်များက အလုံးလိုက်ဝင်လာသဖြင့် ကျွန်တော်သည် နှာခေါင်းကိုပိတ်၍ ဘူတာဘက်သို့ ခပ်သုတ်သုတ်ပြေးရ၏။ ဘူတာအခြေသို့ရောက်မှ လာလမ်းကို ပြန်ကြည့်နေမိသေးသည်။ ထိုအခါမှ ရန်ကုန်အပြန် ရထားအတွက် လက်မှတ်အခြေအနေကို စုံစမ်းရန် သတိရလာ၏။ မန္တလေးမှ အပြန်လက်မှတ်ကမလွယ်။ ရန်ကုန်မှ မန္တလေးသို့ရောက်၍ ဘူတာကို ဆင်းလျှင် ဆင်းချင်း လက်မှတ်တန်းဝယ်လျှင်ပင် လေးငါးရက်ကြာမှ လက်မှတ်ရတတ်၏။ ရန်ကုန်တွင် မီးရထားလက်မှတ်ရောင်းသည့်စနစ်က ကောင်း၏။ ကြိုတင်လက်မှတ်အတွက် သတ်မှတ်ချိန်အတွင်း အကုန်ရောင်းသည်။ ကုန်လျှင်ပြီး၏။ မန္တလေးလက်မှတ်ရောင်းစနစ်က ထိုသို့မဟုတ်။ ဒီနေ့ထွက်မည့် ရထား ဒီနေ့ရောင်းတာက တစ်မျိုး၊ မနက်ကျမှ တန်းစီရတာက တစ်ဖုံ၊ မှတ်ပုံတင်ထပ်၍ ရောင်းတာလည်းရှိ၏။ မန္တလေးလက်မှတ်ရောင်းသည့်စနစ်ကို ကျွန်တော် သိပ်နားမလည်။ ရန်ကုန်လောက်မရှင်းဘဲ လက်မှတ်ဝယ်ရခက်သည်မှာ အမှန်ပင်ဖြစ်၏။



အရင်က အကြောမသိခင်က ဗန်ကောက်သွားခါနီး ကျွန်တော် မန္တလေးသို့ ကိစ္စနှင့်ရောက်ခဲ့၏။ ရောက်ရောက်ချင်း လေးရက်ခန့် လက်မှတ်ကြို၍ ဝယ်သည်၊ မရ။ အိပ်စင်၊ အထက်တန်း၊ ပထမတန်း တွေမရ၍ ရိုးရိုးတန်း လက်မှတ်ဝယ်သည်ကိုပင် မရသောကြောင့် ပဲခူးတွဲနှင့် ပြန်ခဲ့ရ၏။ ပဲခူးတွဲနှင့် ပြန်တော့ ပဲခူးမှာဆင်းရ၏။ လမ်းမှာ ရထားတွဲချော်နေသောကြောင့် ကြာသွားရာ ဗန်ကောက်သို့ နေ့လယ်တစ်ချက်ထွက်မည့် လေယာဉ်နှင့်လိုက်ရန် အတွက် ကျွန်တော်သည် ရန်ကုန်သို့ ထိုနေ့မနက် ခုနစ်နာရီ လောက်မှ ရောက်ခဲ့၏။ ရန်ကုန်နှင့် ဗန်ကောက်က မိနစ် ၅၀– သာကြာ၏။ ရန်ကုန်နှင့် မန္တလေးကား လေးညအိပ်ကြာသည့်အပြင် ရထားလက်မှတ် သာမလွယ်။

မန္တလေးရောက်လာပါက လာရင်းကိစ္စကို နောက်ထား၍ အပြန်လက်မှတ်ရရေးအတွက် ဆောင်ရွက်ရသည်က အချိန်အတော် ကုန်၏။ အဖိုးတန်အချိန်များကို မန္တလေးရောက်ခိုက် တန်ဖိုးရှိရှိ မသုံးရဘဲ မီးရထားလက်မှတ်ဝယ်ရင်းဖြင့် အချိန်ကုန်ခံရသည်က အတော့်ကို စိတ်မချမ်းသာစရာ ကောင်း၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် လက်မှတ်အခြေအနေကို ကြည့်ရန် အထက်တန်းလက်မှတ်ရောင်းသည့် နေရာကိုရောက်ခဲ့၏။ ဘူတာရုံလက်မှတ်ပေါက်ရောက်တော့ ကျွန်တော်ထင်သည့်အတိုင်း အထက်တန်းပေါက်တွင် ခရီးသွားလိုသူများ ကြိတ်ကြိတ်တိုးနေ၏။ ယခင် လက်မှတ်ရောင်းဌာနတွင် ဦးဝင်းမောင်ရှိစဉ်ကတော့ အတော်ကလေး အဆင်ပြေသည်။ သူမရှိတော့ အဆင်ပြေတာလည်း မရှိတော့။

ကျွန်တော်သည် လက်မှတ်တစ်ခု ရဖို့အတွက် လက်မှတ်ရောင်းရာအပေါက်ရှေ့တွင် လူများစွာ အချိန်ဖြုန်းပစ်နေရသည်ကို များစွာနှမြောမိ၏။ တစ်နေ့ လူ ၂၀၀– လက်မှတ်ရုံပေါက်တွင် နှစ်နာရီ အချိန်ကုန်ရပါက တစ်လတွင်နာရီပေါင်း ၁၂၀၀၀–ကို အလဟဿဖြုန်းပစ်ရသည့်သဘော ဖြစ်၏။ အချိန်ဟူသည် ငွေထက်တန်ဖိုးရှိပါ၏။ နိုင်ငံတစ်နိုင်ငံ ထူထောင်ရေးတွင် အချိန်သည် အလွန်အရေးကြီးသော အရင်းအမြစ်ဖြစ်၏။ မန္တလေးဘူတာ၏ လက်မှတ်ပေါက်ဝတွင် ဆယ်စုနှစ်နှင့်ချီ၍ လူများသည် မိမိ၏အဖိုးတန်အချိန်များကို အလဟဿ ဆုံးရှုံးရပြီ ဖြစ်၏။

ဘူတာလက်မှတ်ရုံအတွင်းတိုးနေသော လူအုပ်ကို စိတ်ပျက်စွာကြည့်၍ ကျွန်တော်သည် လက်မှတ်ရရန် မကြိုးစားဘဲ ပြန်လှည့်လာခဲ့၏။ ဆိုက်ကားဂိတ်တွင် လက်မှတ်ဝယ်လိုက်သည်က အေး၏။



ကျွန်တော်က လက်မှတ်တိုးနေသော လူအုပ်ကိုကြည့်၍ ဩော် အိုရမည့်သူတွေ၊ သေရမည့်သူတွေ၊ နာရမည့်သူတွေ၊ အိုဖို့နာဖို့ သေဖို့ကို ခေါင်းစားနိုင်ဘဲ ဤနေရာတွင် စုပြုံ၍ ရထားလက်မှတ်ရဖို့ စောင့်နေကြပါကလားဟု တိုးတိုးလေး ရေရွတ်မိ၏။ လက်မှတ်ရောင်းသူများကိုလည်း အဘယ်မှာလျှင် မေတ္တာမပို့ဘဲ ချန်ထား၍ဖြစ်ပါမည်နည်း။ ကျွန်တော်သည် လက်မှတ်တိုးနေသော လူအုပ်ကိုကျော်၍ သံဆန်ခါထဲမှ လက်မှတ်ရောင်းသူများကိုလည်း ကောင်းကောင်းကြီး မေတ္တာပို့လိုက်ပါ၏။ မောင်မင်းကြီးသားတို့ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ အတွဲလွဲ ငွေတွဲလွဲနှင့် နေနိုင်ကြပါစေ။

ရထားလက်မှတ်ပေါက်မှ ကျွန်တော်ပြန်ထွက်လာခဲ့၍ ဘူတာဆင်ဝင်အောက်အရောက်တွင် အဘွားအရွယ် အမျိုးသမီးကြီးတစ်ဦး၊ မြေးအရွယ် အမျိုးသမီးငယ်တစ်ဦးနှင့် မြစ်အရွယ် လူမမယ်ကလေးတစ်ယောက် ဘူတာရုံထဲမှ ထွက်လာသည်ကို တွေ့ရ၏။ အဘွားအရွယ်

အမျိုးသမီးကြီးကို ကျွန်တော် သတိထားကြည့်မိ၏။ အသက်အားဖြင့် နှစ်ဆယ် ရှစ်ဆယ်ကျော်လောက်ရှိပြီ ဖြစ်၏။ သို့သော် အဘွားသည် ကျန်းမာရေး ကောင်းမွန်နေဆဲ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဘွားမှာ ပိန်ပိန်ပါးပါးဖြစ်၍ အသက်ရှစ်ဆယ်ကျော် အရွယ်ဖြစ်သည့်တိုင် ကြည့်ရသည်မှာ အေးချမ်းလှ၏။ ဤသည်အ ကုသိုလ်တစ်မျိုးဟု ထင်မိပါ၏။ ပါးရေနားရေ တွန့်နေသော်လည်း အဘွားက သန့်သန့်ပြန့်ပြန့်ဖြစ်၏။ အဘွား၏အင်္ကျီက နံ့သာရောင် လှလှလေးဖြစ်၏။ အဘွား၏အသားနှင့် အင်္ကျီသည် လိုက်၏။ အဘွားက ဘီးဆံပတ်ကို သေသေသပ်သပ် ထုံးထားသည်။ အဘွားမျက်နှာနှင့် အဘွားဘီးဆံပတ်က လိုက်၏။ အဘွားကိုမြင်ရသည်မှာ ကြည်ကြည်လင်လင်လည်းရှိ၏။ အိုကြီးအိုမ ဤအဘွားတွင် စိန်တွေ ရွှေတွေအပြွတ်လိုက် အတွဲလိုက် မတွေ့ရ။ ဤသည်ကလည်း တစ်မျိုးကြည့်ကောင်း နေပါ၏။

ဘေးမှပါလာသော မြေးအရွယ် မိန်းကလေးတွင်လည်း ထိုသို့ ဝတ်စားလာသည်ကို မတွေ့ရ။ အဘွားသည် ဆင်စွယ်ရောင် ပုတီးလေး တစ်ကုံးကို လက်ထဲမှာ သတိရှိရှိနှင့် ဆုပ်ထား၏။ ပုတီးလေးဆုပ်ထားခြင်းက ဘုရားတရားသံဃာ ရတနာသုံးပါးအား အမြဲဆည်းကပ်လျက် တရားလက်လွတ်မရှိသော အဘွား၏စိတ်ရင်းသဘောထားကို ပေါ်လွင်နေစေပါသည်။ အိုကြီးအိုမများ တွေ့ရခြင်းအတူတူ ဤအဘွားကို



တွေ့ရသည်က စိတ်ချမ်းသာ၏။ အဘွားသည် စီးလာသော ကတ္တီပါဖိနပ်လေးကို တဖြည်းဖြည်းမကာ တစ်လှမ်းချင်းလျှောက်လာ၏။ အဘွား၏ကုသိုလ် ကောင်းလှသည်ဟုဆိုနိုင်၏။ အိုဇာတာကောင်းသည်ဟု ဆိုလျှင်လည်း ရပါ၏။

အဘွား၏ဘေးတွင် မြေးအမျိုးသမီးက ကပ်၍လိုက်လာသော်လည်း တွဲခေါ်လာခြင်းမဟုတ်။ မြေးအရွယ် အမျိုးသမီးက အသက် အစိတ်လောက်ရှိ၏။ ထိုအမျိုးသမီးငယ်သည်လည်း မိန်းမချောလေး တစ်ဦးဖြစ်၏။ မြစ်အရွယ် ကလေးကတော့ ဂျင်းဘောင်းဘီအပြာ၊ အင်္ကျီအဖြူ၊ ခါးပတ်၊ ရှူးဖိနပ်နှင့်။ ထိုကလေးသည်လည်း သပ်သပ်ရပ်ရပ် ချစ်ရာဖြစ်သည်။

ထိုအဘွားနှင့် မြေးမြစ်တို့ ကျွန်တော့်အနီး ရောက်လာသောအခါ ကျွန်တော်က အနည်းငယ်ရှောင်ပေးလိုက်၏။ မိန်းကလေးက သူ့အဘွားအား ရှောင်ပေးသဖြင့် ကျေးဇူးတင်ကြောင်း ခေါင်းညိတ်၍ အရိုအသေပေးရင်း ဖြတ်သွားသည်။ အဘွားတို့မြေးမြစ်တစ်စုသည် ယဉ်ကျေးမှုလည်း ရှိသည်။

ဇရာတရားသည် ဤအဘွားအပေါ် ရက်စက်ချင်တိုင်း ရက်စက်၍ မရ၍လော၊ သို့မဟုတ် ခြွင်းချက်နှင့် ခွင့်လွှတ်ခြင်းလော မသိ။ အဘွားသည် အသက်အရွယ်ရနေသော်လည်း အိုမင်းရင့်ရော်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



လက္ခဏာထက် ရင့်ကျက်တည်ကြည် အေးချမ်းသော လက္ခဏာတို့က ပို၍များနေ၏။ သတင်းစာနှင့် တီဗွီသတင်းများတွင် အသက်ရာကျော် အဘိုးအဘွားတို့အကြောင်း သတင်းများကို မကြာခဏ ဖတ်ရ၏။ ဤအဘွားသည် အိုဇာတာကောင်း၍ အသက်ရာကျော်နေရမည့် အဘွား ဖြစ်ပါ၏။

ထိုအချိန်တွင် ဆရာကြီး ဦးရန်အောင်ကို ကျွန်တော်သတိရမိ၏။ ဆရာနှင့်ကျွန်တော်က ရပ်ကွက်ချင်းကပ်လျက် ရှိ၏။ ဆရာကြီး၏ အသက်သည် ရှစ်ဆယ်ကျော်နေပြီဖြစ်၏။ သို့သော် ဆရာကြီးသည် နေ့စဉ် ဈေးသို့ တစ်ဦးတည်းလာ၏။ လိုရာပစ္စည်းများကို ဝယ်ခြမ်း၏။ တွဲမဖေးကူသူမပါဘဲ လွယ်အိတ်ကြီးတစ်လုံးဖြင့် မဂ္ဂဇင်းတိုက်များသို့ သွား၏။ သတိတရား လက်လွတ်ခြင်းမရှိဘဲ ယနေ့ထက်တိုင် ဆရာကြီးက ဝတ္ထုဆောင်းပါးကဗျာများကို ရေးသားနေဆဲဖြစ်၏။ ဤသည်မှာလည်း ဆရာကြီးက ဇရာတရားအပေါ် နေ့စဉ် အနိုင်ယူနေခြင်းပင် ဖြစ်ပါ၏။

သမ္မတကြီး ဒီဂေါ၊ သမ္မတကြီး ဟိုချီမင်း၊ ဥက္ကဋ္ဌကြီး မော်စီတုန်း စသူတို့သည် နိုင်ငံ၏ လေးစားကြည်ညိုမှုကို ခံယူကာ အသက်ကြီးရင့်သည့်တိုင် နိုင်ငံတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင် သွားခဲ့ကြသော ကမ္ဘာ့ခေါင်းဆောင်များဖြစ်၏။



ကျွန်တော်သည် ထိုအဘွားနှင့် မြေးမြစ်အရွယ်ကလေးတို့ကို ဆက်ကြည့်နေမိ၏။ မြေးတော်သူဟု ယူဆရသောမိန်းကလေး၏ လက်ထဲတွင် လက်ဆွဲအိတ်တစ်ခုပါသည်။ ထိုမိန်းကလေးက ဆင်ဝင်အစပ်ရောက်တော့ လက်ထဲမှထီးကိုဖွင့်ကာ အဘွားကိုဆောင်းပေး၏။ အဘွားနှင့်မြေးမြစ်တို့သည် ခပ်လှမ်းလှမ်းတွင် ရပ်ထားသောကားဆီသို့ လျှောက်သွားကြ၏။ သူတို့တွင် ပစ္စည်းများများစားစားလည်း မပါ။ ကားဒရိုင်ဘာဖြစ်ဟန်တူသူက ခြင်းတောင်းနှင့် အိတ်အချို့ကို နောက်မှဆွဲ၍ လိုက်သွားပါ၏။

ကျွန်တော်က အိုတာချင်းအတူတူ ဤအဘွားကဲ့သို့ အိုရပါက မည်မျှကောင်းမည်နည်းဟုသာ အားကျမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## မန္တလေးဘူတာ စကြံနံးမှာ

ကျွန်တော်သည် မန္တလေးဘူတာ ဆင်ဝင်အောက်မှ ခုံးကျော် တံတားဘက်ဆီသို့ လျှောက်လာခဲ့၏။ ထိုနေရာသည် အတော်လူရှုပ် သောနေရာ ဖြစ်သည်။ လူရှုပ်ရုံသာမက ဂျစ်ကား၊ သုံးဘီး၊ လေးဘီး သည့်အငှားကားများမှ လူခေါ်သူများလည်း ရှိနေ၏။

ထိုသို့ရှုပ်နေသောကြားမှပင် ကျွန်တော်သည် ဘူတာကြီးကို ဖြတ်ရန် ခုံးကျော်တံတားပေါ်သို့ တက်လိုက်၏။ တက်လိုက်လျှင် ဆက်လိုက်ချင်း တွေ့ရသောမြင်ကွင်းက ကျွန်တော့်ကို ခဏရပ်စေခဲ့ ပါသည်။ ယခင်က ဤခုံးကျော်တံတားကို ကျွန်တော်အကြိမ်ပေါင်းများ စွာ ဖြတ်ခဲ့ဖူး၏။ ဤခုံးကျော်တံတား၏ မြင်ကွင်းသည် အစဉ်သဖြင့် ညီအတိုင်းသာရှိ၏။ သတိမမူ ဂူမမြင်၊ သတိမူတော့ မြူမြင်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်အတိုင်း ဇရာကို စဉ်းစားလာသော ကျွန်တော်သည် ခုံးကျော် လှေကားတွင် ဇရာတရားက ထုထောင်းထားသော အဘွားအရွယ် တောင်းစားနေသူ အမျိုးသမီးကြီးတစ်ဦးကို တွေ့ရ၏။ ထိုအဘွား အရွယ် အမျိုးသမီးကြီးကို အိုခြင်းကသာမက နာခြင်းကပါ အဘွား၏လည်မျိုကို ညှစ်ထားပါ၏။ ထိုအဘွား၏ရှေ့တွင်ကား "အသက် ၈၅ နှစ်၊ ဒုက္ခိတအဘွားအို၊ တတ်အားသရွေ့ ကူပါ" ဟု စာတန်းလေးချထား၏။ ထိုအဘွားသည် ဇရာ၏အထုအထောင်း ရောဂါဝေဒနာ၏ အထုအနှက်ကို ဝဝလင်လင် ခံနေရသည်မှာ မှန်သော်လည်း ၈၅- နှစ်တော့ ရှိဟန်မတူ။

အဘွားသည် မီးမပါသော ဆေးပေါ့လိပ်တိုတစ်ခုကို ကိုင် ထား၏။ ဆေးပေါ့လိပ်ကို ကိုင်ထားရင်းမှ ထိုဆေးလိပ်ကို ပါးစပ်မှချွတ် ၍ ဘေး၌ ခေတ္တချထားကာ သူ့ပါးစပ်ထဲမှ သွားကြားညပ်နေသော အရာတစ်ခုကို လျှာနှင့်ထိုးပြီး လက်နှင့်ဆွဲယူလိုက်ရာ အသားစတစ် ပါလာဟန်ရှိ၏။ ထိုအသားစကို သူ၏သွားချေးများထူနေသော သွား လက်ကျန်အချို့ဖြင့် ထပ်၍ကိုက်ဝါးကာ မျိုချလိုက်၏။ အဘွား ကိုယ်တွင်စွပ်ထားသော အတွန့်အခေါက် အစင်းများဖြစ်နေသည့် သူ့ အရေခွံသည် သူနှင့်မတော်ဘဲ ဖြစ်နေ၏။ သေသေချာချာကြည့် အဘွားသည် ခြေထောက်တစ်ဘက် ပြတ်နေသေး၏။ ခြေထောက် ခြေသလုံးအထက်နားမှ ပြတ်နေပြီး ထိုပြတ်နေသောခြေထောက် ဝါးကျည်တောက်ဖြင့် စွပ်ထား၏။



ထိုအဘွားသည် မျက်စိလည်း ကောင်းပုံမရ။ သူ့ရှေ့မှ ခွက်တွင်ကား ငါးကျပ်တန်အဟောင်းတစ်ရွက်နှင့် အကြွေနည်းနည်း ရှိနေ၏။ ထို့ပြင် လွယ်အိတ်တစ်လုံး၊ ဖိနပ်ဟောင်းတစ်ဘက်၊ ချိုင့် တစ်ခုကို သူ့ဘေးတွင် မြင်သာထင်သာ ချထားသည်။ ဘေးရှိ ပလတ် စတစ်အိတ်တွင်ကား ဘာတွေရှိသည်မသိ။ ဤပစ္စည်းများသည် ဤဘဝ၌ သူ့ချမ်းသာသမျှ အကုန်ဖြစ်ဟန်တူ၏။ အဘွား၌ အနာကြီး ရောဂါလက္ခဏာများကို ထင်ထင်ရှားရှား မတွေ့ရသော်လည်း ကြည့်ရ သည်မှာ ယင်းရောဂါမရှိဟူ၍လည်း မဆိုနိုင်။

ကျွန်တော်သည် ဤတောင်းစားနေသူ အဘွားအိုနှင့် ဘုတ္တာရုံ အဝတွင် တွေ့ခဲ့ရသောအဘွားကို နှိုင်းယှဉ်၍ ကြည့်မိ၏။ ဤတောင်း စားနေသည့် အဘွားအိုကတော့ ကာမဂုဏ်အာရုံဟူ၍ ဘာမျှမရှိ။ တစ်ကိုယ်လုံး တွင် အနိဋ္ဌာရုံများနှင့်သာ ပြည့်နေသည်။

ဤမျှဒုက္ခရောက်နေသော အဘွားအိုအတွက် ကျွန်တော်သည် ပိုက်ဆံပေးရန် ဆန္ဒရှိသော်လည်း လက်ထဲမှ ပိုက်ဆံကို သူ့ခွက်ထဲထည့် ရန် ရွံ့နေမိ၏။ ရွံ့နေသည်ဟု စကားလှအောင် ပြောရသော်လည်း အမှန်အတိုင်းပြောရလျှင် ကျွန်တော့်စိတ်ထဲတွင် မသတီသလိုဖြစ်နေ သည်ဟု ဆိုပါက ပို၍မှန်မည်ဖြစ်၏။ ထို့ကြောင့်လည်း ဤစကြံပေါ်သို့ တက်လာသူတိုင်းသည် အဘွားနှင့်ဝေးရာ ညာဘက်ကို တတ်နိုင်သမျှ ကပ်၍သွားနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘူတာရုံဆင်ဝင်အောက်၌ တွေ့ခဲ့ရသောအဘွားသည် အိုနေပြီဖြစ်သော်လည်း ပသာဒရှိ၏။ အသက်အရွယ်ကြီးပြီ ဖြစ်သော်လည်း ဆံပင်မဖြူသေး။ သွားမကျိုးသေး။ အသားအရေတို့မှာ ပျော့အိတွဲကျနေသော်လည်း နုနုညှံ့ညှံ့ရှိ၏။ ထိုအဘွားကို ကြည့်ရသည်မှာ သန့်ရှင်း၏။

ယခု စကြံပေါ်တွင် တောင်းစားနေသော ရောဂါသည်အဘွားက မသတီစရာဖြစ်၏။ အိုတာချင်းအတူတူ ကုသိုလ်ကံအကျိုးပေးချင်းကွာပုံရ၏။ ယခု စကြံပေါ်မှအဘွားက သားသမီးဆွေမျိုး အသိုင်းအဝိုင်းမရှိ။ ဘူတာရုံအဝမှ အဘွားသည်ကား သားသမီးမြေးမြစ်တို့ဖြင့် ဝိုင်းဝန်းဖေးမကာ အိုဇာတာကောင်းသည်။ ဤစကြံပေါ်မှ အဘွားကတော့ အိုဇာတာမကောင်း၊ အိုဇာတာ မကောင်းရုံသာမက ထိုဇာတာကသူ့ကို ထုထောင်းထားပုံရ၏။ မျက်စိမှုန်ခြေပြတ်၍ ရောဂါရကာ ဇရာ၏ဒုက္ခကိုရော ဝေဒနာကိုပါ ခံစားနေရသည်။

ဇရာ၏အထုအထောင်း ခံရတာချင်းအတူတူ သက်သက်သာသာ အထောင်းခံရသူနှင့် မသက်မသာ အထောင်းခံရသူဟူ၍ ရှိပါသေးလားဟူသောအချက်ကို ကျွန်တော်သတိပြုလိုက်မိပါ၏။

ထိုစကြံလှေကားရင်း၌ တောင်းစားသူအဘွား၏အထက်ဘက်တွင်တော့ အသက် ၄၀– အရွယ်လောက်ရှိမည့် တောင်းစားနေသူအခြားအမျိုးသမီးရောဂါသည် တစ်ဦးရှိနေ၏။ ထိုအမျိုးသည်လည်း ရောဂါသည်ဟုဆိုသော်လည်း အရည်များတစ်စက်စက်ကျကာ



မြင်မကောင်းလောက်အောင် ရောဂါကြွနေခြင်းမဟုတ်။ ဆေးစားထား၍ ရောဂါငြိမ်နေဟန်တူ၏။ သို့သော် ထိုအမျိုးသမီး၏ခြေဆစ်လက်ဆစ်တို့မှာ တစ်ခုမှမရှိတော့။ သူ့ပေါင်ပေါ်တွင်ကား မွေးကင်းစကလေးငယ်လေးတစ်ဦးရှိ၏။ ထိုကလေး၏ အသက်အရွယ်ကိုကား ခန့်မှန်းရခက်သည်။ အမျိုးသမီးသည် ထိုင်လျက်သား သူ့ဒူးကိုကား၍ ပုခက်သဖွယ်ပြုကာ ပေါင်ကြားတွင် ကလေးကိုထားရင်း ဒူးလှုပ်၍ ကလေးကိုသိပ်နေ၏။ ကလေးက အမေ့ရင်ခွင်တွင် ပက်လက်ဖြစ်သည်။ ကလေးသည် တွဲလွဲကျနေသော အမေ့နို့ပျဉ်းကို မီတစ်ချက်မမီတစ်ချက်ဖြင့် လှမ်းစို့နေ၏။ အမေကလည်း သတိရသောအခါ သူ့နို့သီးခေါင်းကို ကလေးပါးစပ်နှင့် တေ့ပေးလိုက်၊ နောက်ကျွတ်သွားလိုက်၊ ကလေးက စမ်းတဝါးဝါးနှင့် အမေ့နို့ကို လိုက်ရှာလိုက်ဖြစ်နေ၏။ ဤအမေသည် ကလေးငယ်အား နို့တိုက်ခြင်းကို အလုပ်ကြီးတစ်လုပ်အနေဖြင့် လုပ်မနေသည်မှာ သေချာ၏။ ထိုအမေ့ဘေးတွင်ကား အမေ့ကိုကပ်ကာ ဆောင့်ကြောင့်ထိုင်နေသော နို့ညှာကလေးတစ်ဦးက ရှိသေး၏။ ထိုကလေးကလည်း နောက်ကလေးမွေးလို့သာ နို့ညှာဖြစ်ရသည်။ သူသည်လည်း အမေ့ရင်ခွင်ထဲတွင်သာ နေသင့်သောအရွယ်ဖြစ်၏။ ထို့ကြောင့်လည်း ကလေးက ရသလောက် အမေ့ဘေးတွင် ပူးကပ်နေခြင်းဖြစ်၏။ ထိုကလေးက အမေဖြစ်သူကို တွယ်ကပ်၍ထားသည့်အတွက် အမေသည် သွက်သွက်လက်လက်မရှိဘဲဖြစ်နေ၏။ ထိုအခါ အမေသည် နို့ညှာကလေးကို "နည်းနည်းဆုတ်

www.burmeseclassic.com

www.burmeseclassic.com



စမ်းပါဦးဟယ်”ဟု ပါးစပ်မှရေရွတ်ကာ သူ့ကိုယ်နှင့် တွန်းလွှတ်၏။ နို့ညှာကလေးသည် နို့စို့ကလေးက မမီမကမ်း နို့တစ်ဘက်ကို စို့နေချိန်တွင် လွှတ်နေသော ကျန်တစ်ဘက်ကို အလစ်ဝင်ခဲရန် ချောင်းနေပုံရ၏။

ကျွန်တော်သည် ထိုမိသားစုကြည့်ရင်း စိတ်မောလာမိ၏။ ထိုကလေးငယ်တို့၏ နောင်ရေးကလည်း ဘယ်နည်းနှင့်မျှ ချောမွေ့နိုင်စရာမရှိ။ ထိုအချိန်မှာပင် လေးနှစ်သား ငါးနှစ်သားအရွယ် ညစ်ပေနေသော ကလေးတစ်ယောက်က ထိုအမျိုးသမီး၏ရှေ့တွင် လာရပ်၏။ ထိုကလေးသည်လည်း ဤအမျိုးသမီး၏ သားဖြစ်ဟန်တူ၏။

အမေသည် ထိုကလေးကို မျက်စိလှန်၍ တစ်ချက်ကြည့်ပြီး သူ့ရှေ့မှခွက်ကို မှောက်ကာ ကျပ်တန်အနွမ်း သုံးလေးရွက်နှင့် အကြွေတချို့ကို ခွက်ထဲမှယက်ယူလိုက်၏။ ထို့နောက် အကြွေများကိုချန်ကာ ကျပ်တန်များကို ကလေးရှေ့တွင် ပုံလိုက်သည်။ ကလေးသည် အမေပေးလိုက်သော ပိုက်ဆံကိုကောက်ယူ၍ လက်ထဲတွင် မိမိရရဆုပ်ကာ စကြ်လှေကားအတိုင်း ပြန်ဆင်းသွားသည်။ အမေသည် စကြ်လှေကားအတိုင်း ဆင်းသွားသောကလေးကို လှမ်းကြည့်နေသေး၏။

ကလေး လှေကားရင်းသို့ရောက်မှ အမေသည် သူ့ဘေးတွင် တောင်ရှာမြောက်ရှာလုပ်လိုက်သည်။ အလိုလိုခံတွင်းချဉ်ကာ ဆေးလိပ်လိုက်ရှာနေဟန်တူ၏။ သူ့နားတွင် ရှာ၍မတွေ့တော့မှ သူသည်



လှေကားရင်းမှ အဘွားကို လှမ်းကြည့်လိုက်၏။ ထိုအဘွားထံတွင် မီးမကူးရသေးသော ဆေးလိပ်တိုမှာ ယခုတိုင်ရှိနေသေး၏။ ထိုဆေးလိပ်ကို တစ်ဖွာလောက်တောင်းသောက်လိုစိတ် ပေါ်လာသော်လည်း အထိုင်ပျက်သွားမည်စိုး၍ အမေသည် ဆေးလိပ်သွားတောင်းမည့်စိတ်ကို လျှော့လိုက်ဟန်ရှိ၏။

ကျွန်တော်သည် ရပ်နေရာမှ ပိုက်ဆံလာတောင်းသော ကလေးကို ဆက်ကြည့်နေလိုက်မိ၏။ ကလေးသည် လှေကားအတိုင်း ဆင်းသွားပြီး ဘယ်ဘက်ကို ကွေ့လိုက်၏။ ဘယ်ဘက်တွင် မီးရထား ပါဆယ်ဌာနဝင်းရှိနေ၏။ မီးရထား ပါဆယ်ဌာနဝင်းအတွင်း ဤခုံးကျော်တံတားနှင့် ကပ်လျက်နေရာတွင် ညောင်ပင်ငယ်တစ်ပင် ပေါက်နေ၏။ ထိုညောင်ပင်ရင်းတွင်ကား ပလတ်စတစ်ကို ခင်းကာအိပ်နေသော ရောဂါသည် အမျိုးသားတစ်ဦးရှိသည်။ ထိုအမျိုးသား၏ ညာဘက်လက်သည် လက်ကောက်ဝတ်မှ ပြတ်နေသည်။ အမေဖြစ်သူ ထိုအမျိုးသမီးထက် ဤအမျိုးသား၏ ရောဂါအခြေအနေက ပိုဆိုး၏။ ထိုအမျိုးသား၏ ပြတ်နေသောတံတောင်ဆစ်နားတွင်ကား လက်ပတ်နာရီတစ်လုံးပတ်ထား၏။ ထိုအမျိုးသားသည် ဤအမျိုးသမီး၏ယောကျ်ားဖြစ်ဟန်တူ၏။ ထိုရောဂါသည် ယောကျ်ားသည် မှောက်လျက်အိပ်နေရာမှ ထကာ သားဖြစ်သူယူလာသော ငွေစများကို ရေတွက်ပြီး သူ့မိန်းမထံသို့ မော့၍ကြည့်လိုက်ပါ၏။ ကျွန်တော်ရပ်နေသော နေရာမှကား ထိုလူကို အပေါ်မှစီး၍ ကောင်းကောင်းမြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ထိုမိသားစုကို ကြည့်နေရင်းမှ ဤမိသား တွင်လည်း ကလေးသုံးယောက်၊ ကျွန်တော်တို့ မိသားစုတွင်လည် ကလေးသုံးယောက်ရှိသည်ကို သတိရလာမိ၏။ ထိုသို့ သတိရစဉ်မှာပင် ကျွန်တော်သည် ကျွန်တော့် ညာဘက်လက်ကောက်ဝတ် နေရာ ကျွန်တော်ပြန်စမ်းကြည့်လိုက်မိ၏။ တော်ပါသေး၏။ ကျွန်တော် ညာဘက်လက်ကောက်ဝတ်တွင် နာရီလည်းမရှိ။ လက်ကောက်ဝတ် နေရာသည်လည်း ပြတ်နေခြင်းမရှိ။ ထိုမိသားစု၏ကလေးများသည် ပေရေနေသော်လည်း ကလေးငယ်တို့၏ ရုပ်ရည်မှာမဆိုးလှပါ။ နို့ ကလေးမှအပ ကျန်ကလေးနှစ်ယောက်သည် အာဟာရချို့တဲ့ကြ ရှိ၏။

ကျွန်တော်သည် တံတားအတိုင်း ဆက်၍လျှောက်လာ၏ တောင်းစားသူ သုံးလေးဦးကို ထပ်တွေ့သေးသည်။ ယင်းတို့ကတော့ တစ်ကိုယ်တော် တောင်းစားသူများ ဖြစ်၏။

ထိုအထဲတွင် အဘွားတစ်ယောက်ကတော့ လေးဘက်ထော ကာ ခေါင်းကိုငုံ့လျက် တောင်ဝှေးတစ်ချောင်းကို သူ၏ ငယ်ထိပ်တည့် တည့်တွင် ထောင်၍ကိုင်ထားပြီး ဖန်ခါးသီးလုံးခန့် ဆံပင်အလုံးဖြ ခေါင်းရောကိုယ်ပါလှုပ်ရင်း တောင်းနေသည်။

ခုံးကျော်တံတားပေါ်တွင်ကား လူသွားလူလာက ရှုပ်သည် သွားသူလာသူများသာမက ဈေးရောင်းသူများလည်း ရှိ၏။ ဆင်ခြေ



လက်ဝှပ်ရောင်းသူ၊ သပျစ်သီးရောင်းသူ၊ အကြော်ရောင်းသူ၊ သစ္စာပန်း ဥရောင်းသူ၊ ထန်းရွက်တောင်း၊ ထန်းကြောဖာ စသည်ဖြင့် ဈေးသည်က လည်း စုံသည်။ ယုန်၊ ကြက်တူရွေးနှင့် သာလိကာရောင်းသူများလည်း ရှိသည်။

လျှောက်လာရင်း ကျွန်တော့်ရှေ့တွင် ခပ်ရွယ်ရွယ် အမျိုးသား လေးတစ်ဦးနှင့် အမျိုးသမီးလေးတစ်ဦးတို့က အထုပ်မလေးငါးထုပ်ကို မနိုင့်တနိုင်သယ်လာ၏။ သူတို့နှစ်ယောက်နှင့် အထုပ်များကလည်း လမ်းပြည့်နေသည်။ ကျွန်တော့်ဘေးမှ အမျိုးသမီးက သံသေတ္တာကြီးကို မနိုင့်တနိုင်နှင့် ရွက်လာရာ ခြေထောက်ပေါ်ကျပါက သက်သာမည် မဟုတ်သဖြင့် သူ့နောက်မှ အနည်းငယ်ခွာ၍လိုက်ရ၏။ ဒီလိုပင် တိုးရင်းရှောင်ရင်းဖြင့် ခုံးကျော်အတိုင်း လျှောက်လာရင်း အဆင်းတွင် တော့ တောင်းစားသူ လူကြီးတစ်ဦးကို ထပ်တွေ့သည်။ သူလည်း ရောဂါ သည်တစ်ဦးဖြစ်သည်။ သူကတော့ သူများလိုအသနားခံပြီး တောင်းနေ ခြင်းမဟုတ်။ ခရီးသွားတို့အား "တစ်မတ်ငါးမူးလောက် ပေးခဲ့ပါဗျာ၊ အစ်ကိုကြီး ပေးခဲ့လေ၊ ငတ်လွန်းလို့တောင်းနေတာပါဗျာ၊ ငတ်လွန်းလို့ တောင်း တာပါဗျ" ဟု စိတ်မရှည်ဟန်နှင့် တောင်းနေ၏။

မြန်မာလူမျိုးက ထူးဆန်းသည်။ ထိုသို့အပြစ်တင်၍ တောင်း နေသည့်တိုင် တစ်ကျပ်ငါးမူး ပေးသူများကမရှား။ ထိုလူကြီးကို ကျွန်တော်သည် မျက်စောင်းထိုးကြည့်ရင်း လှေကားအတိုင်း ဆက်၍

www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာ၏။ အဆင်းအကွေ့က ပို၍ညစ်ပတ်သည်။ ဤတံတားသည် မလွှဲသာဘဲ ဖြတ်လမ်းကျလွန်း၍သာ အသုံးပြုရသည်။ ရောဂါသည်များ၊ ငေါက်ငမ်းတောင်းနေကြသူများ၊ လမ်းသရဲလို လူငယ်များနှင့် ဖြတ်ကျော်ချင်စရာမရှိ။

ကျွန်တော် ထိုတံတားပေါ်က ဆင်းလိုက်သောအခါ ထူးထူးခြားခြား ခြေတစ်ချောင်းသာရှိသည့် ဒေါသထွက်နေသော လူရွယ်တစ်ယောက်ကို တွေ့ရ၏။ ခြေတစ်ဘက်သာရှိသော်လည်း ထိုသူငယ်သည် ချိုင်းထောက်ကို မသုံး။ သူက ခြေတစ်ဘက်တည်းဖြင့် ခုန်၍ခုန်၍ သွား၏။ ထိုခြေထောက်တစ်ဘက်နှင့် လူရွယ်ကို အခြားလူငယ်တစ်ယောက်က မိမိပိုက်ဆံကို သူ့ဘေးမှ လူနှစ်ယောက်က ဗိုလ်ကျ၍ ယူထားကြောင်း ပြောပြနေ၏။ ထိုလူရွယ်မှာ ခြေတစ်ချောင်းမရှိသော်လည်း သန်သန်မာမာရှိသည်။

ထို့ကြောင့် ခြေတစ်ချောင်းနှင့်လူရွယ်က အတိုင်ခံရသော အခြားလူငယ်နှစ်ယောက်အနက်မှ တစ်ယောက်၏ အင်္ကျီကိုဆွဲကာ "မင်း ဘာလုပ်တာလဲ၊ ဒီလိုမတရားမလုပ်နဲ့ ခုပေးလိုက်" ဟု ပြော၏။

အပြောခံရသောလူငယ်က ဘာမှ ပြန်မပြောသော်လည်း ပိုက်ဆံကိုကား ပြန်မပေး။



ထိုအချိန်တွင် ခြေတစ်ချောင်းနှင့်လူငယ်ကို အသားညိုညို အမျိုးသမီးတစ်ယောက်က "လာပါ၊ ကိုယ့်ကိစ္စလဲမဟုတ်ဘူး၊ သူတို့ဟာ သူတို့ကိစ္စပဲ၊ မပါပါနဲ့"ဟုဆိုကာ အတင်းဆွဲခေါ်၏။ ခြေတစ်ချောင်းနှင့် လူရွယ်က "ဒီအနားမှာ ဗိုလ်ကျလို့မရဘူး" ဟုဆိုကာ အမျိုးသမီးကို ကြည့်ဘဲ နောက်ပြန်တွန်းပစ်လိုက်သည်။ သူသည် ခြေတစ်ချောင်းဖြင့် ဆပ်ခုန်လိုက်ကာ အခြားရပ်နေသောလူငယ်၏ အင်္ကျီစကိုပါ ဆောင့်ဆွဲလိုက်ပြန်၏။

ထိုလူငယ်နှစ်ဦးစလုံးက ဘာမျှ ပြန်မလုပ်ကြ။ တစ်ဦးက ဆေးလိုက်ပါကွာ ဟူသောသဘောနှင့် အခြားလူငယ်တစ်ဦးကို ကြည့်လိုက်၏။ အခြားလူငယ်က "ဒီပိုက်ဆံက ကျွန်တော်တို့အလုပ်ကို သူဝင်လုပ်လို့ ရတဲ့ပိုက်ဆံဗျ" ဟု မကျေမနပ်နှင့် ပြောသေး၏။

ထိုအခါ ခြေတစ်ချောင်းနှင့် လူရွယ်က "ဒါဖြင့် တစ်ဝက်ပေးလိုက်၊ ပေးမလား၊ မပေးဘူးလား၊ အဲဒီထဲမှာ သူ့လုပ်အားလဲ ပါတယ်" ဟုဆိုကာ သူ့အင်္ကျီအိတ်ထဲသို့ လက်ကိုထည့်လိုက်သည်။ ထိုအခါ လူငယ်နှစ်ဦးအနက်မှ တစ်ဦးသည် လက်ထဲတွင်ရှိသော ပိုက်ဆံထဲမှ တစ်ဝက်လောက်ကို ပထမလူငယ်အား ပေးလိုက်ခြင်းဖြင့် ပွဲပြီးသွားသည်။

ခြေတစ်ချောင်းသာရှိသော လူရွယ်၏ သြဇာရှိမှု၊ ထိုလူငယ်၏ ဒေါသနှင့် အမှန်တရားအတွက် ဘက်လိုက် ဆောင်ရွက်မှုတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကြည့်ရင်း အံ့ဩနေမိ၏။ အကယ်၍ ထိုလူရွယ်သည် ခြေ
ချောင်းအပြည့်အစုံနှင့် ဆိုပါက အံ့ဩစရာမရှိ။ ယခုတော့ ချိုင်းထောက်
ကိုမသုံးဘဲ ခြေတစ်ချောင်းနှင့် လူငယ်က ပြဿနာကိုရှင်းသည်
အံ့ဩစရာဖြစ်သည်။

ကျွန်တော်သည် နတ်ကရာ ကြည့်မောနေရာမှ အချိန်သိပ်
မှန်းသိ၍ ခပ်သုတ်သုတ် လျှောက်လာရ၏။ တရုတ်တန်းဈေးအတွင်
ကား အရောင်းဆိုင်များ၊ ဈေးဝယ်များ၊ ဖြတ်သွားဖြတ်လာများဖြ
တိုးမပေါက်အောင် ရှိ၏။ မန္တလေးတရုတ်တန်း၌ ပစ္စည်းကလည်
စုံသည်။ တရုတ်လုပ် ပစ္စည်းအမျိုးမျိုး၊ အိန္ဒိယမှလာသောပစ္စည်း၊ ထိုင်
နှင့်ရန်ကုန်မှ လာသောပစ္စည်းများ စသည်ဖြင့် လိုရာရနိုင်၏။ ဤဈေး
တွင် အထူးသဖြင့် တရုတ်ပစ္စည်းစုံသည်။ တရုတ်ပစ္စည်းများ
အခြားနေရာများထက် ပို၍ဈေးချိုဟန်ရှိ၏။ တရုတ်အဝတ်အထည်
များ၊ တရုတ်ကြွေပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ တရုတ်အရက်အမျိုး
မျိုး၊ ဓာတ်ဘူးနှင့် အခြား တရုတ်လူသုံးကုန်ပစ္စည်းများကို လိုသလိုရနိုင်
၏။ နယ်စပ်ကုန်သွယ်ရေးမှ ဝင်လာသောပစ္စည်းများဖြစ်သည်။ ဤဈေး
တွင် မန္တလေးဖြစ် ဖိနပ်များ၊ သိုးမွေးပဝါ၊ သနပ်ခါး၊ ဆေးမြစ်အမျိုးမျိုး
ယောကျ်ားဝတ်လုံချည်များ၊ ထိုးမုန့်နှင့် ထီဆိုင်များပါရှိ၏။ ထို့ပြ
စားစရာများ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များနှင့် ငါးခြောက်
အမဲခြောက်မှအစ အစုံရ၏။



ကျွန်တော်သည် တိုးရင်းဝှေ့ရင်းဖြင့် ထိုဈေးမှမနည်းထွက်
ရ၏။ ထိုဈေးမှထွက်တော့ ၂၉– လမ်းပေါ်တွင်ကား ဆိုက်ကားများက
တန်းစီ၍ စောင့်နေ၏။ ဆိုက်ကားအစီး ကိုးဆယ် တစ်ရာရှိမည်ဟု
မှန်းဆရ၏။ အလှည့်ကျထွက်ရန် တန်းစီစောင့်နေသော ထိုနေရာမှ
ဆိုက်ကားကိုမငှားဘဲ လမ်း ၃၀– ကိုဖြတ်ပြီးမှ မျက်နှာချင်းဆိုင်မှလာ
သော ဆိုက်ကားတစ်စီးကို ငှား၏။

ဆိုက်ကားပေါ်ရောက်တော့ ရုပ်သေးဝါသနာရှင် ဒေါက်တာ
တင်မောင်ကြည်နှင့် ဆရာပေါ်ဦးသက်တို့ ဤနားတွင်နေသည်ကို
သတိရ၏။ သို့သော်လည်း အချိန်မရှိတော့သဖြင့် နောက်နေ့မှဝင်လည်
တော့မည်ဟု ဆုံးဖြတ်ကာ ဈေးချိုဘက်သို့ ဆက်၍ လာခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## စောင့်နေသော စစ်ကိုင်းမင်းအောင်

ကျွန်တော်သည် လမ်း၃၀-တစ်လျှောက် ဆိုက်ကားစီးလာရင်း တွေ့ရသူများ၊ မြင်းလှည်းသမားများနှင့် ထမင်းဆိုင်တွင် တွေ့ရသော ခရီးသွားများ၊ ထိုအထဲတွင်မှ မမြဝေ၊ ဘူတာအတွင်းမှ ထွက်လာသော ခရီးသည်များ၊ ခရီးသွားရင်း ခြေသလုံးကိုက်နေသည့် မိန်းကလေး၊ ပတ္တမြား ဦးမိုးကြီး၊ မန္တလေးဘူတာ အထက်တန်းပေါက်မှ လက်မှတ် တိုးနေသည့် လက်မှတ်ဝယ်ချင်နေသူများ၊ လက်မှတ်ရောင်းသည့် ဝက်ခြံထဲမှ လက်မှတ်ရောင်းများ၊ ဘူတာထဲမှ ထွက်လာသည့် ဖြူဖြူ သန့်သန့် အဘွား၊ မြေးနှင့် မြစ်ဖြစ်သူ၊ ဘူတာရုံတစ်ဝိုက်မှ ကားသမား များ၊ လာကြိုနေကြသူများ၊ ဈေးရောင်းဈေးဝယ်များ၊ ဂိတ်ကြား ကောက်ခံနေသူများ၊ သုံးဘီးကားသမားများ၊ ဘူတာအဝင် ခုံးကျော်

www.burmeseclassic.com

www.burmeseclassic.com



တံတားမှ အထွက်တွင် တွေ့ရသော ရောဂါသည်အဘွားနှင့် ရောဂါသည် မိသားစု၊ ထိုတံတားနှင့်အပြည့်ရှိနေသော ခရီးသွားများ၊ ယင်းတံတားပေါ်မှ ယုန်၊ ကြက်တူရွေးနှင့် သာလိကာရောင်းနေသော မိန်းကလေး၊ တံတားပေါ်မှကြည့်လျှင် မြင်နိုင်သော မီးရထားဝင်း အတွင်းမှ ရထားအမှုထမ်းများ၊ ခုံးအဆင်းမှ ခြေတစ်ချောင်းပြတ် နေသည့် လူရွယ်နှင့် အခြားလူငယ် သုံးဦး၊ တရုတ်တန်းဈေးအတွင်းမှ ဈေးရောင်းဈေးဝယ်များ၊ သစ်သီးရောင်းနေသူများ၊ ဆိုက်ကားဆရာ များ၊ ထိုသူအားလုံးသည် မိမိတို့ကိုယ်တိုင် သိသည်ဖြစ်စေ၊ မသိသည် ဖြစ်စေ ဇရာခရီးကို လျှောက်နေကြသူများဖြစ်၏။ ဇရာခရီး နေပူပူတွင် မန္တလေးနွေကလည်း ပူလှ၏။ နေပူတွင် လေတိုက်တိုင်း လွင့်နေသော ဖုန်ထု၊ ဖုန်ထဲတွင်ပါလာသော မြင်းချေးအမှုန့်များက လေတိုက်တိုင်း နှာခေါင်းတွင်းသို့ စွတ်ဝင်လာသည်က ရှောင်ရခက်၏။

၂၉– လမ်းတစ်လျှောက်တွင် လူတို့သည် ပူလောင်ခြစ်တောက် နေသော ဘဝ နေပူထဲတွင် ဇရာဟူသော ဝန်ထုပ်ဝန်ပိုးကိုထမ်းကာ သေမင်းရှိရာသို့ လျှောက်လှမ်းနေကြ၏။ လူများသည် ဇရာကိုထမ်း၍ သေမင်းရှိရာသို့ လျှောက်နေကြသည်ဟု ဆိုသော်လည်း တကယ်တော့ ထိုသူများသည် မိမိတို့ကို မိမိတို့ သေမင်းရှိရာသို့ လျှောက်နေကြသည် ဟု မည်သူကမှ မထင်။ သူတို့သည် မိမိတို့ သွားလိုရာခရီးသို့သာ သွား နေကြသည်ဟူ၍ ထင်နေကြ၏။ ကျွန်တော်သည်ပင် ကျွန်တော်သည် ဇရာကိုထမ်း၍ သေမင်းထံ သွားနေခြင်းဟု ကျွန်တော့်ကိုယ် ကျွန်တော်



ယူဆ။ ကျွန်တော်က ဦးမင်းအောင်နှင့် ချိန်းထားရာ ပိုက်ကျုံးရပ်သို့ သွားနေ သည်ဟု ထင်မှတ်နေ၏။

အမှန်စင်စစ်တော့ သတ္တဝါအားလုံးအပေါ် ဇရာသည် ခွစီး၍ သေရွာသို့ ကြိမ်တို့၍ မောင်းနှင်နေခြင်းဖြစ်၏။ ဇရာတရားက ထိုသို့ ခွစီးထားထားသော်လည်း လူအားလုံးသည် အစီးခံနေရမှန်း မသိကြ။ သူအများသည် မိမိတို့အချင်းချင်း စကားတစ်လုံးမျှပင် အတင်အစီး ခံချင်ကြသော်လည်း ဇရာ၏ခွစီးမှုကိုကား အသက်ထက်ဆုံး ခံနေကြ ၏။ ထိုသူအားလုံးကို သင်တို့သည် သေရွာသို့ သွားနေသူများ ဖြစ်သည်ဟု သတိပေးလျှင်ပင် သူတို့သည် သင့်အား စိတ်ဆိုးကြမည် ဖြစ်၏။ သူတို့ကတော့ မိမိတို့သည် မိမိတို့ဆန္ဒရှိရာ ခနီးမယား၊ သမီးသားနှင့် စီးပွားဖြစ်ရာဒေသ၊ ရာထူးတက်မည့်အရပ်၊ အာဏာရ မည့်အရပ်ဆီသို့သာ လျှောက်လှမ်းနေကြသည်ဟု ထင်နေကြ၏။

ယခုတော့ သွားကြပေဦးတော့။ ထိုသို့သွားနေကြသူများသည် အရပ်ကြီးပေါ်လာမှသာ မိမိဇက်ပေါ်၌ ခွစီးထားသော အိုခြင်းတရားကို သတိထားမိကြမည်ဖြစ်၏။

ဇရာသည် တင်ပြခဲ့သည့်အတိုင်း ခန္ဓာစတင်ဖြစ်တည်လာစ ကပင် ခန္ဓာတွင် ဖွားဘက်တော်အဖြစ် ပါလာ၏။ ဇရာသည် တစ်ချိန် သုံး ဤခန္ဓာတွင် တစ်ဖဝါးမခွာ အမြဲထက်ကြပ် ပူးကပ်၍နေ၏။ ခန္ဓာသည် တကယ်တော့ ဇရာတရား၏ စားအိမ်သောက်အိမ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဇရာတရားသည် ခန္ဓာအား ဘယ်သောအခါတွင်မှ ကောင်းကျိုး မပေး။ ရန်ကုန်မှ ထွက်လာသော အချိန်မှန်ရထားကို မောင်းနှင်သူ ရထားမောင်းသမားသည် ခရီးတစ်လျှောက် ခရီးဆုံးဖြစ်သော မန္တလေးမြို့သို့ အာရုံပြုပြီး ဦးတည်၍မောင်းနှင်သကဲ့သို့ ဇရာတရားသည်လည်း ဤခန္ဓာကို အိုမင်းရင့်ရော်ခြင်းဆီသို့သာ ခတ်ဆီ၊ စက်ဆီအပြည့် ထည့်၍ တစ်သမတ်တည်း မောင်းနေ၏။ ဇရာတရားသည် ခန္ဓာကိုယ်ကို အိုမင်းရင့်ရော်မှုဆီသို့ တွန်းပို့ရေးတစ်ခုတည်းကိုသာ ရည်ရွယ်ချက်အဖြစ် ထားရှိသည်မဟုတ်။ သေမင်း၏လက်သို့ ဝကွက်၍ အပ်ရန် အတွက်ကိုလည်း အဖိုးသားနား တစ်စုံတစ်ရာမယူဘဲ ထိုလုပ်ငန်းကို အခမဲ့တာဝန်ယူ၍ ထားသေး၏။

ဇရာတရား နေ့စဉ်ထမ်းဆောင်နေသော တာဝန်များကား–

- ဤခန္ဓာအလှပျက် အရုပ်ဆိုးစေရုံသာမက ဇရာသည် ဤခန္ဓာကို အကျည်းတန်၍ ဇရာသရုပ်အိုရုပ်ပေါက်အောင် အမြဲလုပ် ဆောင်နေ၏။
- ထို့ပြင် သူ၏မိတ်ဆွေ နာခြင်းတရားဗျာဓိက နှိပ်စက်လို နှိပ်စက်လိုလျှင်လည်း ကြိုက်သလိုနှိပ်စက်နိုင်စေရန် စီစဉ် ထား၏။
- ထို့ပြင် ဇရာသည် ဤခန္ဓာကို သေမင်းလက်သို့ ဝကွက်၍ အပ်ရန် တာဝန်ကိုလည်း ဝမ်းပန်းတသာ ယူထား၏။



ခန္ဓာဆိုသည်ကလည်း ဇရာတရားက ခတ်ဆရာသဖွယ် ပြုသမျှအားလုံးကို ခေါင်းငုံ့ခံသူဖြစ်၏။ ဇရာတရားက အိုဆိုလျှင်အို၏။ နာဆိုလျှင်နာ၏။ သေမင်းထံသွားဟု ဆိုပါကလည်း အမိန့်အတိုင်း တစ်သဝေမတိမ်းသွားသည်။ တကယ်တော့ ဤခန္ဓာသည် ကျွန်တော်တို့အတွက် ဘာကိုမှမငဲ့ကွက်၊ ခန္ဓာသည် ကျွန်တော်တို့အတွက် ဘာမှအသုံးမကျ။ သို့သော် ဤအသုံးမကျသည့်ခန္ဓာအပေါ် ကျွန်တော်တို့သည် အလွန်မှအတွယ်အတာကြီးကြ၏။ ကျွန်တော်တို့သည် ဤခန္ဓာအတွက် ဒေါသထွက်ခဲ့ရသည်က အမော။ မောဟဖြစ်ခဲ့ရသည်က တစ်ရုံမလပ်။ အထပ်ထပ်ဆင်းရဲခဲ့ရသည်က ပြောမကုန်။ ခန္ဓာ၏အလိုကို လိုက်ကာ အတောမသတ် ဖြည့်ဆည်းနေရသည်တို့ကလည်း အဆုံးအစမရှိ။ ခန္ဓာက အချိုကို အလိုရှိသည်ဆိုပါက အချို။ အပူဟုဆိုပါက အအေးကိုဖယ်။ မွှေးသောအနံ့လေးကို ကြိုက်လျှင်လည်း ထိုနောက် လိုက်ရသည်ကအမော။ သာယာသောအသံလေးကို ကြားလိုလျှင်လည်း သာယာချိုမြသော တေးကဗျာကို ဖွဲ့နွဲ့ကာ ခန္ဓာအလိုကျ မျိုးစုံအောင် အလိုလိုက်ကြရ၏။ နုနုညံ့ညံ့လေးမှ ထိလိုလျှင် ထိနိုင်ဖို့၊ လှလှပပလေး မြင်လိုလျှင် မြင်နိုင်ဖို့ ကာမဂုဏ်အာရုံခြောက်ပါးကို ဤခန္ဓာအတွက် အမြဲမပြတ် ဆက်ကပ်ပေးသွင်းနေရသည်မှာ ကျွန်တော်တို့အတွက် တစ်ရုံတစ်ခါမျှ အားလပ်သည်ဟူ၍မရှိ။

ကျွန်တော်တို့က ခန္ဓာအလိုကျ ကာမဂုဏ်အာရုံအဝဝကို အဆက်မပြတ် ပေးအပ်နေပါသော်လည်း ဤခန္ဓာသည် ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



အလိုကိုမလိုက်။ ကျွန်တော်တို့၏အကြိုက်ကိုမဆောင်။ ကျွန်တော်တို့၏ ဆန္ဒများကို ဖယ်ကြဉ်ကာ ဇရာအလိုကျ ထိုင်ဆိုလျှင်ထိုင်၊ ထဆိုလျှင် ထနှင့် အရုပ်ဆိုးအကျည်းတန်သောဘဝကို မင်းသမီးချော ဒေါ်ချိုပြုံး ပြောဆိုခဲ့သည့်အတိုင်း မိမိတို့ကအလိုမတူဘဲ အဝါးအမျိုခံနေကြရ၏။ ဗျာဓိက နာစေလိုလျှင် ခန္ဓာသည် နာပြ၏။ မရဏ တရားက လာခဲ့ဟု ဆိုလျှင်လည်း မဆိုင်းမတွ သွားရ၏။

လူအများအားလုံးသည် ဤခန္ဓာအလိုကိုလိုက်၍ အကြိုက် ဆောင်နေကြရသူများသာ ဖြစ်၏။ ခန္ဓာအတွက် လူလူချင်း သတ်လို သတ်၊ လူနှင့်လူချင်း မုန်းလိုမုန်း၊ လူနှင့်လူချင်း မနာလိုမှု၊ ဝန်တိုမှုတို့က ခန္ဓာ၏အလိုကိုလိုက်၍ ဖြစ်ပေါ်လာရခြင်းဖြစ်၏။ တကယ်တော့ ကျွန်တော်တို့သည် ခန္ဓာ၏အလိုကိုလိုက်၍ အကြိုက်ဆောင်နေကြသော လူမိုက်ကြီးများသာဖြစ်၏။

ဤခန္ဓာအား အာရုံခြောက်ပါးနှင့် ပူဇော်ရန် လောဘနောက်သို့ တကောက်ကောက် လိုက်သူလိုက်၊ လောဘဇောတိုက်၍ ငွေရှာသူကရှာ၊ လာဘ်လာဘ တံစိုးလက်ဆောင်ကို စားသူကစား၊ တရားခွင်တွင် ငွေသားမပါရင်ဖြင့် အမှန်ကိုအမှားလုပ်သူက လုပ်၊ အခွင့်အာဏာရှိသူ၏နောက်သို့ လေးဘက်ထောက်သွားသူများက သွား၊ သူများကြီးပွားသည်ကို မနာလို ဝန်တိုကြသည်ကတစ်မျိုး၊ ထင်ပေါ်ချင်သူတို့က အများအပြား၊ ဘဝဆိုတာ "သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏပွက်သည့်



...ပွက်ပမာ၊ တစ်ခဏသာတည်း" ဟူသောစကား ရှိသော်လည်း ...တကယ်တော့ ထိုစကားကို ဘယ်သူမှ ဆင်ခြင်ကြသည် မဟုတ်။

ကျွန်တော်သည်လည်း ဤပုတ်ထဲက ဤပဲဖြစ်၏။ ဤ ...ဘောင်းထဲက ဤကြက်ဖြစ်၏။ ခင်ဗျား စာလေးက ကောင်းလိုက်တာ ...ပြောသံကို ကြားချင်၏။ ခင်ဗျားက အတော်သဘောကောင်းတာပဲ ...တဲ့တိုးကြီးဆိုလျှင် နားဝင်ချို၏။ ခင်ဗျားစိတ်က မဟုတ်မခံဟု ...ကာ မြှောက်ပေးလျှင် အဟုတ်ကြီးမှတ်၍ သူများအတွက် ဒေါသပင် ...က်ပြလိုက်သေး၏။ ကိုယ့်စာအုပ်ကလေး ရောင်းရလျှင် ပျော်၏။ ...သူက ကိုယ့်ထက်သာလျှင် မနာလိုစိတ်တွေက တဖွားဖွားပေါ်၏။

စေ့စေ့တွေးတော့ ရေးရေးပေါ် ဆိုသည့်အတိုင်း စေ့စေ့တွေးခါ ...ခန္ဓာရှိသမျှ ဒုက္ခဟူသော အချက်အတွက် ကျွန်တော်တို့သည် ရေးရေး ...သာ ပေါ်၏။ ရေးရေးပေါ်သော်လည်း လက်တွေ့တွင် ဘေးချော်၍ ...လုပ်နေသည်ကများ၏။ ဤခန္ဓာသည် ငါ့ဟာမဟုတ်ဟု ဘယ်သူကမှ ...မှတ်ထင်ကြ။

ထိုစဉ်မှ ဆိုက်ကားဆရာက "ဆရာ ဈေးချိုကို ဘယ်အပေါက် ...က ဝင်မလဲ" ဟု မေး၏။ ကျွန်တော်သည် အတွေးကိုရပ်ကာ "အလယ် ...ပေါက်" ဟုပြောရင်း ပတ်ဝန်းကျင်ကို ကြည့်မိသည်။ ကျွန်တော်တို့ သည် ၈၃- လမ်းထိပ်သို့ ရောက်နေပြီ ဖြစ်၏။ ဆိုက်ကားဆရာက ...သပြာငါးကျပ်ရဖို့အရေး ချွေးတစိုစိုနှင့် အားစိုက်၍ နင်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ဘူတာမှ ဈေးချိုလမ်းသည် အဆင်းများသောကြော လျှောချရသည့်နေရာလေးများ ရှိနေသဖြင့် တော်သေး၏။ ဈေးချ အလယ်ထိပ်နှင့် တည့်နေသော၂၇–လမ်းတစ်ဝိုက်ကလည်း လူစည်ကာ သည်။ ဆိုက်ကားဆရာကလည်း ဆက်၍ သွားခွင့်မရှိသည့်နေရာ လွန်သည်အထိ ကျွန်တော့်ကို လိုက်ပို့ပေး၏။

ကျွန်တော်လည်း ဆိုက်ကားခပေး၍ ဆိုက်ကားဆရာ နှုတ်ဆက်ပြီး ဆက်လျှောက်လာရာ ၈၄– လမ်းမကြီးပေါ်သို့ ရောက်လာ ၏။ ထိုနေရာတစ်ဝိုက်ကား မန္တလေး၏ အဓိကျသောနေရာ ဖြစ်၏။ မြို့အလယ်ခေါင် ဈေးအလယ်ဖြစ်သည့် ၈၄– လမ်းမကြီးကို ဖြတ် ဈေးရုံများကို ကျော်ကာ ၂၆– ဘီ လမ်းမပေါ်ရှိ ရွှေတစ်ချောင်းထိပ်သို့ ရောက်သည့်တိုင် ကျွန်တော်သည် ခပ်သုတ်သုတ် လျှောက်လာမိ၏။

မန္တလေး ဈေးချိုရုံများအတွင်း၌ကား နေ့ခင်းကြောင်တောင်မို့ လားမသိ။ လူအတော်ရှင်း၏။ လူရှင်းသဖြင့် သွားရလွယ်သည်။ သို့သော် ဈေးရုံအပြင်တန်းကား လူစည်ကား၏။

ရွှေတစ်ချောင်းနာရှိ ဈေးချိုအရန်မီးသတ်ရှိရာတစ်ဝိုက်သည် အတော်လေး ညစ်ပတ်ပေရေသော နေရာဖြစ်သည်။ ညစ်ပတ်ပေရေ သာမက လူသွားလူလာလည်း ရှုပ်သည်။ ကျွန်တော်သည် ထိုလမ်း တောင်ဘက် ပလက်ဖောင်းသို့ ကြည့်လိုက်ရာ လီရှိုကျန် တရုတ်ဆေး ဝါးအရောင်းဆိုင်ကို တွေ့သဖြင့် ခဏရပ်ကြည့်နေမိ၏။ ပိုက်ကျုံးသွား

...န် ဘာစီးရမည်မသိသောကြောင့် အနီးရှိစာအုပ်အဟောင်းဆိုင်လေး ...စ်ခုကို ဝင်၍မေးရ၏။ စာအုပ်ဆိုင်ဝင်မိတော့ စာအုပ်အဟောင်းလေး ...းတွေ့သဖြင့် လှန်ကြည့်မိသေးသည်။ ပြီးမှ ဆိုင်ရှင်ညွှန်ပြရာ သိပ် ...ဝေးသည့်နေရာမှာ ရပ်ထားသော မြင်းလှည်းဆီသို့ လျှောက်သွားရ သည်။ မြင်းလှည်းမှာ လူမပြည့်သဖြင့် လူစောင့်နေသော လှည်းဖြစ်၏။ ကျွန်တော်က လိုသောလူအတွက် ပိုက်ဆံစိုက်ပေးပါမည်ဟုဆိုမှ ထွက် သည်။ မြင်းလှည်းတွင် လူနှစ်ယောက်လိုနေသေး၍ ကျွန်တော်က သုံးယောက်စာအတွက် ပေးရ၏။

မြင်းလှည်းထွက်လာ၍ မြင်းကို ကြည့်လိုက်မှ မြင်းမက ...နှိပ်န်၊ တင်ပါးဆုံထိပ်တွင်ကား အနာကြီးက ကြည့်မကောင်း၊ ကျွန်တော်က မြင်းလှည်းဆရာကို ဒီအနာပျောက်တော့မှ ဒီမြင်းကို သုံးဖို့ကောင်းသည်ဟု ပြောမိ၏။ ဤအချက်သည် ပြောဖို့ရန် မလို။ မြင်းရှင်ဖြစ်သူက သိပြီး ဖြစ်၏။ ကျွန်တော်ပြောသောအချက်ကို မြင်းလှည်းဆရာက ဆင်ခြေမတက်ဘဲ ကျွန်တော့်ကို အေးတိအေးစက် ဖြင့် ကြည့်နေ၏။ ထိုအခါမှပင် သူလည်း မလွဲသာ၍ ထွက်လာရခြင်း ဖြစ်သည် ဟူသောအချက်ကို ရိပ်စားမိပါ၏။

ကျွန်တော်က ထိုကိစ္စကို စကားမဆက်တော့။ သူကလည်း ဆက်မပြော။ ၂၆– ဘီလမ်းမကြီးပေါ်တွင်ကား ယခင်က ရွှေမီးခွက် ဘီစကွတ်လုပ်ငန်းမှ မတာဆိုသောအသိတစ်ယောက် ရှိဖူး၏။ ထိုအသိ

www.burmeseclassic.com

www.burmeseclassic.com



ထံ ကျွန်တော်မရောက်သည်က အနှစ်နှစ်ဆယ်၊ အစိတ်ခန့်ရှိပြီ ဖြစ်၏။ ကျွန်တော်သည် ၂၆– ဘီလမ်းတစ်လျှောက်တွင် ရွှေဇီးကွက်မုန့်တိုက်ကို သတိထား၍တော့ ကြည့်သေး၏။ သို့သော် မတွေ့။ နောက်တစ်ခါ အချိန်ရရင်တော့ ရွှေဇီးကွက်မုန့်တိုက်ကို လာရှာဦးမည်ဟု စိတ်ထဲ… လိုက်မိ၏။

၂၆– ဘီ လမ်းမကြီးတစ်လျှောက်တွင် ဆိုက်ကား၊ မြင်းလှည်း… စက်ဘီး စသည်တို့အပြင် ကုန်တင်ကားများလည်း ရှိနေ၏။ ကုန်တင်… ကားကြီးများက မြေပဲပေါ်ချိန်မို့ မြေပဲအိတ်များဖြင့် အပြည့်ဖြစ်၏။ မြေပဲရောင်းဝယ်ရေး လက်ကားနေရာကြီးတစ်ခုဖြစ်ရာ ဤနေရာသည်… မြေပဲအိတ်များ က တောင်ပုံရာပုံဖြစ်နေ၏။

မြင်းပိန်မ ဆွဲလာသော ကျွန်တော်တို့ မြင်းလှည်းသည် ပွဲရုံ… လမ်း၊ ချမ်းသာကြီးဘုရားသွားရာလမ်းများကို ကျော်လာခဲ့၏။

ပိုက်ကျုံးထိပ်ရောက်ခါနီးတွင်တော့ သစ်ဆိုင်များကို တွေ့ရ… သည်။ ထိုမှဆက်သွားသောအခါ မာလာနွယ်ဈေး၊ ရွှေခေါင်းလော… လက်ဖက်ရည်ဆိုင် စသည်တို့ရှိ၏။ ထိုနေရာအရောက်တွင်တော့… ကျွန်တော်သည် မြင်းလှည်းပေါ်မှ ဆင်းနေခဲ့၏။ မြင်းလှည်းက ဂေါ်… ဆိပ်အထိ ဆက်သွားမည်ဟု ဆိုသည်။

ပိုက်ကျုံးရပ်ကား မည်မျှကျယ်ဝန်းသည်မသိ။ ကျွန်တော်… ရောက်နေသော နေရာတွင်ကား အထည်ဆိုင်၊ ပလာတာဆိုင်၊ စာအု…



အငှားဆိုင်၊ ကက်ဆက်ခွေအငှားဆိုင်၊ သံတိုသံစ အရောင်းဆိုင်၊ ရေနံချေးအရောင်းဆိုင်များနှင့် ရှုပ်ထွေးနေသည့်အရပ် ဖြစ်၏။

ပိုက်ကျုံးရပ်တွင် ဆိုးသည်က ရွံ့များ၊ ဗွက်များဖြစ်၏။ ရွံ့များ၊ ဗွက်များမကျံစေရန် ကျွန်တော်သည် လမ်းတစ်ဘက်ကိုကပ်၍ မနည်းကြီးသတိထားကာ လျှောက်လာရ၏။ ပိုက်ကျုံးရပ်တွင် သစ်လုံးတိုင်နှင့် ခြေတံရှည်အိမ်များကို တွေ့ရ၏။ ကျွန်တော်သည် ထိုနေရာ၌ ဦးမင်းအောင်ကို လိုက်၍ရှာ၏။ သူနှင့်ကျွန်တော် ချိန်းထားသောနေရာက ဤနေရာတွင်ပင် ဖြစ်သည်။ ကျွန်တော်သည် ရပ်လျက်သား လေးဘက်လေးတန် လှည့်ပတ်ရှာသေး၏။ မတွေ့။ ခဏကြာတော့ လူငယ်တစ်ယောက် ကျွန်တော့်ထံ ရောက်လာ၍ သူသည် ဦးမင်းအောင်၏ သားဖြစ်ကြောင်းနှင့် ဦးမင်းအောင်သည် ဟိုဘက်နားတွင် စောင့်နေသည်ဟု ဆိုပါ၏။ ဦးမင်းအောင်သည် ထမင်းဆိုင်လေး တစ်ဆိုင်တွင် ကျွန်တော့်ကို စောင့်နေခြင်းဖြစ်သည်။ သူတို့သည် ၁၀– နာရီခွဲကပင် ပိုက်ကျုံးသို့ ရောက်နေသည်ဟုဆိုသည်။ ပိုက်ကျုံးရပ်ကို ကျွန်တော်ရောက်တော့ ၁၂– နာရီထိုးနေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ပိုက်ကျုံးရပ်မှ မင်းကွန်းသို့

ဦးမင်းအောင်သည် လက်ဆွဲအိတ်တစ်လုံးကိုင်ကာ ကျွန်တော့်ကိုစောင့်နေ၏။ ဦးမင်းအောင်က ကျွန်တော်တို့ရောက်နေတာ တစ်နာရီခွဲလောက်ရှိပြီဟု ဆို၏။ ကျွန်တော်သည် ပိုက်ကျုံးရပ်သို့ ချိန်းထားသည့်အချိန်ထက် တစ်နာရီခွဲမျှ နောက်ကျ၍ရောက်ခဲ့သည်။ ထို့ကြောင့်ပင် ကျွန်တော်သည် ဦးမင်းအောင်နှင့် သားဖြစ်သူကို တောင်းပန်စကားပြောရ၏။

ဦးမင်းအောင်သည် ဝါရင့်သတင်းထောက်ကြီးတစ်ဦးဖြစ်၏။ သူသည် သတင်းစာလောကတွင် အတွေ့အကြုံများသော သတင်းထောက်တစ်ဦးလည်း ဖြစ်၏။ ဦးမင်းအောင်၏အမည်ရင်းမှာ ဦးအုန်းခိုင်။ စာပေနှင့်သတင်းစာလောကတွင် မင်းအောင်တွေကများ၏။

www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်းမင်းအောင်၊ အထောက်တော် မင်းအောင်၊ မိုးအောက်မြေပြင် ဦးမင်းအောင် ဟူ၍ရှိရာ အထောက်တော်မင်းအောင်မှာ ကွယ်လွန်ခဲ့ပြီ ဖြစ်၏။ စစ်ကိုင်းမင်းအောင်ကတော့ အထက်မြန်မာပြည် ပြည်တွင်း သတင်းဌာနခွဲ သတင်းထောက်အဖြစ် လုပ်ကိုင်လျက်ရှိ၏။ သူသည် သဘောကောင်း၍ သတင်းစာတာဝန်များကို ထမ်းဆောင်ခဲ့သည့်နေရာ မှာလည်း အသက်နှင့်အမျှပင် ဖြစ်၏။

ဦးမင်းအောင်ကား ယခုအခါ အသက်ကလေးရလာပြီဖြစ်၍ အလိုလိုနေရင်းပင် တစ်ချက်တစ်ချက် မောနေသည်။ သူက အရက်လေး လည်းကြိုက်တတ်၏။ ကျွန်တော်သည် ဦးမင်းအောင်ကို သေသေချာ ချာကြည့်လိုက်တော့ သူသည်လည်း ဆံပင်များဖြူကာ ဇရာတရားက သူ့ကို ဝါးမျိုစပြုနေပြီဖြစ်၏။ သူသည် Press ဟူသော စာတန်း လေးကို ရင်ဘတ်တွင်အမြတ်တနိုးတပ်ကာ သူ့ဘဝအတွက် သတင်းစာ သမားဖြစ်ရသည်ကို ဂုဏ်ယူသူဖြစ်၏။ သတင်းစာသမားဘဝကို မြတ်နိုးတွယ်တာသူ တစ်ဦးလည်းဖြစ်သည်။ ဦးမင်းအောင်၏အသား များမှာ နီစပ်စပ်ရှိ၍ ဆရာဦးကြီးမောင်နှင့် အတော်လေးဆင်၏။ ဆရာဦးကြီးမောင်ကို အလွမ်းပြေ ကြည့်မည်ဆိုပါက ဦးမင်းအောင်ကို ကြည့်နိုင်၏။

ဦးမင်းအောင် "ဆရာ ထမင်းစားပြီးပြီလား၊ ဒီခရီးအတွက်က တော့ ဆရာ့တာဝန်အားလုံး ကျွန်တော်ယူပါရစေ၊ ဆရာလိုတာ သုံးနိုင်



ဖို့ ကျွန်တော့်မှာ ငွေတစ်သောင်းပါတယ်၊ ဆရာနဲ့ခရီးသွားရင်း ငါ့ဆရာ အတွက် လိုလေသေးမရှိအောင် မိန်းမ ငွေတစ်သောင်းထည့်ပေးလိုက် ဆိုပြီး မိန်းမဆီက ယူလာတာပါ" ဟုဆို၏။

ကျွန်တော်က "ဦးမင်းအောင်ရာ၊ ဒီခရီးက ငွေတစ်သောင်းလဲ မကုန်ပါဘူး၊ လာရင်းကိစ္စက ကျွန်တော့်ကိစ္စပါ၊ ကုန်ကျတဲ့ငွေလဲ ကျွန်တော်ခံရမှာပေါ့၊ ကျွန်တော်က ဒီအရပ်ကို မကျွမ်းလို့ ခင်ဗျားကို ခေါ်တာ၊ ခင်ဗျားစရိတ်တောင် ကျွန်တော်ခံရမှာပါ၊ ကျွန်တော့်မှာ ငွေပါပါတယ်"ဟုဆိုသောအခါ သူကလက်မခံဘဲ "ဆရာ အခု မင်းကွန်း မှာရော၊ မင်းကွန်းကပြန်လာလို့ မန္တလေးရောက်ရင်ရော အစစအရာရာ ဆရာ့အတွက် ကျွန်တော့်တာဝန်ထားပါ၊ ဆရာက ဧည့်သည်၊ ကျွန် တော်က အိမ်ရှင်ပါ၊ မင်းကွန်းဆိုတာက စစ်ကိုင်းထဲကပါ၊ ဒီခရီးမှာ ဆရာ တစ်ပြားမှအကုန်မခံနဲ့၊ ဆရာလိုတာသုံး၊ အားလုံးကို ကျွန်တော့် တာဝန်ထား၊ အရင်ကဆို မန္တလေးကို ဆရာလာရင်တောင် ဆရာနဲ့ တွေ့ဖို့လွယ်တာမဟုတ်ဘူး၊ အခု ဒီခရီးမှာ ကျွန်တော့်ကို အဖော်ခေါ်တာ လဲ ကျေးဇူးတင်ပါတယ်ဆရာ၊ ဒါပါပဲ၊ ဆရာလဲ ဘာမှမပြောနဲ့တော့၊ ကုန်ကျစရိတ်အားလုံး ကျွန်တော့်တာဝန်၊ ကဲ သွားကြမယ်" ဟုဆို၏။

တကယ်တော့ ဦးမင်းအောင်သည် ကျွန်တော့်ထက် အသက် ကြီးသည်။ သတင်းစာလောကတွင် သူကသတင်းထောက်၊ ကျွန်တော် က အယ်ဒီတာမို့ သူက ကျွန်တော့်ကို ဆရာဟု ခေါ်ခြင်းဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဘာမှ ထပ်မပြောတော့။ သူ့အစီအစဉ်အတိုင်း ပိုက်ကျုံးဆိပ်ကမ်းရှိ ခြေတံရှည် အိမ်များအောက်မှ မင်းကွန်းသို့သွားမည့် လှေပေါ်သို့တက်ကြ၏။ မင်းကွန်းသို့ လှေတစ်စင်းထွက်သွားစမို့ ကျွန်တော်တို့ လှေပေါ်သို့ရောက်တော့ လူသိပ်မရှိသေး။ ကျွန်တော်က ပတ်ဝန်းကျင်ကို ကောင်းကောင်းမြင်နိုင်သည့်နေရာတစ်ခုကို ရွေး၍ ထိုင်၏။ ဦးမင်းအောင်က ကျွန်တော့်ဘေးတွင် ဝင်ထိုင်သည်။ သားဖြစ်သူက ကျွန်တော်တို့ တစ်စုံတစ်ခုလိုပါက အဆင်သင့်ကူနိုင်ရန် မလှမ်းမကမ်းတွင် ထိုင်၏။

လှေပေါ်၌ လူစောင့်ရင်း ကျွန်တော်နှင့် ဦးမင်းအောင်သည် မန္တလေး ဟံသာဝတီသတင်းစာအကြောင်း၊ ရန်ကုန်မှ မန္တလေး ဟံသာဝတီတွင် လာ၍ လုပ်ကိုင်ခဲ့ကြသော ဦးဝင်းတင်၊ ဦးမြတ်သူ၊ ဦးတင်ထွေး၊ ကိုစိုးသိမ်း၊ ကိုအုန်းကြိုင်တို့ အကြောင်းများကို ထွေရာလေးပါးပြောဆိုမိကြ၏။

ကျွန်တော်တို့ပြောရင်းနှင့်ပင် ခရီးသည်များ တဖြည်းဖြည်း တက်လာ၏။ တညင်းသီးပြုတ်၊ ငုံးဥပြုတ်ရောင်းသူ ဈေးသည်တစ်ဦးလည်း ကျွန်တော်တို့လှေပေါ်သို့ တက်၍ဈေးရောင်း၏။ ထိုဈေးသည်နှင့် ရှေ့ဆင့်နောက်ဆင့်ပင် သီလရှင်တစ်ပါးလည်း လှေပေါ်တက်လာ၏။ နောက်တော့ မုန့်သည်တစ်ဦး တက်လာသည်။ ထိုမုန့်ကို ကျွန်တော် မမြင်ဖူး၍ မေးကြည့်တော့ ဆင်ဝမ်းပျဉ်းမုန့်ဟုဆို၏။ ထိုမုန့်ကို



ခရီးသည်များ အတော်ကြိုက်ဟန်တူ၏။ ဆင်ဝမ်းပျဉ်းကဲ့သို့ အရသာရှိသဖြင့် ဆင်ဝမ်းပျဉ်းမုန့်ဟု ခေါ်သလားမသိ။ ဆင်ဝမ်းပျဉ်းမုန့်သည် မုန့်သိုင်းချုံအသေးစားလေးနှင့်တူပြီး ကောင်းညှင်းနှင့်ဆန် ရော၍ အတွင်း၌ အုန်းသကြားကိုထည့်ထားသည်။ သို့သော် အုန်းသီးယိုထည့်ရာတွင် အုန်းရည်ညှစ်ပြီးမှ အကျန်ကို ယိုလုပ်ထားသဖြင့် သိပ်အရသာမရှိဘဲ ဖွယ်နေ၏။ သို့သော် လှေမထွက်ခင်မှာပင် ထိုမုန့်တစ်ဗန်း ကုန်သွား၏။

ခရီးသည်များ တဖြည်းဖြည်းတက်လာသည်မှာ လှေပြည့်လုနီးပါးရှိသွား၏။ ခဏကြာတော့ ခရီးသည်များထံမှ "ထွက်ပါတော့၊ ပူလှ အိုက်လှပြီ" ဟု ဆိုသံများနှင့်အတူ လှေသမားများသည်လည်း လှေကို ပိုက်ကျုံးဆိပ်မှခွာကာ မင်းကွန်းဆီသို့ထွက်ခဲ့၏။ လှေပေါ်တွင် ခရီးသည် လေးဆယ်ခန့် ပါလာ၏။ ပိုက်ကျုံးဆိပ်နှင့်မင်းကွန်း တစ်ဦးငါးကျပ်ပေးရ၍ ငါးမိုင်ဝေးသည်ဟု ဆိုပါ၏။

လှေထွက်လာတော့ လေတဖြူးဖြူးတိုက်နေ၍ အတော်လေး နေသာထိုင်သာ ရှိလာ၏။ လှေဝမ်းတွင်း၌ နီးကြောဖျာခင်းထားဖြင့် ပိပိရိရိထိုင်၍ရ၏။ ဧရာဝတီမြစ်အတွင်း၌ ပတ်ဝန်းကျင်မြင်ကွင်းက တစ်မျိုးပြောင်းသွားသည်။ ပိုက်ကျုံးရပ် ဧရာဝတီမြစ်ရိုးတစ်လျှောက် တွင်ကား ဝါးဖောင်များကို တွေ့ရ၏။ ဝါးဖောင်များပေါ်တွင် ရေချိုး

www.burmeseclassic.com

www.burmeseclassic.com



ရေခပ်နေသူ၊ အဝတ်ဖွပ်နေသူများဖြင့် ပွဲတန်းကလေးလို စည်ကားနေ၏။

လှေပေါ်မှ ပိုက်ကျုံးရပ်ကို ပြန်ကြည့်တော့ ခြေတံရှည်အိမ်လေးများက ကြည့်ကောင်းနေ၏။ အမျိုးသမီးငယ်တစ်ဦးကတော့ ဝါးဖောင်ပေါ်တွင် အဝတ်များကို တုတ်တစ်ချောင်းဖြင့် အားရပါးရ ရိုက်ကာ လျှော်ဖွပ်နေ၏။ အချို့က လုံချည်ရင်ရှားနှင့်၊ အချို့က ရေအိုးခါးစောင်းတင်နှင့် ဖြတ်သွားသောလှေကိုကြည့်နေ၏။ အသက်ကြီးသူများ ရေချိုးနေသည်ကိုလည်း တွေ့ရ၏။ မြစ်ထဲမှ ရေကိုခွက်နှင့် ခပ်ချိုးနေကြခြင်းဖြစ်၍ ဆပ်ပြာတိုက်သူတို့ကလည်း ခြေဆုံးခေါင်းဆုံး တိုက်နေကြ၏။

ဤဝါးဖောင်တစ်လျှောက်တွင် တစ်နေကုန် အဝတ်လျှော်သူ၊ ရေချိုးရေခပ်သူနှင့် စဲဟန်မတူ၊ ဝါးဖောင်ပေါ်တွင် သပ်သပ်ရပ်ရပ် ပြုလုပ်ထားသော ထရံကာ[illegible]းတစ်ခုကို ချစ်စရာတွေ့ရ၏။ ထိုတဲဝတွင် ခွေးတစ်ကောင်သည် မြစ်ထဲသို့ကြည့်ကာ လျှာထုတ်၍ အသက်ရှူနေ၏။

ဦးမင်းအောင်က မြစ်တစ်ဘက်ကမ်းက ဟိုသစ်ပင်အုပ်အုပ်နှင့်က ဘာ၊ ဟိုဘက်က ဘာ စသည်ဖြင့် ကျွန်တော့်ကို ရှင်းပြသည်။ သူရှင်းပြနေသည်ကို ကျွန်တော်သည် ပြည့်ပြည့်စုံစုံမမှတ်မိပါ။



လှေပေါ်တွင်ကား အသက် ဆယ့်လေးနှစ်၊ ဆယ့်ငါးနှစ်အရွယ် အမျိုးသမီးငယ်တစ်စုက မျက်နှာချင်းဆိုင် စကားပြောလိုက်၊ တခစ်ခစ်နှင့် ရယ်လိုက်ဖြင့် ဘဝကို ရေစီးအတိုင်းမျောချင်ရာမျောဟူသောသဘောဖြင့် ပေါ့ပေါ့တန်တန် အေးအေးဆေးဆေး လိုက်ပါလာ၏။ ကျွန်တော့်ဘေးမှ အသက်အစိတ်လောက်ရှိဦးမည့် ကလေးအမေနှစ်ဦးကတော့ သူတို့ဝယ်လာသောမျိုးတူပစ္စည်းကို ညည်းဟာကကြီးတယ်၊ ငါ့ဟာက ပိုသေးတယ်ဟု အငြင်းပွားကာ မန္တလေးမှ မိမိဝယ်လာသောပစ္စည်းကို မိမိအားမရဘဲ အခြားသူဝယ်လာသောပစ္စည်းကမှ ပို၍ကောင်းသည်ဟု ထင်နေကြ၏။

ကျွန်တော်နှင့် သိပ်မဝေးသော တစ်နေရာတွင်တော့ အသက်လေးဆယ်အရွယ်အမျိုးသမီးကြီးတစ်ဦးက ဟော်လန်ပန်း များနှင့် နှင်းမာပန်းများအကြောင်းကို အော်ကြီးဟစ်ကျယ်ပြောနေသည်။ အသက် ခပ်ကြီးကြီး အမျိုးသမီးကြီးနှစ်ဦးကတော့ လှေထွက်စကပင် အိပ်၍လိုက်လာရာ ခဏချင်းတွင်ပင် အိပ်မောကျနေပါ၏။

စွပ်ကျယ်အင်္ကျီနှင့် မိန်းမရွယ်တစ်ဦးကတော့ လှေပေါ်တွင် ထိုင်ပျဉ်ခွေထိုင်ရင်း လှေနံကိုလက်ညှိုးနှင့်ထောက်ကာထောက်ကာဖြင့် ပိုက်ဆံများကို ရေတွက်နေသူရှေ့တွင်ဆယ်တန် ငါးကျပ်တန်များရော အကြွေများပါ ပုံထားရာ ငွေပုံမှာသုံးလေးရာလောက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတွက်တာနှင့်သူ့ပိုက်ဆံမကိုက်သဖြင့် သူ့ခါးထဲနှင့်အင်္ကျီအောက်သို့ လက်နှိုက်ကာ ပိုက်ဆံရှာနေသေး၏။

လှေပေါ်၌ပါလာသူများတွင် ယောကျ်ားထက် မိန်းမတွေက ပိုများ၏။ အနီးရှိ အမျိုးသမီးတစ်ဦးက ဦးမင်းအောင်ထံတွင် ဆေးလိ မီးတောင်းပြီး ဆေးလိပ်ဖွာကာ လိုက်လာသည်။ လှေထွက်၍ ခဏကြ တော့ ဦးမင်းအောင်လည်း အိပ်ငိုက်လိုက်ပါလာ၏။ ကျွန်တော်လည်း အိပ်ငိုက်လာသည်။ ကျွန်တော်သည် လှေပေါ်မှ လူများအားလုံးကို ကြည့် ၍ တစ်လှေတည်းစီး တစ်ခရီးတည်းသွား ဆိုတာဒါပဲဖြစ်မည်ဟု တွေး လိုက်၏။ တစ်လှေတည်းတွင် ဒုက္ခတွေလည်းအတူတူ။ သုခတွေလည်း အတူတူသဘောဖြစ်၏။ လှေပေါ်တွင် သုခထက် ဒုက္ခတွေ့ဖို့က ပိုများ၏။

ကျွန်တော်တို့လှေသည် ရေဆန်ကိုမောင်းနေရခြင်းဖြစ်၏။ ဧရာဝတီမြစ်ရေကလည်း အတော်စီးသည်။ လှေသည် မြစ်၏အရှေ့ ဘက်သို့ ကပ်ကာမောင်းလာခြင်းဖြစ်သည်။ လှေသည် တစ်ခါတစ်ခါ မြစ်၏ဝဲများကို ရှောင်၍မောင်း၏။ တစ်နေရာတွင်တော့ ဝဲက အတော်လေးကြီးသည်။ ကျွန်တော်လည်း ထိုဝဲကို ကြည့်ကာ စိုးရိမ်နေမိ၏။ ကျွန်တော်သည် လှေသမားများကို ကြည့်လိုက်တော့ လှေသမားများသည်လည်း ထိုဝဲကိုသတိထား၍ လှေကို မောင်းနေသည် ကိုတွေ့ရ၏။ ဝဲရှိသည့်နေရာတွင် ရေတို့သည် ရှေ့သို့မစီးဘဲ ပတ်ချာ



လည်နေ၏။ သံသရာကိုဝဲဂယက်နှင့်နှိုင်းယှဉ်ကာ သံသရာဝဲဂယက်က လွှဲမထွက်နိုင်ဟူသောစကားကို ကျွန်တော်သတိရလိုက်သည်။

အိပ်ငိုက်နေသော ဦးမင်းအောင်သည်ပင် ထိုနေရာတွင် လှေနံရံကိုဆုပ်ကိုင်ရင်း လိုက်ပါလာသည်။ လှေသမားများကလည်း ကျွမ်းကျင်ပါ၏။ ထိုဝဲအတွင်းမှလှေကို ညင်ညင်သာသာပင် ဆွဲထုတ်နိုင်ကြ၏။ ဝဲနေရာတွင် ရေများကတဝေါဝေါနှင့်အသံမြည်လျက်ရှိ၏။ ထိုဝဲ၏ဒဏ်ကြောင့် အနီးရှိမြစ်ကမ်းပါးသည်လည်း တစ်ခြမ်းပြိုကျနေ၏။ ကျွန်တော်က ဤလမ်းတွင် အတွေ့အကြုံမရှိဘဲဖြစ်ရာ ဝဲကိုကျော်လာမှ သက်ပြင်းချလိုက်ရသည်။ ဦးမင်းအောင်ကတော့ ယခုအခေါက်လာရာတွင် လေအလွန်ငြိမ်သဖြင့် အဆင်ပြေသည်။ လေထန်ပါက မင်းကွန်းသို့လာရသည့်ခရီးကလည်း ကြောက်စရာကောင်းသည်ဟု ဆို၏။ ညနေပိုင်းတွင် လေကျတတ်သည်ဟုဆို၏။

ဝဲကိုကျော်လာတော့ ဦးမင်းအောင်က ဟိုဟာက မိုးမိတ်ဘုရား၊ ဟိုဘက်ကဟာက မင်းကွန်းဟူ၍ပြပါ၏။ ကျွန်တော်တို့သည်လည်း မင်းကွန်းနှင့် သိပ်မဝေးတော့ပါ။ ဧရာဝတီမြစ်အတွင်း သစ်ဖောင် သုံးဖောင် စုန်ဆင်းလာသည်ကို တွေ့ရ၏။ လှေသွားလှေလာတော့ နည်း၏။ မင်းကွန်းနှင့်မျက်နှာချင်းဆိုင် နေရာလောက် အရောက်တွင်တော့ ကျွန်တော်တို့လှေသည် အရှေ့ဘက်ကမ်းတွင်ထိုးရပ်ပါ၏။ လှေပေါ်မှ ခရီးသည်များ ဆင်းသွားကြသည်။ ဤခရီးသည်များက

www.burmeseclassic.com

www.burmeseclassic.com



နန်းတော်ကျွန်းမှဟုဆို၏။ နန်းတော်ကျွန်းဆိုသည်က မင်းကွန်းပုထိုးတော်ကြီးကို တည်စဉ်က ယာယီတဲနန်းထိုး၍ ဘိုးတော်ဘုရား လာရောက်ကြည့်ရှုရာ နေရာဟုဆိုပါ၏။

ကျွန်တော်တို့လှေဆိုက်သောနေရာနှင့် မလှမ်းမကမ်းတွင် လှေသမားအချို့ သဲကျုံးနေကြသည်။ ထိုနေရာတွင် သဲပြင်ကြီးရှိ၏။ ဤနေရာများမှသဲများကို မန္တလေးသို့ပို့၍ ရောင်းချရန်ကျုံးနေခြင်းဟု ဦးမင်းအောင်ဆိုပါ၏။ သဲသမားတို့ဘဝကလည်း အတော်လေး ခက်ခက်ခဲခဲရပ်တည်နေရသော ဘဝဖြစ်၏။ သဲလှေတွင် ယောကျ်ားများသာမက မိန်းမများနှင့်ကလေးများလည်းပါသည်။

လှေပေါ်ရောက်မှ တွေ့မြင်ရသောဘဝအားလုံးမှာ ဘယ်တစ်ခုမှ သက်သာချောမွေ့သည်ဟု မတွေ့ရသေး။ လှေပေါ်မှ ခရီးသည်အားလုံးသည် ကြမ်းတမ်းသောဘဝခရီးကို ဖြတ်ကျော်နေသူများသာဖြစ်ကြောင်း သိသာလှပါ၏။ သူတို့ ဝတ်စားထားကြသော အဝတ်အစားများ၊ သူတို့၏နေလောင်ထားသော မျက်နှာ၊ ရေစိမ်ခံထားရသောခြေထောက်များနှင့် ရင့်ရော်နေသောလက်၊ ပုံရွဲ့နေသော လက်သည်းခြေသည်းတို့က သူတို့ဘဝ၏ ခက်ထန်မှုကို ပြနေကြပါ၏။

လှေပေါ်တွင်ပါလာသော ကိုးနှစ်သားအရွယ် ကလေးတစ်ဦးက လှေသမား၏သားဖြစ်ဟန်တူ၏။ ထိုကလေးငယ်သည် လှေထဲမှ



ရေများကို ပက်ထုတ်နေရာ နားလိုက် ရေပက်ထုတ်လိုက်ဖြင့် လိုက်ပါလာ၏။

သဲပြင်နေရာ၌ လှေဆိုက်ပြီး ပြန်ထွက်လာချိန်တွင်တော့ လှေသည် ဧရာဝတီမြစ်ကို တည့်တည့်ဖြတ်ကာ မင်းကွန်းဆီသို့ ဦးတည်၍ ထွက်လာပါ၏။ ထိုနေရာသည် အလွန်လှပသော နေရာဖြစ်သည်။ ဧရာဝတီမြစ်က ငြိမ်နေသလိုရှိသော်လည်း ရေတရိပ်ရိပ်စီးနေသည်က ကြည့်လို့ကောင်းသည်။ သစ်ပင်ကြီးငယ်တို့ဖြင့် ဝေဆာနေသော မင်းကွန်းဘက်ကို လှမ်းမြင်ရသည်မှာ ကြည်နူးစရာဖြစ်၏။ မြစ်ကြောင်းအတိုင်း ရွက်လွှင့်၍စုန်ဆင်းလာသော လှေနှစ်စင်းကို မင်းကွန်းတစ်ဘက်ကမ်းတွင် တွေ့ရသည်။ ငှက်တစ်အုပ်က ဧရာဝတီကိုဖြတ်၍ အနောက်ဘက်သို့ ပြန်သွားကြ၏။ ဧရာဝတီမြစ်ပြင်ဝယ် လေက တဖြူးဖြူးတိုက်နေ၏။ လှေပေါ်တွင်ကား ခရီးသည် တစ်ဝက်မှာ တုံးတုံးပက်လက် အိပ်မောကျနေ၏။

ခရီးသည်များကတော့ ဘဝကို ဘယ်လိုပင်ကြမ်းသော်လည်း ဖြစ်သမျှအကြောင်း အကောင်းချည်းဟု သဘောထားဟန်တူ၏။ မရှိမယ့်အတူတူ အပူမထားဘဲနေရန် ဆုံးဖြတ်ထားကြ၏။

ထိုအချိန်တွင်တော့ သဲလှေဆီမှ–

"အဏ္ဏဝါကမ်းခြေအနီးမှာ ဧရာပိုတံငါအိုကြီး ဘဝခရီးကို တွေး ရင်လေးမိတာ ငိုက်မျှေးသလိုနွမ်း ပိုက်ဆွေးကိုထမ်းကာ တစ်လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ချင်းလုမ်းရင်း ဝမ်းတွင်းမချိသမျှ အတိအကျပေါ်လာ မြစ်ပြင်ရယ် ကျယ်ပါဘိလေး ငါးတွေ သည်မြစ်ကြောမှာ ပေါပါဘိလေး သို့သော် သည်ပိုက်ဆွေးနှင့် လိုက်ရေးမလွယ်ပါ" ဟူ၍ ဆွဲဆွဲငင်ငင် ဟစ်လိုက်သောသီချင်းသံကို ကြားလိုက်ရ၏။

ကျွန်တော်သည် ချက်ချင်းပင် သီချင်းသံလာရာသဲလှေများဘက်ဆီသို့ ကြည့်လိုက်၏။ လူငယ်တစ်ယောက်က သဲတောင်းကို ထမ်းလျက် ဇရာအိုသီချင်းကို ခက်ခက်ခဲခဲမရှိဘဲ ဆိုနေပါ၏။ ထိုလူငယ်အသံက တော်တော်ကောင်း၏။ သီချင်းဆိုပုံ အသံနေအသံထားမှန်၏။

ရွှေဘိုဦးတင်မောင်သည်လည်း ငယ်စဉ်က နွားကျောင်းရင်း သစ်ပင်ပေါ်တက်၍ သီချင်းဟစ်နေစဉ် ထိုဟစ်သံကို ဇာတ်ဆရာက ကြားပြီး ဒီသူငယ် အသံကောင်းသည်ဟု ဆိုကာ ခေါ်ခဲ့ရာမှ ရုပ်သေးမင်းသားကြီး ရွှေဘိုဦးတင်မောင်ဟူ၍ အနုပညာလောက၊ ဂီတလောက၊ ရုပ်သေးလောကတွင် ဟိုးဟိုးကျော်ခဲ့ခြင်းဖြစ်၏။

ယခုလည်း ထိုလူငယ်ကို မြို့သို့ခေါ်ကာ သီချင်းဆိုစေပါက အဆိုကောင်း၊ ဂီတသမားကောင်းတစ်ဦး မုချပေါ်ထွက်လာမည်ဟု ကျွန်တော်စဉ်းစားလိုက်မိ၏။ ဤလူငယ်၏အဆိုက မြို့ပေါ်မှ ပိုက်ဆံပေါ၍ အဆက်ကောင်း၍ ဆိုနေကြသော သံသေးသံညောင်သမားများ ဟစ်နေကြသည်ထက် ပို၍နားဝင်ချို၏။



သီးချင်း၏အဓိပ္ပာယ်နှင့် ဇရာဝတီ၏အခင်းအကျင်းက လိုက်ဖက်နေ၏။ ခပ်လှမ်းလှမ်းတွင် တံငါလှေငယ်တစ်စင်း ငါးဖမ်းနေရာ သူ့ဂီတကို သရုပ်ဖော်၍ မြစ်ပြင်ကျယ်၌ ထွက်ပြနေသည့်အလား ရှိ၏။ ထိုတံငါလှေတွင်တော့ အဘိုးအိုတစ်ဦးမဟုတ်။ သားအဖနှစ်ဦး ငါးရှာ၍နေပါ၏။ ကျွန်တော်သည် သီချင်းတေးသွားတွင် မျောပါသွားမိသည်။ ထိုသီချင်းက တစ်မနက်လုံး ကျွန်တော်စဉ်းစားလာခဲ့သော ဇရာတရားကိုထပ်မံ၍ အလေးအနက်ပြုနေပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## ဇရာပိုသည့် တံငါအို

ဇရာဝတီမြစ်ပြင်က ကျယ်ဝန်းလှသည်။ ရေကလည်း တရစပ် စီးဆင်းနေ၍ လှိုင်းများက မြစ်ပြင်အပြည့်ပြေးလွှားနေသည်။ ကောင်းကင်က ကြည်လင်နေ၍ သဲပြင်ကြီးကား ရှည်လျားလှ၏။ သဲပြင်တစ်လျှောက်ကို နေရောင်က တည့်တည့်ထိုးထားသောကြောင့် တံလျှပ်များ ဖြစ်နေသည်ကို မြင်နေရ၏။ ထိုသဲပြင်ကြီးပေါ်တွင် ဇရာပိုသည့် တံငါအိုကြီးတစ်ယောက် ပိုက်ဆွေးကို ထမ်း၍ သဲပြင်ပူကိုပင် ဂရုမပြုနိုင်ဘဲ ငိုက်မေ့နွမ်းလျ ဘဝရှေ့ရေးကို မှန်းဆကာ တစ်လှမ်းချင်းလှမ်းရင်းဖြင့် ဝမ်းတွင်းမချိစွာ လျှောက်လာသည်ကို ကျွန်တော်တွေးမြင်ခံစားလိုက်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဧရာအိုသီချင်းသည် ကျွန်တော်တို့ခေတ်အခါလောက်က သီချင်းဖြစ်သည်။ ရေးသူမှာ ဆရာဘိုကလေး ဦးတင့်အောင်ဖြစ်၍ ဆိုသူက ကိုမင်းနောင်ဖြစ်၏။ ကိုမင်းနောင်၏အသံနှင့် ဧရာအိုသီချင်းက လိုက်ဖက်ပါ၏။ ဆရာဘိုကလေးတင့်အောင်က ဤသီချင်းကို မိမိဘာသာမိမိ စပ်သည်လား၊ ဟဲမင်းဝေး၏ (The Old Man And The Sea) ကိုဖတ်၍ စိတ်ကူးရကာ စပ်ခဲ့သည်လားမသိ။ မည်သို့ပင် စပ်စပ် ဧရာအိုသီချင်းသည် မြန်မာဂီတလောကတွင် မှတ်တိုင်တစ်တိုင် ဖြစ်၏။ ဧရာအိုသီချင်းသည် ဧရာ၏စရိုက်ပေါ်၏။ ဧရာ၏လုပ်ရပ်များ၊ ဧရာ၏လက်ချက်များပေါ်၏။ ဧရာတရားက မတရားသက်သက် ရက်စက်ထားသော အဘိုး၏ဘဝကို ဧရာအိုသီချင်းတွင် ထင်ရှားစွာ မြင်ရ၏။

အဏ္ဏဝါကမ်းခြေအနီးတွင် တံငါသည် ဧရာအိုကြီးတစ်ဦး ရှိသည်။ သူ့တွင် သားထောက်သမီးခံလည်း ရှိဟန်မတူ။ အိုမင်းနေပြီ ဖြစ်၍ ခွန်အားတို့သည်လည်း ခန်းခြောက်နွမ်းရိကာ မရှိသောခွန်အား နှင့်ပင် ငိုက်မေ့သလို နွမ်းနေပါလျက် ပိုက်ဆွေးကိုထမ်းလျက် ထွက် လာခဲ့ရ၏။

ဧရာအို တံငါအိုကြီးသည် ယခင်က ခြေရာချင်းထပ်အောင် လျှောက်ခဲ့ရသော ဤကမ်းခြေတွင် ယခုတော့ တစ်လှမ်းချင်းလှမ်းရင်း လျှောက်နေရရှာ၏။ အရင် တုန်းကတော့ ဤမြစ်ပြင်ကျယ်သည်



သူ့အတွက် သူ့စားကျက်ကျရာ ရေပြင်ဖြစ်၏။ အခုတော့ မြစ်ပြင်ကြီးက ပို၍ကျယ်လာသလိုပင် ထင်ရ၏။ မြစ်ပြင်ကား တိုးကျယ်လာခြင်း မဟုတ်။ သူ့ခွန်အားတို့က ဆုတ်ယုတ်လာခြင်းဖြစ်၏။ သည်မြစ်ကြောဝယ် ငါးထွေထွေ၊ ငါးတန်တွေက သူ့နုနယ်စဉ်ကလို ပေါတုန်း များတုန်း ဖြစ်၏။

သို့သော် ယခုတော့ လူကအအို၊ ပိုက်ကအဆွေး၊ စုတ်ပြဲရိပြတ် နေသော ပိုက်အဆွေးနှင့် အင်အားဆုတ်ယုတ်နေသော တံငါအိုအဖို့ ဤမြစ်ပြင်ကျယ်တွင် ငါးတစ်ကောင်မိဖို့အရေး နည်းနည်းကလေးမှ မလွယ်ကူတော့ပါ။ ဧရာပိုသည့် တံငါအို၏ဘဝကား ရင်လေးစရာ ဖြစ်၏။

သီချင်း၏စာသားများတွင် ကရုဏာပါဝင်၏။ သီချင်းနှင့် လိုက်ဖက်သော ကိုမင်းနောင်၏ အသံကြောင့်လည်း ကရုဏာတရား သည် ထိုသီချင်းစာသားနှင့်ရော အသံတွင်ပါ တွဲဖက်၍ပါနေသည်။

တံငါအိုကြီးသည် အိုကြီးအိုမဖြင့် ပိုက်ဆွေးကိုဆွဲ၍ ထွက်လာ စဉ် နုပျိုသစ်လွင် ငယ်စဉ်ကဘဝကို ပြန်စဉ်းစားမိတော့ မချိတင်ကဲ လွမ်းလွန်ကဲ၍ မျက်ရည်ဝဲခဲ့ရ၏။ ဟိုအရင် လူလုံးကျစ်လျစ် သန်မာ ထွားကျိုင်းပြီး ခွန်အားအပြည့်ရှိစဉ်တုန်းက ပိုက်ကအသစ်၊ လူကငယ် ရွယ် အိမ်အပြန် ငါးကြင်းတွေ၊ ငါးတန်တွေ ထမ်း၍ပြန်ခဲ့မှုများသည်

www.burmeseclassic.com

www.burmeseclassic.com



ဇရာပိုနေပြီဖြစ်သော တံငါအိုး၏မျက်စိတွင် အတိတ်၏ ဇာတ်ကြောင်းများက အရိပ်လို ပေါ်၍လာနေ၏။

မြစ်ပြင်ဝယ် ဤဇမ္ဗူ ငါလိုလူတစ်ယောက်တည်းအဖြစ် ခွန်အားဗလနှင့် ပြည့်ဝခဲ့သည့် ငယ်ရွယ်စဉ်ဘဝကို တံငါအိုကြီးသည် တမ်းတမှန်းဆ၍ နေပါ၏။

နုပျိုသစ်လွင်၊ ငယ်စဉ်ကိုမှန်း

လွမ်း ... မျက်ရည်ဖြာ ... အင်အားသန်မာ

လူလုံးကျစ်လျစ်၊ ပိုက်သစ်ကိုဆွဲကာ

လာလာလေ ရွှေငါးကြင်တို့

အိမ်အပြန် ငါးတန်ထမ်းလို့

မှန်းကာကြည့် လွမ်းပါဘိလေး ......

အဘိုးအိုသည် ဝမ်းရေးအတွက် ပိုက်ဆွေးကိုထမ်းကာ ထွက်လာပါသော်လည်း မျှော်လင့်ချက်ကမရှိ။ လူကအို၊ ပိုက်ကအဆွေး၊ သည်မြစ်ပြင်ကျယ် ပင်လယ်အစပ်မှာ ငါးတစ်ကောင်ရအောင် သူဘယ်လိုရှာရနိုင်ပါမည်နည်း။ ဇရာကဖိစီးနေသဖြင့် ခရီးကမတွင်။ သို့သော်လည်း ဘဝဆိုသည်က တိုက်ပွဲ၊ အားမရှိရုံဖြင့် အလုပ်ကိုတော့ စွန့်၍မရ။ ကျန်သေးသမျှအားကိုဆောင်၍ ကြည့်ဦးမည်။ ကံပေးလျှင်တော့ ငါးတစ်ကောင်မိပါဦးမည်။ ငါ့ဝမ်းပူဆာ မနေသာ၍ သမုဒ္ဒရာ



ဝမ်းတစ်ထွာအတွက် ငိုက်မေ့သလိုနွမ်းပြီး ပိုက်ဆွေးကို ထမ်းကာထွက်ခဲ့ ရသော်လည်း မိမိခွန်၊ မိမိအားကိုတော့ အဘိုးအိုသည် သိပ်အားမကိုးလိုတော့။ ကျန်သေးသမျှလေးနှင့်တော့ အားဆောင်၍ ကြည့်ဦးမည်။ ကံပေးလျှင်တော့ ငါးတစ်ကောင်မိဦးမည်။ အဘိုးအို၏ အဖြစ်ကကြေကွဲစရာဖြစ်၏။ အဘိုးအိုသည် ဇရာတရားကို တုဖက်ပြိုင်၍ မရနိုင်တော့ပြီမို့ ကံတရားကိုသာ အားကိုး၍နေရ၏။

ဟင် ... ဇရာဖိစီး၊ ခရီးမတွင်သောဘဝမှာ

ကျန်သေးသမျှ အားဆောင်ကြည့်ရှာ

ကံပေးမှ ငါးတစ်ကောင်မိမှာ ...

သီချင်း၏ကာရန်များက အချိတ်ရော အဆက်ပါ မိ၏။ ထို့ကြောင့်လည်း ဆိုလို့ကောင်း၊ ဟစ်လို့ကောင်းသည်။ ကြားရသူအတွက် ကရုဏာရသ ပေါ်လွင်၏။ ထိုမှတစ်ဆင့် သံဝေဂတရားရစရာဖြစ်၏။ ဇရာထောင်း၍ အိုကြီးအိုမဖြစ်ခဲ့ရလျှင်တော့ ဘာမျှလုပ်၍မရ။ ဤအဏ္ဏဝါတစ်ခွင်ဝယ် ဘုရင်တစ်ဆူလို မင်းမူခဲ့သော တံငါအိုအဘိုးသည် ငယ်ငယ်ကလိုမဟုတ်တော့။ ငယ်ငယ်က ခွန်အားတို့သည် ဘယ်ရောက်ကုန်ပြီနည်း။ ဇရာတရားသည် အဘိုး၏ သန်မာသော ခွန်အားတို့ကို သင် တုန်းဓားဖြင့် တစ်ရစ်ပြီးတစ်ရစ် လှီးဖြတ်ယူငင်စားသောက်ခဲ့ပြီးပြီ မဟုတ်ပါလော။ ယခုတော့ ဇရာတရားက ပိုက်ပြည့်

www.burmeseclassic.com

www.burmeseclassic.com



နေ၍ ညနေစာအတွက် ချန်ထားသော ရှိသမျှခွန်အားလေးဖြင့် အဘိုးသည် မြစ်ပြင်သို့ ထွက်လာခဲ့၏။

အလို ကြည့်စမ်းပါ့။ စားစရာ ငါးသတ္တဝါတွေက မြူးလို့ ခုန်လို့ပါလား။ အဘိုးအိုသည် စားကျက်ကိုမြင်လိုက်တော့ မိမိ၏ဇရာဘဝကို မေ့သွား၏။ သည်လောက်များတဲ့ ငါးတွေထဲက တစ်ကောင်တော့ ကေန်မိမည်။ တစ်ကောင်တော့ မိတန်ကောင်းရဲ့ဟု ဆိုကာ မြူးနေသော ငါးအုပ်ထဲ တည့်တည့်သို့ ရင်တုန်ပန်းတုန်ဖြင့် ကွန်ကို ပစ်၍ချလိုက်ပါ၏။ ယခင်က ဆိုပါက ဤလိုငါမြူးပုံနှင့်ဆိုလျှင် တစ်ကောင်မက တစ်လှေစာလောက်ကို အလွယ်နှင့်ဖမ်းနိုင်သော အဘိုးဖြစ်၏။

အခုတော့ ငါးတစ်ကောင်မိဖို့အရေး အသက်ကိုပင်မရှုရဲ မိမိ ပစ်လိုက်သော ပိုက်အဆွေးကိုသာ အသာအယာချော့၍ ဆွဲနေရ၏။ အဘိုးသည် ငါးအခြေအနေကို ပိုက်ကိုဆန့်ရင်း မှန်းလိုက်၏။ ပိုက်ထဲတွင် ငါးတိုးနေသည်ကတော့ သေချာ၏။

အလို ကြည့်စမ်းပါ့
စားစရာ ငါးသတ္တဝါ
ပိုက်မှာတွယ်ငြိ
မိတန်ကောင်းရဲ့တစ်ခါ
အသာအယာချော့ကာဆွဲ



အသက်ပင်မရှုရဲ
လက်ထဲ ... လက်ထဲ ... ရောက်လု ခုအချိန်ခါ။

အဘိုးအိုသည် ပိုက်ကိုချော့၍ ချော့၍ဆွဲ၏။ လူအိုနေသော်လည်း ပိုက်ကအသစ်ဆိုလျှင် တော်သေး၏။ ယခုလို ငါးဝင်နေမှတော့ ပိုက်ကောင်းလျှင် လက်ခမောင်းခတ်ရုံသာရှိ၏။ အခုတော့ ပိုက်က အဆွေးမို့ အလိုက်သင့်ကလေး ဖြည်းဖြည်းဖြည်းဖြည်းဆွဲနေရခြင်း ဖြစ်၏။ ဇရာတရားသည် သက်ရှိအဘိုးကိုသာမက သက်မဲ့ပိုက်ကြီးကိုလည်း ထုထောင်းကာ အဆွေးအမြည့် ဖန်တီးထား၏။ ဟော ... ငါးသည် ပိုက်ထိပ်သို့ တက်လာပြီ ဖြစ်၏။ သည်ငါးကိုတော့ မိနိုင်ကောင်းသည်။ ထို့ကြောင့် အဘိုးသည် ရှိသမျှသော ခွန်အားကိုသုံးကာ ပိုက်ကိုလှေပေါ်သို့ ဆွဲတင်လိုက်၏။

လွတ်လေပြီ ...
ရွှေရည်ဝင်းသည့် ငါး ... ငါးသတ္တဝါ
ခုန်လွှားပျံဆင်း မြစ်တွင်းအဏ္ဏဝါ။

ဆွဲတင်လိုက်ခါမှ ပိုက်အဆွေးမှ ရွှေရည်ဝင်းသည့် ငါးကြင်းသတ္တဝါသည် မြစ်အတွင်းသို့ ခုန်ဆင်း၍ပြေးလေရာ အဘိုးအိုခမျာ လူက ဇရာ ပိုက်မှာအဆွေး ငါးမိရေးက မလွယ်ခဲ့ပါ။

တံငါအို ဗျာပိုလှိုက်လှဲ
မျက်ရည်ဝဲ အားခဲလို့မရှင်သာ

www.burmeseclassic.com

www.burmeseclassic.com



လူကဇရော၊ ပိုက်မှာအဆွေး
ငိုကြွေးမြည်တမ်း မြစ်ကမ်းဖွေအဏ္ဏဝါ။

မိခါနီးမှ လွတ်သွားသော ရွှေရောင်ဝင်းနေသည့် ရွှေငါးကြင်းကြီးအတွက် ဇရာပိုသည့် တံငါအိုကြီးသည် ငိုကြွေးမြည်တမ်းရုံမှလွဲ၍ တခြားဘာတတ်နိုင်ပါတော့မည်နည်း။

ကျွန်တော်သည် တံငါအိုအဘိုး၏အဖြစ်အတွက် ဝမ်းနည်းနေမိ၏။ အဘိုး ဘာဆက်လုပ်မည်နည်း။ လူအအို ပိုက်အဆွေးဖြင့် ဖမ်းနေသမျှ ငါးမိရေးကမလွယ်။ ငါးလွတ်ရေးသာ လွယ်မည် ဖြစ်၏။ ငါးများကတော့ မြစ်ပြင်ကျယ်တွင် မြူးထူးစွာ ပျော်ရွှင်နေဆဲဖြစ်သည်။

ငယ်စဉ်ကတော့ ယခုလို ငါးမြူးနေလျှင် ပိုက်မလို။ လှော်တက်နှင့် ရိုက်ဖမ်းလျှင်ပင် ဟင်းစားတော့ အသေအချာရ၏။ အဘိုးသည် မိမိ၏ဘဝ၊ မိမိ၏အဖြစ်အတွက် ဒေါသပင်ထွက်လာ၏။ ထို့ကြောင့်လည်း ပိုက်ကိုချကာ တက်ဖြင့် မိမိလှေကိုမိမိ တစ်ဗုန်းဗုန်းရိုက်နေမိ၏။ မရှိသောအင်အားဖြင့် ရိုက်နေခြင်းဖြစ်ရာ လှေမှာ သူ့ကိုရိုက်နေသည်ကိုပင် သိဟန်မတူ။ အဘိုး ဘာမျှမတတ်နိုင်တော့သည်မှာ သေချာလှပါ၏။ ယခုတော့ အဘိုးသည် ပိုက်ဆွေးကိုထမ်း၍ လာလမ်းအတိုင်း ပြန်ရုံသာဖြစ်၏။ သူ့မျက်လုံးကမကောင်းတော့။ သူ့မျက်လုံးထဲတွင် မျက်ရည်ကအပြည့်ဖြစ်၏။ မျက်ရည်များဖြင့် ပြည့်နေသောကြောင့် မြစ်ပြင်တစ်ခွင်တစ်ပြင်သည် မှုန်ဝါး၍နေတော့၏။ မကြာမီ



လှေသည် ကမ်းသို့ ဆိုက်လာ၏။ အဘိုးသည် ချည့်နဲ့ လေးကန်ဖင့်နွဲ့စွာဖြင့် လှေပေါ်မှဆင်း၏။ ထို့နောက် ပိုက်အဆွေးကို ရှိသမျှခွန်အားဖြင့် မယူရသည်။ ပိုက်မှာရေစိုနေ၍ ပို၍လေးလာသည်။ ထို့ကြောင့် အားစိုက်၍ မရ၏။ ရေစက်လက်ဖြင့် ပိုက်ကိုထမ်းကာ အဘိုးတစ်ယောက် မြစ်ပြင်ကို ကျောခိုင်း၍ လျှောက်လာခဲ့၏။ မြစ်ပြင်အဏ္ဏဝါဘက်သို့ စိတ်နာစွာဖြင့် လှည့်၍ပင်မကြည့်တော့။ အဘိုး၏ခြေလှမ်းများက အလာကထက် ပိုမိုနှေးကွေးနေ၏။ ပိုက်အဆွေးနှင့် အဘိုးသည် မြင်ကွင်းမှ တစ်ဖြည်းဖြည်း ဝေး၍ဝေး၍ သွားပါ၏။ အဘိုးအို၏ နှေးကွေးလှသော ခြေလှမ်းများကြောင့် အဘိုးအို၏ မြင်ကွင်းသည် ရုတ်တရက် ပျောက်သွားခြင်းမရှိ။

အဏ္ဏဝါကမ်းခြေအနီးမှာ
ဇရာပို တံငါအိုကြီး
ဘဝခရီးကိုတွေး ရင်လေးမိတာ
ငိုက်မေ့သလိုနွမ်း ပိုက်ဆွေးကိုထမ်းကာ
တစ်လှမ်းချင်း စမ်းရင်း
ဝမ်းတွင်းမချိသမျှ အတိအကျပေါ်လာ
မြစ်ပြင်ရဲ့ ကျယ်ပါဘိလေး –
ငါးတွေ သည်မြစ်ကြောမှာ ပေါပါဘိလေး–
သို့သော် သည်ပိုက်ဆွေးနှင့် လိုက်ရေးမလွယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော့်ဒါနပါသော ဦးမင်းအောင်အလှူ

"ဆရာ – ဆရာမင်းကွန်းရောက်ပြီ"

ကျွန်တော်သည်လှေနံရံကို မှီရင်းလိုက်လာရာမှ လှေပေါင်းမိုးအောက်မှ ဆိပ်ကမ်းဆီသို့ ငုံ့ကြည့်လိုက်မိပါ၏။

ဦးမင်းအောင်က "ဆရာအိပ်ပျော်သွားတယ်နဲ့ဘူတယ်" ဟုဆို၏။ "မဟုတ်ပါဘူးဗျာ၊ ဇရာအိုသီချင်းသံကြားရင်းက ကျွန်တော်တို့ငယ်ငယ်က ကိုမင်းနောင်သီချင်းသံ ပြန်ကြားမိနေတာပါဗျာ" ဟု ကျွန်တော်က ပြောမိ၏။

လှေပေါ်မှလူများကား ထိုင်လျက်သား လုံချည်ပြင်ဝတ်သူဝတ်။ လှေဦးထွက်ရပ်သူကရပ်နှင့် လှေတစ်ခုလုံး ရုတ်ရုတ်ရက်ရက်ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ကမ်းဘက်သို့ကြည့်လိုက်တော့ လှေသုံးလေးယောက်က ရေထဲအထိဆင်းလာကာ "လှည်းယူမလားဆရာ လှည်းယူမလား၊ မိုးကုတ်ကုန်း၊ မြသိန်းတန်အထိ ရောက်မယ်"ဟု ဆိုကြ၏။

ကျွန်တော်က လှည်းနှင့် ဆက်သွားရဦးမှာလားဟု ဦးမင်းအောင်ကို မေးသောအခါ သူက ကျွန်တော်တို့က လှည်းမလို၊ အချို့ဘုရားဖူးများက မင်းကွန်းတစ်ဝိုက် လှည်းနှင့် ဘုရားဖူးသွားတတ်ကြ၏။ ယင်းတို့အတွက် လှည်းငှားလိုက ငှားနိုင်ရန် လှည်းများစောင့်နေကြခြင်း ဖြစ်သည်။ ယခု လှေဆိုက်သည့် နေရာသည် မင်းကွန်းဆိပ်ကမ်းမဟုတ်။ သဲဖြူချောင်းဆိပ်ဖြစ်သည်။ ဤမှတစ်ဆင့် ဆယ့်ငါးမိနစ်ခန့်လျှောက်သွားလျှင် မင်းကွန်းရောက်မည်ဟု ဆိုပါ၏။ သို့သော် အားလုံးလိုလို ထိုနေရာတွင် ဆင်းကြသည့်အတွက် ကျွန်တော်တို့လည်း ရောယောင်၍ ဆင်းခဲ့ကြ၏။

သဲဖြူချောင်းဆိပ်တွင် ကျွန်းသစ်လုံးကြီးများက အစီအစဉ်မဲ့ ပြန့်ကျဲနေသည်ကို တွေ့ရပြီး ထိုနေရာတွင် ကလေးများလည်း ရေချိုးနေကြ၏။ ကျွန်တော်တို့သည် သဲဖြူချောင်းဆိပ်မှ မင်းကွန်းသို့ လျှောက်လာကြသည်။ လမ်းတစ်လျှောက်တွင် လူသုံးလေးဖက်စာ လက်ပံပင်ကြီးများ၊ မန်ကျည်းပင်ကြီးများ ပေါက်နေသည်ကိုတွေ့ရ၏။ ဤသစ်ပင်ကြီးများ၏ သက်တမ်းသည် နှစ်ရာနှင့်ချီ၍ ကြာနေမည်ဖြစ်၏။



ဆက်၍လျှောက်လာရာ မင်းကွန်းအလယ်တန်းကျောင်း၊ တိုက်နယ်ဆေးရုံစသည်တို့ကိုတွေ့ရ၏။ တိုက်နယ်ဆေးရုံရှေ့တွင် စိန်ပန်းပင်လေးများကို တန်းစီ၍စိုက်ထားသည်။ ထိုနေရာတစ်ဝိုက်သည်လည်း အလွန်ပင်သာယာလှသည်။ ရောဝတီမြစ်ကလည်း ကျယ်ဝန်းသည်။ ရောမ လက်ပံပင်ကြီးများကို တွေ့ရသည်။ မြင်ကွင်းကလှည်းဆန်း၏။ ဤနေရာမှနေ၍ မန္တလေးတောင်တော်ကိုလည်း အထင်သားမြင်နေရ၏။

ဦးမင်းအောင်က မင်းကွန်းတွင် ဘုရားကြီး၊ ခြင်္သေ့ကြီး၊ ခေါင်းလောင်းကြီးနှင့် ကန်တော်ကြီးဟူ၍ ကြီးလေးကြီးရှိကြောင်း ပြော၏။ မင်းကွန်းပုထိုးတော်ကြီးကား ရောမစေတီတော်ကြီးဖြစ်၏။ ယခင်က လေးထောင့် မတ်မတ်စပ်စပ် တည်ထားခဲ့သော်လည်း ယခုအခါ လေးဘက်စလုံး ကွဲအက်ပြိုကျနေပါ၏။ ယခု ၁၀– နှစ်၊ ၁၅–နှစ် အတွင်း ပို၍ပြိုကျခဲ့သည်ဟုလည်း ဆို၏။ မင်းကွန်းပုထိုးတော်ကြီးကို တည်ထားခဲ့သည်မှာ အမရပူရနန်းစံ ဘိုးတော်ပဒုံမင်းဖြစ်၏။ ဤစေတီတော်ကြီးကို ၁၁၅၂– ခု၊ တပို့တွဲလဆန်း ၅– ရက် တနင်္ဂနွေနေ့တွင်တည်ခဲ့သည်ဟု ကုန်းဘောင်မင်းဆက် မဟာရာဇဝင်ကဆိုသည်။ စေတီတော်ကြီး၏အမြင့်မှာ ၂၅၂– တောင်ရှိ၍ ဘိုးတော်ဘုရားသည် ၁၁၇၄– ခုနှစ်တွင်စေတီတော်ကြီးကို အပြီးသတ်အောင် မတည်တော့ဘဲ လုံးဝရပ်ဆိုင်းခဲ့သဖြင့် စေတီတော်ကြီးမှာ တစ်ပိုင်းတစ်စဖြင့် ကျန်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ကြီး၏ အနောက်မြောက်ထောင့်တွင်မူ ဂူတခု ရှိသည်။ ထိုဂူကိုထိုင်းနိုင်ငံမှ ဘုရင့်သမီးတော် သီရိဒ္ဓုံ မြန်မာနိုင်ငံသို့ လာရောက်ခဲ့စဉ်က သွားရောက်ကြည့်ရှုခဲ့၏။ ထိုင်းဘုရင်က မြန်မာဘုရင်သို့ဆင်ဖြူမတစ်စီး လက်ဆောင်ပေးခဲ့ကြောင်း၊ ထိုဆင်ဖြူမ သေဆုံးသောအခါ ဆင်သေကိုပုထိုးတော်ကြီး၏ ရာဟုထောင့်တွင် မြှုပ်ထားသည်ဟု ဆိုကာ သမီးတော်က ထိုဂူကို လာရောက်ကြည့်ရှု သွားခြင်းဖြစ်သည်ဟု ဆို၏။

ထိုဆင်ဖြူမကို ဘိုးတော်ဘုရားသည် နှစ်သက်မြတ်နိုး လှသဖြင့် သီရိမင်္ဂလာ မဟာသုဘဒ္ဒါ ဟုအမည်ပေးခဲ့ကြောင်းသိရ၏။

ခြင်္သေ့ကြီးနှစ်ကောင်ကို ပုထိုးတော်ကြီး၏ အရှေ့ဘက်၌ ဧရာဝတီမြစ်ဘက်သို့ လှည့်၍ တည်ထားခဲ့စဉ်က အတောင် ၆၀= ရှိသည်ဟုဆို၏။ ခြင်္သေ့ကြီးနှစ်ကောင်အတွက် အုတ်ချပ်ရေရှစ်သိန်း အသုံးပြု၍တည်ထားခဲ့ကြောင်းသိရ၏။

ကျွန်တော်တို့သည် ပုထိုးတော်ကြီးနှင့် ခြင်္သေ့ကြီးအကြားမှ မြောက်ဘက်သို့ ဆက်လာခဲ့ရာ မကြာမီ ထမင်းဆိုင်တန်းသို့ရောက်၏။ ထမင်းဆိုင်များနေရာသည် ခေါင်းလောင်းတော်ကြီးနှင့် ပုထိုးတော်ကြီး အကြားတွင်ရှိပြီး ဘုရားဖူးလာသူများအတွက် ဖွင့်လှစ်ထားသော ထမင်းဆိုင်များဖြစ်၏။ ထမင်းဆိုင်တန်းရောက်သောအခါ ဦးမင်း အောင်က သူ့တွင်ပါလာသော ငွေတစ်သောင်း မပွန်းသေး၍ တစ်ခုခု



သောက်လိုက သောက်၊ စားလိုကစားကြရန် ပြော၏။ ကျွန်တော်တို့ သည် ထမင်းဆိုင်တန်းသို့ ဝင်၍ ခေတ္တနားကာ အချိုရည်သောက်ပြီး အုတ်ချဆရာတော်ဘုရားကျောင်းသို့ ဆက်၍ထွက်ခဲ့ပါ၏။

မင်းကွန်းတွင် မင်းကွန်းမဟ္မစကြာကျောင်းတိုက်၊ မင်းကွန်း ရေဦးကျောင်းတိုက်၊ အဘိဓမ္မမဟာရဋ္ဌဂုရု ဓမ္မနာဒကျောင်းတိုက်၊ မင်းကွန်းရှားပင်တိုက်သစ်နှင့် မင်းကွန်းအုတ်ချကျောင်းတိုက်ဟူ၍ ကျောင်းတိုက်ကြီးများရှိ၏။

ဤကျောင်းတိုက်ကြီးများတွင် ရဟန်းတော်များ အေးချမ်းစွာ သီတင်းသီလ ဆောက်တည်လျက်ရှိကြ၏။ မင်းကွန်းသည် တောကြီး မြိုင်ကြီး ဂနိုင်ကြီးပမာရှိသောကြောင့် တရားရှာသူတို့အတွက် ချမ်းမြေ့ ဖွယ်ရာဖြစ်၏။

အုတ်ချကျောင်းတိုက်သို့ ရောက်ရန် ကျွန်တော်တို့သည် အတွင်းဘက်သို့ တောလမ်းအတိုင်း အတော်လေးလျှောက်ရသည်။ လေးဆယ့်ငါးမိနစ်ခန့်ကြာ၏။ သဲချောင်းများအတိုင်း လျှောက်ရပြီး လမ်းဘေးဝဲယာတွင်တော့ ပန်းတို့ကအမျိုးစုံ ပွင့်နေ၏။ ကျေးငှက်သံ တို့ဖြင့် အုတ်ချကျောင်းခရီးသည် ကြည်နူးဖွယ်ရာဖြစ်သည်။ အုတ်ချ ကျောင်းနေရာသည် အတွင်းပိုင်းကျ၍ ပိုမိုတိတ်ဆိတ်အေးချမ်း၏။

အုတ်ချကျောင်းတိုက်တွင်လည်း လူသူများများ[illegible]မရှိ။ အုတ်ချကျောင်းတိုက်သို့ ရောက်သောအခါ ဆရာတော်[illegible] ဖူးပါရစေ

www.burmeseclassic.com

www.burmeseclassic.com



ဟု လျှောက်ထားသောအခါ ဦးပဥ္စင်းက အသိဖြစ်နေ၍ ဆရာတော်ထံ တန်းဝင်ခွင့် ရ၏။ ကျွန်တော်တို့သည် ဘုရားကန်တော့ပြီးနောက် ဆရာတော်အား ကန်တော့၏။

ဆရာတော်က "ဒကာကြီးက ဘယ်သူလဲ၊ ဘာကိစ္စလဲ" ဟု လိုရင်းကို မေးပါ၏။ ကျွန်တော်က အမည်နာမလိပ်စာနှင့်အတူ ပြည်မြို့မှ ဆရာတော်၏ ဒကာရင်းဖြစ်သူ ကျားပျံဦးအုန်းမောင်ထံမှ ဆရာတော်ထံသို့ ပေးပို့လိုက်သောစာလည်းပါကြောင်း လျှောက်ထားကာ ထိုစာကိုလည်း ဆရာတော်၏လက်သို့ အပ်လိုက်၏။ ဆရာတော်သည် စာကို ဆုံးအောင် ဖတ်ပြီး ဦးအုန်းမောင်နှင့် ဒေါ်သန်းစိန်တို့ရော နေကောင်းရဲ့လားဟု မေးပါ၏။ အားလုံး ဆရာတော်၏ ပို့သသောမေတ္တာကြောင့် ကျန်းကျန်းမာမာရှိပါကြောင်း လျှောက်ထားသောအခါ ဆရာတော်က ဒကာမကြီး ဒေါ်ကောက်ရော၊ ကိုစိန်တင်တို့ရော နေကောင်းကြရဲ့လား ဟု တစ်ဦးစီကိုမေးပါ၏။ ဆရာတော်က ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ဆက်၍ပြောကြားပါ၏။ ထိုအခြေအနေကို ဦးအုန်းမောင်၊ ဒေါ်သန်းစိန်တို့ကို ပြန်ပြောပြရန်လည်း မှာကြားသည်။ ပြီးမှ ဆရာတော်က သူ့ထံလျှောက်ထားစရာများရှိသလား၊ လာရင်းကိစ္စကို ပြော၊ မင်းကွန်း၌ လိုအပ်သမျှကို ဆရာတော်က ဆောင်ရွက်ပေးပါမည် ဟု ဆို၏။ ထို့ပြင် ဆရာတော်က "ဒကာကြီး ကျုပ်ကျောင်းမှာ ကြိုက်သလိုနေ၊ စာ ရေးချင်လဲရေး၊ စားဖို့နေဖို့ ဘာမှမပူနဲ့" ဟုဆိုပါသည်။



အုတ်ချဆရာတော်ကြီးသည် စိတ်မြန်လက်မြန် ဖြစ်၏။ ဆရာတော်ကြီး စိတ်မြန်လက်မြန်ရှိပုံကို ကျွန်တော်ကြည့်နေသည်ကို ဆရာတော်ကသိသဖြင့် "ဒကာကြီး၊ လူ့ဘဝ လူ့အဖြစ်မှာ အချိန်က သိပ်မရှိဘူး၊ ရတဲ့အချိန်ကလေးမှာ မသေခင်၊ မအိုခင်၊ မနာခင် လုပ်စရာတွေ မြန်မြန်သာလုပ်ဒကာကြီး" ဟုဆိုပါ၏။

ထိုအခါ ကျွန်တော်က "တပည့်တော်လဲ တစ်နေ့လုံး အိုတဲ့ကိစ္စ၊ နာတဲ့ကိစ္စတွေကို စဉ်းစားလာတာပါဘုရား" ဟုလျှောက်ထားရာ ဆရာတော်က "ဒကာကြီး၊ အတိုဆုံး မှတ်သားဖို့က အိုခြင်းတရား၊ သေခြင်းတရား၊ နာခြင်းတရားတွေ ရောက်မလာမီ လုပ်စရာကိုင်စရာများကို ပြီးပြတ်အောင်လုပ်ဖို့လိုတယ် ဒကာကြီးရဲ့၊ အိုခြင်း၊ သေခြင်း၊ နာခြင်းတရားတွေ ရောက်မှတော့ လူဟာ ဘာမှလုပ်လို့မရတော့ဘူးဒကာကြီး၊ ကဲ ... ဒကာကြီးအတွက် ပိုပြီးမျက်မြင်ကိုယ်တွေ့ဖြစ်အောင် ခုလိုက်ခဲ့၊ ဇရာတရားထုထောင်းထားတဲ့ လူတစ်သိုက်ကို ကျုပ်ပြမယ်၊ ဇရာရဲ့ လက်ရာတွေကို အဲဒီနေရာမှာ ဒကာကြီး သေသေချာချာလေ့လာပေတော့" ဟု ဆိုပါ၏။

ဆရာတော်က ယာဉ်မောင်းအား ဂျစ်ကားကို ထုတ်စေကာ မင်းကွန်းရှိဗုဒ္ဓဘာသာ လူအိုရုံသို့ ကိုယ်တိုင်လိုက်ပို့ပါသည်။ မင်းကွန်း လူအိုရုံသည် ဧရာဝတီမြစ်အတွင်းသို့ ခြေဆင်း၍ ဆောက်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသည် အသက်ကြီးသူတို့နေထိုင်ရန်အတွက် သင့်တော်သော နေရာဖြစ်ပါ၏။

မင်းကွန်းဗုဒ္ဓဘာသာ လူအိုရုံ၏အလယ်တွင် အရိပ်အာဝါသ နှင့်ပြည့်စုံသော ညောင်ပင်ကြီးတစ်ပင်ရှိ၏။ ထိုညောင်ပင်တွင်ကား "ညောင်ရိပ်ကိုခို၊ ဆုကိုဆို၊ သင်၏အလိုပြည့်လိမ့်မည်" ဟုရေးသားထား သည်။ ထိုညောင်ပင်၏ အနောက်တွင်ကား မင်းကွန်းလူအိုရုံ၏ ရွှေရတု အဆောက်အအုံရှိသည်။ ထိုအဆောက်အအုံကို ရုံးဖွင့်၍ ထားပါသည်။ ညောင်ပင်၏အရှေ့ဘက်တွင် ခရီးသွားတို့ တည်းခိုနားနေရန် ဆောက် ထားသော အဝိုင်းပုံသဏ္ဍာန် ဇရပ်ရှိသည်။ ဇရပ်ခေါင်းရင်းဘက်တွင် ကျောက်ဆစ်ရုပ်ပွားတော်နှစ်ဆူရှိရာ ဘိုးဘွားနှင့် ဧည့်သည်များ အေးချမ်းစွာ ကြည်ညိုနိုင်ပါ၏။ ထိုဇရပ်မှ ရောဝတီမြစ်ဆိပ်အထိ စကြံတစ်ခုဆောက်ထား၏။ စကြံ၏တောင်ဘက်တွင် ဧရာဝတီမြစ် ဘက်သို့ လှည့်၍နေသော ဘွားဦးဇွန်းရုပ်တုရှိ၏။ စကြံ၏မြောက်ဘက် တွင်ကား လူအိုရုံများ ဆောက်လုပ်ရာ၌ ဘွားဦးဇွန်းနှင့် အတူ ဆောင်ရွက်ခဲ့သော ဘိုးမောင်ကြီး၏ရုပ်တုရှိ၏။

မင်းကွန်းလူအိုရုံ ဘိုးဘွားတစ်ရာကျော်နှင့် ပြုစုစောင့်ရှောက် သူတို့ လုံလောက်စွာနေနိုင်သော အကျယ်အဝန်းရှိပြီး အဘိုးအဘွားတို့ နေသောအဆောင်များ၊ နားနေစရာနေရာများ၊ ဧည့်ဆောင်၊ သူနာပြု ဆောင်၊ ဆေးခန်း၊ စာကြည့်တိုက်၊ ဓမ္မာရုံ၊ ထမင်းစားဆောင်၊ ဘုရား



ဝတ်ပြုသည့်အဆောင် စသည်ဖြင့် အဆောက်အအုံများ ရှိသည်။ အဆောက်အအုံများကိုတော့ စနစ်တကျ ဆောက်လုပ်ထားခြင်းမရှိဘဲ လှူဒါန်းသူပေါ်လျှင် ပေါ်သလို မြေနေရာလွတ်တွင် ဆောက်ထားရ ဟန်ရှိ၏။

မင်းကွန်းလူအိုရုံ၏အလယ်တွင် ရောမညောင်ပင်ကြီးအပြင် ဝင်းအတွင်း၌ ရောမမန်ကျည်းပင်များနှင့် သရက်ပင်ကြီးများရှိ၏။ ထိုအပင်ကြီးများအပြင် ပိတောက်ပင်၊ ကုက္ကိုပင်၊ သီးပင်၊ ထန်းပင်၊ အုန်းပင်၊ သြဇာပင်၊ စံကားပင်၊ သံပရာပင်၊ ရဲယိုပင်၊ စွယ်တော်၊ ရွက်လှ နှင့် စက္ကူပန်းရုံကြီးများ ရှိ၏။ သီးပင်ကြီးငယ်တို့ အထပ်ထပ်စိုက်ထား သဖြင့် မင်းကွန်းလူအိုရုံသည် အရိပ်ကောင်းကောင်းရသည်။ အဖြူ ရောင်နှင့် မရမ်းရောင်ကျကျ စက္ကူပန်းရုံကြီးများမှာ တစ်ရုံလုံး အပွင့် များဖုံးနေလျက် အလွန်မှလှပါ၏။ ထိုစက္ကူပန်းရုံကြီးများ အောက်တွင် ထိုင်စရာများကို စီစဉ်ထားသဖြင့် ဘိုးဘွားများအတွက်ရော ဧည့်သည် များအတွက်ပါ ထိုနေရာများသည် အပန်းဖြေစရာနေရာများ ဖြစ်၏။ မင်းကွန်းလူအိုရုံ ရုံးခန်းတွင် ဘွားဦးဇွန်း၏ပုံများ၊ ဘွားဦးဇွန်း ၏ မိဘများဖြစ်သော ပညာရှိဘိုးအိနှင့် ဘွားမျှင်တို့၏ ပုံများကိုလည်း ချိတ်ဆွဲထား၏။

မင်းကွန်း လူအိုရုံသို့ရောက်သော် အုတ်ချဆရာတော်ဦးကျွန် တော်နှင့် ဦးမင်းအောင်ကို လူအိုရုံရှိ တာဝန်ခံဖြစ်သူ ဦးခင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ထံတွင် အပ်နှံ၍ ကျွန်တော်တို့လေ့လာလိုသည်များကို ကူညီရန်နှင့် စားဖို့သောက်ဖို့နှင့် တည်းခိုဖို့ကိစ္စများကိုပါ ဆောင်ရွက်ပေးရန် ပြောကြားပြီး "ဒကာကြီးတို့ ဒီမှာနေလိုသမျှ၊ လေ့လာလိုသမျှနေ၊ ဒီက ပြီးရင် ဘုန်းကြီးကျောင်းမှာလာနေ၊ စာရေးလိုကရေး၊ အေးအေးချမ်းချမ်း၊ ချမ်းသာသလိုနေ၊ မင်းကွန်းမှာ ဒကာကြီးတို့အတွက် ဘာမှ လိုလေသေးမရှိစေရဘူး" ဟုအထပ်ထပ်ပြောဆိုရုံမျှမက ဆရာတော်သည် မင်းကွန်းရှိထမင်းဆိုင်နှင့် လက်ဖက်ရည်ဆိုင်တို့မှ ဆိုင်ရှင်များကို ခေါ်၍လည်း "ဒီဒကာကြီးများသည် မင်းကွန်း၏ဧည့်သည်များ ဖြစ်သည်။ မင်းကွန်းတွင် နေစဉ်ကာလအတွင်း ဘာမှလိုလေသေးမရှိ ရအောင် ထမင်းချိန်ထမင်း၊ လက်ဖက်ရည်ချိန် လက်ဖက်ရည် ဧည့်ခံကြ၊ ဒကာကြီးတို့ ဒီမှာလေ့လာပြီးရင် ဘုန်းကြီးထံပြန်ပို့" ဟု ပြောဆိုအပ်နှံကာ ဆရာတော်သည် ကျောင်းသို့ပြန်သွားပါ၏။

ဆရာတော်၏ မိန့်မှာချက်နှင့်အညီ မင်းကွန်းရောက် ကျွန်တော်တို့ကို လိုလေသေးမရှိ ဧည့်ခံကြသည်။ မင်းကွန်းတွင် ချောင်းပေါင်း ၅၀– ကျော်ခန့်ရှိ၍ မင်းကွန်းကျေးရွာအုပ်စု၌ ရွာခြောက်ရွာ၊ အိမ်ခြေ ၇၅၀– ခန့်နှင့် လူဦးရေ ၅၀၀၀– ကျော်ရှိသည်ဟု ဆို၏။

မင်းကွန်းရပ်နေလူထုသည် တရားရိပ်၊ တရားသံကို မပြတ် နားခံရင်း အသက်မွေးဝမ်းကျောင်းအဖြစ် အချို့က ဘုရားဖူးများကို ဧည့်ကြိုလုပ်ငန်း၊ ဘုန်းကြီးကျောင်းများ ပြုပြင်သည့် ပန်းရန်လုပ်ငန်း၊



ဝါးဖောင်လုပ်ငန်း၊ အချို့က လက်သမား၊ ဈေးသည်၊ အချို့က အိမ်အမိုး ကတ် ရက်လုပ် ဖိနပ်ခုတ် စသည်ဖြင့် လုပ်ငန်းစုံဖြင့် အသက်မွေးဝမ်း ကျောင်းကြသည်ဟု သိရသည်။

မင်းကွန်းတွင် ကြေးစိသာ၅၅၅၅– ဖြင့် သွန်းလုပ်ထားသော ကမ္ဘာကျော် မင်းကွန်းခေါင်းလောင်းကြီးရှိပါ၏

မင်းကွန်းသည် အေးချမ်းသောနယ်မြေဖြစ်၏။ သက်ကြီး ရွယ်အိုတို့အတွက် သင့်တော်သောနေရာဖြစ်၏။

မင်းကွန်းလူအိုရုံကို ၁၉၁၅– ခုနှစ် ဇန်နဝါရီလ ၁၁– ရက်နေ့ တွင် တည်ဆောက်ထား၍ ၁၉၉၀–ပြည့်နှစ် ဇန်နဝါရီလ၁၁– ရက်နေ့ တွင် ၇၅– နှစ်တင်းတင်း ပြည့်မြောက်ကာ ယခုအခါ ၇၅– နှစ်မြောက် စိန်ရတုသဘင် အခမ်းအနားကို ပြုလုပ်ကျင်းပရန် စီစဉ်လျက်ရှိပါ၏။

မင်းကွန်းလူအိုရုံတွင် ၇၅– နှစ်မြောက် အထိမ်းအမှတ်အဖြစ် စိန်ပုံသဏ္ဍာန် အလှအပ အခင်းအကျင်းများစွာကို ပြုလုပ်ထားပြီး စိန်ရတုမှသည် ရာပြည့်ဆီသို့ဟူသော မော်ကွန်းကျောက်စာကို စိုက်ထူ လျက် လူအိုရုံအမှုဆောင်အဖွဲ့သည် ဇရာ၏အထုအထောင်းကြောင့် ဘဝယိမ်းယိုင် အခြေမခိုင်သော ဘိုးဘွားတို့အား အနှစ် ၁၀၀– တိုင် ဆက်လက်ပြုစုစောင့်ရှောက်ရေးအတွက် သန္နိဋ္ဌာန်ချထားကြပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘွားတစ်ရာကျော်အား တာဝန်ယူစောင့်ရှောက်ရသော တာဝန်သည် အလွန်မှကြီးမားလှ၏။ နာယကဆရာတော်ကြီးများနှင့် အမှုဆောင်အဖွဲ့၏ ကြီးကြပ်မှုနှင့် တစ်နိုင်ငံလုံးမှ ပြည်သူတို့၏ စေတနာများ ပေါင်းစပ်ထားရာ ဘိုးဘွားတို့အတွက် အစားအသောက်၊ အနေအထိုင် ချို့တဲ့မှုမရှိဘဲ ပြည့်ဝပိုလျှံစွာ စားသုံးနိုင်ကြသည်ကို ရောက်ရာအရပ်မှ ဘွားဦးနွန်းမြင်ရပါလျှင် မိမိတည်ထောင်ထားခဲ့သည် ထက် အနှစ်တစ်ရာတိုင် ဆက်လက်ထိန်းသိမ်းပါမည်ဟု သန္နိဋ္ဌာန်ချ လုပ်ဆောင်နေသော မေတ္တာရှင်၊ စေတနာရှင် ပုဂ္ဂိုလ်တို့ကို ကျေးဇူးများစွာတင်ရှိလျက် ဝမ်းမြောက်ဝမ်းသာ မေတ္တာပို့သ အားရကြည်နူးစွာ ရှိမည်မှာ အမှန်ပင် ဖြစ်ပါ၏။

မင်းကွန်း ဗုဒ္ဓဘာသာလူအိုရုံကို ကျွန်တော်တို့သွားရောက်စဉ် ဘိုး ၃၁–ဦး၊ ဘွား ၇၅–ဦးရှိ၏။ ကရင်၊ ပအို့၊ မြန်မာ စသည့် တိုင်းရင်းသားလူမျိုးစုံရှိပြီး ခရစ်ယာန်ဘာသာဝင် အဘိုးအဘွားများလည်း ရှိပါသည်။ မင်းကွန်းလူအိုရုံသည် သက်ကြီးရွယ်အို ခိုကိုးရာမဲ့များအား လူမျိုးမရွေး၊ ဘာသာမရွေး စောင့်ရှောက်ထားသော ဌာနတစ်ခု ဖြစ်ပါ၏။

မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံ၏ ဝေယျာဝစ္စများကို ဆောင်ရွက်ရန် မင်းကွန်းရှိ ဆရာတော်ကြီးငါးပါးကို နာယကထား၍ အမှုဆောင် ၁၂–ဦးပါသောအဖွဲ့ရှိ၏။ ဤအဖွဲ့တွင် ဦးခင်ညွန့်က ဥက္ကဋ္ဌဖြစ်



၍ ဒုတိယဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးမှူးမှာ ဦးညီပုဖြစ်ပြီး အတွင်းရေးမှူးမှာ ဦးကိုကြီးဖြစ်သည်။ ကျန်အဖွဲ့ဝင်များမှာ ဦးထွန်းညွန့်၊ ဦးတင်စော၊ ဦးထွန်းသင်၊ ဦးလှမောင်၊ ဦးအုန်းခင်၊ ဒေါက်တာဦးအုန်းဆွေ၊ ဦးအေးမော်၊ ဦးလှဦးနှင့် ဦးစိန်ဝင်းတို့ ဖြစ်သည်။

မင်းကွန်းလူအိုရုံတွင် သတင်းထောက်ဟောင်းကြီးတစ်ဦး ဖြစ်သူ ဦးထွန်းဦးကိုလည်း တွေ့ရသည်။

ကျွန်တော်တို့ မင်းကွန်းလူအိုရုံသို့ ရောက်သောအခါ ညနေ ၃– နာရီခန့် ရှိပြီဖြစ်၏။ ကျွန်တော်တို့ကိုအတွင်းရေးမှူး ဦးကိုကြီးနှင့် ရုံးအဖွဲ့မှ တာဝန်ခံ ဦးခင်အောင်တို့က မင်းကွန်းလူအိုရုံနှင့်ပတ်သက်၍ သိသင့်သိအပ်သည်များကို အသေးစိတ် ရှင်းပြပါ၏။ ထို့ပြင် ဦးခင်အောင်နှင့် ဦးထွန်းဦးတို့က လူအိုရုံအတွင်းရှိ အဆောင်များနှင့် အခြားအဆောက်အအုံများကိုလည်း လိုက်လံပြသသည်။

ဤနေရာရောက်တော့ ဇရာ၏သဘောကို ပို၍ထင်ရှားစွာ တွေ့လာရ၏။ အခြားနေရာများတွင်တော့ သက်ကြီးရွယ်အိုများကို ဟိုနားတစ်ယောက်၊ ဒီနားတစ်ယောက် တွေ့ရ၏။ ဤနေရာတွင်ကား သက်ကြီးရွယ်အိုများကို အစုလိုက်အဝေးလိုက်တွေ့ရသည်။ မန်ကျည်းပင်ရိပ်မှာ၊ စံကားပင်ရိပ်မှာ အဘိုးအဘွားတို့သည် နားနေရင်း မိမိကိုယ်ပေါ်မှ ဇရာကိုရှု၍ တရားမှတ်နေကြ၏။ စကြံလျှောက်နေသော အဘိုးအချို့၊ တုတ်ခဲ့၍ခေါ်လာရသော အဘွားအချို့ စသည်ဖြင့် အဘိုးအဘွားအစုံ

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ရ၏။ မင်းကွန်းတွင် ဗရာ၏လက်စွမ်းကို ပို၍ ထင်ထင်ရှားရှား မြင်ရသည်။

မင်းကွန်းရှိ အဘိုးအဘွားများကို တွေ့ရတော့ ဦးမင်းအောင်သည် အဘိုးအဘွားများအား ကုသိုလ်ပြုလိုသောဆန္ဒများ တဖွားဖွား ပေါ်ပေါက်လာသည်ဟု ထင်ပါ၏။ ဦးမင်းအောင်က "ဆရာ၊ ကျွန်တော်နဲ့ဆရာ အဘိုးအဘွားတို့ကို တစ်ရက်စာ ဒါနပြုကြရအောင်ဟု ဆိုပါ၏။ ကျွန်တော်က သဘောတူသဖြင့် အဘိုးအဘွားတို့အား တစ်ရက်စာ ဒါနပြုလိုပါသည်။ မည်မျှကုန်ကျမည်ကို သိပါရစေဟု ဆိုသောအခါ ဦးခင်အောင်က တစ်ရက်စာဒါနဆိုလျှင် အဘိုးအဘွားများအတွက် ၁၈၀၀– ကျပ်နှင့် ရဟန်းတော်ငါးပါးအတွက် ၁၅၀၊ စုစုပေါင်း ၁၉၅၀– ကျပ်ခန့် ကုန်ကျမည်ဟု ဆိုပါ၏။

ထိုကုန်ကျငွေကို ကျွန်တော်နှင့် ဦးမင်းအောင်တစ်ယောက် တစ်ဝက်ကျခံ၍ လှူဒါန်းရန် ဆုံးဖြတ်လိုက်ပါ၏။ ထိုအခါ ဦးမင်းအောင်က "ဆရာ အခု မင်းကွန်းမှာနေရင်း ဆရာအလိုရှိရာသုံးဖို့ ငွေတစ်သောင်းပါလာတာ အခုမှ နည်းနည်းပဲလျော့သေးတယ်၊ ဒီတော့ အခုလှူမယ့်ငွေကို ဆရာ့အတွက်လဲ ကျွန်တော်ပဲ ပေးပါရစေ" ဟု ဆိုပါ၏။

"ဟာ ဦးမင်းအောင်ကလဲ ကျွန်တော့်အလှူက ကျွန်တော့်အလှူ၊ ခင်ဗျားအလှူက ခင်ဗျားအလှူပဲဟာဗျာ ဟုဆိုသောအခါ သူက



"ကျွန်တော်ဆရာ့အတွက် ရည်စူးပြီးသားဖြစ်လို့ လက်ခံပါဆရာ" ဟု အတင်းအကျပ်ပြောပါ၏။ ကျွန်တော်က တစ်ယောက်တစ်ဝက်ပါဟု ပြောသော်လည်းမရ။ သူက "ဆရာရယ် မန္တလေးရောက်လို့ ဆရာနဲ့ ကျွန်တော် တစ်ညနေသုံးရင် ဒီပိုက်ဆံကုန်မှာပဲဟာ၊ အဲဒီသုံးမယ့်အစား ဒီမှာလှူခဲ့မယ်လို့ သဘောထားပြီး ဆရာလက်ခံလိုက်ပါ" ဟုဆို၏။

ကျွန်တော်လည်း သူနှင့် အတင်းအကျပ်ဆက်မငြင်းလိုတော့သဖြင့် သူ့အလှူကို လက်ခံလိုက်ပါ၏။ ထို့ပြင် ဦးမင်းအောင်က ကျွန်တော်နှင့် တွေ့ဆုံမေးမြန်းသော အဘိုးအဘွားတိုင်းအားလည်း တစ်ဦးလျှင် ၂၅– ကျပ်စီထပ်မံကန်တော့ပါသေး၏။

ဦးမင်းအောင် လှူဒါန်းသောငွေဖြင့် အဘိုးအဘွားတို့အား နံနက်စာ ညနေစာ ကျွေးမည့်နေ့အဖြစ် မကြာမီ ကျရောက်မည့် ဦးမင်းအောင်၏ မွေးနေ့ကိုပင် ရွေးချယ်သတ်မှတ်လိုက်ကြပါ၏။ ဦးမင်းအောင်နှင့် ဦးခင်အောင်တို့ လူအိုရုံအဖွဲ့ရုံးခန်းတွင်း၌ အလှူရက် ရွေးချယ်ရင်း စကားလက်ဆုံကျနေချိန်တွင်တော့ ကျွန်တော်သည် ရုံးခန်းထဲမှ ထွက်လာခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## ဘိုးလှမြင့်၏ ဘဝတာဝန်

ကျွန်တော် ရုံးခန်းထဲမှထွက်လာတော့ မင်းသားဟန်ဖြင့် အဘိုးတစ်ယောက်က ကျွန်တော်နှင့် မျက်နှာချင်းဆိုင်လျှောက်လာ၏။ အဘိုးသည် ပုဆိုးကို ခါးပုံစထုတ်ကာ စည်းထားပြီး ပခုံးကလေးရှေ့သို့ ညွတ်ကာညွတ်ကာဖြင့် လျှောက်လာ၏။ အဘိုးလမ်းလျှောက်ပုံက မင်းသားဟန်ပါ၏။

ကျွန်တော်က ထိုအဘိုးကို နှုတ်ဆက်သောအခါ အဘိုးဖြစ်သူက ကျွန်တော့်ကို ခဏကြာစိုက်ကြည့်၏။ စိုက်ကြည့်သော်လည်း ဘယ်သူဘယ်ဝါဟူ၍မသိ။ ထိုအခါတွင်မှ ကျွန်တော်က ရန်ကုန်မှ ဧည့်သည်တစ်ဦးဖြစ်ကြောင်း ပြောရာ "ငါ့တူက ရန်ကုန်ကလားဟ" မေးပါ၏။

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပါတယ်”ဟုဆိုတော့ အဘိုးက “ဘာကိစ္စလာတာလဲ” ဟု ဆက်မေးပါသည်။ ထိုအခါမှ ကျွန်တော်က ကျွန်တော်သည် အယ်ဒီတာ တစ်ဦးဖြစ်ကြောင်း၊ ဒီညနေ ဒီရောက်လာတာကတော့ မင်းကွန်းလူအို ရုံကို လေ့လာဖို့ဖြစ်ကြောင်း ပြောသောအခါ အဘိုးသည် တစ်စုံတစ်ခုကို စိတ်ဝင်စားသွားပြီး “ငါ့တူက အယ်ဒီတာကိုး” ဟု ဆိုပါ၏။ အဘိုး၏ အသံက အသံမှန်မဟုတ်။ အဘိုး၏အသံသည် တုန်၍ ပြတ်တောင်းပြတ် တောင်းဖြစ်နေ၏။ အသံတွင် သြဇာဟူ၍ လည်းမရှိတော့။ သူ့အသံသည် သူတစ်ပါးကို ဘယ်လိုမှ စိုးမိုးနိုင်စွမ်းမရှိသော အသံမျိုးဖြစ်သည်။ ကိုဇဝနအသံနှင့်ကား ကွာခြားလှပါ၏။

ကျွန်တော်သည် ထိုအဘိုးနှင့်အတူ စောင်းတန်းဘေးရှိ စက္ကူပြန်းရုံအောက်မှ ထိုင်ခုံဆီသို့ လျှောက်လာခဲ့၏။ ထိုသို့လျှောက်လာသောအခါ အဘိုးသည် မြေကြီးကို ခြေနှင့်စမ်းရင်း မြေနှင့်တိုက်၍ လာရ၏။ အဘိုးသည် ခြေထောက်များကို မြေမှလွတ်အောင် မကြွနိုင်ဘဲရှိ၏။ ကိုင်ခုံလေးတွင် ထိုင်မိတော့ အဘိုးက ခဏကြာ အမောဖြေပြီးမှ “အဲ ကျွန်တော်က အယ်ဒီတာလုပ်ချင်တာ၊ အယ်ဒီတာ မဖြစ်ခဲ့ပါဘူး။ စာလေးဘာလေးတော့ ရေးခဲ့ဖူးတယ်” ဟုဆိုပါ၏။

အဘိုးသည် စကားပြောပါက ထစ်သည်ဟု မဆိုသာသော်လည်း စကားပြောရာတွင် စကားတစ်လုံးနှင့်တစ်လုံးအကြား အချိန်ခြား၍ ပြောရ၏။ စကားကို ဆက်တိုက်တောက်လျှောက် မပြောနိုင်ပါ။ ကျွန်တော်က စိတ်ရှည်ရှည်ထား၍ နားထောင်ရ၏။



“အဘိုးက စာတွေဘာတွေ ရေးခဲ့တယ်ဆိုတော့ ဘာကလောင်အမည်နဲ့ ရေးတာလဲ၊ ရေးခဲ့တဲ့စာတွေလဲ ပြောပြပါဦးအဘိုး” ဟု ကျွန်တော်က ထပ်မေးရ၏။

အဘိုး၏အမည်က ဘိုးလှမြင့်ဖြစ်၏။ အသက် ၈၀– ပြည့်ပြီဖြစ်၍ မိတ္ထီလာဇာတိဖြစ်သည်။ မိတ္ထီလာ ဒ ဟတ်တန်းတွင် မွေးဖွားခဲ့ပြီး တောင်ကြီး၌ ကြီးပြင်းလာခဲ့သည်ဟု ဆိုပါ၏။ တောင်ကြီးမှနေ၍ ရန်ကုန်သို့ရောက်ခဲ့၏။ ရန်ကုန်ရောက်တော့ ဘတ်စ်ကားလိုင်းများတွင် ကားမောင်းသည်။ အဘိုးမောင်းခဲ့သောကားလိုင်းမှာ မြို့ထဲနှင့် တာမွေမောင်း၍ ကားတံဆိပ်မှာ လခြမ်းဖြစ်သည်။

ကားသမားလုပ်ကိုင်နေရာမှ ဘိုးလှမြင့်သည် ရဲထဲသို့ဝင်၏။ “အဲဒီတုန်းကရဲကတော့ အင်္ဂလိပ်လက်ထက် ရဲအဖွဲ့ပေါ့ဗျာ၊ တာဝန်ကျတာက တောင်ကြီးမှာပဲ၊ တောင်ကြီးမြို့မ ဂတ်တဲမှာပါ၊ ရာဇဝတ်ဝန်ထောက်က မစ္စတာစီတုတ်၊ သူ့လက်ထက်မှာ ကျွန်တော်က ရာဇဝတ်အုပ်အထိ ဖြစ်ခဲ့ဖူးပါတယ်” ဟု ဘိုးလှမြင့်ကဆိုသည်။

ရဲထဲသို့ဝင်တော့ ဘိုးလှမြင့်အသက်သည် ၂၅–နှစ် ရှိပြီဖြစ်၏။ ရဲအဖွဲ့တွင်လုပ်နေရင်း နိုလ်ဘီတီ ကလောသူနှင့် အိမ်ထောင်ကျ၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကျတော့ နိုလ်ဘီတီသည် အသက် ၁၆– နှစ်သာရှိသေး၏။ နိုလ်ဘီတီ၏မိဘများက ချမ်းသာသည်။ မိဘများက ကန်ထရိုက် လုပ်၏။ နိုလ်ဘီတီနှင့် သားသမီးနှစ်ဦးရရှိပြီး အိမ်ထောင်သက် ခုနစ်နှစ်တွင် ဇနီးဖြစ်သူ နိုလ်ဘီတီမှာ ကလောဒ္ဒ မီးမဖွားနိုင်၍ အသက်ဆုံးရှုံးသွားရှာသည်။

ဘိုးလှမြင့်သည် နိုလ်ဘီတီအကြောင်း ပြောသောအခါ မိမိ၏ဘဝအဖော် နိုလ်ဘီတီကို ပြန်၍သတိရနေဟန်တူ၏။ နိုလ်ဘီတီနှင့် သူသွားခဲ့၊ လာခဲ့၊ ချစ်စရာစကားလေးများ ပြောကြားခဲ့သည်များကို ဘိုးလှမြင့်သတိရနေသေးဟန် တူသည်။ နိုလ်ဘီတီ မီးမဖွားနိုင်ဘဲ ကွယ်လွန်ခဲ့သည် ဟူသောအကြောင်းကို ပြောတော့ ဘိုးလှမြင့်၏ တစ်လုံးချင်း ထွက်နေရသည့် အသံများက တုန်ယင်နေပါ၏။ နိုလ်ဘီတီ၏ မြန်မာအမည်မှာ မအေးခင်ဟု ခေါ်ကြောင်း ဘိုးလှမြင့်က ဆက်ပြောသည်။

အဘိုးသည် ချစ်ဇနီး နိုလ်ဘီတီ ကွယ်လွန်သောအခါ ဦးတည်ရာမရဖြစ်ပြီး ရဲအဖွဲ့မှထွက်ကာ မြန်မာပြည်အနှံ့ ခရီးထွက်ခဲ့၏။ အထူးသဖြင့် ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းကို ခြေရာချင်းထပ်အောင် သွားခဲ့သည်ဟု ဆို၏။ ထိုမျှနှင့်အားမရသေးဘဲ ဘိုးလှမြင့်သည် ထိုင်းနိုင်ငံသို့သွားခဲ့ပြီး ဇင်းမယ်သို့ရောက်ခဲ့၏။ ဇင်းမယ်မှ တစ်ဆင့် ဗန်ကောက်သို့ ရောက်သည်။ ဗန်ကောက်မှတစ်ဆင့် မလေး



ရုပ်ရှင်မင်းသားအဖြစ် မြင်တွေ့ရသည့်ဘိုးလှမြင့်

ဇင်ကာပူ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများအထိသွားကာ လှည့်လည်ခဲ့၏။ ကျွန်တော်က "အဲဒီခရီးတွေကို အဘိုး ဘာဖြစ်လို့သွားသလဲ၊ နိုလ်ဘီတီကို လိုက်ရှာတာများလား" ဆိုတော့ ဘိုးလှမြင့်က ဘာမှမပြောဘဲ အိုမင်းမစွမ်းဖြစ်နေသော နှုတ်ခမ်းအစုံဖြင့် ချစ်စနိုးပြုံးပြပါ၏။ ထိုကဲ့သို့ ခရီးများသွားပြီးနောက် ဘိုးလှမြင့်သည် မြန်မာနိုင်ငံသို့ ပြန်ခဲ့၏။ မြန်မာပြည်သို့ရောက်တော့ မိမိ၏ခံစားချက်၊ မိမိသွားခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



ခရီးအတွေ့အကြုံများကို အခြေခံ၍ စာအုပ်ငါးအုပ်ရေးခဲ့သည်ဟု ဆို၏။ ဘိုးလှမြင့်ရေးခဲ့သော စာအုပ်များမှာ ချစ်တဲ့ဇော၊ ချစ်စိတ်နာ၊ သံလက်သီး၊ ဗိုလ်ချုပ်နှင့် အခြားစာအုပ်တစ်အုပ်ဖြစ်သည်။ အခြားစာအုပ်တစ်အုပ်၏အမည်ကို ဘိုးလှမြင့်က စဉ်းစားသော်လည်း ပေါ်မလာတော့။ ထိုအခါက နှစ်ကျပ်တန်လုံးချင်းခေတ်ဟုဆို၏။ အဘိုးမှတ်မိသောစာအုပ်လေးအုပ်စလုံးကို ရုပ်ရှင်ရိုက်ခဲ့သည်။ သံလက်သီး၊ ဗိုလ်ချုပ်ဓာတ်ကားတွင် မင်းသမီးမှာ မေသန်းဖြစ်သည်။ ချစ်တဲ့ဇောနှင့် ချစ်စိတ်နာတွင် ခင်မေလေးတို့နှင့်တွဲဖက်၍ ကိုယ်တိုင်မင်းသားအဖြစ်



ဘဝ၏အဓိပ္ပါယ်နှင့်တာဝန်ကို ရှင်းပြခဲ့သော မင်းကွန်းမှ
ဘိုးလှမြင့်၏ ယနေ့ရုပ်သွင်



သရုပ်ဆောင်ကာ ပါဝင်ခဲ့သည်ဟုဆို၏။ ဗိုလ်ချုပ်ဓာတ်ကားကို ရွှေဘနှင့်ရိုက်ခဲ့သည်။ ဘိုးလှမြင့်သည် 'တူပျော်ပျော်'တွင် ရွှေနှင်းဆီမခင်မြင့်နှင့်၊ 'သခွတ်ပင်က မီးတကျည်ကျည်နှင့် လေယူရာကိမ်း'တွင်မေသန်းနှင့်၊ 'အဘကျေးဇူး' တွင် မသိန်းရင်နှင့်၊ ယောက္ခမကြီး' တွင် မေသစ်နှင့် ရုပ်ရှင်ကိုးကားကို မင်းသားအဖြစ် သရုပ်ဆောင်ခဲ့သေးသည်ဟု ဆို၏။ ထိုအခါက အသံတိတ်ခေတ်ဖြစ်သည်။

ဘိုးလှမြင့်သည် စာရေးရာတွင် ထီလာမြင့်ဟူသော ကလောင်အမည်ဖြင့် စာရေးခဲ့သည်။ ကျွန်တော်က မိတ္ထီလာသည် စာရေးဆရာ၊ ကဗျာဆရာ အကျော်အမော်များ ပေါ်ထွန်းရာမြို့ဖြစ်ကြောင်းနှင့် ထီလာစစ်သူ၊ ထီလာစိုးမြင့်ထယ် စသော ထီလာပါသည့် စာရေးဆရာများသည် ကျော်ကြားသူများကြောင်း ပြောပြသောအခါ အဘိုးက ငြိမ်၍နားထောင်နေပါ၏။ ဘိုးလှမြင့်သည် မိမိ၏စာအုပ်များကို ခွဲပုံနှိပ်တိုက်မှ ဦးထွန်းရှိန်၊ ဒေါ်ဒေါ်ခင်ရင်တို့ထံတွင် ရိုက်နှိပ်ခဲ့ပြီး ခွဲဦးထွန်းရှိန်နှင့် မိမိမှာ အထူးခင်မင်သူဖြစ်ကြောင်း ပြောပြပါသည်။ ကျွန်တော်က ဦးလေး ခွဲဦးထွန်းရှိန်မှာ ကွယ်လွန်ပြီးဖြစ်ကြောင်းကို ပြောသောအခါ အံ့အားသင့်မှုကိုလည်းမပြ၊ တုန်လှုပ်မှုလည်းမရှိဘဲ "အင်း... ကိုထွန်းရှိန်သေမှကိုး၊ သူ့နောက် ကျွန်တော်တို့ လိုက်ကြရမှာပဲ၊ သူက ရှေ့ကသွား၊ ကျွန်တော်တို့က နောက်ကလိုက်ပေါ့ဗျာ၊ ဦးထွန်းရှိန် အဖိုးကတာဝန်ကျေပါတယ်၊ ဘာကြောင့်လဲဆိုတော့ သူက စာအုပ်တိုက် တည်

www.burmeseclassic.com

www.burmeseclassic.com



ထောင်ခဲ့တယ်၊ စာပေတွေ ဖြန့်ချိခဲ့တယ်၊ ဘဝတာဝန်ကျေသူတိုင်း ဂုဏ်ယူစရာပါ၊ ကိုယ့်ဘဝမှာ မသေခင် ဘဝရဲ့တာဝန် ကျေပွန်ရင် ပြီးတာပဲ" ဟုဆိုပါ၏။ ဘိုးလှမြင့်က စကားကို ယဉ်ကျေးစွာပြော၍ သူ့ကိုသူလည်း ကျွန်တော်ဟု နှိမ့်ချပြောဆိုပါသည်။

ကျွန်တော်က "ဘဝတာဝန်ဆိုတာ ဘာလဲအဘိုးရဲ့"ဟုဆိုသောအခါ ဘဝတာဝန်ဆိုတာက ဘဝတစ်ခုမှာ ဘာကြောင့်မွေးလာတာလဲ၊ မိဘနှစ်ပါးကိုအကြောင်းပြုပြီး မွေးလာတယ်၊ ဒီမိဘအပေါ်မှာ တာဝန်ကျေရမယ်၊ မိဘနဲ့တင်မပြီးသေးဘူး၊ မွေးပြီးတဲ့နောက် အရပ်ထဲမှာ နေထိုင်ကြီးပြင်းရတယ်၊ မြန်မာကျေးလက်တွေမှာ ကလေးတွေကို လူတစ်လုံး သူတစ်လုံးဖြစ်လာအောင် အရပ်ကလဲ ဝိုင်းဝန်းဆုံးမကြတာပဲ၊ 'မိဘက မွေး၊ အရပ်ကကျွေး' ဆိုတဲ့စကားတောင် ရှိတယ်၊ ကိုယ့်အရပ်ဒေသမှာ အသိပညာရတယ်၊ လိမ္မာအောင်ဆရာက စာသင်ရတယ်၊ ဘုန်းတော်ကြီးကျောင်းမှာ ယဉ်ကျေးအောင် ဆုံးမတာကို နာယူရတယ်၊ ဒါကြောင့် မိမိရပ်ရွာဇာတိအပေါ်မှာလဲ တာဝန်ကျေရမယ်၊ နောက်တော့ ဒီနိုင်ငံမှာ ကြီးပြင်းလာတာဆိုတော့ ဒီနိုင်ငံအပေါ်မှာလဲ သစ္စာရှိရမယ်၊ သစ္စာလဲမဖောက်ရဘူး၊ ဒါ့အပြင် ဒီသာသနာထဲမှာ လူဖြစ်လာတော့ ဒီသာသနာ၊ ဒီစာပေ၊ ဒီလူမျိုးကို စောင့်ရှောက်ရမယ့် တာဝန်လဲရှိတယ်၊ လူတိုင်းဒီတာဝန်တွေကို တတ်နိုင်သမျှ ထမ်းဆောင်ရမယ်၊ မိမိအသက် ရှင်ရေးအတွက် ဘဝမှာ ရုန်းကန်ရင်း ဒီဘဝတာဝန်တွေကို မိမိတတ်နိုင်သမျှ ထမ်းဆောင်ရင် ဘဝတာဝန်ကျေပါတယ်လို့ ဆိုနိုင်ပါတယ်" ဟု ဘိုးလှမြင့်က ဆိုပါ၏။



ကျွန်တော်က "သစ္စာရှိတာနဲ့ သစ္စာမဖောက်တာ ဘာကွာသလဲ အဘိုးရဲ့"ဟုမေးသောအခါ ဘိုးလှမြင့်က "သစ္စာမဖောက်ရဘူးဆိုတာက ကိုယ့်နိုင်ငံနဲ့ပတ်သက်လာရင် သူများနိုင်ငံတွေ၊ နိုင်ငံခြားသားတွေနဲ့ ဆက်ဆံရာမှာ ကိုယ့်နိုင်ငံ နာမည်ပျက်ရမယ့် ကိစ္စတွေ မလုပ်ရဘူးပေါ့၊ သစ္စာရှိရမယ်ဆိုတာက ကိုယ့်နိုင်ငံကို ထိခိုက်မယ့် ကိစ္စ၊ ကိုယ့်နိုင်ငံ ဒုက္ခရောက်မယ့် ကိစ္စ၊ ကိုယ့်နိုင်ငံ မတိုးတက်မကြီးပွားမယ့်ကိစ္စတွေ ကြုံလာတိုင်း ကိုယ်က နိုင်ငံအပေါ်မှာ သစ္စာထားပြီး အဲဒီကိစ္စတွေ ဖြစ်မလာအောင် စောင့်ရှောက်ရမှာကို ပြောတာ" ဟုဆိုပါသည်။

ဘိုးလှမြင့်သည် စကားကို အသံခြား၍ပြောရသော်လည်း သတင်းစာသမား တစ်ဦးနှင့် သူမမျှော်လင့်ဘဲ တွေ့ရသည်ကို ဝမ်းသာလွန်း၍ သူ့ဘဝအကြောင်းနှင့် ဘဝသင်ခန်းစာများကို မှတ်တမ်းတင်စမ်းပါဟူသောသဘောဖြင့် ကြိုးစားပမ်းစားပြောနေခြင်း ဖြစ်ပါ၏။

ဘိုးလှမြင့်သည် မိမိဝိတ္တုများကို ရုပ်ရှင်ရိုက်ရာတွင် ကိုယ်တိုင်လည်းပါဝင်သရုပ်ဆောင်ခဲ့သဖြင့် ရွှေဘ၊ ခင်မေလေး စသောရုပ်ရှင်သရုပ်ဆောင်များဖြင့် တွဲဖက်သရုပ်ဆောင်ခဲ့ကြောင်း ပြောပြသည်။ ဦးဘမြင့်၊ ဦးဘတင့်၊ ဦးမောင်မောင်အေး၊ ဦးဇေယျ၊ ဒေါ်ခင်မေရီ အစရှိသော သရုပ်ဆောင်မင်းသားကြီးများမှာ မိမိနှင့် သူငယ်ချင်းများ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြသည်။ မိမိ၏သံလက်သီးဝဲတ္တကို ရွှေဘနှင့် ရိုက်ခဲ့ပြီး ချစ်တဲ့ဇာတွင် မင်းသမီးမှာ ခင်မေလေးဖြစ်သည်ဟု ဆို၏။

ထို့ပြင် ဘိုးလှမြင့်က မိမိတို့ခေတ်က သရုပ်ဆောင်ရာတွင် ကြမ်းရမည့်နေရာတွင် တကယ်ကို ကြမ်းကြမ်းတမ်းတမ်း သရုပ်ဆောင်ရသည်။ ကလော၊ မေမြို့၊ ရွှေညောင် တံတားကြီးနှင့် ဂုတ်ထိပ်တံတားစသည့်နေရာများသည် ရုပ်ရှင်ရိုက်ရာ ရိုက်ကွင်းရိုက်ကွက်နေရာများဖြစ်သည်။ မိမိပါဝင်သော ဇာတ်ကားမှာ ဒိုင်ဗင်ထိုးရမည့်အခန်းများတွင် ကိုယ်တိုင်ထိုးသည်။ တစ်ခါက သုံးထပ်တိုက်ပေါ်မှ ဒိုင်ဗင်ထိုးရသောအခန်းအတွက် ငွေတစ်ထောင်ရဖူးသည်ဟု ဆိုသည်။ ထိုအခါအောက်တွင်ပိုက်ခံ၍ ဒိုင်ဗင်ထိုးချရာ ပိုက်ပေါ်တွင် မိမိသတိမေ့နေခဲ့ကြောင်း ပြောပါ၏။ မင်းသား ဦးကျော်ဆွေအတွက်လည်း မိမိသည် လူစားဒိုင်ဗင် ထိုးပေးခဲ့ဖူးကြောင်း ဘိုးလှမြင့်က ပြောသည်။

ဘိုးလှမြင့်၏အပြောအဆို အသွားအလာ အားလုံးမှာ အသက်ကြီးလာ၍ နှေးကွေးတွန့်ဆုတ်သည်မှအပ စစ်ပြီးခေတ် ဇာတ်မင်းသားဟန်အတိုင်းဖြစ်၏။ ဘိုးလှမြင့်က ဒေါ်မေသစ်တို့၊ ဒေါ်မေနုတို့ရော ရှိကြသေးရဲ့လားဟု သတင်းမေးရာ ဒေါ်မေသစ်တော့ ကျန်းကျန်းမာမာ ရှိကြောင်းနှင့် ဒေါ်မေနုကတော့ ဘယ်မှာနေသည်ကို ကျွန်တော် မသိကြောင်း ပြောရပါ၏။



ဘိုးလှမြင့်က သူသည် ဒုတိယအိမ်ထောင်ကျဖူးသေးကြောင်း၊ ဒုတိယအိမ်ထောင်မှာ ဗိုလ်ချုပ်ဇာတ်ကားရိုက်စဉ်က ထိုကားတွင် မင်းသမီးအဖြစ် သရုပ်ဆောင်သူ ခင်စန်းရီဖြစ်ကြောင်း၊ မင်းသမီးကြီး ဒေါ်ခင်စန်းရီသည် တွံတေးသူဖြစ်၍ ရန်ကုန်မြို့ဘုရားကြီးကုန်းတွင် နေထိုင်ခဲ့ကြောင်း၊ သူနှင့်တစ်နှစ်သာ ပေါင်းသင်းခဲ့ရပြီး အဆင်မသင့်၍ ကွဲသွားခဲ့ကြောင်း၊ မင်းသမီးကြီး ခင်စန်းရီနှင့် သားသမီးထွန်းကားမှု မရှိခဲ့ကြောင်း ပြောပါ၏။ ထို့ပြင် ဘိုးလှမြင့်က သူသည် မြင်းခြံမြို့ သဒ္ဒါရုံမမြရင်ဇာတ်တွင် မမြရင်နှင့်တွဲဖက်၍ ဇာတ်မင်းသားလည်း လုပ်ခဲ့ဖူးသည်ဟု ပြောပါ၏။

လွတ်လပ်ရေးရပြီးသော ခေတ်တွင် ဘိုးလှမြင့်သည် မန္တလေး မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဦးသူရိယထံတွင် ရဟန်းပြုနေခဲ့သည်။ ငယ်စဉ်ကလည်း ဗုဒ္ဓဘာသာစာပေများကို သင်ကြားခဲ့ဖူး၍ ပထမကြီး အောင်မြင်ခဲ့ဖူးသည်ဟု ဆိုပါ၏။ ထိုသို့ သာသနာ့ဘောင် ဝင်နေရာမှ ဘိုးလှမြင့်သည် ဒကာဒကာမများ မကျန်းမာလျှင် ဆေးဝါးများ ဖော်စပ်လှူဒါန်းကုသိုလ်ပြုခဲ့၏။ ဒကာများက မိမိကို အားကိုးကာ ဆေးတောင်းဆေးပေးမှု များလာသောကြောင့် လူထွက်၍ ကျန်းမာရေး ဒါနအဖြစ် ဆေးဝါးကုသပေးလျှင်ကောင်းမည်ဟု စိတ်ကူးပြီး သာသနာ့ဘောင်မှ ထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးလှမြင့်သည် ငယ်စဉ်ကပင် တိုင်းရင်းဆေးပညာကို လေ့လာလိုက်စားခဲ့ပြီး သူ့တွင် ပန်းနာ၊ လိပ်ခေါင်းရောဂါများအတွက် ဆေးစွမ်းကောင်းများရှိသည်ဟု ဆိုသည်။ တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ ရောက်ခဲ့စဉ်က ဆေးဖော်စပ်နည်းများ ရရှိခဲ့ပြီး တရုတ်၊ အိန္ဒိယနည်းများကို မြန်မာ့တိုင်းရင်းဆေးဖြင့် ပေါင်းစပ်ကာ ဆေးအမည်သစ်များအဖြစ် ကိုယ်တိုင်သံဆုံဖြင့် ထောင်း၍ဖော်စပ်ခဲ့ကြောင်း ပြောပြပါ၏။

ထို့ပြင် ဘိုးလှမြင့်က မိမိ၌ ပန်းနာနှင့် လိပ်ခေါင်းတကယ်ပျောက်ကင်းသော ဆေးရှိခဲ့ကြောင်း၊ မိမိထံတွင် အစွမ်းထက်သော သွေးဆေးဖော်စပ်နည်းလည်း ရှိကြောင်း၊ မိမိတွင်ရှိသော သွေးဆေးနည်းမှာ အိန္ဒိယနှင့် တရုတ်ဆေးနည်းများကို အခြေခံ၍ ကုန်းဘောင်ခေတ်တိုင်းရင်းဆေးဆရာကြီးများ၏ နည်းနှင့် ဖော်စပ်ထားခြင်းဖြစ်၍ အစွမ်းထက်ကြောင်း၊ အင်အားကို ဖြစ်စေ၍ ရောဂါကာကွယ်မှုကိုလည်း ပေးကြောင်း၊ စိတ်ကြည်လင်အေးချမ်းမှု၊ စိတ်ငြိမ်မှု၊ နှလုံးသည်းခြေငြိမ်မှုအတွက် အစွမ်းထက်ကြောင်း ပြောပြပါသည်။

ဘိုးလှမြင့်သည် သာသနာ့ဘောင်မှ လူထွက်ပြီးနောက် ကိုယ်တိုင်ဆေးဝါးများကို ဖော်စပ်၍ သီပေါ၊ လားရှိုး၊ သနီ၊ ကျောက်မဲ၊ ကလော၊ တောင်ကြီးနှင့် မန္တလေးမြို့များတွင် မကျန်းမမာသူတို့အား လိုက်လံ၍ ဆေးဝါးကုသပေး၏။ ကလောတွင် အိမ်တစ်လုံးရှိရာ ထိုအိမ်ကိုရောင်းချ၍ ဆေးဝါးကုသမှုလုပ်ငန်းကို လုပ်ဆောင်ခဲ့သည်။



ထိုသို့ ဆေးဆရာလုပ်နေစဉ် ဆေးကုသရန်အသွား ရှမ်းပြည်တစ်နေရာ၌ ကားမှောက်၍ ထိုဒဏ်ရာကြောင့် ခြေတစ်ဘက်မသန် ဖြစ်ခဲ့ရ၏။ ထို့ပြင် ထိုစဉ်က လည်ပင်းကို ကားသံတန်းနှင့်ရိုက်မိရာ အသံလည်း ပြောင်းသွားခဲ့သည်ဟု ဆို၏။

ထိုသို့ ခြေမသန်၊ အသံပြောင်းလာသဖြင့် ဝေးဝေးလံလံလိုက်၍ ဆေးမကုနိုင်တော့ဘဲ ကလောတွင်နေ၍ မိမိကို ယုံကြည်ကိုးစား၍ အိမ်သို့ လာရောက်သူများကိုသာ ဆေးဝါးဆက်လက်ကုသနေရင်း မိတ်ဆွေ တစ်ဦးက “ခင်ဗျားအေးအေးချမ်းချမ်းနေချင်ရင် မင်းကွန်းကို လိုက်ခဲ့၊ ကျုပ်ခေါ်သွားမယ်” ဆိုတာနဲ့ သူ့အစီအစဉ်နဲ့ ဒီရောက်လာတာ ပါပဲ၊ ဒီမှာနေရတာက အေးချမ်းပါတယ်၊ ဘာမှလဲ လိုလေသေးမရှိပါဘူး၊ ဒီရောက်တာတော့ နှစ်နှစ်ရှိပါပြီ၊ ခင်ဗျားရော ဘယ်တော့ပြန်မှာလဲ” ဟုဆိုပြီး ငယ်စဉ်က သူ့ဓာတ်ပုံတစ်ပုံ ပေးလိုက်မည်ဟု ဆိုပါ၏။ နောက်နေ့တွင် ကျွန်တော်သည် ဘိုးလှမြင့်၏အခန်းကို သွားရာ သူငယ်စဉ်က ရိုက်ထားပြီး အမှတ်တရသိမ်းထားသော ဓာတ်ပုံတစ်ပုံကို ကျွန်တော့်အား ပေးပါ၏။

ရှည်လျားထွေပြားသော ဘိုးလှမြင့်၏ဘဝက သတိရစရာများ၊ မှတ်သားစရာများနှင့် ပြည့်နေပါ၏။ ဘိုးလှမြင့်က ဘဝမှာ လူဟာ အချိန်မဖြုန်းဖို့ အရေးကြီးပါတယ်၊ ဘာကိုလုပ်ရမယ်။ ဘာမလုပ်ရဘူးလို့ မပြောလိုပါဘူး၊ လုပ်ချင်တာသာ လုပ်ပါ။ လုပ်တဲ့အလုပ်က

www.burmeseclassic.com

www.burmeseclassic.com



အမိပွာယ်ရှိရမယ်၊ မိဘ၊ ဇာတိ ရပ်ရွာ၊ လူမျိုးနဲ့နိုင်ငံကို မိမိလုပ်တဲ့ အလုပ်က မထိ ခိုက်ရင် ပြီးတာပဲ၊ ဘာအလုပ်ပဲလုပ်လုပ် ဂုဏ်ရှိပါတယ်၊ ဖိနပ်ပဲချုပ်ချုပ်၊ ထီးပဲပြင်ပြင်၊ စီးပွားရေးပဲလုပ်လုပ်၊ နိုင်ငံရေးပဲ ဝါသနာပါပါ၊ မိမိလုပ်ချင်တာလုပ်။ ဒါပေမယ့်၊ မိဘ၊ ရပ်ရွာ မထိခိုက်ဖို့လိုတယ်၊ အလုပ်လုပ်ရာမှာတော့ တစ်ခုပြီးတစ်ခု ဆက်လုပ်။ ဘဝမှာ သန်တုန်းမြန်တုန်းမှာ နားမနေနဲ့။ ဟော အိုတော့ ကျွန်တော်တို့ နားနေရတာ၊ နားရတာတောင်ပျင်းဖို့ အလွန်ကောင်းတယ်။ အိုမှနား၊ ငယ်ငယ်ရွယ်ရွယ် သန်တုန်းမြန်တုန်း မနားနဲ့။ ကျွန်တော်အဓိက ပြောချင်တာက ငယ်ငယ်မှာတော့ ခုနကျွန်တော်ပြောသလို ဘဝတာဝန် ကျေဖို့ တရစပ် အလုပ်လုပ်ပြဖို့ပဲ ကျွန်တော်ပြောချင်ပါတယ်။ ဘဝ တာဝန် ဘယ်လောက်ကျေရမယ်လို့ မသတ်မှတ်ထားပါဘူး။ ကိုယ့် အသိနဲ့ကိုယ် ကိုယ်တတ်နိုင်သလောက် ဘဝတာဝန်ကျေပွန်ဖို့ပဲ လို ပါတယ်။ ဘဝတာဝန်ကို အကောင်းဆုံးကျေရမယ်လို့လည်း မဆိုလို ပါဘူး။ အကောင်းဆုံးကျေအောင် စွမ်းဆောင်နိုင်သူတွေကတော့ ပါရမီ ရှင်တွေပေါ့ဗျာ။ ကျွန်တော်တို့ကတော့ ကျွန်တော်တို့နိုင်သလောက် တာဝန်ကျေကြရမှာပေါ့။ တစ်ခုပဲ ကျွန်တော်တို့ အချိန်မဖြုန်းဖို့ပဲ လိုတယ်။ အချိန်ကို ဘယ်နည်းနဲ့မှ မဖြုန်းကြနဲ့ဗျ၊ ငယ်စဉ်အချိန်တွေ ပေါနေတုန်းကတော့ အချိန်တန်ဖိုးမသိကြဘူး။ ကြီးလာလို့ အချိန်က နည်းလာလေ၊ အချိန်ရဲ့တန်ဖိုးကို သိလာလေပဲ၊ အချိန်ကို ဘယ်လိုမှ ငှားလို့လဲမရ၊ ဝယ်လို့လဲမရပါဘူး၊ ဘဝတာဝန်ဆိုတာက ကျွန်တော်



ပြောခဲ့သလို ကိုယ့်မိဘ၊ ကိုယ့်ရပ်ရွာ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့် ဘာသာ သာသနာအတွက် ကဏ္ဍတိုင်းမှာ တတ်နိုင်သလောက် တာဝန် ကျေခဲ့ရမယ်လို့ ဆိုလိုတာပါပဲဗျာ" ဟု ဘိုးလှမြင့်ကဆို၏။

စာရေးဆရာကြီး ဘိုးလှမြင့်၊ ရုပ်ရှင်မင်းသား၊ ရုပ်ရှင်သရုပ် ဆောင်၊ ဇာတ်မင်းသား၊ ရဲအဖွဲ့ဝင်၊ ယာဉ်မောင်း၊ ကမ္ဘာလှည့်ခရီးသည်၊ အငှားဒိုင်ဇင်ထိုးသူ၊ တိုင်းရင်းဆေးဆရာ၊ စာသင်သားနှင့် သာသနာ့ ဘောင်တွင် ပျော်မွေ့ခဲ့သူအဖြစ် ဘိုးလှမြင့်သည် သူ့ဘဝတွင် သူ့တာဝန် ကို သူသည် ကျေပွန်စွာ၊ အောင်မြင်စွာ ထမ်းဆောင်ခဲ့သူတစ်ယောက် ဟူ၍ကား သူကမပြောပါ။ သူတတ်နိုင်သမျှ ထမ်းဆောင်ခဲ့ခြင်းသာ ဖြစ်သည်ဟု ပြော၏။

သူက အများပြည်သူအတွက် သင်ခန်းစာယူရန် ဖျော်ဖြေရန် စာရေးခဲ့သည်။ ရုပ်ရှင်သရုပ်ဆောင်ခဲ့သည်။ ခရီးသည်များကို ယာဉ်မောင်း၍ပို့ဆောင်ခဲ့သည်။ ရဲ့အဖွဲ့ဝင်အဖြစ် တိုင်းပြည်ဝန်ထမ်း လုပ်ခဲ့သည်။ ခရီးသွားရင်းလာရင်းဖြင့် မိမိဘဝအသိကို မြှင့်တင် ခဲ့သည်။ သာသနာ့ဘောင်သို့ဝင်၍ သာသနာ့အကျိုး သယ်ပိုးခဲ့သည်။ တိုင်းရင်းဆေးဆရာဘဝဖြင့် လူများစွာ၏ရောဂါဝေဒနာတို့ကို အချို့ သက်သာမှုရအောင်၊ အချို့ပျောက်ကင်းအောင် ဆောင်ရွက်ခဲ့သည်။

ယခုတော့ ဘိုးလှမြင့်သည် ဘဝတာဝန်ထမ်းဆောင်ရင်း ရရှိ လာသော ပြောင်းလဲနေသည့်အသံ၊ ထိခိုက်ခံရသဖြင့် ရှင်နေသော

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်တို့ဖြင့် ဘဝနေဝင်ချိန်ဝယ် မင်းကွန်းဗုဒ္ဓဘာသာလူအိုရုံတွင် ခိုလှုံဝင်ရောက်နေထိုင်လျက် ရှိပါ၏။

ဘိုးလှမြင့်က လူ့ဘဝ၌ အသက်ရှင်နေထိုင်ရာတွင် ကိုယ့်အတွက် သူတစ်ပါးဒုက္ခမရောက်ဖို့၊ စိတ်မဆင်းရဲဖို့လည်း အရေးကြီးသည်။ ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်မှုသည် သူတစ်ပါးဒုက္ခရောက်ဖို့မဟုတ်။ သူတစ်ပါးဒုက္ခကို မကယ်လျှင်နေပါ။ ကိုယ့်ကြောင့် သူတစ်ပါးဒုက္ခရောက်ဖို့ အရေးကြီးလှသည်ဟု ဆိုပါ၏။

ဘိုးလှမြင့်သည် ကျွန်တော်နှင့် စကားပြောရသည်ကို အားမရနိုင်အောင်ပင်ရှိပါ၏။

နောက်တစ်ခေါက် ကျွန်တော်မင်းကွန်းသွားတော့ ဘိုးလှမြင့်က မျက်နှာသုတ်ပဝါလေးတစ်ထည်နှင့် ဆပ်ပြာလေးတစ်တုံးကို ကျွန်တော့်အား အမှတ်တရလက်ဆောင်ပေးပါ၏။ ကျွန်တော်က ဘိုးလှမြင့်အား ၄၅ ကျပ်တန်လေးတစ်ရွက် ကန်တော့သောအခါ သူသည် မျက်ရည်မကျအောင် ထိန်းနေရသည်။

ကျွန်တော်သည်လည်း ဘိုးလှမြင့်လို စာပေလောက၊ ရုပ်ရှင်လောကမှ တာဝန်ကျေပွန်သူ အနုပညာသည်တစ်ဦးကိုတွေ့တော့ ဝမ်းသာဝမ်းနည်းဖြစ်ရသည်။ ဘိုးလှမြင့်က-သူ့ဆီကို အမြဲစာရေးပါ။ သူကလည်း စာရေးပါမည်။ သူ့ကို အမြဲဆက်သွယ်ပါဟု ဆို၏။



ဘိုးလှမြင့်အပေါ် ကျွန်တော်သည် သံယောဇဉ်ဖြစ်ခဲ့မိ၏။ ကျွန်တော်က သူ့အပေါ် သံယောဇဉ်ဖြစ်ခဲ့သည်ထက် သူက ကျွန်တော့်အပေါ် တွယ်တာခဲ့သော သံယောဇဉ်က ပို၍များမည်ဟု ထင်ပါ၏။ တကယ်တော့ သံယောဇဉ်ဟူသည် မည်သည့် သံယောဇဉ် မှ မကောင်းပါ။

ကျွန်တော် မင်းကွန်းမှပြန်လာတော့ အဘိုးလှမြင့်၏ရင်ထဲတွင်ရော ကျွန်တော့်ရင်ထဲတွင်ပါ မတည်မငြိမ် လှုပ်ရှားခဲ့ရသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com

## ဖောင်လုပ်သား ဦးဝင်းအောင်

မင်းကွန်းဗုဒ္ဓဘာသာ လူအိုရုံတွင် ကျွန်တော်သည် ဘိုးသောမ၊ ဘိုးစိန်၊ ဘိုးချို၊ ဘိုးလှစိန်၊ ဘွားသောင်း၊ ဘွားလှမေ၊ ကြီးကြီးမြ စသော ဘိုးတို့ဘွားတို့နှင့်လည်း တွေ့ဆုံခဲ့ရ၏။

ဘိုးသောမသည် ဘွားဦးဇွန်းရှိစဉ်ကပင် လူအိုရုံ၌ သန့်ရှင်းရေး လုပ်ဆောင်နေခဲ့သူဖြစ်ပြီး ယခုတော့ သူ့ငယ်ပြန်ကာ မိမိအသက်ကိုပင် မိမိမမှတ်မိတော့။ ဘိုးသောမကို အဘိုးဘာနေ့သားလဲဟုမေးတော့ တနင်းလာသားဟု ဆိုပါ၏။ အဘိုးဘယ်နေ့မွေးသလဲဆိုတော့ စနေဟု ဆိုပါသည်။

ဘွားသောင်းကတော့ အသက် ၇၅– နှစ်ရှိပြီဖြစ်၍ မန္တလေး ဇာတိဖြစ်၏။ ခင်ပွန်းသည်မှာ ပန်းချီဆရာကြီး ဦးဘညီဖြစ်၍ ရုပ်ရှင်ပို

www.burmeseclassic.com

www.burmeseclassic.com



ဘိုးသောမ

စတာများကို ရေးဆွဲခဲ့သည်။ မိမိခင်ပွန်းသည် မေရှင်၊ ခင်မြရင်တို့၏ ရုပ်ပုံများကိုဆွဲသည်ကို မိမိမှတ်မိကြောင်း ဘွားသောင်းက ပြောပြ၏။

ပန်းချီဆရာကြီး ဦးဘညိသည် အဖျားရောဂါနှင့် ကွယ်လွန်ခဲ့သည်။ သားသမီးကိုးယောက်ရှိ၍ အဘွား မင်းကွန်းသို့ ရောက်တော့ သမီးအငယ်ဆုံးက ၁၉– နှစ် ရှိပြီဖြစ်သည်ဟု ဆို၏။ သားသမီးများ အားလုံး လက်လွတ်၍ အေးအေးချမ်းချမ်း နေလိုသောကြောင့် မင်းကွန်းသို့ရောက်လာသည်။ မိသားစုနဲ့ပတ်သက်လို့ အမေ့ တာဝန်ကုန်ပြီဆိုပြီး သံယောဇဉ်ကို ဖြတ်နိုင်သမျှဖြတ်၍ ရောက်လာခြင်း ဖြစ်သည်ဟု



ဘွားသောင်း

ဘွားသောင်းကဆို၏။ အသက်ကြီးလာတော့ ငယ်စိတ် တွေကလည်း လုံးဝမရှိတော့ဘူး။ ရုပ်ရော စိတ်ရော ပြောင်းလာတာပါပဲ ဟု ဘွားသောင်းက ဆက်ပြောပါ၏။

ဘွားသောင်းသည် ကျန်းကျန်းမာမာရှိ၏။ အဘွား၏ အသားအရေတို့သည် ညက်နေသကဲ့သို့ အဘွား၏ဘဝက လေးချမ်းလှပါ၏။ ဘွားသောင်းကတော့ ဘဝမှာ ကျန်းမာဖို့နဲ့ အေးချမ်းမှုရှိဖို့က အရေးကြီးသည်ဟုဆို၏။ ဘွားသောင်းသည် ယခုတော့ မင်းကွန်း၌ ကျန်းမာမှုကိုရော အေးချမ်းမှုကိုပါ ရရှိနေပြီဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးချိုကား အသက် ၉၀– နှစ်ရှိပြီဖြစ်၍ ပအိုဝ့်အမျိုးသားကြီး တစ်ဦးဖြစ်၏။ ဘိုးချိုက မိမိငယ်စဉ်က တောင်သူအဖြစ် လုပ်ကိုင်ခဲ့ကြောင်း၊ ပဲနှင့်သီးနှံမျိုးစုံ စိုက်ပျိုးကြောင်း၊ အောင်ပန်း၊ ပွေးလှ၊ ပင်းဒယနှင့် ကျုံးမြို့များတွင် နေထိုင်ခဲ့ကြောင်း၊ ကျုံးမှာ တောင်ကြီးခရိုင်မှ စော်ဘွားမြို့လေးဖြစ်၍ မိမိ၏ဇာတိရပ်ရွာလည်းဖြစ်ကြောင်း ပြောပြပါ၏။ ကျုံးမြို့ဆိုတာကိုတော့ ကျွန်တော်လည်းမသိပါ။

ဘိုးချိုကတော့ ဘဝ၏အဓိပ္ပာယ်ကို အလုပ်ဟူ၍ဖွင့်ဆို၏။ မိမိဘဝတစ်ခုလုံးသည် အလုပ်နှင့်လက် မပြတ်လုပ်ဆောင်ခဲ့ရာ ပေါက်ပြားကို မကိုင်နိုင်တော့ ဓားမ၊ ဓားမကို မကိုင်နိုင်တော့ စူး၊ စူးကိုမကိုင်နိုင်တော့ သူ့လက်နှင့်သူ မြေကိုကိုင်ပြီး ယခုတော့ လက်ကိုပင် မမြှောက်နိုင်တော့မှ မင်းကွန်းသို့ရောက်လာဟန်တူ၏။

ဘိုးချိုက သူသည် ဘဝကိုအလုပ်နှင့်စ၍ အလုပ်နှင့်ဆုံးခဲ့သည်။ ယခုမင်းကွန်းတွင်လည်း အမှိုက်ရှင်း၊ အမှိုက်သိမ်းကအစ မိမိတတ်စွမ်းသမျှ အလုပ်ကလေးများကို လုပ်ဆောင်သည်။ ဘိုးချိုက လူများသည် ဘဝကို အလုပ်ဟူ၍မြင်ရမည်။ မလုပ်ရင်ဘယ်လိုစားလို့ရပါမလဲဟု ဆို၏။ နောက်တစ်ခေါက် ကျွန်တော် မင်းကွန်းသို့ရောက်တော့ ဘိုးချိုမရှိတော့ပါ။ ဘိုးချိုကွယ်လွန်ခဲ့ပြီ ဖြစ်ပါ၏။



ဘွားလှမေ

မင်းကွန်း၌ ကျွန်တော်သည် ဘွားလှမေနှင့်လည်း တွေ့ခဲ့သည်။ ဘွားလှမေသည် ၁၂၇၀–ပြည့်နှစ်က ရန်ကုန်မြို့စာဆိုလမ်းတွင် အဖ ဦးထွန်းလှ၊ အမိ ဒေါ်မြတို့မှ ဖွားမြင်ခဲ့သည်ဟုဆို၏။ စာဆိုလမ်းဆိုသည်မှာ ဘယ်လမ်းကို ဆိုသည်မသိ။ ယခုအခါ အသက်ရှစ်ဆယ်တွင် တစ်နှစ်စွန်းခဲ့ပြီဖြစ်၏။

ဘွားလှမေသည် ငယ်စဉ်က ရန်ကုန်မြို့၊ စိန်ဂျိုးဇက်ကွန်ဗင့်တွင်နေခဲ့ပြီး အသက် ၁၉–နှစ်မှ အသက် ၅၀–အထိ မန္တလေးတာ်ရဲ့တွင်း မူလတန်းကျောင်းတွင် ကျောင်းဆရာမ လုပ်ခဲ့သည်။ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကိုမောင်နှမမရှိဘဲ အပျိုကြီးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘွားလှမေထံတွင် ဇရာ၏လက္ခဏာများကို အပြည့်အဝတွေ့ရသည်။ မျက်ကွင်းကြီးနှစ်ဘက် ချိုင့်ဝင်နေသည်မှာ မျက်မှန်တပ်ထားသလိုထင်ရ၏။ ဘွားလှမေက တောင်ဝှေးကိုဆောင်ထားရ၍ အင်အားတို့မှာ များစွာကုန်ခန်းနေပြီဖြစ်၏။

ဘွားလှမေက ဘဝဆိုတာတစ်ဦးတည်း တစ်ယောက်တည်း။ လာတုန်းကလည်း တစ်ဦးတည်း၊ ပြန်တော့လည်း တစ်ဦးတည်းပါပဲ ဟုဆို၏။ ဘဝကို ဘွားလှမေက တစ်ဦးတည်းရင်ဆိုင်ခဲ့လေရာ ဘွားလှမေသည် မင်းကွန်းလူအိုရုံတွင် ခိုလှုံနေရသော်လည်း စိုးရိမ်ပူပန်မှုများ ရှိနေသည်ကို တွေ့နေရ၏။

အဘိုးအဘွားတို့နှင့် စကားပြောရာတွင် အချို့သောပြောပြချက်များသည် ကွဲလွဲမှုရှိသည်။ ပထမအကြိမ်ပြောစဉ်က ထိုဖြစ်ရပ်ကို အသက် ၄၀– တွင် ဖြစ်ခဲ့သည်ဟု ဆိုသော်လည်း နောက်တစ်ကြိမ်ပြောတော့ အသက် ၅၀– လောက်ကဟုဆိုပြန်ပါ၏။

မင်းကွန်းရှိ ဘိုးဘွားအားလုံးသည် အိုရပ် ဇရာရပ်နှင့်ဖြစ်သည်။ "လုပရပ်ဆင်း၊ ပျိုမျစ်ခြင်းကား၊ အိုမင်းနောက်ဆုံးရှိချေသည်" ဟု ဆိုသည့်အတိုင်း ဤဘိုး ဤဘွားတို့သည် တစ်ချိန်ကတော့ လုပခဲ့ကြသည်။ ပျိုမျစ်နုပျိုခဲ့ကြသည်ဖြစ်၏။ သို့သော် ယခုတော့ အိုမင်း၍ နေကြပြီဖြစ်၏။



အိုမင်းမှု ဇရာ၏ထုထောင်းမှုကိုကား မင်းကွန်းတွင် မမြင်ချင်အဆုံး ရှိပါ၏။ ဇရာလက်ရာများ မင်းကွန်းလူအိုရုံနှင့် အပြည့်အသိပ်ရှိနေပါ၏။ ဇရာထုထောင်း၍ အိုမင်းရင့်ရော်နေကြသော ဤအဘိုး ဤအဘွားတို့ထံတွင် စိတ်ဝင်စားဖွယ်ရာ ဘဝအသီးသီးကို တွေ့မြင်ခဲ့ရ၏။ ဘိုးတို့ ဘွားတို့၏ ဘဝအသီးသီးသည် တကယ်လည်း စိတ်ဝင်စားဖွယ်ရာဖြစ်၏။ ဘိုးဘွားတို့၏ ဘဝများမှ ဘဝပေးအသိများကိုလည်း ရရှိနိုင်၏။



အသက်ရှစ်ဆယ်ကျော်
သည့်တိုင်
ဆံတစ်ပင် မဖြူ
သေးသော
ကြီးကြီးမြ

မင်းကွန်းရိပ်သာတွင် ခိုလှုံလျက်ရှိသော ကြီးကြီးမြကား အသက် ၉၀– ရှိပြီ ဖြစ်၏။ အခြားဘိုးဘွားများကို ဘိုးဘွားဟု တပ်ခေါ်ကြသော်လည်း ကြီးကြီးမြကိုတော့ ဘွားမြဟုမခေါ်ဘဲ မင်းကွန်းလူအိုရုံမှ ပုဂ္ဂိုလ်များက ကြီးကြီးမြဟုသာ ခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးမြသည် တောင်ငူဇာတိဖြစ်သည်။ ကြီးကြီးမြက တောင်ငူမြို့ တရုတ်တန်းအနီး အေဘီရင် ကျောင်းဝင်းအတွင်း၌ နေခဲ့သည်ဟုဆို၏။

ကြီးကြီးမြသည် အသက် ၁၈– နှစ်တွင် အိမ်ထောင်ကျ၍ သားသုံးယောက်ထွန်းကားခဲ့သည်။ သားများအရွယ်မရောက်မီ ခင်ပွန်းသည် ဆုံးပါးခဲ့ရ၍ ညီမဖြစ်သူတို့နှင့် ပြင်ဦးလွင်မြို့တွင် သွားရောက်နေထိုင်ခဲ့ရ၏။ ညီမများ မိသားစုကပင် သားများကို ကျောင်းထားပေးခဲ့၏။ သားအကြီးက ကလောမြို့လမ်းရုံးတွင် စာရေးကြီးလုပ်လျက်နေရာက ကြီးကြီးမြနှင့် အဆက်ပြတ်ကာ သေသည်လည်းမသိ၊ ရှင်သည်လည်း မသိဟု ဆိုပါ၏။ သားအလတ်ကတော့ အဖျားရောဂါနှင့်ပင် ၁၉၆၆–ခုနှစ်က နောင်ချိုမှာ ဆုံးသွားသည်။ သားငယ်ဖြစ်သူမှာလည်း ကြီးကြီးမြနှင့်အတူ နေရသည်ဟူ၍မရှိ။ သားငယ်ပညာသင်ချိန်တွင် ခွဲနေရ၏။ အိမ်ထောင်ကျတော့လည်း ခွဲနေရပြီး ကြီးကြီးမြက သားများကို ခွဲခွာဖို့အတွက် မွေးခဲ့ရသည်ဟုဆို၏။ ယခုတော့ သားအငယ်ဆုံးသည် ၆၇–နှစ် ရှိ၍ ယာဉ်မောင်းပင်စင်စားကြီးတစ်ဦးဖြစ်သည်။ သားအငယ်ဆုံးမှာ သားသမီး ၁၀– ယောက်ရှိသည်ဟု ဆို၏။ သားအငယ်ဆုံးကတော့ အမေ့ဆီ နှစ်လတစ်ခေါက်၊ သုံးလတစ်ခေါက် လာသည်ဟုဆို၏။

ကြီးကြီးမြ ကုသိုလ်ကား အသက် ၉၀– ရောက်နေပြီ ဖြစ်သော်လည်း လုံးဝဆံပင်မဖြူသေးခြင်းဖြစ်သည်။ ဆံပင်မှာ နက်မှောင်နေ၍



အုန်းဆီလိမ်းကာ သပ်သပ်ရပ်ရပ် ထုံးထားပါ၏။ ကြီးကြီးမြသည် အသားဖြူ၍ မျက်လုံးကပြာနေ၏။ ကြီးကြီးမြက 'စာဖတ်လို့ မရတော့ပါဘူး၊ ညီမတွေဆီကစာရရင် သူများကို ဖတ်ခိုင်းရတယ်၊ တစ်ခါတလေကျတော့လဲ ညီမတွေဆီ ကိုယ်တိုင်စာရေး ကြည့်မိတယ်၊ စာရေးတော့ ရေးတဲ့စာက တစ်နေရာတည်းမှာ ထပ် ထပ်ပြီး ရေးမိလို့ ဘယ်ဖတ်လို့ ဘယ်ရပါ့မလဲ" ဟုပြော၏။

နားက အနည်းငယ်လေးစပြုနေသော်လည်း အော်ပြောစရာမလို။ သာမန်ထက် နည်းနည်းလေး ကျယ်ပြောရုံဖြင့် ကြီးကြီးမြကကြားရ၏။ ကြီးကြီးမြတွင် သွားသုံးလေးချောင်းသာ ကျန်တော့၍ အံသွားနှင့် ဝါးစားရသည်ဟုဆို၏။ မှတ်ဉာဏ်ကောင်း၍ ကြီးကြီးမြက နေ့စဉ် မန်ကျည်းသီးနှင့် ထန်းလျက်ဖျော်ရည်သောက်သည်။ မိမိနေသောအဆောင်ခေါင်းရင်းတွင် မန်ကျည်းပင်ကြီးတစ်ပင် ရှိသည်။ ထိုမန်ကျည်းပင်မှ အသီးများကြွေလျှင် ကောက်ထားရသည်။ မန်ကျည်းဖျော်ရည်သည် မိမိအသက်ရှည်ဆေးဟု ကြီးကြီးမြက ပြောပါ၏။ ကြီးကြီးမြသည် သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် သွားလာနိုင်၏။ အသက် ၉၀– မျှ ရှိပြီဖြစ်သော်လည်း ကျွန်တော်တို့ထက်ပင် ကျန်းမာရေး ကောင်းမွန်သည်ဟု ဆိုရမလိုဖြစ်ပါ၏။ ကြီးကြီးမြ၏ လှုပ်ရှားမှုမှာ အသက် ၂၀– ၂၁– မိန်းကလေးတစ်ဦးလို သွက်သွက်လက်လက်ရှိလှ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းကွန်း၌ ကျွန်တော် သံယောဇဉ် ဖြစ်ရသူများထဲတွင် ဘိုးလှမြင့်သာမက ကြီးကြီးမြလည်းပါ၏။ ကြီးကြီးမြက ကျွန်တော် မင်းကွန်းသို့ရောက်လျှင် သူ့အဆောင်သို့ လာစေချင်၏။ သူက စကားတွေအများကြီး ပြောချင်၏။ ဘိုးလှမြင့်ကဲ့သို့ပင် ရန်ကုန်သို့ ရောက်ပါက လစဉ် သူ့ထံသို့စာမှန်မှန်ရေးပါဟု ကြီးကြီးမြကဆိုပါ၏။

ကျွန်တော် မင်းကွန်းသို့ရောက်တိုင်းအပြန်တွင် ဘိုးဘွားတို့နှင့် ခွဲရသည်ကို မိသားစုနှင့် ခွဲရသလိုခံစားရ၏။ ဘိုးဘွားတို့ကလည်း သားသမီးနှင့် ခွဲရသလို ခံစားလိုက်ရ၏။ ဒီတော့လည်း ဝေဒနာဟူသည် ဖြစ်ပေါ်ရပြန်၏။

တွယ်တာမှုဟူသမျှသည် သောကများသာဖြစ်ပါ၏။ တွယ်တာမှုရှိနေသမျှ ဒုက္ခများသာ ဖြစ်ပါ၏။ ဤအကြောင်းနှင့် ပတ်သက်၍ ကျွန်တော်သည် တွယ်တာမှုဟူသမျှ ဒုက္ခဖြစ်ရကြောင်းကို ယသော်ဓရာမင်းသမီး၏ ဘဝကို ထင်ဟပ်၍ "ယသော်ဓရာအလွမ်း" ဟူသောစာအုပ်တစ်အုပ် ရေးသားခဲ့၏။ ထိုစာအုပ်သည် တွယ်တာနေသမျှ ဒုက္ခဟူသောသဘောထားကို တင်ပြသည့်စာအုပ်ဖြစ်သည်။

ကြီးကြီးမြက ဘဝကို ကွေကွင်းရခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ကြီးကြီးမြသည် ခင်ပွန်းသည်နှင့် သေကွဲကွဲရသည်။ သားကြီးကို သေသည်ရှင်သည်မသိရ။ သားလတ်နှင့်လည်း သေ့ကွဲကွဲခဲ့ရသည်။



ညီမများအပါအဝင် သားငယ်နှင့်လည်း ခွဲခွာ၍နေရသည်။ ဘဝဟူသည် တွေ့ဆုံရသည်။ တွေ့ဆုံပြီး ကွဲကွာသွားရသည်။ ဒါဟာ ဘဝပါပဲဟု ကြီးကြီးမြက ဆိုသည်။ တွေ့ကြပြီး ဘယ်အချိန်ကွဲမည်၊ ဘယ်လိုကွဲမည်၊ ဘယ်လောက်ကြာကြာကွဲမည်ကို မသိရ။ ကွဲကွာပြီး ပြန်တွေ့တတ်ကြသော်လည်း မိမိ၏သားကြီးနှင့်ကား ကွဲကွာသွားခဲ့သည်မှာ ပြန်၍ပင်မတွေ့ရတော့ဟုဆို၏။ "သည်တော့ လူတွေဟာ တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက်၊ ဆွေမျိုးသားချင်း၊ ညီအစ်ကိုမောင်နှမအဖြစ်ပဲ တွေ့ကြ တွေ့ကြ၊ မိတ်ဆွေသင်္ဂဟအဖြစ်ပဲ တွေ့ကြတွေ့ကြ၊ ခရီးသွားဖော်အဖြစ်ပဲ တွေ့ကြတွေ့ကြ၊ တွေ့ရသမျှ အချိန်ကလေးတွင် ချစ်ချစ်ခင်ခင်၊ ကူကူညီညီ ရှိကြဖို့ အရေးကြီးပါတယ်၊ တွေ့ပြီး မကြာခင် ကွဲကြရမှာ၊ မုန်းနေလို့ ဘာအကျိုးရှိမှာလဲ သားရယ်၊ သားလဲ ဘဝမှာ ချစ်ချစ်ခင်ခင်ရှိပါ၊ မမုန်း ပါနဲ့" ဟုဆုံးမပါ၏။

ကျွန်တော်သည် ဘွားယောင်း၊ ကြီးကြီးမြ စသောအဘွားများကိုကြည့်၍ ဇရာတရားကို ကံ၊ ဉာဏ်၊ ဝီရိယ ဟူသောအရာတို့ဖြင့် ပြောင်းမြောက်စွာ ခုခံနိုင်ကြောင်း ယုံကြည်ပါ၏။ ရှေးဘဝ ကုသိုလ်၊ ယခုဘဝကုသိုလ်တို့သည် ဇရာ၊ ဗျာဓိ၊ မရဏတို့ကို ခုခံနိုင်သည်။

ကံဟူသောအရာကို ရှေးကပြုခဲ့သောအလုပ်နှင့် ယခုပြုသော အလုပ်ဟူ၍လည်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်၏။ အိုပင်အိုသော်လည်း ကြီးကြီးမြကဲ့သို့ ဆံပင်မဖြူအောင်၊ ကျန်းမာရေးမချွတ်ယွင်းရအောင် နေနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမြို့ ဘုတာကြီးဆင်ဝင်အောက်တွင် တွေ့ခဲ့သော အဘွားအို ကဲ့သို့ အိုမင်းပင် အိုမင်းခဲ့ပြီဖြစ်သော်လည်း တင့်တယ်သော အသား အရေကို ဆောင်နိုင်၏။ ယနေ့နံနက် ၆၆– လမ်းပေါ်တွင် တွေ့ခဲ့သော ပင်စင်စားကြီးများကဲ့သို့ မိမိတို့ကျန်းမာရေးကို မိမိတို့ဝီရိယဖြင့်ပင် တည်ဆောက်နိုင်ကြ၏။ သိပ္ပံနည်းပညာများ ဖွံ့ဖြိုးလာသောခေတ်တွင် ဇရာကို တော်လှန်ဖို့ကြိုးစားခဲ့ရာ လုံးဝမအို၊ မနာ၊ မသေအောင် မဆောင်ရွက်နိုင်သေးသော်လည်း အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကို လျော့ပါးသက်သာမှုရှိအောင် ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို တွေ့ရှိခဲ့ပါ၏။

အမျိုးသားစာပေဆုရှင် ဆရာတင်မောင်အေး (ကန့်ဘလူ) က သူ၏ "ကျန်းမာရွှင်ပျော် ငါးဆယ်ကျော်" စာအုပ်တွင် ဇရာကို အန်တုနိုင်ရေးအတွက်...

၁။ ကိုယ်လက်လှုပ်ရှားမှုပြုရမည်။

၂။ အစားအသောက်များကို သင့်တင့်မျှတစွာ စားသုံးကြရမည်။

၃။ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးတို့ကို ဂရုပြုရမည်။

၄။ ပျော်ရွှင်စွာ နေထိုင်ကြရမည်။



၅။ တရားမှတ်ခြင်း၊ တရားထိုင်ခြင်း၊ တရားဓမ္မ၌ မွေ့လျော်ခြင်း၊ စိပ်ပုတီးစိပ်ခြင်း စသည်တို့ကို ပြုလုပ်ကြရမည်။

၆။ မကျန်းမာက ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းတို့နှင့် ချက်ချင်း ပြသ၍ ကုသမှုခံယူရမည်။

၇။ ဆေးလိပ်၊ အရက်နှင့် အပျော်အပါးလိုက်စားမှုကို ရှောင်ရှား ရမည်။

၈။ မိမိနှင့် သင့်လျော်သော အလုပ်တစ်ခုခုကို စိတ်ဝင်စားစွာ လုပ်ဆောင်ကြရမည်။

၉။ ဝါသနာပါရာ လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်ကြရမည်။

၁၀။ အနာဂတ်အတွက် မျှော်လင့်ချက်ကို ထားရှိလုပ်ဆောင်ရမည်။

ထိုသို့လုပ်ဆောင်နိုင်ပါက ဇရာကို အန်တုနိုင်မည်ဟု ဆိုပါ၏။

ယင်းအချက် ၁၀– ချက်သည် ဇရာတရား၏ မျက်စောင်းထိုး ခြင်းကို ခံရသူတိုင်း သတိချပ်စရာလိုသော အချက်များဖြစ်သည်။

ကျွန်တော်သည် အဘိုးအဘွားများနှင့် တွေ့ဆုံစကား ပြောခဲ့ ပြီးနောက် မင်းကွန်းလူအိုရုံအတွင်း လှည့်ပတ်ကြည့်နေစဉ် ဇရာဝတီ မြစ်ဘက်မှ အော်သံပြောသံများ ကြားရ၍ မြစ်ဘက်သို့ ထွက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းအတွင်းမှ မြစ်ဘက်သို့အထွက်တွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိသည်။ လက်ဖက်ရည်ဆိုင်၏အမည်မှာ ငွေလရောင်ကဖီးဖြစ်ပါသည်။ ငွေလရောင်ကဖီးမှာ လက်ဖက်ရည်၊ ကော်ဖီသာမက အချိုရည်၊ ဘီလပ်ရည် အစုံရသောဆိုင် ဖြစ်သည်။ ဧရာဝတီမြစ်ကမ်းအစပ်တွင် အအုအဆိုင်းမရှိ ဖွင့်ထားသောဆိုင်လေးဖြစ်ရာ ညအခါ လရောင်အောက်တွင် လရောင်ခံ၍ဖွင့်ထားသောကြောင့် ငွေလရောင်ဟု အမည်ပေးထားဟန်ရှိသည်။ ထိုဆိုင်မှ ကျွန်တော်သည် အော်သံဆိုသံများကြားရာ မြစ်ဘက်သို့ ကြည့်လိုက်သောအခါ မြစ်ထဲ၌ ဝါးဖောင်တစ်တွဲကို လူအများဝိုင်း၍ ဆယ်နေကြသည်ကို တွေ့ရ၏။

မင်းကွန်းလူ့အိုးရုံ၏ကမ်းတွင် ရေစီးအတော်သန်၏။ ဝဲတစ်ခုလည်းဖြစ်၍ နေ၏။ ထိုဝဲတွင် ဝါးဖောင်ပျက်သဖြင့် ဝါးလုပ်သားများနှင့် အနီးရှိသင်္ဘောများ၊ လှေများမှ လူများက ဝါးဖောင်ပျက်မှ ဝါးများကို ဝိုင်းဝန်းဆယ်နေကြခြင်းဖြစ်၏။

ဝါးဖောင်တွင် အတွဲရှစ်တွဲခန့်ပါ၍ ငါးတွဲမှာ ဖောင်အဖြစ်ရှိသော်လည်း သုံးတွဲက ပျက်လျက်ရှိ၏။ အနီးရှိသင်္ဘောနှစ်စင်းက မြစ်လယ်သို့ မျောသွားသော ဝါးဖောင်များကို စက်ကုန်ဖွင့်ကာ လိုက်လံဆယ်ယူပေး၏။ ဝါးဖောင်တစ်တွဲမှ ဝါးတွဲတစ်တွဲသည် လုံးဝအတွဲပျက်ကာ အချို့ဝါးများက ရေလယ်တွင် ဝဲအတိုင်းလည်နေ၏။ အချို့ဝါးများကလည်း ထိုးထိုးထောင်ထောင်ဖြစ်ကာ အချို့ကတော့



ဝါးတစ်လုံးချင်း အစည်းပြေလျက် မြစ်ရေစီးကြောင်းအတိုင်း မျောပါသွားကြ၏။ "ဝါးအစည်းပြေသကဲ့သို့" ဟူသောစကားကို ထိုနေရာတွင် မျက်မြင်တွေ့ရ၏။ ယောက်ျားဖောင်စီး မိန်းမမီးနေဆိုသည့်အတိုင်း ဖောင်စီးယောက်ျားတို့၏ ဘဝကိုလည်း မျက်ဝါးထင်ထင် ကျွန်တော်မြင်ရ၏။

ဖောင်စီးယောက်ျားတစ်ဦးသည် ဝါးမျောသွားသည်ကို လက်ပစ်ကူး၍ သွားဆယ်နေ၏။ သူလက်ပစ်ကူးသွားစဉ် အခြားဝါးတစ်စည်းက သူ့တည့်တည့်ဆီသို့ ရေစီးရှိန်နှင့် မျောလာသည်။ အရှိန်နှင့်မျောလာသော ဝါးစည်းသည် ထိုသူကို ဝင်တိုက်ပါက အသက်အန္တရာယ်ရှိနိုင်၏။ ထို့ကြောင့် ကမ်းပေါ်မှလူများက ဝါးစည်းမျောလာကြောင်း ဟစ်အော်၍ သတိပေးကြ၏။

သို့သော် ထိုသူမှာ မဟာဇနကလုံ့လဖြင့် လက်ပစ်ကူးရင်း အန္တရာယ်ကိုမမြင်။ မျောလာသောဝါးတွဲဖြင့် နှစ်ကိုက်သုံးကိုက်လောက်သာ ဝေးတော့မည်ထင်ရ၏။ ထိုသူကလည်း ယခုတိုင် ဝါးစည်းမျောလာသည်ကို မတွေ့ရသေး။ ကမ်းပေါ်မှ သတိပေးသည်များကို မကြားနိုင်။ သူသည် ဆက်၍သာ ကူးနေ၏။

သူ့နားထင်ရှေ့တည့်တည့်သို့ ဝါးတွဲအရှိန်နှင့် တိုက်တော့မည်ပြုလုပ်မှ ထိုသူမှာ မျောလာသော ဝါးစည်းကို မြင်လိုက်ပြီး ပက်လက်လှန်

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လိုက်၏။ ရှောင်လိုက်ရုံသာမက ထိုဖောင်စီးယောကျ်ားသည် ခပ်လှမ်းလှမ်းမှ မျောနေသော ဝါးစည်းကို လက်လွှတ်ကာ သူ့ရှေ့မှ အရှိန်နှင့်မျောလာသောဝါးစည်းကို မလွှတ်တမ်းဖမ်းနေ၏။ အာဂ ယောကျ်ားဖြစ်၏။ ထိုသူသည် မျောလာသော ထိုဝါးတွဲမှ ဝါးတစ်လုံးကို မိမိရရဆုပ်ကိုင်လိုက်၏။ ဆုပ်ကိုင်လိုက်သော ဝါးလုံးသည် အစည်းမှ ကျွတ်ထွက်လာပြီး ထိုဝါးတွဲမှာ မျောမြဲ မျောသွားသဖြင့် ထိုသူသည် ဝါးတစ်လုံးဖြင့် ပက်လက်လှန်၍ ကျန်နေခဲ့၏။ ထိုသူသည် ဝါးစည်း နောက်သို့ အတင်းလိုက်ကာ ဒီတစ်ကြိမ်တွင်တော့ ဝါးတစ်စည်းလုံးကို ဖက်တွယ်၍ ထားလိုက်၏။ ဝါးစည်းနှင့် ထိုသူမှာ မိကျောင်းတစ်ကောင် နှင့် လူတစ်ယောက်တို့ သတ်ပုတ်နေသကဲ့သို့ ထင်ရ၏။ သို့သော် နောက် ဆုံးတွင် ထိုဝါးစည်းကို ထိုလူ နိုင်နိုင်နင်းနင်းစီးမိသွားသည်။

ကျွန်တော်သည် မြင်နေရသော ဧရာဝတီမြစ်အတွင်းမှ မြင်ကွင်းကိုကြည့်ကာ လူသားဟူသည် မိမိဘဝ ရပ်တည်မှုအတွက် သဘာဝအန္တရာယ်အမျိုးမျိုးကိုလည်း အသက်နှင့်ရင်း၍ ရင်ဆိုင်နေကြရ သူများပါကလားဟူ၍ တွေးတောမိပါသည်။ ငယ်ငယ်က အဘွားဖြစ် သူက "ဟဲ့- ဆန်တစ်စေ့ ဘယ်လိုစိုက်ရတယ်ဆိုတာ သိရဲ့လား၊ ဝါးတစ်လုံးကို ဘယ်လိုခုတ်ရတယ်ဆိုတာ သိရဲ့လား၊ ထမင်းမဖိတ်စေနဲ့၊ ဝါးပေတံလေး မကျိုးစေနဲ့၊ မပျောက်စေနဲ့" ဟု ဆုံးမတတ်၏။ ထိုအခါက ကျွန်တော်တို့အရပ်တွင် ဆန်ပေါ၍ ဆန်တန်ဖိုးကို နား



မလည်ခဲ့။ ဝါးဆိုတာကတော့ ကျွန်တော်တို့အရပ်တွင်ထွက်၍ ဝါး အကြောင်းလည်း မသိခဲ့။ အခုတော့ ဝါးတစ်လုံး၏တန်ဖိုးကို သိလာ ရ၏။ ဝါးတစ်လုံးဟူသည် အသက်တစ်ချောင်းပင် ဖြစ်၏။ ကျွန်တော် တို့ငယ်စဉ်က အဘိုးချော ပေးသည့် ဝါးပေတံကလေးမှာလည်း လူ့အသက်နှင့်အရင်းတည်၍ လူ၏လုပ်အားများ အထပ်ထပ်ပေးပြီးမှ ဝါးပေတံတစ်ချောင်းဖြစ်လာ သည်ကို သဘောပေါက်လာမိပါသည်။

ထိုအချိန်မှာတော့ ဝါးဖောင်ကို လူသားတို့စီးမိသွားပြီဖြစ်၏။ ဧရာဝတီမြစ်သည် အရှုက်ရသွားပြီဖြစ်၏။ ဝါးရှစ်တွဲမှာ ခြောက်တွဲ နီးပါး အကောင်းပြန်ရ၍ နှစ်တွဲမှာ အချို့လည်းပျက်၊ အချို့လည်း ပြန်ရ၏။

ထိုအချိန်တွင် ဝါးချည်နေသော လူတို့အတွင်းမှ သန်သန် မာမာ ယောကျ်ားတစ်ယောက် ကုန်းပေါ်သို့ တက်လာ၏။ ထိုသူသည် လက်ဖက်ရည်ဆိုင်မှ သောက်ရေအိုးတွင် ရေသုံးခွက်လောက် ဆင့် သောက်လိုက်၏။ ထိုသူသည် ဗလကောင်းကောင်း မြန်မာတစ်ဦး၌ ရှိ သော ဥပဓိရုပ်အပြည့်ဖြင့် ဖြစ်၏။ ထိုသူသည် ရေသောက်ပြီးသောအခါ ဆိုင်ရှေ့တွင် ခါးထောက်၍ ဧရာဝတီမြစ်ကို ကြည့်နေပါသည်။ တကယ် တော့ ထိုသူများသည် ဧရာဝတီမြစ်ကိုအမှီပြု၍ ရှာစားနေကြသူများ ဖြစ်၏။ တစ်ခါတစ်ရံတော့လည်း မြစ်ကြီးဧရာဝတီက ဤသို့ [illegible]လူ ကျီစယ်သည်ကို သူတို့ခံစားကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆင်ကျိစားရာ ဆိတ်မခံသာ ဆိုသကဲ့သို့ ရောဝတီက ကျိစားမှု ဖြစ်သော်လည်း ဖောင်သမားတို့အတွက်မူ အလူးအလဲခံစားကြရ၏။ ထိုသူက "နည်းနည်းလေး သတိလွတ်သွားလို့ ခံလိုက်ရတာဗျ" ဟုဆို၏။

ထိုအခါ ကျွန်တော်က "ဒီမိတ်ဆွေရဲ့ဖောင်လား" ဟုမေးတော့ သူက ကျွန်တော့်ကို ညှော်သည်မှန်းသိ၍ "ကျွန်တော်က ဒီဝါးဖောင်က မဟုတ်ပါဘူး၊ ဒီရွာက အခြားဝါးကုန်သည်တစ်ဦးရဲ့ ဖောင်ကပါ၊ ဒီလိုပဲ တစ်ယောက်ဖြစ်ရင် အားလုံးက ဝိုင်းကူကြတာပဲ" ဟုပြောပါသည်။

ကျွန်တော်က "မိတ်ဆွေကရော ဖောင်သမားပဲလား" ဟု ထပ်မေးသောအခါ သူ၏နာမည်မှာ ဦးဝင်းအောင်ဟု ခေါ်ကြောင်း၊ ဖောင်လုပ်ငန်းနှင့် အသက်မွေးသူဖြစ်၍ သူ့အသက်မှာ ၃၆– နှစ်ရှိပြီဖြစ်ကြောင်း ပြောပြပါသည်။

## သူရောက်မလာမီ အလုပ်လုပ်ကြ၍

မင်းကွန်း ရောဝတီဆိပ်ကမ်းမှ အရှေ့ဘက်သို့ မျှော်၍ကြည့်ပါလျှင် မန္တလေးတောင်တော်ကို ကောင်းစွာမြင်နေရ၏။ ညနေချမ်းမို့ မန္တလေးတောင်တော်တွင် တောင်ငွေ့များ ဆိုင်းလျက်ရှိသည်။ နေလုံးက အနောက်ဘက်သို့ ရောက်နေပြီဖြစ်ရာ အနောက်ဘက်မှ နေရောင်၏ အလင်းပြန်မှုက တောင်၏ကောင်းကင်ယံတွင် ထိုးလျက်ရှိ၏။

နေမင်းသည်လည်း တစ်နေ့တာ မာန်ဟုန်ပြင်း၍ အတင်းမောင်းနှင်လာသော သူ့နေရထားကိုရပ်၍ အခုတော့ ဇရာကိုရှုရင်း တရားသံဝေဂ ရနေဟန်တူ၏။

မတ္တရာ၊ ပုသိမ်ကြီးမြို့နယ်တို့အတွင်းမှ ရှမ်းရိုးမတောင်တန်းကြီးသည် မန္တလေးတောင်တော်ကို သားငယ်ပမာ ပွေ့ချီထား၏။

www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီမြစ် အရှေ့ဘက်ရှိ နန်းတော်ကျွန်းသည် ညနေဆည်းဆာမြင်ကွင်းကို အလှဖြည့်နေသည်။ ဧရာဝတီမြစ်ပြင်ကျယ်ကား တည်ငြိမ်သော ဣန္ဒြေကိုဆောင်လျက် စောစောက သူ့ဘာမှမလုပ်ခဲ့သလို စီးဆင်းမြဲ စီးဆင်းနေ၏။ ရေစုန်အတိုင်းဆင်းလာသော လှေငယ်တစ်စင်းရွက်လွှင့်ကာ မျောနေသည်ကိုလည်း တွေ့ရ၏။ ထိုအချိန်တွင် ဝါးဖောင်ပျက်ကို လုပ်သားကြီးများက ပိုမိုခိုင်ခံ့အောင် ပြင်ဆင်တုပ်နှောင်နေကြဆဲဖြစ်၏။

ဦးဝင်းအောင်က ပြင်ဆင်နေသော ဖောင်သမားတို့ကိုကြည့်ရင်း "ဖောင်သမားတို့ရဲ့ဘဝကတော့ ကြမ်းတမ်းပါတယ်ဆရာရယ်" ဟုဆို၏။ မိမိကိုယ်တိုင် ဖောင်သမားတစ်ဦးဖြစ်သော ဦးဝင်းအောင်သည် မြင်းမူဇာတိဖြစ်၏။ မြင်းမူမြို့နယ် ညောင်ပင်ကန်ရွာမှဖြစ်၏။

မိမိ ဝါးလုပ်ငန်းနှင့် အသက်မွေးသည်မှာ ၁၀– နှစ်ခန့်ရှိပြီဖြစ်ကြောင်း ပြောပြသည်။ ဦးဝင်းအောင်တို့ ကိုင်သောဝါးသုံးမျိုးမှာ ဝါးဖြူ၊ တင်းဝါးနှင့် ဝါးနီတို့ ဖြစ်သည်။

ဝါးနီသည် ဗန်းမော်မှထွက်၍ ဝါးဖြူကို ကသာနှင့် ရွှေကူမြို့နယ်တို့မှရသည်။ တင်းဝါးကို စင်းခန်း၊ ထီးချိုင့်နှင့် မဲဇာချောင်မှရသည်။

ဝါးတစ်ဖောင်တွင် ဝါးအလုံးတစ်သောင်းမျှ ပါဝင်သည်ဟုသိရ၏။ ဝါးများပေါက်ရာနေရာမှ ဒေသခံများက ဝါးကိုခုတ်၍ မိမိတို့က ဒေသခံများထံမှ ခုတ်ပြီးသားဝါးများကို ဝယ်ရသည်။ ထိုဝါးများကိုကိုယ်တိုင်ဖောင်ဖွဲ့၍ ဧရာဝတီမြစ်အတိုင်း မျှောချပြီး မန္တလေးမှ ဝါးလက်ကားသမားများထံ သယ်ပို့ရောင်းချကြသည်။ ကသာမှ ဖောင်ဖွဲ့၍ မျှောရာတွင် ရေသာပါက သုံးရက်နှင့် မန္တလေးရောက်၍ နွေရေဆိုလျှင်တော့ ခြောက်ရက်ကြာမှရောက်၏။



ဖောင်ချရန် မန္တလေးမှရထားဖြင့် ကသာသို့သွားသည်။ ကသာမှတစ်ဆင့် ဝါးထွက်ရာအရပ်များသို့ သွားကာ လိုအပ်သောဝါးများကိုဝယ်ပြီး ဖောင်ဖွဲ့ကာ မျှောချရသည်။ ဖောင်မျှောရာတွင် ဖောင်ဦးစီးကျွမ်းကျင်ရန်လိုသည်။ ဖောင်ဦးစီးသည် ရေအခြေအနေ၊ မြစ်ကြောင်းအခြေအနေနှင့် လေရိုင်မိုးရိုပ်တို့ကို ကျွမ်းကျင်ဖို့လိုသည်။ ဖောင်လုပ်သားတစ်ဦးသည် ဖောင်တစ်ခေါက်ကို ၅၀၀– ကျပ်ခန့်ရကြ၏။ ရေကြောင်းကောင်းလျှင် ညဥ့်ပင် ဝါးဖောင်များ မျှောတတ်ကြ၏။ ဝဲမိလျှင်သော်လည်းကောင်း၊ လေမိုးကြုံလျှင် သော်လည်းကောင်း ဖောင်ပျက်တတ်သည်။ ထွက်လာတုန်းကတော့ လေမိုးကအကောင်း။ နောက်မှလေနှင့်မိုးက ဖြုန်းဒိုင်းဆိုရောက်လာပြီး အန္တရာယ်နှင့် ကြုံရသည်လည်းရှိ၏။ အထူးသဖြင့် တောင်လေလာလျှင် ပို၍အန္တရာယ်များပြီး အသက်ပါ ဆုံးရှုံးတတ်၏။ မိုးသက်လေမိလျှင် အသေအပျောက်ရှိတာ များသည်ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ဖောင်သမားတစ်စု ဗန်းမော်မှဖောင်ဖွဲ့၍ ဆင်းလာရာ ထီးချိုင့်အောက်တွင် ဖောင်အရှိန်သတ်ရန် ကွင်းဆင်းထိုးရာ ဝါးကိုမြေတွင်စိုက်နေရင်းကြိုးပြတ်၍ ကျွန်းပေါ်တွင် ဖောင်သမားတစ်ဦးကျန်ခဲ့၏။ ဖောင်က ရေစီးနှင့် မျောသွားသဖြင့် ဖောင်သမားသည် တစ်ညလုံး ကျွန်းပေါ်တင်ကျန်နေရစ်ခဲ့သည်။ ထိုအချိန်တွင် ကျွန်းပေါ်သို့ ရေတက်လာသဖြင့် ဖောင်သမားသည် သစ်ပင်တစ်ခုပေါ်တက်၍ နေခဲ့ရာ ပါးစပ်မြုပ်သည်အထိ ရေကတက်လာ၏။ တစ်ညလုံးရေစိမ်၍ နေရပြီး ငါးလာရှာသူတစ်စုနှင့်တွေ့မှ အသက်ချမ်းသာရာရခဲ့သည်ဟု ဆို၏။ သို့သော်လည်း ထိုဖောင်သမားသည် အအေးပတ်ပြီး ရောဂါရကာ အလုပ်လုပ်မစားနိုင်တော့သည့်ဘဝသို့ ရောက်ခဲ့သည်ဟုဆို၏။

တစ်ခါတစ်ရံ ဝါးဖောင်မျှောချသူများက ဒေသခံတို့ထံမှ တစ်ဆင့်မဝယ်ဘဲ ကိုယ်တိုင်ဝါးခုတ်၍ ကိုယ့်ဟာကိုယ် ဖောင်ဖွဲ့သယ်တာမျိုးလည်းရှိ၏။ ဝါးခုတ်ရာတွင် ကျွမ်းကျင်ရန်လိုသည်။ ဝါးကိုအရင်းမှခုတ်ရသည်။ ဝါးကိုအရင်းမှမခုတ်ဘဲ အထက်မှ ခုတ်ပါက ဝါးပင်သည် လူပေါ်သို့လည်းကောင်း၊ ခြေထောက်ပေါ်သို့ လည်းကောင်း ပြုတ်ကျပြီး စိုက်နေတတ်သည်။ ဝါးခုတ် ဝါးမျှောရာတွင် ငှက်ဖျားရောဂါကိုလည်းကြောက်ရသည်။

ဝါးဈေးသည် ပင်ရင်းဝါးထွက်သည့် နေရာတွင် ဝါးတစ်ရာ ကျပ် ၁၃၀–မှ ၂၀၀–ကျပ်အထိရှိ၏။ မင်းကွန်းရောက်တော့ ကျပ် ၂၅၀–



မှ ၃၀၀–ကျပ်အထိ ဈေးပေါက်သည်။ ဝါးလုံးဈေးက ဝါးအနုတ်အသိမ်းပေါ်မှာ မူတည်၏။ ဝါးနှင့်လုပ်သော ကတ်များ၊ ထရံများ အသုံးများလျှင် ဝါးဈေးတက်၏။

တစ်ခါတစ်ရံတွင်လည်း အထက်မှ ဝါးသမားများသည် ဝါးခုတ်ပြီး မိမိဘာသာဖောင်ဖွဲ့၍ ဝါးရောင်းဆင်းရင်း ဘုရားဖူးလာကြသည်။ ထိုဝါးဖောင်များတွင် ဆွေမျိုးဉာတိမိသားစုများအားလုံး လိုက်ပါလာကြသည်။ ထိုမိသားစုများသည် ဝါးရောင်း၍ မဟာမြတ်မုနိဘုရားကို ဖူးပြီးခါမှ နေရပ်သို့ရထားနှင့်ပြန်ကြသည်ဟု ဆို၏။

ဝါးမျှောရာတွင် မလယ်အနောက်ဘက်တွင် သိန်တောင်ဝဲကို သတိထားရသည်။ နောက် သပိတ်ကျင်းအောက်နားတွင်တော့ ကျော့လေးဝဲရှိ၏။ ကျော့လေးဝဲသည် နှစ်ဘက်ဝဲကြီးဖြစ်၍ဝဲနှစ်ဘက်ကြားမှ ဖောင်ကို တည့်တည့်ဝင်ရသည်။ လွဲသွားလျှင် ဖောင်ပျက်၏။ ရေများလျှင် ဝဲပိုကြမ်း၍ ဖောင်က တည့်တည့်သွားနိုင်မှရသည်။ ဟိုဘက်သည်ဘက် ငဲ့လို့မရ။ ငဲ့လိုက်သည်နှင့် ဝဲထဲသို့ဝင်သွားသည်။ စုပ်ဝဲကတော့ ခေါင်းနှင့်ဝင်ပြီး အမြီးနှင့်ပြန်ထွက်ရ၏။ လှည့်ဝဲကတော့ ဝင်မိပါက ခုနစ်ပတ်ပြည့်မှ ပြန်ထွက်နိုင်သည်ဟု ဆို၏။

သိန်တောင်ဝဲနှင့် ကျော့လေးဝဲကို လူတိုင်းကြောက်ကြသည်။ ထိုဝဲထဲသို့ မဝင်မီ မိုးရိပ်မိုးခြေကို ကြည့်ရသည်။ မိုးရိပ်မိုးခြေပါက ဖောင်အရှိန်သတ်၍ ကမ်းဘေး တောင်ကမ်းပါးယံတွင် ကပ်ပြီး စောင့်

www.burmeseclassic.com

www.burmeseclassic.com



နေကြရသည်။ လေရိပ်မိုးရိပ်သာမှ ဝဲများကိုဖြတ်ရ၏။ လေမိုးလွှတ်ပြီ ဟုဆိုကာ ဖြတ်၍ ဝဲထဲတွင် လေမိုးနှင့်တွေ့ပါက "မိမိအသက်မသေအောင် အလွတ်ရုန်းရတာပဲ၊ ဖောင်ကိုတော့ အခုလို ဆယ်ဖို့ဆိုတာ စဉ်းစားလို့မရပါဘူး၊ အခုဖြစ်တာကလဲ ဒီနေရာမှာက လှေအစုံ၊ လူအစုံနဲ့မို့ ဒီလောက်ဝါးပြန်ရတာ၊ ဒါမှမဟုတ်ရင် ဝါးတစ်ဖောင်လုံး ကုန်မှာပဲ" ဟု ဦးဝင်းအောင်က ဆိုပါ၏။

ဦးဝင်းအောင်က ဝါးဖောင်၏သဘာဝ၊ ဝါးသမားတို့၏ဘဝကို ပြန်ပြောနေစဉ်မှာပင် မင်းကွန်းရုံးခန်းမှ လိုက်လာပြီး ရေမိုးချိုး၍ ညစာစားရန် ကျွန်တော့်ကိုလာ၍ ခေါ်ပါ၏။ ထိုနေ့ညနေက ကျွန်တော်တို့သည် မင်းကွန်း ဧရာဝတီမြစ်ဆိပ်တွင်ပင် ရေချိုးကြပါသည်။ မြစ်ရေက နောက်နေသော်လည်း ရေချိုး၍ ကောင်းပါသည်။ ထိုနေ့ညနေစာကို ဦးခင်အောင်က သူ၏အိမ်တွင် ဖွယ်ဖွယ်ရာရာ ပြုလုပ်၍ ကျွေးမွေးသည်။ အုတ်ချဆရာတော်ကလည်း ဧည့်သည်များအတွက် ဟုဆိုကာ ငှက်ပျောသီးပို့ပေး၏။ ငှက်ပျောသီးများမှာ ဧရာမငှက်ပျောသီးကြီးများဖြစ်၍ တစ်လုံးကို နှစ်ယောက်စားယူရ၏။

ဧရာဝတီမြစ်ကမ်းဘေးတွင် ငှက်ပျောသီးစားရင်း လှမ်း၍ မြင်နေရသော မန္တလေးတောင်ခြေမှ ယခု မင်းကွန်းဘိုးဘွားရိပ်သာ ဗုဒ္ဓဘာသာလူအိုရုံကို ရောက်သည်အထိ ခရီးစဉ်ကို ကျွန်တော်ပြန်၍ စဉ်းစားနေမိ၏။



ယခုအခါ နေရောင်ကား လုံးလုံးပျောက်သွားပြီဖြစ်၏။ ဧရာဝတီမြစ်၏ လှိုင်းပုတ်သံများကိုကား ကြားနေရသည်။ ကျွန်တော်သည် ဧရာဝတီမြစ်၏ လှိုင်းပုတ်ခတ်သံကို နားထောင်ရင်း ဇရာအကြောင်းကို ဆက်လက်စဉ်းစားနေခဲ့၏။

ဇရာတရားသည် မွေးကတည်းက ခန္ဓာနှင့်အတူပါလာ၏။ မှိုပွင့်သည် မြေမှထွက်လာသော် မြေမှုန့်ကိုရွက်၍ ထွက်လာသကဲ့သို့ ခန္ဓာ ဖြစ်တည်ကတည်းက ဇရာတရားသည် ဖွားဘက်တော်အဖြစ်ပါခဲ့၏။ လူတို့က ဖြစ်တည်လာခြင်း၊ မွေးဖွားလာခြင်းကို အကောင်းဘက်မှတွေးသော်လည်း ဖြစ်တည်လာမှုသည် ဒုက္ခ၏အစဖြစ်၏။ ဇာတိ၊ ဇရာနှင့် မရဏတို့သည် ညီအစ်ကိုများသာဖြစ်၍ ဇာတိဟူသော ပဋိသန္ဓေနေရခြင်းသည်လည်း ဆင်းရဲ၏။ အိုရခြင်း၊ နာရခြင်းတို့သည်လည်း ဆင်းရဲ၏။ ဇာတိ၊ ဇရာ၊ မရဏတို့သည် ဤလောကတွင် အမြဲရှိနေသောတရားများဖြစ်၏။

ကျွန်တော်သည် မန္တလေးမြို့အနောက် ဝိသုဒ္ဓါရုံ သုဓမ္မာကျောင်းဆရာတော် ဦးမာနိတသရီ၏ ဆိုဆုံးမမှုများကို ပြန်၍သတိရလာ၏။ ဆရာတော်က "ဒကာကြီး၊ ရတနာသုံးပါးအနက် လောကကြီးမှာ ထာဝရရှိနေတာက ရတနာတစ်ပါးပဲရှိတယ်" ဟု မိန့်ကြားဖူး၏။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတို့တွင် ဘုရားရှင်သည် ဤကမ္ဘာတွင် အမြဲရှိနေသည်မဟုတ်။ ဘုရားသာသနာတော်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



လည်း အမြဲရှိနေသည်မဟုတ်။ အလားတူ သံဃာရတနာသည် ဘုရားရှင်တို့အား အမှီပြု၍ ရှိလာရခြင်းဖြစ်၏။ သံဃာရတနာသည်လည်း လောကတွင် အစဉ်အမြဲမရှိ။ တရားရတနာကသာ လောကတွင် အမြဲရှိ၏။ တရားရတနာသည် မည်သည့်ကာလ မည်သည့်အချိန်တွင်မဆို ရှိနေသည်။

လောက၌ ဖြစ်တည်ခြင်းတရား (ဇာတိ) သည် ဤကမ္ဘာ ဤလောက၌ မည်သည့်ကာလ မည်သည့်နှစ် လ ရက် နေ့ နာရီမိနစ် စက္ကန့်တွင်မဆို ရှိနေသည်။ အလားတူပင် အိုခြင်းတရား (ဇရာ) သည်လည်း ဤကမ္ဘာလောက၌ နေ့တိုင်း နာရီတိုင်း စက္ကန့်တိုင်း၌ ရှိနေ၏။ သေခြင်းတရား (မရဏ) သည်လည်း လောက၌ တစ်ရံမလပ်၊ အချိန်အခါမရွေး မိနစ်စက္ကန့်တိုင်းတွင် ရှိနေ၏။

လောက၌ ဇာတိဖြစ်ခြင်း၊ ဇရာအိုခြင်း၊ မရဏသေခြင်းတို့ ရှိနေသောကြောင့် ဘုရားရှင်တို့သည် ပွင့်တော်မူလာခြင်းဖြစ်၏။ လောက၌ ဇာတိ၊ ဇရာ၊ မရဏတို့မရှိပါက အိုမှု၊ နာမှု၊ သေမှုတို့သည်လည်း ရှိမည်မဟုတ်။ အိုနာသေဘေးကင်းလျှင် ဤလောကသည် ပျော်ရွှင်ဖွယ်ရာအတိဖြစ်၏။ အိုနာသေဘေးမရှိပါက ဤလောကသည် ငြီးငွေ့ဖွယ်ရာမရှိ။ အိုနာသေဘေးမရှိပါက ဤလောကမှ လွတ်မြောက်ရန် ကြိုးပမ်းရေးကိစ္စသည်လည်း မလိုအပ်တော့။



သို့သော် လောက၌ ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊ အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲဟူသော ဆင်းရဲတရားတို့ ရှိနေသဖြင့် ထိုဆင်းရဲခြင်းတို့မှ ကယ်တင်ရန်၊ ဆင်းရဲခြင်းတို့မှ လွတ်မြောက်ရာလမ်းကို ပြဆိုရန် ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားတို့သည် ပွင့်တော်မူ၏။ လောကတွင် ဇာတိ ဇရာ မရဏတို့မရှိပါက မြတ်စွာဘုရားတို့ပင် ပွင့်တော်မူရန် မလို။ ဘုရားရှင်တို့သည် သတ္တဝါတို့အား ဇာတိ၊ ဇရာ၊ မရဏတို့ကို ပြ၍ ဇာတိ၊ ဇရာ၊ မရဏတို့ကင်းရာ ကုန်ရာ၊ ချုပ်ရာငြိမ်းရာသို့ ပြဆို ပို့ဆောင်ရန် ပွင့်တော်မူခြင်းဖြစ်၏။

လောက၌ ပဋိသန္ဓေနေခြင်း ဆင်းရဲ၊ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲတို့ကို ကြောက်ရွံ့သောစိတ် ရှိမှသာ သာသနာတော်သို့ သက်ဝင်နိုင်၏။ ထိုသို့မဟုတ်ပါက သာသနာတော်တွင် သက်ဝင်ယုံကြည်မှုမဖြစ်နိုင်။ ဗုဒ္ဓသာသနာတွင် အို နာ သေဘေးကို ကြောက်ရွံ့ထိန်လန့်ရန်လိုသည်။ ဇာတိ၊ ဇရာ၊ မရဏကို ကြောက်ရွံ့ပါမှ ထိုဇာတိ–ဖြစ်မှု၊ ဇရာ–အိုမှု၊ ဗျာဓိ– နာမှု၊ မရဏ–သေမှုတို့မှကင်းသော ဆင်းရဲခြင်းချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ (သစ္စိကရဏ) မျက်မှောက်ပြုနိုင်မည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဦးမာနိတသိရီက-

'ဇာတိဇရာ
မရဏာဟု
သုံးဖြာမီးကြီး
ထိန်ထိန်ညီးလျက်
လောင်ပြီးပူအိုက်
ရှိန်းရှိန်းမြိုက်သည့်
လောင်တိုက်သဖွယ်
လောကလယ်၌
စင်ကြယ်ရွှန်းပ
မြတ်ဗုဒ္ဓနှင့်
ဓမ္မသံဃာ
လွန်စွာမွေးကြူ
ကြာသုံးဆူတို့
ထွက်ပြူဝင့်စွာ
ပေါ်ထွန်းလာသည်
သုံးဖြာထိုမီး အကြောင်းရင်း' ဟု ဆုံးမတော်မူ၏။

ဗုဒ္ဓသာသနာတွင် ဇာတိ၊ ဇရာ၊ မရဏာကို ကြောက်ရွံ့ရမည် ဖြစ်၏။ ကြောက်ရွံ့ပါမှ ထိုဇာတိ၊ ဇရာ၊ မရဏာတို့ကင်းရာ ကုန်ရာသို့



မျက်မှောက်ပြုလိုစိတ် ပေါ်ပေါက်မည်ဖြစ်၏။ ထိုသို့သောစိတ် ပေါ်ပေါက်ပါမှ သမ္မာဒိဋ္ဌိမည်၏။ ယခင်က ဗုဒ္ဓဘာသာဝင်တို့ကို သမ္မာဒိဋ္ဌိလူမျိုးဟု ခေါ်၏။ နောင်အခါကျမှသာ ဗုဒ္ဓသာသနာဟု ခေါ်ဆိုကြသည်ဟု အမှတ်အသားများရှိ၏။ သမ္မာဒိဋ္ဌိရရန် ဇာတိ၊ ဇရာ၊ မရဏာတို့ကို ကြောက်ရမည်။ ကြောက်ဖို့ရန် ဇာတိ၊ ဇရာ၊ မရဏာတို့ကို မြင်ရမည်။ ဇာတိ၊ ဇရာ၊ မရဏာတို့ကိုမြင်ပါမှ ဇာတိ–ဖြစ်လာရခြင်းသည် လည်းကောင်း၊ ဇရာ– အိုနာလာရခြင်းသည် လည်းကောင်း၊ မရဏာ သေရခြင်းသည်လည်းကောင်း ကြောက်မက်ဖွယ်ရာဖြစ်၏။

ဇာတိဟူ၍ ဖြစ်ရသည့်အချိန်မှစ၍ တစ်နည်း ခန္ဓာဖြစ်တည်မှု အစတွင်ပင် ထိုဖြစ်တည်လာသောခန္ဓာ၌ အိုမင်းမစွမ်းရှိစေမည့် စက်ယန္တရားသည် တပ်ဆင်လျက် အပြီးပါလာ၏။ ဤဇရာစက်ကြီးကား အသက်ရှင်နေသမျှ တစ်နေ့တစ်ရက်၊ တစ်နာရီ၊ တစ်မိနစ်မျှ နားသည်ဟူ၍မရှိ။ ဇရာတရားသည် လူ့လောကတွင် ကားများ၊ စက်များကဲ့သို့ ခါတ်ဆီမရ၊ အင်ဂျင်ဝိုင်မရ၊ စက်ပစ္စည်းအပိုမရှိ၍ဟူသော အကြောင်းပြချက် တစ်စုံတစ်ရာမရှိ။ တစ်ဆက်တည်း ခုတ်မောင်း၍နေ၏။ ဤအိုမင်းစေမည့် ယန္တရားစက်သည် ပျက်သည်လည်းမရှိ။ ရပ်နားသည်လည်းမရှိ။ မရပ်မနား မောင်းနှင်နေ၏။ ခန္ဓာသည် ထိုဇရာစက်ယန္တရားကြောင့် နေ့တိုင်းအိုနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာတွင်ရှိသော နှပ်ျိုမှု၊ လှုပမှု၊ သန်မာမှုအားလုံးကို ဇရာတရားက အမြဲဝါးမျိုလေ့ရှိ၏။ ဇရာတရားဝါးမျိုထား၍ အလူးအလဲဖြစ်နေသူများကိုကား ဟိုနေရာ၊ သည်နေရာ၊ နေရာတိုင်းတွင်တွေ့နိုင်သည်။ ဤလူအိုရုံတွင်ကား ဇရာ၏လက်ရာများကို ဝင်းနှင့်အပြည့်၊ ခြံနှင့်အပြည့်တွေ့ရ၏။ သတ္တဝါအားလုံးသည် မွေးဖွားသည်နှင့်တစ်ပြိုင်နက် အိုရပ်ဆီသို့ တလှုပ်လှုပ်နှင့် မရပ်မနား သွားနေရ၏။ အိုခြင်းတရားကို ဘုရားရှင်သော်မှ ရှောင်ကွင်း၍မရ။

ဇရာတရားသည် ခန္ဓာကိုယ်တွင် သူ့အိမ် သူ့ရာအဖြစ် ဝင်ရောက်နေထိုင်စေကာမူ သူသည် ခန္ဓာအတွက် ကောင်းကျိုးတစ်စက်ကိုမှ ဆောင်ရွက်သည်မဟုတ်။ ဤခန္ဓာကြီး အိုမင်းရင့်ရော်စေရန် အမြဲစီမံကြိုးကုတ် အားထုတ်နေသူသာဖြစ်၏။

ခန္ဓာကလည်း မိမိ၏အကျိုးကို တစ်စက်မျှမကြည့်။ မိမိကို ဒုက္ခအမြဲပေးနေသော ဇရာတရား၏အလိုကျ အမြဲဆောင်ရွက်နေ၏။ ခန္ဓာသည် ရုပ်သေးရုပ်ပမာ ဇရာက ကြိုးဆွဲသည့်အတိုင်း က၏။ ဇရာတရား၏အစီအမံအတိုင်း လိုက်နာသည်။ ဇရာ၏အမိန့်ကို စိုးစဉ်းမျှ ဆန့်ကျင်မှုမပြု၊ ခန္ဓာသည် ဇရာတရားကို သစ္စာခံ၏။ ထို့ပြင် ခန္ဓာသည် မရဏတရား၏ အလိုအတိုင်း သေဆိုသေ၊ ရှင်ဆိုရှင်နေ၏။ ဗျာဓိ၏အလိုကျ နာဦးဟုဆိုက နာပြ၏။ ဇရာ၊ ဗျာဓိ၊ မရဏတရားတို့က မင်းခု ကြိုးစင်ပေါ်တက်ဟုဆိုပါက ခန္ဓာသည် မဆိုင်းမတွ ကြိုးစင်သို့



တက်၏။ မင်းဟာမင်း သတ်သေဟု ယင်းတို့သုံးဦးက အမိန့်ပေးလျှင်လည်း ခန္ဓာသည် ကိုယ့်ဟာကိုယ်သတ်၍ သေ၏။

သို့သော် ကျွန်တော်တို့သည် မိမိအပေါ် လုံးဝသစ္စာမရှိသော ဤခန္ဓာကို အမြဲတမ်းကျွေးမွေးနေရ၏။ ခန္ဓာအလိုကျ ကျွန်တော်တို့ဆောင်ရွက်နေရ၏။ မိမိအပေါ် လုံးဝသစ္စာမဲ့သော ဤခန္ဓာကြီး လှအောင်၊ ပအောင် ကျွန်တော်တို့နေ့စဉ်နှင့်အမျှ ကြိုးစားကြရ၏။ ဤခန္ဓာအလိုကျ မာန်မာန၊ ဒေါသ၊ လောဘ၊ မောဟတရားတို့ ရစ်ပတ်လျက် ခန္ဓာဝန်ကို ဆောင်ရွက်ပေးရ၏။

ဇရာတရားသည် မကောင်း၊ ထိုမကောင်းသောဇရာတရားကို ဟန့်တားလိုပါက ဤဇရာတရား မှီခိုနေထိုင်ခဲ့ရာ ဤခန္ဓာကို ဖြတ်မှ ဇရာတရားသည် ပြတ်မည်ဖြစ်၏။ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့မှကင်း၍ ခန္ဓာအသစ် ပြန်လည်ဖြစ်တည်ခြင်းမရှိသော နေရာသည်ရှိ၏။ ထိုနေရာ အိုရ၊ နာရ၊ သေရသော ဒုက္ခအပေါင်းမှ ကင်းလွတ်ရာ (နိဗ္ဗာန်)သို့ သွားရောက်ရန်လမ်းကို မြတ်စွာဘုရားက လမ်းညွှန် ပြသခဲ့ပြီး ဖြစ်သည်ဟု ကိုဇဝနက ဆို၏။

မြတ်စွာဘုရားသည် သူအို၊ သူနာ၊ သူသေနှင့် ရဟန်းတည်းဟူသော နိမိတ်ကြီးလေးပါးကိုတွေ့ကာ နိက္ခမစော၍ တောထွက်တော်မူပြီး ဒုက္ကရစရိယာကျင့်ကြံ၍ တရားထူးတရားမြတ်ကို ရှာဖွေခဲ့ရာ အိုခြင်း၊ နာခြင်း သေခြင်းတို့မှကင်းရာ၊ ကုန်ရာ ချုပ်ရာ ငြိမ်းရာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သော နိဗ္ဗာန်ကို တွေ့၏။ နိဗ္ဗာန်ဟူသော ထိုအရပ်သို့ သွားရာလမ်းကိုလည်း ဘုရားရှင်သည် ညွှန်ပြ၏။

လူအားလုံး၊ သတ္တဝါအားလုံးတို့သည် အိုကြ၊ နာကြ၊ သေကြရသည်။ အိုနာသေဘေးမှ လွတ်ရာကင်းရာ ကုန်ရာအရပ်ကို ဗုဒ္ဓမြတ်စွာဘုရားကသာ ညွှန်ပြခဲ့သောကြောင့် လူ့အဖြစ် လူ့ဘဝတွင် ဗုဒ္ဓဘာသာဝင် ဖြစ်ရခြင်းသည် မြတ်၏။ ရှေးကံကြောင့် လူ့ဘဝ ရလာရခြင်း အတူတူ ဗုဒ္ဓဘာသာအဖြစ် ခံယူနိုင်ခွင့် ရှိလာခြင်းသည် မြတ်၏။ ဗုဒ္ဓဘာသာဖြစ်ရချိန်တွင် ဗုဒ္ဓ၏အဆုံးအမကို ခံယူ၍ ဉာဏ်ခန္ဓာကို ပြတ်အောင် ဆောင်ရွက်သင့်၏။ ဉာဏ်ခန္ဓာပြတ်အောင် ဆောင်ရွက်ရေးသည် အိုလာမှ၊ နာလာမှ၊ သေခါနီးမှ ဆောင်ရွက်၍မရ။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီးက သတ္တဝါတို့သည် သေခြင်းတရားနှင့် အချိန်းအချက်ပြုလုပ်ထားသည်မရှိ။ သေခြင်းတရားနှင့် ဘယ်နေ့ ဘယ်အချိန်တွင် သေပါမည်ဟု စာချုပ်စာတမ်းလည်းမရှိ။ သေခြင်းတရားအား မသေပါရစေနှင့်ဦးဟု လာဘ်ထိုးထားမှုလည်းမရှိ။ ထို့ကြောင့် အချိန်းအချက်မရှိ၊ စာချုပ် စာတမ်းမရှိ၊ လာဘ်လာဘပေးကမ်းထားခြင်းမရှိသော သေမင်းနှင့် ဖြစ်ကြရသော ကိစ္စများတွင် အဘယ်မှာလျှင် သေချာမှုရှိမည်နည်း။ မသေချာသော



ယင်းကိစ္စအတွက် သေခြင်းတရားရောက်မလာခင် လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုးများကို ကြိုတင် ဆောင်ရွက်ထားလော့ဟု ရုပ်မြင်သံကြားမှနေ၍ နိုင်ငံတော်ကို ဆိုဆုံးမခဲ့ဖူးပါ၏။

သိကြားမင်းကလည်း ဥဒယဘဒ္ဒမင်းသမီးအား "မင်းသမီး၊ ဇရာတရား၏ လုယက်ဖျက်ဆီးမှုကိုခံရသဖြင့် အိုမင်းရင့်ရော်မှုသည် ရောက်ရှိလာပါက သင်သည် ဥစ္စာကိုရှာလိုသော်လည်း ဥစ္စာကိုမရှာနိုင်၊ အကျိုးတရားရှိသော ကိစ္စကို လုပ်ဆောင်လိုသော်လည်း လုပ်ဆောင်၍ မရသောဘဝသို့ ရောက်ရှိမည်ဖြစ်၍ ဇရာတရား၏ဝင့်ကြွားမှုများ ရောက်မလာသေးမီ သင်သည် ကောင်းမွန်သောအလုပ်ကို လုပ်လော့" ဟု ဆိုဆုံးမခဲ့၏။

သို့သော် မြောက်မြားစွာသောသူတို့သည် ရခဲသောလူ့ဘဝတွင် မအိုမီ၊ မနာမီ၊ မသေသေးမီကာလများ၌ ဉာဏ်ခန္ဓာကို ခင်တွယ်မက်မောကာ ဉာဏ်ခန္ဓာကိုမှီ၍ လောဘ၊ ဒေါသ၊ မောဟ အသွယ်သွယ်ဖြင့် မကောင်းမှု အရပ်ရပ်ကို ပြုလုပ်နေကြ၏။ အိုတော့မှ၊ နာတော့မှ၊ သေခါနီးအချိန်ရောက်တော့မှ သတိတရား သံဝေဂများရရှိကာ ဘုရားကယ်မပါ၊ တရားကယ်မပါ၊ သံဃာကယ်မပါဟူ၍ အော်ဟစ် တောင်းခံပါသော်လည်း ဘယ်သူမှမကယ်နိုင်။ ဘယ်သူမှမတတ်နိုင်။ ထို့ကြောင့် မအိုမီ၊ မနာမီ၊ မသေမီ ကာလများတွင် ကောင်းရာကောင်းကြောင်းများကို လုပ်ဆောင်ရန်လိုအပ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရှေးဘဝက ကုသိုလ်ကောင်းမှုရှိသူတို့သည် ဓရာတရားကို ဖက်ပြိုင်နိုင်၏။ အိုဇာတာကောင်းသည်ဟု ဆိုသောသူများသည် အိုပင်အိုကြသော်လည်း ဝေဒနာနည်း၏။ ဘူတာရုံဆင်ဝင်အောက်၌ တွေ့ခဲ့ရသော အဘွား၊ ဉာဏ်မင်းကွန်းတွင် တွေ့ခဲ့ရသော အဘွားသောင်းနှင့် ကြီးကြီးမြတို့သည် အိုဇာတာအထိုက်အလျောက် ကောင်းသူများဖြစ်ကြ၏။ သူတို့သည် အိုပင်အိုကြသော်လည်း မနာကြ။ ရောဂါဝေဒနာကင်းရှင်းကြလျက် အသက်ရှည်ကြ၏။

ရှေးဘဝက မိမိ၏ကံတရားသည် မည်သို့ရှိသည်မသိ။ မသိလျှင် နေပါစေ။ ရှေးဘဝက ကံကောင်းလျှင် ယခုဘဝတွင်လည်း ဓရာတရားကို အန်တုနိုင်၏။ ရှေးဘဝကုသိုလ်ကံတရား နည်းပါးပါက မောင်သိန်း၏ဖခင်ကြီးကဲ့သို့ သေချင်လောက်အောင်ဖြစ်၍ သေသင့်သေထိုက်ပါသော်လည်း မသေနိုင်ဘဲ ဝေဒနာခံစားနေရ၏။ ကြောက်မက်ဖွယ်ရာ ကောင်းလှပါ၏။ ထို့ကြောင့် ရှေးဘဝတွင်လည်းကောင်း၊ ယခုဘဝတွင် လည်းကောင်း မဟုတ်တာ မမှန်တာ မလုပ်ဟုဆိုပါက ယခုဘဝတွင်လည်း ချမ်းသာမှုရှိ၍ ခန္ဓာမပြတ်စဲသေးသမျှ ဖြစ်ရသော နောင်တမလွန်ဘဝများတွင်လည်း ကုသိုလ်ကံအကျိုးပေးမှုကို ခံစားရမည်ဖြစ်၏။

ရှေးဘဝကုသိုလ်ကံ အကျိုးပေးကလည်း မကောင်း၊ ယခုဘဝတွင်လည်း ကောင်းမှုကို မပြုလုပ်ဘဲ မကောင်းမှုတို့၌သာလျှင် ပျော်ပိုက်



မွေ့လျော်လျက် လုပ်ဆောင်နေပါက ကာလဝိပါက် နောက်ပိုးတက်ဆိုသကဲ့သို့ ဤဘဝတွင်ပင် မကောင်းသောအကျိုးပေးတို့ကို ရရှိနေကာ နောင်တလွန်ဘဝတွင်လည်း မကောင်းသောအကျိုးပေးများကို ဆက်ကာဆက်ကာ ခံစားနေရမည်ဖြစ်ပါ၏။

ထို့ကြောင့် မအိုမီ၊ မနာမီ၊ မသေမီ မကောင်းမှုများကို မပြုလုပ်မိကြဘဲ ကောင်းမှုများကိုသာပြုလုပ်၍ ကောင်းကျိုးကိုယ်၌ တည်စေသင့်၏။ ဘိုးလှမြင့်က လူ့ဘဝ လူ့အဖြစ်တွင် လူ့တာဝန်ကျေပွန်ရမည်ဟု ဆို၏။

လူ့ဘဝတာဝန်ဆိုရာတွင် မိမိ၏မိဘဆွေမျိုးတို့၏ တာဝန်၊ မိမိရပ်ရွာဇာတိ၏တာဝန်၊ မိမိနိုင်ငံ၏တာဝန်၊ မိမိအမျိုးဘာသာသာသနာ၏ တာဝန်များကို ဆိုလို၍ ထိုတာဝန်တို့ကို ကျေပွန်ရမည်ဟု ဆိုသည်။ ထိုမျှသာမက လူ့ဘဝအတွက် မိမိကြောင့် သူတစ်ပါး ဒုက္ခမရောက်စေသင့်ဟု ဆို၏။

လူ့ဘဝတွင် မိဘဆွေမျိုးတာဝန်၊ နိုင်ငံတာဝန်တို့ကို ကျေပွန်နိုင်ရန် မိမိကိုယ်မိမိ ရှေးဦးစွာ ပျိုးထောင်ဖို့လိုအပ်၏။ မိမိ၏ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့ ပြည့်စုံမှသာ ရပ်ရွာအကျိုး၊ ပတ်ဝန်းကျင်အကျိုး နိုင်ငံအကျိုးတို့ကို သယ်ပိုးနိုင်မည် ဖြစ်သည်။ သို့မဟုတ်ပါက မိမိသည်ပင် တိုင်းပြည်နိုင်ငံ၊ မိဘဆွေမျိုးတို့အတွက် ဝန်ထုပ်ဝန်ပိုးကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေနိုင်ပါ၏။ ထို့ကြောင့် နိုင်ငံအကျိုး၊ မိဘဆွေမျိုးဉာတိတို့၏ အကျိုးကို သယ်ပိုးလိုပါက မိမိကိုယ်မိမိ ရှေးဦးစွာ ပျိုးထောင်ရန် လိုအပ်ပါ၏။

မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိသာသနာ၊ မိမိရပ်ရွာ၊ မိမိဆွေမျိုးဉာတိတို့၏ ကျေးဇူးကို တုံ့ပြန်လိုပါက မိမိကိုယ်တိုင် ပျင်းရိ၍ မနေရန် လိုအပ်၏။ အချိန်ဖြုန်းမနေရန် လိုအပ်၏။ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ရောက်မလာမီ ကြိုးစားအားထုတ် အလုပ်လုပ်ကြရမည် ဖြစ်၏။ အိုနာသေဘေးသည် မင်းကွန်းဆရာတော်ကြီး ဆုံးမသကဲ့သို့ မိမိထံ မည်သည့်အချိန်ရောက်လာမည်ကို မသိ။ ထို့ကြောင့် မအိုမီ၊ မနာမီ၊ မသေမီ အချိန်ကိုဟန့်ဖိုးရှိစွာ အားထုတ်ကြရမည် ဖြစ်၏။ မိမိနှင့် မိမိပတ်ဝန်းကျင် သာယာရေး၊ အေးချမ်းရေး၊ ခိုက်ရန်မဖြစ်ပွားရေးတို့ကို ဆောင်ရွက်ကြရမည် ဖြစ်ပါ၏။

မိမိရရှိသောအချိန်ကို နှစ်ဆတိုး၍ အလုပ်လုပ်ခြင်းဖြင့် ဇရာတရား ရောက်လာချိန်တွင် မိမိသည် အလုပ်နှစ်ဆပြီးနေ၍ ဇရာတရားကို အေးဆေးစွာ ရင်ဆိုင်နိုင်မည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အသက် ၃၂– နှစ်တွင် ကွယ်လွန်ခဲ့၍ သူသည် အနှစ် ၁၀၀– မျှသော အလုပ်ကို လုပ်ခဲ့သဖြင့် အနှစ် ၁၀၀၀– ကြာသော်လည်း ဗိုလ်ချုပ်သည် သေလိမ့်မည် မဟုတ်။ ဘဝတာဝန်များကို ငယ်စဉ်က မကျေပွန်ခဲ့ဘဲ အိုနာသေဘေး ရောက်လာမှ နောင်တရလျှင်ကား ထိုနောင်တသည် အချည်းနှီးသော နောင်တသာလျှင် ဖြစ်နိုင်၏။



တစ်နှစ်ပတ်လုံး စာကျက်မလာသော ကျောင်းသားသည် စာမေးပွဲခန်းဝသို့ ရောက်လာမှ အခန်းထဲသို့ မဝင်ရဲသကဲ့သို့ သေခြင်းတရားနှင့်တွေ့မှ၊ ဇရာတရားနှင့်တွေ့မှ သေမှာကိုကြောက်နေလျှင် အချည်းနှီးသာဖြစ်၏။ နိုင်ငံတာဝန်၊ တိုင်းပြည်တာဝန်ဆိုသည်ကို ထားဦး၊ လူဖြစ်လာမှတော့ မိမိ၏ မိသားစုတာဝန်ကိုကား လူတိုင်း ကျေပွန်ရမည်ဖြစ်၏။ ဘိုးချိုသည့်သူ့ဘဝတွင် အလုပ်နှင့်လက်မပြတ်အောင် ဆောင်ရွက်ခဲ့၏။ ဦးဝင်းအောင်သည် မိမိဘဝတာဝန်အဖြစ် အထက်ဗန်းမော်၊ ကသာမှ ဝါးများကို ဖောင်ဖွဲ့၍ မန္တလေး၊ စစ်ကိုင်းမှ ပုဂ္ဂိုလ်များ ဝါးများကို သုံးစွဲရအောင် သယ်ယူပေး၏။ ဦးဝင်းအောင်ကဲ့သို့သော ပုဂ္ဂိုလ်များကြောင့် ကျွန်တော်တို့ငယ်ငယ်က ဝါးပေတံလှလှလေးများကို သုံးကြရ၏။ ဝါးသမားတို့က ဝါးမခုတ်လျှင် ဝါးထရံမည်သို့ ရက်မည်နည်း။ ဝါးထရံမရသော် အိမ်ထရံမည်သို့ ရမည်နည်း။ အိမ်ထရံမရပါက နေစရာအိမ်အတွက် များစွာသော ကျေးလက်ပြည်သူတို့ ဒုက္ခများစွာနှင့် ရင်ဆိုင်ကြရမည်ဖြစ်၏။ ပြည်သူအများ၏ ဒုက္ခကို ဦးဝင်းအောင်တို့ ကဲ့သို့သော ဖောင်သမားများက ဖြေရှင်း၍ ပေး၏။

ကြီးကြီးမြသည် အိုဇာတာကောင်းပါသည်။ အသက်၉၀–တိုင် ဆံပင်တစ်ပင်မှ မဖြူသေးဟု ဆိုသော်လည်း ကြီးကြီးမြသည် သူ့ဘဝ၌ ချစ်သောသူနှင့် ကွေကွင်းရသော ဒုက္ခကို ခံစားရ၏။

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝတွင် ကွေကွင်းမှုဟူ၍လည်းရှိရာ မိသားစုအချင်းချင်း၊ မိဘ၊ လေယာဉ်ပျံ၊ သင်္ဘောပေါ်တွင် ခဏတွေ့ရသော ခရီးသွားဖော် အချင်းချင်း မကြာမီ ကွေကွင်းကြရမည်ဖြစ်ရာ တွေ့ဆုံရသောခဏတွင် အဘယ်ကြောင့် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် မနေနိုင်ကြပါ သနည်း။ တွေ့ကြုံရသောခဏတွင် အဘယ်ကြောင့် မုန်းတီးမှု၊ မနာလိုမှု၊ ဝန်တိုမှု၊ ပြိုင်ဆိုင်လိုမှု၊ နိုင်ထက်စီးနင်း ပြုလုပ်လိုမှု၊ ဘက်လိုက်လိုမှု၊ မတရားဆောင်ရွက်လိုမှုများ ပွားများနေရပါသနည်း။

ရေမွှေးကြိုက်တတ်၍ ပိုးပန်းသူ မိန်းကလေးများ ဝိုင်းဝိုင်း လည်နေခဲ့သော ဓာတ်မင်းသားကြီးတစ်ဦး မန်ကျည်းပင်အောင်၌ ဇရာ၏ အလုအထောင်းခံနေရချိန်တွင် ရုပ်ရှင်မင်းသားတစ်ဦးက ဂျင်းဘောင်းဘီ၊ ဂျင်းအကျီမျိုးများကို မချွတ်တမ်းဝတ်ကာ ငါမင်းသား ဟူသော မာန်မာနဖြင့် ဟိုတယ်အပေါ်ထပ်မှ ဆင်းလာခဲ့၏။

လူ့ဘဝတွင် အလုပ်သည် အရေးကြီးဆုံးဖြစ်၏။ လူတိုင်း အိုခြင်းတရားရောက်မလာမီ အလုပ်လုပ်ကြရမည်ဖြစ်၏။ အိုခြင်း တရား ရောက်လာလျှင်တော့ ဘာကိုမျှ လုပ်ကိုင်ဆောင်ရွက်နိုင်တော့ မည်မဟုတ်။

## အချိန်ရှိခိုက် လုံ့လစိုက်

ကျွန်တော်တို့သည် ထိုနေ့ညက ဦးခင်အောင်၏ အစီအစဉ် ဖြင့် မင်းကွန်းဗုဒ္ဓဘာသာ လူအိုရုံ၏ ဘိုးဘွားစာဆိုတော်နေ့ ဗွီဒီယိုတိပ် ခွေကို ကြည့်ကြရ၏။

တိပ်ခွေတွင် ပထမဆုံးထွက်ရပ်လမ်းဓာတ်ကို အဘိုးတို့ အဘွားတို့က ကပြကြ၏။ ထိုဓာတ်တွင် အဘိုးတစ်ဦးက ချိုင်းထောက် နှင့် သီချင်းထွက်ဆိုပြသည်။ ဘွားမြ ရင်က သီရိမ္ဘာအာသောကရာဇာ ဟူသောသီချင်းကို ဆိုပြသည်။ ဘိုးထွန်းမောင်က ရာဇဝင်အူပေါက် သီချင်း၊ ဘိုးလှစိန်က သီချင်းကို အင်္ဂလိပ်လိုရော မြန်မာလိုပါ ဆိုပါ၏။ အဘိုးအဘွားတို့ သီချင်းဆိုရာတွင် လေကိုမထိန်းနိုင်။ သွားကြိုးထဲက လေတွေကထွက်၊ သွားတွေကမရှိ၊ လျှာကိုအမြန်မလိပ်နိုင်၊ မယူနိုင်

www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဗွီဒီယိုကြည့်ဝရုံသို့ထဲ့ရာ အဘွားတို့ အဘိုးတို့ သီချင်းဆိုပုံကိုကြည့်၍ ရယ်ကြသည်။ ဗွီဒီယိုကြည့် ပရိသတ်အတွက် ရယ်ရသော်လည်း ဘိုးတို့ဘွားတို့ကမူ အတတ်နိုင်ဆုံး ကြိုးစား၍ ဆိုကြကြခြင်းဖြစ်၏။ ထိုသို့ ကြိုးစား၍ဆိုရာမှ တစ်ခါတစ်ရံ စာသားမေ့နေ၍ ရပ်ကာ စာသားကို ပြန်စဉ်းစားနေရသည်များလည်း ရှိ၏။

သီချင်းများဆိုပြီးတော့ မိဘပေးစားသူကို အရုပ်ဆိုး၍မယူ၊ သူကြိုက်သူကို ခိုးယူရန် လူဆိုးတွေနှင့် တိုင်ပင်သောဇာတ်လမ်းလေး တစ်ခုကို အဘိုးအဘွားတို့က သရုပ်ဆောင်ပြရာ အသက် ၇၀– ကျော်၊ ၈၀– အဘိုးအဘွားတို့က ကလေးစကား ပြောဆိုကြသည့်အတွက် ရယ်ကြရပြန်၏။

ထိုအထဲတွင် ဘိုးစိန်က ဘောင်းဘီဝတ်၍ သိုးမွေးအင်္ကျီလက်ရှည်ကြီးကိုဝတ်ကာ ကက်ဦးထုပ်နှင့် ထွက်လာပြီး အင်္ဂလိပ်လိုပြော၏။ နောက်တော့ အင်္ဂလိပ်သီချင်းများ၊ ကုလားသီချင်းများကို ဆိုပြ၏။ ဘိုးစိန်သည် အင်္ဂလိပ်လက်ထက်မှ အရာရှိကြီးတစ်ဦးဖြစ်၍ မြန်မာစကား၊ မြန်မာစာထက် အင်္ဂလိပ်စာကို ပိုတတ်ဟန်ရှိ၏။ မြန်မာလိုလည်း သိပ်ပြောတတ်ဟန်မတူပါ။ သူ့ဘဝတစ်ခုလုံးတွင် အင်္ဂလိပ်ကြီးများ၊ လုပ်ဖော်ကိုင်ဖက် အိန္ဒိယအမျိုးသားများနှင့်သာ နေခဲ့ရဟန်တူ၏။

အဘွားတစ်ဦးကတော့ ဘဝသံသရာသီချင်းကို ဆိုပြ၏။ အဘွားက "ပျော်လိုက်ရှင်လိုက်၊ ဘယ်ဟာမတည်မြဲ အကြောင်းမှန်



ကမ္ဘသကာ၊ တွေ့ဆုံကြုံကွဲ၊ ခရီးလဲ တသွားတည်း သွားကြတာ၊ ၃၁– ဘုံ မလွတ်ကင်းသမျှ တေးဘုံပမာ အဲဒါ ... အဲဒါ ဘဝသံသရာ" ဟုဆိုပါသည်။ အဘွားက ဘဝသံသရာသီချင်းကို သူမှတ်မိသလို ဆိုသွား၏။ အဘွားတစ်ဦးကတော့ သိုးမွေးတဘက်ကလေးကို ခြုံ၍ 'တေးဘုမ္မာ' သီချင်းကို ဆိုသည်။ အဘွားတစ်ဦးက ရွှေယုန်နဲ့ရွှေကျားသက်ကယ်ရိတ်သွားကြသည့်ပုံကို ပြောပြ၍ အခြားအဘွားတစ်ဦးက ကမ္ဘာမကြေဆိုပြ၏။ အဘိုးတစ်ဦးက သူငယ်ချင်းတစ်စုနှင့် အရက်မူးဟန်ဆောင်ပြ၍ အဘွားက အိမ်မှလိုက်လာသည့်အခန်းတွင် သရုပ်ဆောင်မှုအသက်ပါ၍ ပရိသတ်ရယ်ကြရပြန်သည်။

ဗွီဒီယိုတိပ်ခွေဆုံးတော့ ကျွန်တော်သည် ရေနွေးကြမ်းတစ်ခွက်သောက်ကာ လူအိုရုံဝင်းအတွင်းသို့ ဆင်းလာခဲ့၏။ ဦးမင်းအောင်လည်း ခရီးပန်းလာ၍ အိမ်မောကျနေပြီဖြစ်၏။ ည ၇– နာရီခွဲခန့် ရှိနေပြီဖြစ်သည်။ အဘိုးအဘွားတို့၏ ဗွီဒီယိုတိပ်ခွေသည် သူတို့မည်မျှအိုနေကြပြီဆိုသည်ကို သက်သေအထောက်အထားနှင့် မှတ်တမ်းတင်ထားသောအခွေသာဖြစ်၏။ ဇရာလက်ချက်အတွက် ခိုင်မာသည့်သက်သေလည်းဖြစ်၏။ အကယ်၍ ဇရာတရားကို ရုံတော်တွင် တရားဖွဲ့ဆို၍ရပါက ဤတိပ်ခွေကို တင်ပြရုံဖြင့် ဇရာတရားကို ချက်ချင်းကြိုးမိန့်ပေးရန် ပင်သင့်တော်၏။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအဘွားတို့ကို မိတ်ကပ်တွေ၊ မျက်နှာချေတွေနှင့် ဘယ်လိုပင် ခြယ်သပေးထားသော်လည်း အိုရုပ်ကို မည်သို့မျှ ဖုံးနိုင်ဖိနိုင်ခြင်းမရှိ။ မိတ်ကပ်များ၊ မျက်နှာချေများ၊ အလှပြင်ပစ္စည်းများသည် ငယ်ရွယ်သူတို့ကို ပိုမိုလှပအောင် ဆွဲဆောင်နိုင်သော်လည်း ဤအဘိုးအဘွားတို့နှင့်တွေ့ရသောအခါ အလှပြင်ပစ္စည်းများအားလုံး ခေါင်းချင်းဆိုင်၍ ငိုကြရ၏။

ဇရာတရားကား ရေရှည်ဖုံး၍ ရသောအရာမဟုတ်။ ဖိ၍ရသောအရာမဟုတ်ချေတကား။

လပြည့်နေ့ညသည် မင်းကွန်းဝန်းကျင်၌ ပိုမို၍လှပနေ၏။ လှမြဲတိုင်းထက် ပိုလှနေဟန်တူသည်။ လရောင်သည် အုပ်ဆိုင်းနေသောသစ်ပင်များအားလုံးပေါ်တွင် သူ၏ဘော်ငွေရောင်များကို ဖျန်းပက်၍ထားပါ၏။ ဧရာဝတီမြစ်ပြင်တွင် လှိုင်းလေးများသည် ငုပ်တစ်လှည့်ပေါ်ငစ်ခါဖြင့် ဘော်ငွေရောင်အဖြူသားဦးထုပ်များကို ဆောင်းထားကြသည်။ သစ်တောရိပ်တို့ဆီမှ ငှက်သံမျိုးစုံကိုလည်း ကြားနေရသည်။ ခပ်လှမ်းလှမ်းတွင်ကား အဖော်ကွဲနေသည့် ပုစဉ်းရင်ကွဲတစ်ကောင်က အဆက်မပြတ် အော်နေ၏။

အဘိုးသုံးလေးယောက်သည် လရောင်အောက်တွင် စကြံလျှောက်ကာ ပုတီးစိပ်နေ၏။ အဘိုးအဘွားအချို့က ဇရာတရားကို ဆင်ခြင်သုံးသပ်၍ တရားမှတ်နေကြ၏။ ဤနေရာသည် အေးချမ်းသော



ဇရာနယ်မြေဖြစ်သည်။ ဧရာဝတီမြစ်ကမ်း မင်းကွန်းတစ်ခွင်တစ်ပြင်သည် လှချင်တိုင်းလှပနေ၏။ မင်းကွန်းနေ အဘိုးအဘွားတို့ကားလောဘ၊ ဒေါသ၊ မောဟတို့ လျော့ပါးကာ ဂုဏ်ပကာသန အဆောင်အယောင်တို့မှလည်း ကွာကျလျက်ရှိကြ၏။ အဘိုးအဘွားတို့သည်ထိုထက်အေးချမ်းရာ နိဗ္ဗာန်ကို ရည်ရော်မှန်းဆလျက်ရှိကြ၏။

ဧရာဝတီမြစ်ကြီးကား စီးဆင်းမြဲ စီးဆင်းနေပါသည်။

နေ့လယ်က တညီးညီး တထိန်ထိန် ထွန်းလင်းခဲ့သောနေမင်းကြီးသည် အခုတော့ ဘယ်သို့ရောက်သွားလေပြီ မသိ။ တစ်နေကုန်မာန်ဝင့်၍ အမြင့်မှ ဝါဝါထိန်လင်းခဲ့သော နေမင်းကို ယခုအခါ ဇရာတရားက တစ်နေရာတွင် ခေါ်ယူ၍ ထုထောင်းနေဟန်ရှိ၏။ ယခုတော့နေမင်းကွယ်ပျောက်၍ ညချမ်းသို့ ရောက်ရှိနေပြီဖြစ်၏။ ယခုအချိန်တွင် ကျွန်တော်တို့ မင်းကွန်း ဘိုးဘွားရိပ်သာသို့ စရောက်ခဲ့သော ညနေ ၄- နာရီအချိန်ကို ပြန်ခေါ်၍မရတော့။

ဘိုးစိန်က အင်္ဂလိပ်လို ထွက်ပြောရာတွင် တစ်ချိန်က သူသည် အထက်တန်းအရာရှိဘဝတွင် ရရှိခဲ့သော ဂုဏ်ထူးအရှိန်အဝါတို့အကြောင်းကို ပြောရင်း ထိုအရာများသည် တစ်ခဏသာဖြစ်၍ ထာဝရမဟုတ်ကြောင်းကို ထည့်ပြောသွား၏။ အဘိုးက 'Time And Tide Wait For No Man''အချိန်နှင့်ဒီရေသည် လူကိုမစောင့်'ဟုဆိုသည်

www.burmeseclassic.com

www.burmeseclassic.com



အချိန်သည် လူကိုမစောင့်ကြောင်း အဘိုးအဘွားတို့ကို ကြည့်တော့ ပို၍ပေါ်လွင်လှပါ၏။ အဘိုးအဘွားတို့သည် သူတို့၏ ငယ်ရွယ်ဂုဏ်များကို မည်သူ့စွန့်လွှတ်ချင်ကြပါမည်နည်း။ ယခုတော့ သူတို့ကို ဇရာက ဆွဲခေါ်ခဲ့ရာ ယခု အိုမင်းရင့်ရော်ရာမှ နုပျိုငယ်ရွယ်ရာဆီသို့ ပြန်သွား၍မရတော့။ မင်းကွန်းမှ ဘွားလှမေသည် လွန်ခဲ့သော ငါးနှစ်က သဲဖြူချောင်း ဘုရားဆွမ်းတော်တင်ပွဲကို တမ်းတ၍ ပြောသော်လည်း ယခုတော့ ဘွားလှမေသည် သဲဖြူချောင်းကို မဆိုထားဘိ မင်းကွန်း လူအိုရုံအတွင်း၌ပင် တစ်နေရာမှ တစ်နေရာသို့သွားရန် ခက်ခဲနေပြီ ဖြစ်၏။

'လသာတုန်း ဗိုင်းငင်'၊ 'မိုးမလွန်ခင်ထွန်ချ'၊ 'အချိန်ရှိခိုက် လုံ့လစိုက်'၊ 'နေပူတုန်း စပါးလှန်း'၊ 'သံခဲနီခိုက် တူထုလိုက်' ဆိုသော စကားများရှိ၏။

ဇရာတရားကို အန်တုနိုင်ရေးအတွက် အချိန်ကိုကောင်းစွာ အသုံးပြုရန် အရေးကြီးသည်။ အချိန်ကို ကောင်းစွာ အသုံးမပြုခဲ့လျှင် ဇရာ၏လက်တွင်းသို့ အကျဉ်းသားဘဝအဖြစ် သက်ဆင်းရချိန်တွင် အဖြစ်ဆိုးနှင့်ကြုံကြရမည် ဖြစ်၏။ ငိမိငယ်စဉ်ဘဝက ကောင်းစွာ ပညာမရှာ၊ ပညာမရှာ၍ စီးပွားမဖြစ်၊ စီးပွားမဖြစ်တော့ အိုနာသေဘေး ဟူသော မလွှဲမရှောင်သာသည့် ဒုက္ခများကိုသာမက လောကလူ့ဘဝတွင်



မရှိဆင်းရဲခြင်း ဟူသည့်စားရမဲ့၊ သောက်ရမဲ့၊ နေထိုင်ရာမဲ့ဘဝသို့ ရောက်ကာ ပို၍ ဆင်းရဲဒုက္ခနှင့်ကြုံရ၏။

ဆရာတော် ရှင်မဟာရဋ္ဌသာရက "ဖန်ကြိမ်များစွာ၊ အိုသော အခါ၊ မဟာဒုက္ခ၊ တွင်းဆုံးကျသည့်၊ နောင်တနှလုံး မငြိမ်းတည်း" ဟု ဆိုသည်။

လယ်တီဆရာတော်ကလည်း အချိန်နှင့်ပတ်သက်၍ "ခွင့်သာတုန်းမှ မရုန်းချင်လျှင် အရှုံးနှင့်ပြင် ရှိသေးလေလိမ့်လား" ဟု တေးထပ်ဖြင့် ဆုံးမခဲ့၏။

ဧရာဝတီမြစ်ရေသည် အဆက်မပြတ် စီးဆင်းနေ၏။ အခု စီးသောရေသည် ညနေဖောင်ပျက်စဉ်က စီးသောရေမဟုတ်တော့။ ဖောင်ပျက်စဉ်က ဤမင်းကွန်းဆိပ်ကမ်း၌ စီးနေသောရေသည် ယခု အချိန်ဆိုပါက စစ်ကိုင်းတံတားဟိုဘက်သို့ ရောက်ကောင်း ရောက်နေပြီ ဖြစ်၏။ အချိန်ကို ဆွဲထား၍မရ။ ဖမ်းထား၍မမိ။ အချိန်သည် အချိန်မှန် ရထားနှင့်တူ၏။ အချိန်မမိပါက ကျန်ရစ်ခဲ့မည်သာ ဖြစ်၏။

မင်းကွန်းသို့ရောက်မှ အဘိုးအဘွားတို့ကိုကြည့်ကာ အချိန်၏ တန်ဖိုးကို ကျွန်တော်ပို၍ သိလာခဲ့၏။ ကျွန်တော်တို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်၏။ ဤနိုင်ငံတိုးတက်ရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံ တစ်ခု ဖြစ်၏။ ဤနိုင်ငံတိုးတက်ရေးအတွက် ဤနိုင်ငံသားများကပင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဆောင်ကြရမည် ဖြစ်သည်။ အခြားဖွံ့ဖြိုးသော နိုင်ငံသူ နိုင်ငံသားတို့က တစ်ဆလုပ်လျှင် ကျွန်တော်တို့က ဆယ်ဆလုပ်ကြရမည် ဖြစ်၏။

သို့သော်လည်း ယခုတိုင် လူငယ်လူရွယ်များသာမက လူများစွာတို့သည် အချိန်ကို ဖြုန်းနေကြဆဲဖြစ်၏။ လက်ဖက်ရည်ဆိုင်များတွင် လူများစွာတို့သည် ထိုင်၍ အချိန်ဖြုန်းနေကြသည်။ ရန်ကုန်မြို့တွင်သာမက မြို့ကြီးတိုင်းတွင် လူစည်ကားသော လက်ဖက်ရည်ဆိုင်များ ရှိ၏။ ရန်ကုန်တစ်မြို့တည်းတွင် လက်ဖက်ရည်ဆိုင် တစ်ထောင်ခန့် ရှိမည်။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လူငယ်များသည် မနက်တွင် အယောက် ၂၀- ခန့်၊ ညနေတွင် အယောက် ၂၀- ခန့်၊ တစ်ယောက် နှစ်နာရီလောက်စီ ထိုင်ခဲ့ပါမူ ဆိုင်တစ်ထောင်တွင် တစ်နေ့လျှင် လူ၄၀- က အချိန်နှစ်နာရီ ဖြုန်းပါက ရန်ကုန် တစ်မြို့တည်း၌ပင် နာရီ ရှစ်သောင်း ဖြုန်းတီးရာကျပါ၏။ လက်ဖက်ရည်ဆိုင်တွင် သစ်လွင်ပျိုမျစ်သော လူငယ်တို့၏ အကြံဉာဏ်နှင့် ခွန်အားများသည် တစ်နေ့လျှင် ရန်ကုန် တစ်မြို့တည်း၌ နာရီရှစ်သောင်းမျှ ဆုံးရှုံးနေရ၏။ တစ်နိုင်ငံလုံးဆိုပါက မည်မျှ များပြားလေမည်နည်း။ ကျောင်းများ ပိတ်ထားချိန်တွင် ပို၍ဆိုးပါ၏။ ထိုသို့လူငယ်များ လက်ဖက်ရည်ဆိုင်တွင် ထိုင်၍ အချိန်ဖြုန်းနေသဖြင့် ထိုလူငယ်တို့ကိုချည်း အပြစ်မဖို့လိုပါ။ လူကြီးများကလည်း လူငယ်တို့အတွက် လုပ်ငန်းလုပ်ကွက်များကို ဖန်တီးပေးရမည် ဖြစ်ပါ၏။



ဤမျှများပြားသော လူငယ်များ လက်ဖက်ရည်ဆိုင်များတွင် စုဝေးထိုင်နေကြသည်ကို ဘယ်နိုင်ငံတွင်မှ ကျွန်တော်မတွေ့ဖူးပါ။ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဟောင်ကောင် စသည့်နိုင်ငံများတွင် ဤသို့သော လက်ဖက်ရည်ဆိုင်များကို လုံးဝမတွေ့ရ။ ဆာ၍လက်ဖက်ရည်သောက်လျှင် သောက်ပြီးခဏနား၍ ထိုနေရာမှ လိုရာခရီးသို့ ထွက်ကြသည်သာ ဖြစ်၏။

ကျွန်တော်တို့နိုင်ငံတွင် အချိန်ကို ထိုသို့ဖြုန်းရုံသာမက အချင်းချင်းမနာလို၊ ဝန်တိုမှု၊ ရန်လိုမှု၊ ရန်ဖြစ်မှုတို့ဖြင့် အမျိုးသားအင်အားများသည် ရုံးပြင်ကနားတို့၌ များစွာဆုံးရှုံးနေကြရသေး၏။ တစ်ဘက်နှင့်တစ်ဘက်၊ တစ်ဦးနှင့်တစ်ဦး မညီနိုင်းကြဘဲ ရန်လိုမှု၊ ရန်စောင်မှုများ၊ မတရားလုပ်ဆောင်မှုများတွင် အချိန်ကို များစွာ ဖြုန်းတီးပစ်နေကြ၏။

လွတ်လပ်ရေးရပြီးသည်မှာ အနှစ်၄၀- ကျော်ကြာခဲ့ပြီ ဖြစ်၏။ ထိုအချိန်တွင် သူများနိုင်ငံများ တိုးတက်ခဲ့ကြပြီဖြစ်၏။ ကျွန်တော်တို့နိုင်ငံသည် ထိုအနှစ် ၄၀- ကာလကို ပြန်လည်ဝယ်ယူ၍လည်း မရနိုင်တော့။ ရနိုင်သည့် တခုတည်းသောနည်းလမ်းမှာ ကျွန်တော်တို့တွင် ရှိသော အချိန်များကို သုံးဆလေးဆ ပို၍ နိုင်ငံ၏ မျက်နှာကို ထောက်၍ အလုပ်လုပ်ကြရန်သာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော်တို့သည် အလုပ်မစနိုင်ကြသေး။ ရန်လိုနေကြဆဲဖြစ်၏။

ယခုခေတ်အခါ ၂၀– ရာစုသည် အရှေ့၏ ရာစုနှစ်များဖြစ်၏။ ရှေးအခါက အနောက်သည် စီးပွားရေးရာအားလုံးကို ချုပ်ကိုင်ထားသော်လည်း ယခုအခါ ဂျပန်ဦးဆောင်၍ တောင်ကိုရီးယား၊ ဟောင်ကောင်၊ စင်ကာပူ၊ ထိုင်ဝမ် အစရှိသောနိုင်ငံများသည် စက်မှုနိုင်ငံဘဝကို ခံယူ၍ အနောက်၏စီးပွားရေးကို အန်တုနိုင်ခဲ့ကြ၏။

၂၀– ရာစုသည် အရှေ့၏ခေတ်ဖြစ်၏။ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများသည်လည်း စက်မှုနိုင်ငံဘဝကို မခံယူနိုင်လင့်ကစား သူတို့လည်းတိုးတက်နေကြ၏။

ယနေ့ပင်လျှင် ကိုယ့်နိုင်ငံမှထွက်၍ သွားပါက ကျုပ်မြန်မာဗျ'ဟုရင်ကော့၍ မပြောနိုင်တော့သောဘဝသို့ ရောက်နေရ၏။ ခင်ဗျားက ဘာလူမျိုးလဲဟုဆိုပါက ထိုင်းဟုပြောလိုပြော၊ အင်ဒိုနီးရှားဟု ဆိုလိုဆို၊ ဖိလိပိုင်ဟု အယောင်ဆောင်ရသည်က တစ်မျိုးနှင့် ဝမ်းနည်းဖွယ်ရာဖြစ်နေပါ၏။ ဤသည်မှာ ကျွန်တော်တို့တစ်တွေ ညီညွတ်မှုမရှိ၊



စည်းစည်းလုံးလုံးမရှိခဲ့ခြင်းနှင့် အချိန်ကို ကျွန်တော်တို့ ဂရုမစိုက်အလေးမထားခဲ့ခြင်းတို့သည် အကြောင်းရင်းကြီးများ ဖြစ်၏။

ဇရာတရားကို ရှုပါက အချိန်၏တန်ဖိုးကို သိနိုင်ပါ၏။ ဇရာတရားကို ရှုပါက ဒေါသကို ငြိမ်းစေ၊ ညီညွတ်မှုကိုရစေ၏။ ဇရာကို တွေးကြည့်လျှင် ရန်ကိုပယ်နိုင်၏။ ကျွန်တော်တို့သည် ဇရာတရားကို ရှုမြင်၍ တမလွန်နှင့် သံသရာအထိ မစဉ်းစားလင့်ကစား မျက်မှောက်ဘဝ၊ မျက်မှောက်ကာလအတွက်ပင် အလေးအနက်ထား စဉ်းစားသင့်ပါ၏။

ဇရာတရားရောက်မလာခင် သူတော်ကောင်းတို့သည် သူတော်ကောင်းတရားများကို ကျင့်ကြံကြဟူသော အဆုံးအမရှိပါ၏။ ထိုဆုံးမမှုသည် လောကုတ္တရာအတွက်သာမက လောကီမျက်မှောက် ကာလ၊ ဘဝ ဖွံ့ဖြိုးတိုးတက်အေးချမ်းသာယာရေးအတွက်ပါ အရေးကြီးသော အဆုံးအမဖြစ်၏။ ဇရာတရားက အထင်အရှား ပြမလာမီ နိုင်ငံအတွက်၊ မိမိ မိသားစုအတွက် ကောင်းသောအလုပ်၊ ကောင်းသောအကြံအစည်၊ တိုးတက်သောအလုပ်၊ တိုးတက်ရာတိုးတက်ကြောင်းများကို လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

ဇရာဝတီကမ်းခြေတွင် ဖောင်လုပ်သားကြီးများသည် ဖောင်သစ်ကို ဖွဲ့နေကြ၏။ တံငါသည်အချို့က ငါးရှာနေသည်။ ဒေါ်လုံမှ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းမှ မီးရောင်လေးသည် ပန်းပဲဖိုတစ်ခုမှ မီးရောင်ဖြစ်၍ လှည်းတစ်စီး လုပ်နေခြင်းဖြစ်သည်ဟု ဆိုသည်။ အဘိုးအဘွားတို့က တရားထိုင်နေကြသည်။ ဘုရားရှိခိုးသံများကို ကြားနေရ၏။ မင်းကွန်းအရပ်တွင် သီတင်းသုံးနေကြသောရဟန်း သံဃာတော်အများအပြားသည် သူတို့၏ ဘဝပြတ်ရေးအတွက် တရားမှတ်နေမည်မှာ သေချာပါ၏။ မင်းကွန်းသူ မင်းကွန်းသားတို့အတွက် ညသည် အိပ်စက်ရန်မဟုတ်။ အလုပ်လုပ်ကြရန်သာဖြစ်၏။

လမင်းကြီးသည် အလုပ်လုပ်သူတို့အတွက် ထိန်ထိန်သာလျက် ရှိ၏။ လရောင်အောက်၌ ခပ်လှမ်းလှမ်းမှ စေတီဖွေးဖွေးကို တွေ့နေရသည်။ လသာတုန်း ဗိုင်းငင်ကြရမည်ဖြစ်၏။ လရောင်၏ အလှကား အေးမြကြည်လင်လှ၏။

လမင်းဖွေးဖွေး၊ ဘော်ငွေသွေး၍
လျှံအေးကြည်မြ၊ ဤသည့်ည။
စေတီကွေးကွေး၊ မြတ်ရှင်ထွေးလည်း
ငြိမ်းအေးသာစွ၊ ဤသည်ည။

ဤလို ညမျိုးကားရှားမည်ထင်ရ၏။ မြစ်ကြီး၊ ကန်ကြီး၊ ဘုရားကြီး၊ စေတီကြီး၊ သစ်ကြီးဝါးကြီးတို့ဖြင့် လရောင်အောက်တွင် မင်းကွန်း၏ကြည်နူးသာယာပုံမှာ စာဖွဲ့၍ ကုန်ဖွယ်ရာမရှိ။



ကျွန်တော်သည် ဧရာဝတီမြစ်ကမ်းခြေမှ မင်းကွန်းရွာအဝင်လမ်းကို လှမ်းကြည့်၍ ကြည့်လိုက်မိပါ၏။

လရောင်ဆမ်း၍
ရွာလမ်းမြေမှာ၊ ဝင်းဝင်းဝါ၏။
အုန်းထန်းပေလက်၊ တမာရွက်တို့
ရွှေစက်ရွှေပြောက်၊ ရွှေရည်သောက်၏။

ကျွန်တော်သည် ဩကာသလောကကို ဤမျှသာယာအောင် ဖန်တီးနိုင်သော ဗိုင်းစက်ပြည့်ဝန်းနေသည့် လမင်းကြီးကိုကြည့်မိ၏။ လမင်းကြီးသည် ကောင်းကင်ဝယ် ဗိုင်းဗိုင်းစက်စက်ကြီးလှနေ၏။ ငယ်စဉ်ကတည်းက အဘွားပြထားသော ဆန်ထောင်းနေသည့် အဘိုးအိုနှင့် ဝပ်နေသော ယုန်သူငယ်တို့ကို လဝန်းထဲတွင်တွေ့ရ၏။ အဘိုးသည် ခါးပြင်က ကုန်းလျက် ကိုင်းလျက်ရှိသည့်တိုင် ဆန်ထောင်းနေဆဲ ရှိသေး၏။

ရွှေလမှာ ယုန်ဝပ်လို့
ဆန်ဖွပ်သည့် အဘိုးအို
ဟောကြည့်ပါဆို
ဆိုသာဆို ပိုမိုသည့်စကား

www.burmeseclassic.com

www.burmeseclassic.com



ကလေးအငိုတိတ်အောင်

အရိပ်အယောင်ပြတယ်

ဖိုးလနတ်သား။

လဝိုင်းကြီးအတွင်းမှ ယုန်သူငယ်နှင့် ဆန်ထောင်းနေသော အဘိုးသည် ကျွန်တော်တို့စွဲမြဲစွာ ယုံကြည်သောနှလုံးသားအမှတ်တံဆိပ် ဖြစ်၏။

ထိုတံဆိပ်သည် ကျွန်တော်တို့ဘေးဘိုးဘီဘင် အစဉ်အဆက်မှ စ၍ ဇရာကိုလုပ်အားဖြင့် အန်တုရန် အားပေးခဲ့သော 'အဘိုးရွှေလယုန် အမှတ်တံဆိပ်' မဟုတ်ပါလော။

အဘိုးကိုယ်တိုင် ဆန်ထောင်းနေမှတော့ သင်သည် ဘာကြောင့် လက်ဖက်ရည်ဆိုင်တွင် ထိုင်၍အချိန်ကို အလဟဿဖြုန်းနေပါသနည်း။ အဘိုးကိုယ်တိုင် ဆန်ထောင်းနေမှတော့ သားတို့၊ မြေးတို့၊ မြစ်တို့၊ ဘကြီး ဘထွေးတို့ အကုန်အလုပ်လုပ်ကြရမည်မဟုတ်ပါလော။

## ဆန်ဖွပ်သည့်အဘိုးအို

ကျွန်တော်သည် ဤစာအုပ်တွင် မန္တလေးတောင်ခြေမှစ၍ မင်းကွန်းအထိလာခဲ့သောခရီးစဉ်ကို ဇရာဖြင့် ကြည့်ရှုကာ ဘဝကို သုံးသပ်တင်ပြထားပါ၏။

ထိုသို့တင်ပြရာတွင် ဘာသာရေးရှုထောင့်မှ တင်ပြသုံးသပ်ထားပြီး ဤစာအုပ်ကို လူကြီးများအတွက်ရော လူငယ်များအတွက်ပါ ရည်သန်၍ ရေးသားထားပါသည်။

အမှတ်မထင် ကြည့်ပါက ဇရာတရားသည် လူငယ်တို့နှင့် ဝေးကွာနေသေး၍ အိုမင်းရင့်ရော်မှုကို စတင်ကြုံတွေ့နေရသော လူကြီးများအတွက်ဟု ထင်မှတ်စရာရှိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဇရာတရားကို ရင်ဆိုင်နေရသော လူကြီးများအတွက်ကား စာအုပ်တစ်အုပ်ကို ဖတ်ရှုရမှု မဟုတ်။ အသက် ၄၀– ကျော်လာသည်နှင့် သူ၏ဦးခေါင်းထက်ဝယ် မနှစ်မြို့ဘဲ ရွက်ထားရသော ဆံပင်ဖြူ တစ်ချောင်းနှစ်ချောင်းက သူ့ကို စတင်သတိပေးခဲ့ပြီဖြစ်၍ စိုးရိမ်ထိတ်လန့်ဖွယ်ရာ ဇရာတရားကို စာအုပ်ဖတ်နေရမှု မဟုတ်။ သူ့ဟာသူလည်း မြင်နိုင်ပါ၏။

သို့သော် ငယ်ရွယ်သူတို့ကိုကား ဇရာတရားသည် ခြောက်လှန့်ခြင်းမပြုသေးဘဲ ငယ်ကြည်ဦး၊ နုကြည်ဦး၊ ပျိုကြည်ဦး၊ အားအင်ဗလရှိအောင် ပြုထားကြဦးဟုဆိုကာ ခွင့်ပေးထားပြီး အရွယ်လေးရောက်သည်နှင့် ဇရာသည် သတ္တဝါဟူသမျှ ပုပုရွရွကို မွေးထားသော ကြက်ကို ရိုက်ချက်စားသကဲ့သို့ တစ်ကောင်ချင်း ဝါးမျိုမည်မှာ သေချာသည်။ သို့သော် ဇရာတရားနှင့် ဝေးကွာနေသော လူငယ်များအဖို့ ဇရာကို အလွယ်နှင့် မမြင်၊ ခဏနှင့်မတွေ့ဘဲ သူတို့ကိုယ်သူတို့ ဇရာ၏သာကောင် မဟုတ်ဟု ထင်မှတ်မှား နေကြ၏။

ထိုသို့သော လူငယ်များ ရာပေါင်း၊ ထောင်ပေါင်း၊ သိန်းပေါင်းများစွာ သန်းနှင့်ချီ၍ ရှိနေသော မြန်မာလူငယ်များကို သူတို့၏ ငယ်ရွယ်သော အချိန်ကာလတွင်ပင် ဇရာတရား၏သဘောသဘာဝနှင့် စရိုက်လက္ခဏာတို့ကို ကြိုတင်သိမြင်၍ လူငယ်အားလုံးကို ရင့်ကျက်စေလိုသော ဆန္ဒရှိ၏။ လူငယ်များထံမှ ငယ်ရွယ်မှုနှင့် ခွန်အားတို့ကို ဝါးမျိုခိုးစားနေသည့်တရားခံမှာ ဇရာဖြစ်ကြောင်း သိစေလို၏။ ထို့ကြောင့် လူငယ်တို့အား သူတို့၏အချိန်များကို ခိုးယူစားသုံးမည့်သူမှာ ဇရာဖြစ်ကြောင်း လက်ဆုပ်လက်ကိုင်ပြလိုသောဆန္ဒ ကျွန်တော့်တွင် ရှိပါ၏။



အခြားသူခိုးဓားပြ အနုကြမ်းစီးသူတို့ကိုသိလျှင် အရေးယူဖယ်ရှားနိုင်သော တရားရုံး၊ ရဲဌာနများ၊ အစိုးရအဖွဲ့အစည်းများရှိသော်လည်း မိမိပိုင်အချိန်၊ မိမိ၏ခွန်အား၊ မိမိ၏ ငယ်ရွယ်နုပျိုမှုတို့ကို မတရား ခိုးယူစားသုံးကာ မိမိကို အိုမင်းရင့်ရော်သည့် ချောက်အတွင်းသို့ တွန်းချနေသော ဇရာတရားကို ဟန့်တားရန်အတွက်ကား ရုံး၊ ရဲဌာန၊ အာဏာပိုင်အဖွဲ့အစည်းဟူ၍ တစ်စုံတစ်ရာမရှိ။

ထို့ကြောင့် ဇရာတရား၏သဘာဝကို လူငယ်တို့သိရှိကာ အိုခြင်းတရားရောက်မလာမီ ငယ်ရွယ်နုနယ်စဉ်ကာလ၌ ရရှိနေသော အချိန်ကို တန်ဖိုးရှိစွာ အသုံးချ၍ မိမိအကျိုး၊ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးတို့ကို သယ်ပိုးဆောင်ရွက်ရန် ဤစာအုပ်၏ တစ်စိတ်တစ်ပိုင်းမှ တိုက်တွန်းလိုပါ၏။

ဇရာ၏ရန်ဘေးကို ကြိုတင်တွေးမြင်ကာ လူငယ်များသည် မိမိ၏နုပျိုသန်စွမ်းမှုများကို ထိရောက်စွာ အသုံးပြုစေလိုပါသည်။ လူ့ဘဝတွင် ပညာရှာရမည့်အရွယ်၊ စီးပွားရှာရမည့်အရွယ်နှင့် ကုသိုလ်တရားရှာရမည့်အရွယ်ဟူ၍ ပိုင်းခြားထားရာ ပညာရှာချိန်တွင် အချိန်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖြုန်းတီးပစ်လိုက်ပါက အဘယ်မှာပညာရရှိတော့အံ့နည်း။ ပညာနည်းသူသည် အဘယ်မှာစီးပွားဖြစ်နိုင်တော့အံ့နည်း။ ပညာလည်းမရှိ၊ စီးပွားလည်းချွတ်ချော်သူသည် အဘယ်မှာ ကောင်းမှုပြုနိုင်တော့အံ့နည်း။ ပညာကနည်း၊ စီးပွားကမရှိ၊ ကုသိုလ်နှင့် ဝေးသူကို ဇရာတရားသည် စိတ်တိုင်းကျ နှိပ်စက်ချင်တိုင်း နှိပ်စက်တတ်ပေ၏။

ဇရာတရားကို ရှောင်ကွင်း၍မရသော်လည်း အသက်ကို ဉာဏ်စောင့်၍ အသက်ရှည်အောင် နေနိုင်သောနည်းများရှိ၏။

ကံ၊ ဉာဏ်၊ ဝီရိယအကြောင်းတရားတို့သည် ဇရာတရားကို ရင်ဆိုင်ရန်အတွက် လက်နက်ကောင်းများ ဖြစ်၏။ ရှေးဘဝကုသိုလ်နှင့် ယခုဘဝ ကုသိုလ်တို့ကို ပေါင်းစပ်၍ ဉာဏ်၊ ဝီရိယ ကွပ်ကဲကာ သတိပညာတို့ဖြင့် အချိန်၏တန်ဖိုးကို သိသူတို့သည် အိုမင်းရင့်ရော်မှုနှင့် နဖူးတွေ့ဒူးတွေ့ တွေ့ကြသောအခါ သက်သာမှုများစွာရ၏။ အောင်ပွဲပင် ခံနိုင်ကြ၏။

ရှေးကုသိုလ်ကံ၊ ယခုဘဝ ကုသိုလ်ကံတို့လည်းမရှိ၊ ကံမရှိ၊ ဉာဏ်မရှိ၊ ပညာမရှိ၊ သတိဝီရိယကင်းမဲ့သူတို့ကို ဇရာတရားသည် အမဲဖျက်သလို ဖျက်တတ်၏။ ထိုအချိန်တွင်မှ ဘုရားတ၊ တရားတ၊ အမေတ၊ အဖေတ၍ မရနိုင်တော့ပါ။ ဤသည်တို့မှာ လူငယ်များ အချိန်ကိုလေးစားမှု မလေးစားမှုအပေါ်တွင် မူတည်ဖြစ်ပွားရသော ဘဝ၏အရေးကြီးသည့်ကွင်းဆက်များ ဖြစ်ပါ၏။



ထို့ကြောင့် လူငယ်တို့သည် ဇရာ၏ဓလေ့စရိုက် သဘာဝကို မြင်အောင်ကြည့်ကာ မိမိဘဝအတွက် ကောင်းမြတ်ခိုင်ခံ့သော အစီအမံများ ပြုလုပ်ထားရန်လို၏။ ထိုသို့အစီအမံများ ပြုလုပ်ရန်အတွက် အချိန်သည် အဓိကနေရာက ပါဝင်၏။ လူ့ဘဝသက်တမ်းကို အချိန်နှင့် ပိုင်းခြားထားရာ အချိန်ကို မလေးစားသူတိုင်းကို အချိန်ကလည်း ပြန်လှန်၍ လေးစားမည်မဟုတ်။ အချိန်ကို မလေးစားသူသည် မိမိဘဝကိုမိမိ မီးပုံရှို့နေသူ သာဖြစ်၏။

ထိုမျှသာမက ကျွန်တော်သည် မြန်မာလူငယ်များကို ရင့်ကျက်တည်ကြည် ထက်မြက်စေလိုသော စေတနာရှိပါ၏။ ရင့်ကျက်ထက်မြက်သော မြန်မာလူငယ်များကို ကျွန်တော်လုံးဝအားကိုးပါ၏။

လူငယ်တို့သည် ဇရာတရားကို လေ့လာကာ ရင့်ကျက်မှုကိုရော တည်ကြည်မှုကိုပါ တည်ဆောက်နိုင်ကြပါ၏။ လူငယ်တို့သည် အချိန်ကို လေးစားခြင်းဖြင့် ထက်မြက်မှုကို လက်ဆုပ်လက်ကိုင် ဖမ်းယူနိုင်ပါ၏။

ထို့ကြောင့် ဤစာအုပ်ကို လူကြီးများ နိဗ္ဗုတသို့ သန္တိကရဏအကျိုးငှာလည်းကောင်း၊ လူငယ်များ ဘဝရှေ့ရေးအတွက်သော်လည်းကောင်း၊ နိုင်ငံ၏ကြီးပွားတိုးတက်မှုကို ရည်စူး၍သော်လည်းကောင်း အလေးထားရေးသားရပါ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကို လေးစားသူတို့သည် 'အချိန်ကို လေးစားလုပါ၏' ဟု ပြောရုံဆိုရုံဖြင့် မပြီးသေး။ အချိန်ကိုလေးစားပါက အလုပ်လုပ်ကြရမည်ဖြစ်၏။ အချိန်ကို တကယ်လေးစား မလေးစား၊ တကယ်တန်ဖိုးထား မထားဟူသောအချက်ကို အလုပ်လုပ်သော ပေတံနှင့်သာ တိုင်း၍ရ၏။

အချိန်ပြည့် အလုပ်လုပ်ဆောင်နိုင်ရန် ခိုင်ခံ့သော ကျန်းမာရေးကို ပြုစုတည်ဆောက်ကြရမည် ဖြစ်ပါ၏။ မကျန်းမာသောသူသည် အချိန်တွေ၊ အလုပ်တွေ ပုံပေးထားသော်လည်း သူတို့အဖို့ ထိုအရာများသည် အချည်းနှီးသာဖြစ်ပါ၏။ ကျန်းမာသော၊ ငယ်ရွယ်သောအချိန်များတွင် ပထမ မိမိဘဝအတွက်၊ ဒုတိယ မိမိပတ်ဝန်းကျင်အတွက်၊ တတိယ နိုင်ငံနှင့် လူမျိုးအတွက်၊ ထို့ထက်တတ်နိုင်ပါက စတုတ္ထအနေနှင့် လူသားတစ်ရပ်လုံးအတွက် အလုပ်လုပ်ကြရမည် ဖြစ်ပါသည်။

ထို့ကြောင့် ဤစာအုပ်၏အမည်ကိုပေးရာတွင် **ဆန်ဖွပ်သည့်အဘိုးအို**ဟူ၍ ပေးထားပါ၏။ ငယ်စဉ်က လမင်းထိန်ထိန်သာနေလျှင် လပေါ်မှ ဆန်ဖွပ်နေသောအဘိုးအိုနှင့် ယုန်ကလေးကို အဘွားက ပြတတ်ပါ၏။ ကျွန်တော်တို့ လူမမယ်ဘဝတစ်လျှောက်လုံးတွင် လပေါ်၌ ဆန်ဖွပ်နေသောအဘိုးရှိနေသည်ဟု ယုံကြည်စွဲမြဲထင်မှတ်ကာ လမင်းထိန်ထိန်သာပါက ဆန်ဖွပ်နေသော အဘိုးထံမှ 'ထမင်းဆီဆမ်းကို ရွှေလင်ပန်းနှင့်ပေးပါ' ဟု တောင်းခဲ့ကြ၏။



အဘိုးက ငါပင်လျှင် ထမင်းအတွက် ငါကိုယ်တိုင် ဆန်ထောင်း၍ စားနေသည်။ သင်တို့သည်လည်း သင်တို့ခွန်အားကိုစိုက်၍ စပါးစိုက်ပျိုးကြ၊ ဆန်ဖြစ်အောင်လုပ်ဆောင်ကြ၊ စပါးကိုထောင်း၊ ဆန်ကိုဖွပ်ကြဟူ၍ မှာကြားနေ၏။

လမင်းကြီးသည် ကမ္ဘာဦးအစမှ ယနေ့ထက်တိုင် တစ်လလျှင် တစ်ကြိမ် ပြည့်ပြည့်ဝဝကြီး ပေါ်လာပြီး အဘိုးဆန်ထောင်းနေသည်ကို လူသားတစ်ရပ်လုံးကို ပြသကာ အဘိုးပင်လျှင် ဆန်ထောင်း၍ အလုပ်လုပ်နေသေးသည်။ သင်တို့အားလုံး အလုပ်လုပ်ကြဟု သတိပေးလျက်ရှိ၏။

BURMESE CLASSIC .com

လပေါ်မှ ဆန်ဖွပ်နေသော အဘိုးနှင့် ယုန်ငယ်တံဆိပ် လက္ခဏာအမှတ်အသားသည် လုပ်အားကို အရင်းတည်၍ အလုပ်လုပ်စေရန် တစ်လတစ်ကြိမ် ဩကာသလောကကြီးမှ လူသားတို့ကို သတိပေးနေသော အလုပ်၏အထိမ်းအမှတ်တံဆိပ် ဖြစ်ပါ၏။

အဘိုးကိုယ်တိုင် ဆန်ဖွပ်နေမှတော့ သားတို့၊ မြေးတို့၊ မြစ်တို့က စပါးစိုက်သူက စိုက်၊ လမ်းပြင်သူက ပြင်၊ ဆေးကုသူက ကု၊ နိုင်ငံကာကွယ်သူက ကာကွယ်၊ တံတားခင်းသူက ခင်း၊ အိမ်ဆောက်သူက ဆောက် စသည်ဖြင့် အားလုံး တက်ညီလက်ညီလုပ်ကြရုံသာရှိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ဖွပ်သောအဘိုးသည်ပင် ထမင်းကိုဆီဆမ်း၍ ရွှေလင်ပန်းနှင့် ပေးနိုင်ပါက လူငယ်တို့၏ခွန်အား၊ လူငယ်တို့၏ ယေဂုဏ်၊ လူငယ်တို့၏အစွမ်းထက်မြက်မှုများကို အသုံးပြု၍ အလုပ်လုပ်ကြပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ဖြစ်လာရုံမျှမက သူတောင်းစားကိုပင် ရွှေလင်ပန်းနှင့် စိန်များထည့်၍ ပေးနိုင်သောဘဝကို ရနိုင်ပါ၏။

ထို့ကြောင့် ဇရာတရားကို ပြဆိုကာ အချိန်ကိုလေးစား၍ အလုပ်လုပ်ကြရန် သတိပေးသော ဤစာအုပ်၏အမည်ကို ကျွန်တော်သည် 'ဆန်ဖွပ်သည့်အဘိုးအို' ဟုအမည်ပေး၍ ဖတ်စရာစာတစ်အုပ် အဖြစ် စာဖတ်သူထံ ပေးပို့လိုက်ရပါသည်။

ချစ်စံဝင်း



ကျွန်တော်သည် မန္တလေးတောင်ခြေသို့သွားရာမှ အမှတ်မထင်ဆင်ခြင်မိသော အိုခြင်းတရားနှင့်ပတ်သက်၍ မန္တလေးတောင်ခြေမှ မင်းကွန်းခရီးစဉ်ကို အိုခြင်းဟူသော ဝေဒနာကပ်၍ တင်ပြခဲ့ပါ၏။

ထိုသို့တင်ပြရာတွင် ပထမအကြိမ် ထိုခရီးကိုသွားခဲ့၍ ဤစာအုပ်ကို ရေးသားခဲ့ပြီးနောက် စာအုပ်ထွက်ခါနီးမှ ထိုခရီးကိုပင် ဒုတိယအကြိမ် သွားရောက်ခဲ့ရာ ပထမခရီးနှင့် ဒုတိယခရီးအကြား မန္တလေးမြို့သည် အတော်ကြီးပြောင်းလဲနေပါ၏။

ဥပမာ မန္တလေးတောင်ခြေတွင် ယခင်ကလို ဈေးတန်းမရှိတော့။ ပထမအခေါက်က မရှိသော ကျုံးအရှေ့တောင်ထောင့်တွင် ဒုတိယအခေါက်၌ ပြည်ကြီးမွန်ဖောင်တော်ရှိနေ၏။ မန္တလေးဟိုတယ်ကား ပြောင်းလဲမှုမရှိ၊ မန္တလေးဘူတာကြီးရှေ့လမ်း ၃၀– ပေါ်မှ ထက်ထမင်းဆိုင်သည် ဒုတိယခေါက်တွင် မရှိတော့။ ၂၆– ဘီလမ်းပေါ်တွင် ယခင်က မရှိသော ရထားလမ်းသည် ဒုတိယအခေါက်တွင် ရောက်ရှိနေ၏။

အချို့သောမြင်ကွင်းများ၊ သစ်ပင်များလည်း မရှိတော့ပြီဖြစ်ရာ အသစ်မြင်ကွင်းအတိုင်း စာပြန်၍ ရေးရကောင်းမလားဟု ကျွန်တော် စိတ်ကူးမိခဲ့ပါ၏။ သို့သော်လည်း ကျွန်တော်အသစ်ရေးနေစဉ် မန္တလေး မြင်ကွင်းက အသစ်ထပ်ပြောင်းနိုင်စရာများရှိ၍ ကျွန်တော်သည် ထပ်မံပြင်ဆင်မှုမပြုဘဲ ပထမအကြိမ်သွားစဉ်က မြင်ကွင်းများအတိုင်း တင်ပြထားပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏တင်ပြမှုသည် မန္တလေးမြို့အကြောင်း မဟုတ်ပါ။ ကျွန်တော်၏တင်ပြမှုသည် ဇရာ၏သဘောကို တင်ပြမှုသာဖြစ်၍ မန္တလေးမြို့ကြီးပြောင်းလဲနေသော်လည်း ဇရာ၏သဘောသည် ပြောင်းလဲမှုရှိမည်မဟုတ်ပါ။

ဤစာအုပ်ရေးသားရာတွင် အကူအညီပေးခဲ့ကြသော မင်းကွန်း အုတ်ချဆရာတော်ဘုရား၊ မန္တလေးမြို့အနောက် ဝိသုဒ္ဓါရုံသူဌေးကျောင်းဆရာတော် ဥူးမာနိတသိရီ၊ ရန်ကင်း ပဋ္ဌာနိကာယ သာသနာ့ဗိမာန်မှ ဆရာတော် ဦးသဒ္ဓန၊ စစ်ကိုင်းဦးမင်းအောင်၊ ဓမ္မာစရိယ ဦးခင်မောင်၊ မင်းကွန်း ဗုဒ္ဓဘာသာလူအိုရုံမှ အမှုဆောင်အဖွဲ့ဝင်များနှင့် ဥက္ကဋ္ဌကြီး ဦးခင်ညွန့်၊ ဒုတိယ ဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးမှူး ဦးညီပု၊ အတွင်းရေးမှူး ဦးကိုကြီး၊ ရုံးအဖွဲ့တာဝန်ခံ ဦးခင်အောင်တို့အပြင် မင်းကွန်းလူအိုရုံမှ ဘိုးဘွားများဖြစ်ကြသော ဘိုးသောမ၊ ဘိုးစိန်၊ ဘိုးချို၊ ဘိုးလှမြင့်၊ ဘွားလှမေ၊ ဘွားသောင်းနှင့် ကြီးကြီးမြတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း အလေးအနက်ထား ဖော်ပြအပ်ပါ၏။ ။

www.burmeseclassic.com